www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - L လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြဲ - ၀၄၅၅၈)
တိုက် (၆၁)၊ အခန်း (၁၁)
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ် - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်ပုံနှိပ်တိုက်၊
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)
အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး - ပုညခင် စာအုပ်တိုက်

၈၉၅ . ၈၃
ပုညခင်
မကြွေပါနဲ့ ဆာကူရာ/ပုညခင်၊- ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၂၈၈-စာ၊ ၁၈ X ၁၂ စင်တီ။
(၁) မကြွေပါနဲ့ ဆာကူရာ

BURMESE CLASSIC

ပုညခင်စာအုပ်တိုက်

# ပုညခင်

# မကြွေပါနဲ့ ဆာကူရာ

www.burmeseclassic.com

www.burmeseclassic.com

# (၁)

"သမီး … အိုခေတယ်နော်"

"ဟိုက် … ဟိုက် … "

လေယာဉ်ထိုင်ခုံ အသားရောင်နုနုလေးပေါ်မှာ ခြေထောက်လေး ချိတ်၍ ထိုင်နေသော 'ခင်နန်းစံ'က ဝေဟင်ထဲက တိမ်တွေကို ငေးကြည့်ရင်း အကျင့်ပါမြဲ အသံဖြင့် ဦးဘုန်းကျော်စံ၏ မေးခွန်းကို ဖြေလိုက်ပါသည်။

၁၁ ယောက်စီး ကိုယ်ပိုင်လေယာဉ်ငယ်လေးထဲမှာ ခင်နန်းစံက ရှေ့ဆုံးခုံမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး။ နောက် တစ်ခုံကျော်မှာတော့ နန်းစံ သွားလေရာ လိုက်ပါစောင့်ရှောက်ရမြဲဖြစ်သော နန်းစံတို့ ဝန်ထမ်းမသူဇာ။ ဖေဖေ ဦးဘုန်းကျော်စံကတော့ ဟိုးနောက်ဆုံးခုံမှာ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဘက် မိတ်ဆွေ ဦးအောင်ဒင်နှင့် အတူထိုင်သည်။ ဖေဖေ့ အတွင်းရေးမှူး ဝန်ထမ်း ကိုကျော်သက်က ဖေဖေ့ရှေ့ တစ်ခုံကျော် ...။

လေယာဉ်ပေါ်မှာ ခရီးသည် ငါးယောက်၊ လေယာဉ်မှူး နှစ်ယောက်နှင့် လေယာဉ်မယ်လေး တစ်ယောက်သာ ပါပါသည်။ လေယာဉ်က ညောင်ဦးလေဆိပ်သို့ ဦးတည်ပျံသန်းလျက်ရှိပါသည်။

ဦးဘုန်းကျော်စံက လည်ပင်းမှာ စည်းထားသည့် နက်ခ်တိုင်ကို အနည်းငယ် ဖြေလျော့လိုက်ရင်း ဦးအောင်ဒင်ကို လှည့်ကြည့်ပြီးပြောကာ ...

"ကျွန်တော့်မှာက ဒီသမီးလေးတစ်ယောက်ပဲ ရှိတာဆိုတော့ နေရာတကာ ရှေ့လို့ဥပြီး ဂရုစိုက်နေရတယ် ကိုအောင်ဒင်ရေ၊ သမီးက ချူချာတယ်၊ အကြမ်းပတမ်း မခံနိုင်ဘူး၊ အပူဒဏ်လည်း မခံနိုင်ဘူး၊ ဒီအချိန် မြန်မာပြည်ကလည်း ပူတယ် မဟုတ်လားဗျာ၊ သမီးကို ပရိုက်ဗိတ် ဂျက်နဲ့ အေးအေးဆေးဆေး ခေါ်သွားချင်တာနဲ့ ဟိုကောင်ကြီး ရန်နိုင်ရဲ့ လေယာဉ်ကို ခဏယူသုံးလာခဲ့တာ၊ အင်း ... ဒီပုံအတိုင်းဆိုရင်တော့ ပရိဗိတ် ဂျက်လေယာဉ်တစ်စင်း လောက်တော့ ဝယ်မှဖြစ်တော့မယ်ထင်တယ်၊ မြန်မာပြည်မှာ ကိုယ်ပိုင်လေယာဉ်တွေ ဝယ်စီးလို့ရပြီလား မောင်ကျော်သက် ..."





ဦးဘုန်းကျော်စံက အတွင်းရေးမှူး မောင်ကျော်သက်ဘက်ကို လှမ်းကြည့်ရင်း မေးလိုက်ပါသည်။ မောင်ကျော်သက်က ရို့ရို့ကျိုးကျိုးပုံစံဖြင့် ...

"ဟိုတလောကတော့ ပရိုက်ဗိတ် ဂျက်လေယာဉ် ဝယ်ချင်ရင် လိုင်စင်ရဖို့တွေကအစ အကျိုးဆောင်ပေးမယ့် ကုမ္ပဏီ တစ်ခုက လုပ်ငန်းရှင် သူဌေးတွေ ဖိတ်ပြီး မိတ်ဆက်ပါတယ် အန်ကယ်လ် ..."

"အေး ... ဒါဆို ဒီကပြန်ရင် အဲဒီကုမ္ပဏီနဲ့ ဆက်သွယ်စမ်း မောင်ကျော်သက် ..."

"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ အန်ကယ်လ် လိုချင်ရင် ဦးရန်နိုင်ကနေ တစ်ဆင့်လည်း ဆက်သွယ်ပြီး ဝယ်ရင်လည်း ရမယ်ထင်ပါတယ်၊ သူလည်း ပရိုက်ဗိတ် ဂျက်စီးနေတဲ့သူဆိုတော့ သူက ပိုကျွမ်းကျင်မှာပါ"

"အေး ... ဒါလည်းဟုတ်တယ်၊ မင်း သေချာစုံစမ်းမေးမြန်းထားလိုက်လေ ..."

"ဟုတ်ကဲ့ပါ ... အန်ကယ်လ်"

ဦးဘုန်းကျော်စံက ဦးအောင်ဒင်ဘက်သို့ ပြန်လှည့်လာကာ ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ...

"သမီးက ရန်ကုန်မှာ ကားတွေအရမ်းကျပ်နေတာကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြီး ဘယ်မှမသွားချင် မလာချင် ဖြစ်နေတာလေ၊ ပုဂံဈေးဦးမှာ ကားမကျပ်ပါဘူးလို့ သေချာရှင်းပြထားရတာ၊ နေပူဖုန်ထူရင် သမီးနဲ့ မဖြစ်ဘူးလေ၊ ဖုန်ထူရင် သမီးက ရင်ကျပ်လာတတ်တာကိုး၊ ရန်ကုန်မှာ ကားကျပ်တာတော့ ကျွန်တော်လည်း စိတ်ပျက်တာပါပဲဗျာ၊ ဖြစ်နိုင်ရင် ရဟတ်ယာဉ်တစ်စီးဝယ်ပြီး မြို့ထဲ ဟိုနားဒီနား သွားရင်တောင် စီးလိုက်ချင်တာ၊ ဆင်းစရာကွင်း မရှိလို့သာ၊ နောက်ဆောက်တဲ့ ဟိုတယ်တွေရဲ့ ခေါင်မိုးမှာ ရဟတ်ယာဉ်ကွင်း ထည့်ဆောက်ရင် ကောင်းမှာပဲဗျ ... နော ...”

ဦးအောင်ဒင်က ဟန်မပျက်ပြုံးကာ နားထောင်ရင်း ဦးဘုန်းကျော်စံရဲ့ လေကြီးမိုးကြီး ဒဏ်ကို ငြိမ်ခံနေရပါသည်။

ဘယ်လိုပြောရမလဲ ... ဦးဘုန်းကျော်စံဟာ တော သူဌေးလို့ပဲ ပြောရမလား ...၊ ကံမိုးစား သူဌေးလို့ပဲ ပြောရမလား၊ စိုင်ကော်လို့ ချိုပေါ်ရောက် သူဌေးလို့ပဲ ခေါ်ရမလား ...။ သူဌေးတို့ရဲ့ အရည်အချင်း မပြည့်စုံဘဲ သူဌေးဖြစ်လာသူဟုတော့ ဆိုနိုင်ပါသည်။

လူက ခပ်ကြော့ကြော့ ...၊ လေက ခပ်ကြွားကြွား။ ဟိုအရင်တုန်းကတော့ ပုဂံဈေးဦးသား။ ပုဂံမှာ မြင်းလှည်းမောင်းနေရင်းက ဂျပန်မတစ်ယောက်နှင့် အကြောင်းပါကာ ဂျပန်ကို





လိုက်ပါသွားခဲ့သူဟု ဆိုပါသည်။ ကံကောင်းချင်တော့ မြန်မာပြည်ကို တစ်ကိုယ်တော် တိုးရစ်အဖြစ် လာခဲ့တဲ့ ထိုဂျပန်မဟာ တိုကျိုက ဟိုတယ်လုပ်ငန်းရှင် သူဌေးတစ်ယောက်ရဲ့ သမီးဖြစ်နေခဲ့တာပင်။ တကယ်တော့ ဦးဘုန်းကျော်စံရဲ့ နာမည်ရင်းက ဘုန်းကျော်။ စံဆိုတာက ဂျပန်ထုံးစံ ‘မောင်’ ‘ကို’ ‘ဦး’ ‘မ’ ‘ဒေါ်’ စတဲ့ စကားလုံးမျိုးမို့ သူ့နာမည်မှာ စံထည့်ခေါ်ရင်း ဘုန်းကျော်စံ ဖြစ်လာခဲ့တာပင်။

ဘုန်းကျော်စံရဲ့ဇနီး ထိုဂျပန် အမျိုးသမီးဟာ အလွန်တော် အလွန်ထက်မြက်တာမို့ ဖခင်ရဲ့ လုပ်ငန်းအမွေကို ဆက်ခံပြီး ခင်ပွန်းသည်နှင့်အတူ လုပ်ငန်းကို ဦးဆောင်ခဲ့ပါသည်။ ထိုအမျိုးသမီးနှင့် သမီးလေးတစ်ယောက်သာ ထွန်းကားခဲ့သည်။

ထိုအချိန်ကာလလောက်မှာပင် ဂျပန်မှာ အလုပ်လာလုပ်နေသော ဦးရန်နိုင်နှင့် ဦးဘုန်းကျော်စံတို့ တွေ့ဆုံခင်မင်ခဲ့ကြပါသည်။

မြန်မာပြည် ပြန်၍ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းလုပ်ချင်သော ဦးရန်နိုင်အတွက် ဦးဘုန်းကျော်စံက ငွေအရင်းအနှီးများစွာ ထုတ်ပေးခဲ့ပါသည်။

ဦးဘုန်းကျော်စံ၏ ငွေအရင်းအနှီးများဖြင့် ဦးရန်နိုင်စအလုပ်လုပ်ခဲ့သည့် အချိန်ကာလက မြန်မာပြည်မှာ ရေ အရေး



www.burmeseclassic.com

www.burmeseclassic.com



အခင်းကြီး ပြီးစ ကာလ။ လူတစ်ယောက် သူဌေးဖြစ် အလွယ်ဆုံး ကာလဟာ ခေတ်ပျက်ပြီးစ ကာလမျိုးတွေ ဖြစ်တတ်တာမို့ ပေါင်းတတ် သင်းတတ် ပေးတတ် ကမ်းတတ် အကွက်မြင် အရည်အချင်းရှိသော ဦးရန်နိုင်ဟာ အံ့မခန်း ချမ်းသာကြွယ်ဝလာခဲ့ပါသည်။ ထို့ကြောင့်ပင် ငွေအရင်းအနှီး ထုတ်ပေးခဲ့သူ ဦးဘုန်းကျော်စံကိုလည်း ဦးရန်နိုင်က ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့တာ ဖြစ်ပါသည်။

သမီး ၁၅ နှစ်အရွယ်မှာ ဦးဘုန်းကျော်စံ၏ ဇနီးဖြစ်သူက ဦးနှောက်အကျိတ်ကင်ဆာဖြင့် ဆုံးပါးသွားခဲ့တာမို့ ဂျပန်က ဟိုတယ်လုပ်ငန်းစုကို ယောက္ခမဖြစ်သူ၏ အကြံပေးမှုများဖြင့် ဦးဘုန်းကျော်စံက ဆက်လက် ဦးဆောင်ခဲ့ပါသည်။

မကြာသေးခင်နှစ်များကမှ မြန်မာပြည်ကို ကမ္ဘာက သိလာပြီး မြန်မာပြည်၏ ခရီးသွားလုပ်ငန်းတွေ စည်ပင်လာခဲ့ချိန်၊ ဟိုတယ်လိုအပ်ချက်တွေ များပြားလာသည့်အချိန်မှာ ဦးဘုန်းကျော်စံက ခရီးသွားဒေသ ရှေးဟောင်းသမိုင်းဝင် ပုဂံမြေမှာ ဟိုတယ် တည်ဆောက် ရင်းနှီးမြှုပ်နှံဖို့ စိတ်ကူးခဲ့တာပင်။

ဦးဘုန်းကျော်စံက ငွေအရင်းအနှီးများစွာ မြှုပ်နှံမည့်သူ၊ ဦးအောင်ဒင်က ဦးရန်နိုင်၏ မိတ်ဆွေ အင်ဂျင်နီယာ။ ဟိုတယ်အသေးစားလေးတချို့ ပိုင်ဆိုင်ထားသူ။ လုပ်ငန်းကျွမ်းကျင်





ပေမယ့် ငွေအရင်းအနှီး နည်းပါးသူ။ နှစ်ဦးသားဟာ မူအရ ပူးပေါင်းဆောင်ရွက်လို့ အဆင်ပြေပေမယ့် လူအရတော့ တော်တော်လေး သည်းခံပေါင်းရမည့် သဘောမှာ ရှိနေပါသည်။ ဦးရန်နိုင်ကတော့ ဘုန်းကျော်စံဟာ အပြောမတတ်၊ အနေမတတ်သည့်တိုင် စိတ်ရင်းကတော့ ကောင်းမွန်သည်ဟု အာမခံလိုက်သည်။

ခုချိန်မှာတော့ ဦးဘုန်းကျော်စံဟာ ဂျပန်က ဟိုတယ်လုပ်ငန်းရှင် ဖြစ်ရုံမက မြန်မာပြည်ရဲ့ ဒိတ်ဒိတ်ကြဲ သူဌေး ဦးရန်နိုင်ရဲ့ ကျေးဇူးရှင်အဖြစ် သတ်မှတ်နိုင်သော သူတစ်ယောက်မို့ သူ့အရှိန်အဝါကလည်း မနည်း။

နေရာတကာ ကိန်းကြီးခန်းကြီး နိုင်တာမို့ ခေတ်အခေါ် 'ချေ'တယ်လို့ပဲ ပြောရမလား၊ မီးမြင့်တယ်လို့ပဲ ပြောရမလား။ အကောင်းမြင်မြင်လေး တွေးပေးရရင်တော့လည်း ပိုက်ဆံချမ်းသာသူမို့ နေရာတကာ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ဝန်ဆောင်မှု အပြည့်အဝဖြင့် သက်သောင့်သက်သာ နေထိုင်ချင်သူမျိုးပင်။

အသက် ၂၂ ဝန်းကျင်ပဲ ရှိသေးတဲ့ သူ့သမီးလေး 'ဟာနကို' ဟာ အဖေ မြန်မာ၊ အမေ ဂျပန်က မွေးပေမယ့် ဟိုမှာပဲ ကျောင်းတက်၊ ဟိုက ပတ်ဝန်းကျင်မှာပဲ ကြီးပြင်းခဲ့သူမို့ 'ခင်နန်းစံ' ဆိုသော မြန်မာအမည် ပေးထားလင့်ကစား စကားပြောရင် 'ဟုတ်ကဲ့' အစား 'ဟိုက်' ဟု အကျင့်ပါနေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာနကို' ဟာ နှာတံနှင့် မျက်ခုံး မျက်လုံးလေးတွေသာ မြန်မာဆန်သလို ထင်ရပေမယ့် လူက ဂျပန်မကလေးလို ဖြူဥနုဖတ်နေကာ ပါးကလေးတွေတောင် ပန်းရောင်သမ်းနေပါသည်။ ဖြူဖြူသွယ်သွယ် ပါးပါးလျားလျား ကိုယ်လုံးကလေး၊ အရပ်လေး ပုပု မျက်နှာသွယ်လေးနှင့် နဖူးပေါ်မှာ ဆံပင်ထူထူလေး အုပ်နေကာ ပခုံးနားမှာ ဝဲနေသော ဆံပင်ထူထူအုပ်အုပ် ကုပ်ကုပ် လုံးလုံးလေးနှင့်။ မျက်ခွံ မို့မို့အစ် အစ်လေးတွေအောက်က မျက်လုံးလေးတွေက မျက်ဆံနက်နက်နှင့် ကြည်လင်သန့်စင်လှပါသည်။

"ဆောင်းတွင်းဆိုတော့ ပုဂံမှာ နေလို့ကောင်းမှာတော့ သေချာတယ်၊ နွေနဲ့ မိုးကတော့ အရမ်းပူတာလေ၊ မိုးတွင်းဆို မိုးရွာတုန်း ခဏလောက်ပဲ အေးတာ၊ ဒါနဲ့ ကိုအောင်ဒင် ပုဂံမှာ ကျွန်တော်တို့ ဟိုဟိုဒီဒီ သွားဖို့ ကားကောင်းကောင်းတော့ ရှိမှာပါနော် ..."

"ရှိပါတယ် ကိုဘုန်းကျော်စံ၊ အခု ပုဂံမှာ Tour လိုက်တဲ့ ကားတွေက Crown တွေ၊ Alphard တွေပါ၊ တချို့ တိုးရစ် တော်တော်များများကလည်း ကားကောင်းမှ စီးချင်ကြတော့ တာလေ၊ အရင်လို ဆန်နီ အမိုးဖွင့်လေးတွေတောင် သိပ်မမြင်ရတော့ပါဘူး"

"အန်ကယ်လ် ... အန်ကယ်လ်တို့ ပုဂံမှာစီးဖို့ ကားကို





ဦးရန်နိုင်က မနေ့က ညနေကတည်းက ဒရိုင်ဘာနဲ့ ကြိုလွှတ်ထားပါတယ်၊ မာစီဒီး ဘင့်ဇ် အနက်ရောင် နံပါတ် ( x x x ) ပါ၊ လေဆိပ်မှာ အသင့်လာကြိုနေမှာပါ ..."

"ဟုတ်လား ...၊ ဒီကောင် မဆိုးဘူး၊ စီစဉ်တဲ့နေရာမှာ အကွက်စေ့တယ်၊ ဟိုတယ်ကရော ဘယ်မှာ တည်းဖို့ စီစဉ်ထားလဲ မောင်ကျော်သက်"

"သီရိပစ္စယာ ဆာကူရာမှာ ဘွတ်ကင်လုပ်ထားပြီးသားပါ အန်ကယ်လ်"

ဦးဘုန်းကျော်စံက ကျေနပ်စွာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း သမီးရဲ့ သက်တော်စောင့် မိန်းကလေးဘက်ကို လှည့်ကာ ...

"မသူဇာရေ ..."

"ဟုတ်ကဲ့ ... အန်ကယ်လ်"

"လေယာဉ်ပေါ်က ဆင်းခါနီးကျရင် သမီးကို Mask ထုတ်ပေးဖို့ မမေ့နဲ့နော်၊ ဖုန်ထူနေရင် Mask တပ်ထားမှ ဖြစ်မှာ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

"မောင်ကျော်သက် ..."

"ဟုတ်ကဲ့ အန်ကယ်လ်"

"ထီး ပါတယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



“ပါပါတယ် အန်ကယ်လ်”

“ထီးမိုးပေးဖို့ မမေ့နဲ့ဦး ...”

“စိတ်ချပါ အန်ကယ်လ်”

ဦးအောင်ဒင်က ဦးဘုန်းကျော်စံ ကိန်းခန်းကြီးနေတာကို စိတ်ထဲက ကျိတ်၍ပြုံးလိုက်သည်။ ပုဂံမှာ ချို့ချို့ငဲ့ငဲ့ နေခဲ့ရသူက ခုတော့လည်း ထီးမိုးခံပြီးမှ ပုဂံမြေကို နင်းချင်နေပုံ ရပါသည်။

လေယာဉ်ငယ်လေးက တိမ်စိုင်ဖြူတွေရဲ့ အထက်ဆီမှာ ဝဲပျံလျက် ညောင်ဦးလေဆိပ်သို့ ဦးတည်နေသည်။ ပျံသန်းချိန် မိနစ် ၂၀ ခန့် ရှိလာပြီ ဖြစ်ပါသည်။

လေယာဉ်ပေါ်မှာ ဦးဘုန်းကျော်စံ၏ စကားသံကသာ အများဆုံး ထွက်ပေါ်နေသော်လည်း ‘ဟာနကို’ ကတော့ ear phone လေး နားမှာတပ်လျက် သီချင်းနားထောင်နေပုံဖြင့် တစ်ချိန်လုံး တိတ်ဆိတ်စွာ လိုက်ပါလာသည်။ လိမ်ချိတ်ထားသော ခြေထောက်ရှည်သွယ်ကလေးရဲ့ ဒူးသာသာ နေရာလေးဆီမှာ အဖြူရောင် ဂါဝန်စကလေးက လေယာဉ်ထိုင်ခုံပေါ်မှာ တွဲအိပုံကျနေသည်။ လက်ရှည်ဂါဝန်လေး၊ ဖိနပ်အဖြူကလေးနှင့် လည်ပင်းမှာ ပုလဲဖြူတိုတိုလေး တစ်ကုံး ဆင်မြန်းထားသော ဟာနကို၏ ပုံစံလေးက နုနယ်ခြင်းနှင့် မဟာဆန်ခြင်းကြားမှာ အစွမ်းကုန် လှနေပါသည်။





“ဒါနဲ့ ကိုဘုန်းကျော်စံ သမီးလေးက မြန်မာစကား တတ်ရဲ့လား ...”

ဦးအောင်ဒင်၏ မေးခွန်းကြောင့် ဦးဘုန်းကျော်စံက ကျေနပ်နှစ်ခြိုက်စွာ ပြုံးလိုက်ရင်း ...

“တတ်ပြီလားဗျာ၊ သမီး ပထမဆုံး စပြောနိုင်တဲ့ စကားက ‘ဖေဖေ’ တဲ့ဗျ၊ သမီးကို ကျွန်တော်က မြန်မာမလေးလို ပြုစုပျိုးထောင်လာခဲ့တာပါဗျာ၊ နေ့တိုင်း နေ့တိုင်း သမီးနဲ့ မြန်မာစကားတွေ အများကြီး ပြောတယ်၊ မြန်မာရုပ်ရှင်တွေ ပြတယ်၊ မြန်မာသီချင်းတွေ နားထောင်ခိုင်းတယ်၊ မြန်မာစာ သင်ပေးတယ်၊ ကျောင်းတက်တဲ့ အချိန်ရောက်မှသာ အများခေါ်သလို အဖေကို အိုတိုးစံလို့ ခေါ်တတ်လာတာ ...၊ သမီးကို ကျွန်တော်က မြန်မာအမည် ခင်နန်းစံလို့ ပေးထားတာလေ၊ သမီး ကျောင်းတက်တော့မှ ကျောင်းနာမည်အဖြစ် ဟာနကို လို့ ပေးလိုက်ရတာ ...၊

“ဟာန ဆိုတာ ပန်းတဲ့၊ ကို ဆိုတာ ကလေးလို့ အဓိပ္ပာယ်ရတယ်လေ၊ ဟာနကို ဆိုတာ ‘ပန်းကလေး’တဲ့။ ပန်းကလေးလို ဖြူစင်နုဖတ် မွှေးပျံ့တဲ့ အဓိပ္ပာယ်ပေါ့ဗျာ”

“သမီးက ဒါ မြန်မာပြည်ကို ပထမဆုံး ရောက်ဖူးတာလား ကိုဘုန်းကျော်စံ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ပထမဆုံးပါ ကိုအောင်ဒင်"

"သမီးက ကျောင်းပြီးသွားပြီလား ..."

"ပြီးပါပြီ ကိုအောင်ဒင်၊ သမီးက ဂျပန်က ထုံးစံအရ မူလတန်း သုံးနှစ်၊ အလယ်တန်း ခြောက်နှစ်၊ အထက်တန်း သုံးနှစ် တက်ရတယ်လေ၊ မူလတန်းကို ခုနစ်နှစ်မှ စတက်ရတာဆိုတော့ ၁၈ နှစ်မှ အထက်တန်းပြီးတယ်၊ ပြီးတော့ သမီးက အိုဆာကာ တက္ကသိုလ်မှာ မြန်မာစာ အဓိကနဲ့ တက္ကသိုလ် လေးနှစ် တက်ရတယ်၊ အခု သမီးက ၂၂ နှစ်၊ သမီး ကျောင်းပြီးပြီးချင်းပဲ ဒီကိုခေါ်လာခဲ့တာ ..."

"ဟိုမှာလည်း မြန်မာစာတက်ခဲ့တာဆိုတော့ ခင်ဗျားသမီးက မြန်မာစာ ကျွမ်းကျင်ပြီပေါ့ဗျာ ..."

"ဟုတ်တယ် ကိုအောင်ဒင်၊ သမီးက မြန်မာဝတ္ထုတွေလည်း အမြဲဖတ်တယ်၊ သမီးက သူ့အဖေ မြန်မာလူမျိုး ဖြစ်တာကို သိပ် စိတ်ဝင်စားပြီး အလေးထားတာပဲ၊ သမီးက ဖေ့စ်ဘုတ်မှာလည်း ခင်နန်းစံ နာမည်နဲ့ ဝင်ပြီး မြန်မာမိတ်ဆွေရှာတယ်၊ မြန်မာအကြောင်း အမြဲလေ့လာတယ်၊ သမီးက ချယ်ရီကို ချစ်သလို ပိတောက်ကိုလည်း ချစ်တယ်"

သမီးအကြောင်းကို စိတ်ပါလက်ပါ ပြောနေသော





ဦးဘုန်းကျော်စံ၏ မျက်နှာက ကြည်လင်တောက်ပနေပါသည်။ ဦးဘုန်းကျော်စံ၏ စကားနှင့် အပြုံးတွေထဲက မေတ္တာ အငွေ့ အသက်ကြောင့် ဦးအောင်ဒင်တောင်မှ ဦးဘုန်းကျော်စံကို အမြင်ကတ်စိတ်ပျောက်ကာ ခင်မင်ရင်းနှီးသလို ခံစားလာရပါသည်။

"ကျွန်တော် ဒီမှာ ဟိုတယ် ဆောက်ဖြစ်ရင် သမီးကို ဟိုတယ် စီမံအုပ်ချုပ်မှုအတွက် တာဝန်ယူစေချင်တာလေ၊ ဒါပေမယ့် သမီးက ဒီအလုပ်ကို သိပ်စိတ်မဝင်စားဘူး ဖြစ်နေတာ၊ တဖြည်းဖြည်းတော့ နားချကြည့်ရမှာပဲပေါ့ဗျာ၊ သမီးက ဒီအလုပ်ကိုသာ စိတ်မဝင်စားပေမယ့် ပုဂံကိုတော့ အရမ်း စိတ်ဝင်စားတာဗျ"

ဦးဘုန်းကျော်စံ၏ စကားသံ တိတ်ဆိတ်သွားသည်။ နန်းစံကတော့ အီးယားဖုန်းလေး နားမှာတပ်ကာ သီချင်းနားထောင်ရင်း ဝေဟင်ထဲက တိမ်စိုင်ဖြူတွေကို ငေးမောလျက် မကြာခင် မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည့် ပုဂံ၏အလှကို မှန်းဆ မြင်ယောင်ကြည့်နေမိပါသည်။

ပုဂံကို စာအုပ်တွေထဲမှာ ... အင်တာနက်ထဲမှာ ... နန်းစံ မြင်ဖူးပေါင်း များခဲ့ပြီ ...။ ဖေဖေ့ ဇာတိဖြစ်၍လည်း နန်းစံက ပုဂံကို ပို၍ချစ်ရသည်။ ဖေဖေဟာ ရှေးနှစ်ပေါင်း ထောင်ကျော်က မြန်မာ့ထီးနန်းစိုက်ရာ ပုဂံပြည်မှာ မွေးဖွားလာသူပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးလိုက်လျှင် ဘာ့ကြောင့်မှန်းမသိ နန်းစံ ကြည်နူးသွားသည်။ ပုဂံကို မြင်ချင် တွေ့ချင်သွားသည်။

ဖေဖေက နန်းစံကို အမြဲပြောလေ့ရှိသည်။

"သမီးကိုပေးခဲ့တဲ့ ခင်နန်းစံဆိုတဲ့ နာမည်လေးရဲ့ အဓိပ္ပာယ်က ထီးနန်းစံတဲ့ မိန်းကလေးဆိုတဲ့ အဓိပ္ပာယ်ပဲ သမီးရဲ့၊ ဂျပန်မှာ စံဆိုတာ 'ဦး' 'ဒေါ်' 'ကို' 'မ' အဖြစ် တပ်ခေါ်တဲ့ စကားလုံး ဆိုပေမယ့် မြန်မာမှာတော့ စံမြန်းတယ်လို့ အဓိပ္ပာယ်ကောက်လို့ ရတယ်၊ ထီးနန်းမဆန်ဘဲ အရပ်အခေါ်ဆိုရင်တော့ နေ့ထိုင်တယ်ပေါ့ ...၊ ဖေဖေ့ဆန္ဒကတော့ သမီးကို ပုဂံမှာ နေထိုင်စေချင်တာပေါ့ သမီးရယ်၊ ဖေဖေလည်း ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေကို ပုဂံမှာပဲ ကုန်ဆုံးသွားချင်တယ်"

ဖေဖေက မြန်မာပြည်ကို ပြန်မလာခင်ကတည်းက နန်းစံကို တဖွဖွပြောခဲ့ပါသည်။ နန်းစံကတော့ ဖေဖေ ဒီမှာ ဟိုတယ်ဆောက်ဖြစ်ရင် ဒီမှာလာပြီး အလုပ်လုပ်ရမလား၊ ဒါမှမဟုတ် အမေဘက်က အမျိုးတွေနှင့် သူငယ်ချင်း မိတ်ဆွေများရှိရာ ဂျပန်ကိုပြန်ပြီး အိုဆာကာ တက္ကသိုလ်မှာ မာစတာဆက်တက်ပြီး ဆရာမလုပ်ရမလား ... မဆုံးဖြတ်တတ်သေးပါ။

ခုချိန်မှာတော့ 'ဟာနကို'ဟာ ကိုယ့်ကိုယ်ကိုယ်





မြန်မာမလေးအဖြစ်သာ ခံယူထားပါသည်။ ဟာနကို စီးလာသည့် လေယာဉ်ဘီးနှင့် မြန်မာ့မြေ စထိကတည်းက ဟာနကိုဟာ 'ခင်နန်းစံ' ဖြစ်သွားသည်။

အကျင့်ပါခဲ့သည့် 'ဟိုက်'ကို ဟုတ်ကဲ့အဖြစ် ပြောင်းဖို့၊ ဖေဖေ့ကို 'အိုတိုးစံ'ဟု လွှတ်ခနဲ ခေါ်မိတတ်သည့် အကျင့်ကို ပြင်ဖို့တော့ တဖြည်းဖြည်း ကြိုးစားရမှာပင်။

"ကော်ဖီ သုံးဆောင်ချင်ပါသလားရှင် ..."

လေယာဉ်မယ်လေးက နန်းစံရှေ့မှာ ခါးကလေးညွတ်ကာ လာမေးတော့ နန်းစံက ပြုံးလျက် ခေါင်းခါပြလိုက်သည်။

နန်းစံက အီးယားဖုန်းဖြင့် ဆက်ထားသည့် ဖုန်းထဲက music ဖိုင်ကိုဖွင့်ကာ နန်းစံ အကြိုက်ဆုံး သီချင်းလေးကို ရွေး၍ ဖွင့်လိုက်ပါသည်။

*"အိုဟောင်းလွန်းသော နံရံအုတ်ချပ်များ xx မြန်မာဟော့လို့ ဟစ်ကြွေးဆဲ သက်သေများ x x ရာစုနှစ်အဆက်ဆက် သူတို့ပေးဆပ်ခဲ့တဲ့ အားလုံးရဲ့အမွေ xx "*

အဆိုတော် ဇော်ဝင်းထွဋ်၏ ကွဲရှရှအသံက ဆွဲဆောင်မှုရှိစွာ နန်းစံ၏ အကြားအာရုံထဲသို့ တိုးဝင်လာပါသည်။ နန်းစံ မြန်မာပြည်ကို ပြန်မလာခင်ကတည်းက ပုဂံ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စပ်ဆိုထားသည့် ဒီသီချင်းကို အင်တာနက်ထဲကနေ ဒေါင်းလော့ဆွဲ၍ ကူးထားခဲ့တာပင်။

ဒီသီချင်းကို နန်းစံ အထပ်ထပ်အခါခါ နားထောင်ခဲ့ဖူးပြီ ...။

*"သမိုင်းဝင် ကမ္ဘည်းထက် x x တို့နှလုံးအိမ်သွေးစက်*
*ခြယ်သထားမြဲ ထားပါလား x x မဟာ x x ကြီးမြတ်နေ*
*သော သမိုင်းကြောင်းများ ဒီမြေကြီးမှာ x x မင်းတရား*
*အနော်ရထာ ကျေးဇူးများ ဒီမြေကြီးထက်မှာ x x*
*ဒီမြေဟာ တို့တတွေရဲ့ နှလုံးသားဝိညာဉ်ပဲ x x*
*အားလုံးရဲ့ ပုဂံ x x "*

သီချင်းနားထောင်ရင်း လေယာဉ်ပြတင်းနားသို့ ခေါင်းလေးကပ်ကာ မြေပြင်ဆီ ငုံ့ကြည့်လိုက်ချိန်မှာ နန်းစံရဲ့ စိတ်ကူးထဲက ပုဂံကို ဘွားခနဲ တွေ့လိုက်ရပါသည်။ နန်းစံက ရုတ်တရက် ရင်ဖိုလှိုက်သွားကာ ...

"အိုတိုးစံ ... အိုတိုးစံ ... ဖေဖေ ... ဖေဖေ ... ဟိုမှာ ... ဟိုမှာ ဘုရားတွေ အများကြီးပဲ၊ လှလိုက်တာ ... လှလိုက်တာ ..."

နန်းစံရဲ့ အံ့သြပျော်ရွှင်စွာ ရေရွတ်ပြောဆိုလိုက်သံကလေးက လေယာဉ်လေးထဲမှာ ဆူညံ လှုပ်ရှားသွားပါသည်။





"ဒါ ... ပုဂံပဲ သမီး ..."

"အိုး ... ပုဂံ ... ပုဂံ၊ လှလိုက်တဲ့ ပုဂံ ..."

နန်းစံက ခေါင်းကလေးကို လေယာဉ်ပြတင်းနှင့် ထိကပ်ကာ ပြုံးကြည့်ရွှင်လန်းစွာဖြင့် မြေပြင်ဆီ ငုံ့ကြည့်နေပါသည်။

"လေယာဉ် ဆင်းသက်ပါတော့မယ်ရှင်၊ ကျေးဇူးပြုပြီး ထိုင်ခုံခါးပတ်များ ပတ်ထားပေးကြပါရှင် ..."

လေယာဉ်မယ်ကလေးက သတိပေးလိုက်တော့မှ နန်းစံက ပြတင်းမှခွာကာ ထိုင်ခုံခါးပတ်ကို ဆွဲပတ်ထားလိုက်သည်။

လေယာဉ်သည် ညောင်ဦးလေဆိပ်သို့ ဆင်းသက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

“လေယာဉ်တော့ မဆိုက်သေးဘူး အစ်ကို၊ ကျွန်တော်တို့ ရောက်တာ နည်းနည်းစောနေတယ်၊ ညှော့ကြိုဆောင်ထဲ ဝင်စောင့်မလား၊ အပြင်မှာ စောင့်မှာလား ...”

“ခဏနေမှ အထဲဝင်တာပေါ့ကွာ၊ လာ ... ဟိုတမာပင်ရိပ်အောက်က ခုံဝိုင်းမှာ သွားထိုင်စောင့်ရအောင် ...”

‘လွှန်းရာကျော်’ က Tour ကားမောင်းသည့် မောင်သန်းဇော်နှင့်အတူ တမာပင်အောက် ခုံဝိုင်းတွေ ရှိရာဘက်သို့ လျှောက်လာခဲ့ပါသည်။

တကယ်တော့ ခုလို လေဆိပ်မှာ ညှော့လာကြိုတာဟာ လွှန်းရာကျော်ရဲ့ အလုပ်မဟုတ်ပါ။ ပျင်းလို့သာ လိုက်လာခဲ့တာပင်။





လွှန်းရာကျော်က ပုဂံမြို့သစ်မှာ သိပ်မကြီးကျယ်လှသည့် တည်းခိုခန်း အသေးစားလေးတစ်ခုကို ပိုင်ဆိုင်ပါသည်။

ဟိုတယ်မှာ လာတည်းမည့် ညှော့သည်တွေ ကြိုပေးသည့် အလုပ်ကို မောင်သန်းဇော်က လုပ်ပေမယ့် သူက ပျင်းတိုင်း မောင်သန်းဇော်နှင့် လျှောက်လိုက်သည့်အခါလိုက်၊ ကိုယ်တိုင်တိုးကား ဝင်မောင်းသည့်အခါ မောင်း၊ စီးပွားရေး လုပ်တယ်ရယ်လို့မဟုတ်ဘဲ ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေး နေတတ်သော လွှန်းရာကျော်ကို ဟိုတယ်ဝန်ထမ်းတွေ၊ တိုးကားမောင်းတဲ့ ကောင်လေးတွေကလည်း ဘော်ဒါလို ရင်းနှီးချစ်ခင်ကြသည်။

လွှန်းရာကျော်ကို ကြည့်လိုက်လျှင်လည်း အလုပ်ရှင်ရယ်လို့ကို မထင်ရပါ။ ပုဆိုးကို တိုတိုကျစ်ကျစ်ဝတ်ကာ ခွပ်ကျယ်လက်စကလိုလို အင်္ကျီမျိုးနှင့်၊ တစ်ခါတစ်ရံ ကွမ်းကဝါးသေး ...။ ဟိုနားဒီနားသွားရင် ဆိုင်ကယ်လေးဖြင့်သာ သွားလာတတ်သော လွှန်းရာကျော်ဟာ တိုးကားမောင်းတဲ့သူနဲ့တူသလို ဟိုတယ် ညှော့ကြိုဝန်ထမ်းကလေးနှင့်လည်း တူချင်တူနေတတ်ပြန်ပါသည်။

လွှန်းရာကျော်က တမာပင်အောက်က ခုံဝိုင်းလေးမှာ ထိုင်ရင်း ဟိုဒီလှမ်းကြည့်နေသည်။

ထိုအချိန်မှာပဲ သူတို့ ပုဂံမှာမြင်ရခဲ့သော မာဆေဒီးစ်



www.burmeseclassic.com

www.burmeseclassic.com



ကားနက် တစ်စီး လေဆိပ်ဝန်းထဲသို့ ဝင်လာတာကို လှမ်းမြင်လိုက်ရသည်။

"သန်းဇော် … ဟိုမှာကြည့်စမ်း၊ ဟိုကားက အလန်းဇယားပဲ၊ ဘယ်သူ့ကားလဲ … မင်းသိလား …"

"အဲ့ဒါ သူဌေး ဦးရန်နိုင် ကားလေ အစ်ကို၊ အဲဒီကားက ဒီမှာတော့ အမြဲမရှိပါဘူး၊ တစ်ခါတလေ သူလာတဲ့အချိန်တွေနဲ့ သူ့အထူးဧည့်သည်တွေ လာတဲ့အချိန်လောက်ပဲရှိတာ၊ ဒီနေ့ ဒီကား လေဆိပ်ထဲလာပုံထောက်ရင်တော့ ဦးရန်နိုင်ရဲ့ ကိုယ်ပိုင်လေယာဉ် ဆိုက်ပုံရတယ်၊ သူလား … သူ့အထူးဧည့်သည်လားတော့ မသိဘူး …"

လွှန်းရာကျော်က လေဆိပ်အဆောက်အဦရှေ့မှာ ရပ်လိုက်သော မာဆေဒီးစ် ကားအမည်းကြီးကို လှမ်းကြည့်နေလိုက်သည်။ ကားဟာ မာဆေဒီးစ် မော်ဒယ်မြင့်။ ဒီလိုကားမျိုးကို များသောအားဖြင့် သူဌေးနှင့် VIP တွေသာ စီးလေ့ရှိတာပင် …။ သူဌေးဦးရန်နိုင်ဆိုတာ ပုဂံမှာသာမက မြန်မာပြည်ရဲ့ အထင်ကရနေရာတော်တော်များများမှာပါ ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးတွေ အပါအဝင် စက်ရုံတွေ၊ ကုမ္ပဏီတွေ ပိုင်ဆိုင်ထားသူပင် …။

သူ ကြည့်နေဆဲမှာပင် လေဆိပ်အဆောက်အဦထဲမှ ထွက်လာသော လူတချို့ကို တွေ့လိုက်ရပါသည်။ ရှေ့ဆုံးမှာ





က ဟိတ်ဟန်ကောင်းကောင်း သူဌေးဂိုက်ကျကျ အသက် ၄၀ နှင့် ၅၀ ကြား အရွယ် ယောကျ်ားတစ်ယောက် …။ ကြွေရောင်တောက်ပဖြူလွှဲနေသည့် ရှပ်အင်္ကျီအဖြူ လက်ရှည်နှင့် ပုံကျကျဘောင်းဘီရှည် အဖြူရောင်ကို ဝတ်ထားသည်။ အင်္ကျီအဖြူပေါ်မှာ မီးခိုးရောင် အဖျော့ ဝေ့စ်ကုတ်လေး ထပ်ဝတ်ထားကာ လည်ပင်းမှာလည်း နက်ခ်တိုင်နှင့် …။ လက်တံတောင်ဆစ်ကွေးမှာတော့ ကုတ်အင်္ကျီလား ဘာလား မသိသော အင်္ကျီအမည်းရောင်ကို ဖွေ့ချိတ်ကိုင်လာသည်။ ရှူးစ်ဖိနပ် အမည်းရောင်ကလည်း တောက်ပပြောင်လက်နေပါသည်။

ထိုယောကျ်ားရဲ့ အသားဟာ ဖြူဆွတ်ဆွတ်ကြီး မဟုတ်ဘဲ အနည်းငယ် ညိုနေသည်။ ခပ်ထူထူ ဘေးခွဲဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးထားပြီး ရှေ့ဆံပင်စ တချို့ အနည်းငယ် စင်းကျနေသည်။ မျက်ခုံး မည်းမည်းထင်ထင်၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းနက်နက်နှင့် တော်တော်လေး ကြည့်ကောင်းသော အမျိုးသား တစ်ယောက်။ လမ်းလျှောက်လာပုံက ကိုယ်ဟန်မတ်မတ်၊ ခြေလှမ်းဖြောင့်ဖြောင့်။ မျက်နှာထားက တည်ကြည်ထည်ဝါကာ မာန်မာနလည်း အပြည့်ရှိပုံပင် …။ သူ့ကိုကြည့်လိုက်တာနှင့် ပိုက်ဆံရှိ သူဌေးတစ်ယောက်ပဲဟု သေချာ ပိုင်နိုင် သိမြင်နိုင်သော ပုံစံမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှာတော့ ကော်လံတုံး လက်တိုရှပ်ဖြူနှင့် ယောပုဆိုး ခရမ်းရောင်လေး ဝတ်ထားသော လူငယ်တစ်ယောက်။ သူကလည်း ကြည့်လိုက်တာနှင့် သူဌေး၏ ဝန်ထမ်းမှန်း သိသာစွာ သူဌေးနောက်မှာ ကုပ်ကုပ်ရို့ရို့ ...။ သူတို့နောက်ကမှ ခုန သူဌေးနှင့် ရွယ်တူလောက်ရှိမည့် ရုပ်သန့်သန့် လူကြီးတစ်ယောက်။

ထိုလူများကို လွန်မြောက်သော် အဖြူရောင် အရိပ်ကလေး တစ်ရိပ်က သူ့မြင်ကွင်းထဲကို ထင်းရှင်းလင်းပစွာ ဝင်ရောက်လာပါသည်။ ဦးထုပ်အပြန့် အဝိုင်းကြီးက အဖြူ၊ ဂါဝန်က အဖြူ၊ ဖိနပ်က အဖြူ၊ စလင်းဘတ်အိတ် အဖြူဖြင့် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူကာ အနီးအနားဝန်းကျင်ကိုပင် လင်းသွားစေသော ထိုမိန်းကလေးထံမှာ သူ့အကြည့်တွေ တွယ်ငြိငြိမ်သက်နေသည်။

သူမ၏ အသားအရည်က ပန်းရောင်သွေးကလေး ပြေးနေကာ ဘယ်လိုလူမှန်းမသိ။ လည်တိုင်ရှည် ကြော့ကလေးရဲ့ အခြေမှာ ပုလဲသွယ်လေးတစ်ကုံး ဆင်မြန်းထားပုံကြောင့် တော်ဝင်မင်းသမီးလေးလိုလို တစ်မျိုး ယဉ်နွဲ့နေသည်။ အမှတ်တမဲ့ ကြည့်လိုက်ရင် ဂျပန်မလေးလိုလို ကိုရီးယားမလေးလိုလို ထင်ရပေမယ့် သေချာကြည့်တော့ မျက်ခုံး ထူထူ ကွေးကွေး နက်နက်နှင့် မျက်လုံးကလေးတွေ၊ နှာတံကလေးတွေက မြန်မာဆန်သလိုလို မဟာဆန်သလိုလိုနှင့် ...။ ခုရှေ့က လူကြီးနှင့် မျက်ခုံး မျက်လုံးတွေ ဆင်တာမို့ သားအဖပဲဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။





"အစ်ကို ... လှတယ်ဗျ ... နော ... ဟီးဟီး ..."

သန်းဇော်က သူ့အနားကပ်ကာ ခပ်တိုးတိုးပြောသည်။

သူတို့အားလုံးက ဧည့်ကြိုဆောင်ရှေ့မှာ ရပ်ထားသည့် မာဆေဒီးစ်ကားနက်ကြီးဆီသို့ ဦးတည်၍ သွားနေသည်။ ကားနားရောက်တော့ ဝန်ထမ်းနှင့်တူသူ လူငယ်က ကားဆီ အရင်ပြေးသွားကာ ကားတံခါးတွေကို ဖွင့်ထားပေးလိုက်သည်။ သူဌေးနှင့်တူသူ လူကြီးနှင့် မိန်းမလှလေးက ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။ ကားရှေ့ခန်း ဒရိုင်ဘာဘေးမှာ ရုပ်သန့်သန့် လူကြီးက ဝင်ထိုင်သည်။ ထိုအချိန်မှာပဲ နောက်ထပ် မတ်တူး ကားတစ်စီး ရပ်လာတာမို့ မိန်းကလေး၏ အဖော်ဖြစ်ပုံရသော အမျိုးသမီးနှင့် ဝန်ထမ်း အမျိုးသားက ထိုကားပေါ်တက်ထိုင်ကာ မာဆေဒီးစ်နောက်မှ ထိုကားက လိုက်ပါသွားပါသည်။

မောင်သန်းဇော်က ပြုံးစိစိနှင့် ...

"အစ်ကို ... အဲဒါမျိုးလေးဆို သဘောကျတယ် မဟုတ်လား ..."

"သဘောမကျပေါင်ကွာ၊ လှည့်ကြည့်မိတာပဲ ရှိတာပါ၊ ငါက အဲ့ဒီလို ဖြူဥနုဖတ်တွေ မကြိုက်တတ်ဘူး၊ ပါးနစ်ဖက်မှာ ပါးကွက်ကြီးကြီး ကွက်ထားတဲ့ အညာသူမ ဂျမ်းဒေါ်တွေမှ ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟား … ဟုတ်လို့လား အစ်ကိုရ၊ ကျွန်တော်ဖြင့် အစ်ကို ဘယ်ဂျမ်းဒေါကိုမှ ကြိုက်တယ်လို့ မကြားမိပေါင်ဗျာ …"

"ဟော … ဟိုမှာလာပြီ၊ ဂျမ်းဒေါ တစ်ယောက်တော့ …"

လွန်းရာကျော်က လေဆိပ်ထဲသို့ မောင်းဝင်လာသော ဆိုင်ကယ်တစ်စီးကို လှမ်းကြည့်ရင်း ပြုံးစိစိ ပြောလိုက်ပါသည်။ ပြီးတော့ လက်မြှောက်ပြလိုက်ရင်း …

"ဟေး … တမာ …"

"ဟဲ့ … ရာကျော် …"

ရွှေတမာက ဆိုင်ကယ်ကို ခြေထောက်တစ်ဖက် ထောက်၍ ရပ်လိုက်ပြီး ဆိုင်ကယ်စီး ဦးထုပ်ကို ချွတ်လိုက်တော့ ညိုညက်ညက် ပါးနှစ်ဖက်မှာ ပါးကွက်ကြီးကြီး ကွက်ထားသော မျက်နှာက ဖွေးခနဲ ပေါ်လာသည်။

လွန်းရာကျော်က တမာ့ဆိုင်ကယ်နားသို့ လျှောက်သွားလိုက်ရင်း …

"တမာ … နှင် ဧည့်သည်လာကြိုတာလား …"

"အေး … ဧည့်သည်တော့ ဧည့်သည်ပဲ၊ ဒါပေမယ့် ငါ့ ဧည့်သည်မဟုတ်ဘူး၊ ဒေါ်လေးသိုက်ရဲ့ဧည့်သည်၊ ဒေါ်လေး သိုက်က နှင့်ကိုကြိုခိုင်းမလို့ ဖုန်းဆက်နေတာ၊ နှင် ဖုန်း မကိုင်လို့တဲ့ စိတ်တွေတိုပြီး ငါ့ဆီဖုန်းဆက်ပြီး အကူအညီ တောင်းလို့ ငါလာကြိုပေးရတာ …"





လွန်းရာကျော်က ရှပ်အင်္ကျီအိတ်ကို ပြန်စမ်းကြည့် ပြီးမှ …

"ငါ့ဖုန်းက တည်းခိုခန်းမှာ ကျန်ခဲ့တယ်ဟ …၊ ဒေါ်လေး သိုက်က ဧည့်သည် ကြိုရမယ်ဆိုတာ ကြိုမပြောမထားတာ"

"မန္တလေးက ယွန်းအရောင်းဆိုင်က ဧည့်သည်တဲ့၊ လာခါနီး မှ ကပ်ပြောလို့ ချက်ချင်း အကြိုလွှတ်ရတာတဲ့၊ ဒါနဲ့ နှင်ကရော ဒီကိုဘာလာလုပ်တာလဲ …"

"ငါ့တည်းခိုခန်းမှာ တည်းမယ့် ဧည့်သည်တစ်ယောက်ကို လာကြိုတာ …"

"နှင်ကိုယ်တိုင် ကြိုတယ်ပေါ့ …"

"သန်းဇော် လာကြိုတာကို ငါက ပျင်းလို့လိုက်လာတာပါ ဟာ၊ ဒီလိုလုပ်လေ … ငါ ဧည့်သည်ကြိုရင်း ဒေါ်လေးသိုက် ဧည့်သည်ပါ ကြိုခဲ့ပေးမယ်၊ နေပါဦး … နှင်က ဆိုင်ကယ် နဲ့ လာကြိုတာဆိုတော့ ငါနဲ့မတွေ့ရင် ဧည့်သည်ကို ဆိုင်ကယ်နဲ့ တင်ခေါ်သွားမှာလား …"

"ဒီထဲက ကား တစ်စီးစီး ငှားပြီး ခေါ်သွားမှာပေါ့ဟဲ့၊ ဆိုင်ကယ်နဲ့တော့ ခေါ်ပါ့မလား၊ လာမယ့် ဧည့်သည်က အဒေါ်ကြီး အရွယ်တဲ့၊ ငါက ကားမမောင်းတတ်လို့ ဆိုင်ကယ်နဲ့ပဲ လာရတာ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ … နင့်ပါးကွက်ကြီးက ကြီးလှချည်လား၊ ရုပ်ဆိုးလိုက်တာ တမာရာ …"

လွန်းရာကျော်က တမာ့မျက်နှာကို ပြုံးစိစိကြည့်ရင်း ပြောလိုက်တော့ တမာ့က မျက်စောင်းတစ်ချက် ထိုးရင်း …

"နေလောင်မှာစိုးလို့ ပါးကွက်ထူထူ ကွက်ထားရတာပေါ့ဟဲ့၊ ပါးကွက်ကြောင့်တော့ ရုပ်ဆိုးမသွားပါဘူး၊ ငါ့မျက်နှာက ပါးကွက် ကွက်ကွက် မကွက်ကွက် လှပြီးသား …"

"အေးပါ … ဒေါ်ဂျမ်းဒေါရယ် …"

"ရာကျော် … နင်နော် …"

လွန်းရာကျော်က တမာ့ကို စနေမိသည်။ တမာဆိုတာ သူ့ငယ်သူငယ်ချင်း …။ အသားညိုညို သွက်သွက်လက်လက် ထက်ထက်မြက်မြက်၊ စကားပြောလျှင် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သူမို့ သူက တမာ့ကို ဒေါ်ဂျမ်းဒေါဟု တစ်ခါတလေ စမိတတ်သည်။

အမြဲတမ်း ဆိုင်ကယ်တစ်စီးဖြင့် သွားလာနေတတ်သော တမာဟာ သူ့အမေရဲ့ ယွန်းထည်အရောင်းဆိုင်မှာ ထိုင်ရင်း မန္တလေးတက္ကသိုလ်မှာ အဝေးသင် တက်နေသူပင်။

တမာ့ကို ကြည့်လိုက်လျှင် အမြဲလို သနပ်ခါးထူထူ လိမ်းထားသော မျက်နှာကို တွေ့ရမည်ဖြစ်ပါသည်။ ခုလည်းပဲ





ပါတိတ်လုံချည်နှင့် ဆိုင်ကယ်စီးတိုင်း နေမလောင်အောင် ဝတ်နေကျ ရုပ်လက်ရှည်နှင့်၊ ဆံပင်ကိုတော့ ကျစ်ဆံမြီး နှစ်ဖက် ခွဲကျစ်ထားသည်။ မျက်ခုံး အပြားကြီးကြီး ထူထူ ထင်းထင်း၊ မျက်လုံးဝိုင်းဝိုင်းနှင့် တမာကလည်း ကြည့်ကောင်းသည့် အညာသူ ညိုချောတစ်ဦးပင် …။

ဤညိုချောကိုမှ လွန်းရာကျော်၏ မွေးစား အမေဟုလည်း ပြောလို့ရ၊ အဒေါ်ရင်းလည်းဖြစ်သော အပျိုကြီး ဒေါ်ခင်နှင်းသိုက်က သဘောကျကာ လွန်းရာကျော်နှင့် ပေးစားချင်သည်ဟု ဆိုပါသည်။

တမာက သူ့ဆိုင်အတွက် ယွန်းထည်တွေကို ဒေါ်လေးသိုက်၏ ယွန်းထည်လုပ်ငန်းမှ တစ်ဆင့် ယူရောင်းလေ့ရှိတာပင်။ တမာတို့မှာက အရောင်းဆိုင်သာ ရှိပေမယ့် အလုပ်ရုံမရှိ။ ဒေါ်လေးသိုက်ကတော့ ယွန်းထည်အလုပ်ရုံနှင့်အတူ နိုင်ငံခြားသားအများစု နှစ်သက်သည့် အရည်အသွေးမြင့် ယွန်းထည်ပစ္စည်းတွေကို show room သဘောမျိုးဖွင့်ကာ ရောင်းချနိုင်သည်။

ဒေါ်လေးသိုက် အောင်အောင်မြင်မြင် ဦးစီးတည်ထောင်ထားခဲ့သော 'ပုဂံမင်းသမီး' ယွန်းထည်ဆိုင်ကြီးကို ပုဂံမြို့သစ်မှာ ဖွင့်လှစ်ထားနိုင်ပါသည်။

တကယ်တော့ လွန်းရာကျော်၏ တည်းခိုခန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါ်လေးသိုက် ထူထောင်ပေးထားခဲ့သော တည်ခိုခန်းပင်။ သားအမိလို့လည်း ပြောလို့ရသော တူဝရီးနှစ်ယောက်ဟာ တစ်ယောက်ကို လုပ်ငန်းတစ်ခု ဦးစီးကာ ပုဂံမှာတော့ သူဌေးစာရင်းဝင်များသာ ဖြစ်ကြပါသည်။

"ရာကျော် ... နင့် ဒေါ်လေးသိုက်ကလေ အပျိုကြီးမို့လို့လား မသိဘူး၊ အရမ်းစိတ်တိုလွယ်တာပဲနော်၊ သူစိတ်တိုနေတာ တွေ့ရင် ငါ ကြောက်တောင်ကြောက်တယ်"

"ဒေါ်လေးသိုက်က နင့်ကိုကျတော့ စိတ်ရှည်ရှည် ချစ်ချစ်ခင်ခင်ပါ တမာရယ်၊ နင် ဒေါ်လေးသိုက်အကြိုက်ကို သိပ်ပြီး လိုက်မနေနဲ့ဦး တမာ၊ ဒေါ်လေးက နင့်ကို ငါနဲ့ ပေးစားဖို့ မျက်စိကျနေတာ ..."

"အမလေး ... နင့်များတော့ မယူချင်ပေါင် ရာကျော်ရယ်၊ ငါက ဒေါ်လေးကို ခင်လို့သာ ကူစရာရှိ ကူနေတာပါ"

"ငါကလည်း နင့်လို ဂျမ်းဒေါကို စိတ်မကူးပါဘူး တမာရယ်၊ မစိုးရိမ်နဲ့နော် ..."

"အေး ... အဲ့ဒါဆိုလည်း ပြီးတာပဲ၊ ဟဲ့ ... ငါ သွားမယ်၊ နင် ကြိုလာခဲ့တော့ ..."

တမာက ဆိုင်ကယ်ကို စက်ပြန်နှိုးလိုက်တာမို့ လွန်းရာကျော်က မျက်ခုံးပင့်သွားကာ ...





"ဟ ... ဘာကိုကြိုရမှာလဲ၊ ဘယ်သူလဲ၊ သေချာပြောခဲ့ဦးလေ ..."

"ပါတိတ် အစိမ်းရောင် ဝမ်းဆက်နဲ့၊ မျက်မှန်နဲ့ အသက် ၅၀ လောက် ဝဝဖိုင့်ဖိုင့် အဒေါ်ကြီး၊ နာမည်က ဒေါ်အေးမြတဲ့၊ သေချာကြည့်ကျက်ပြီးတော့သာ ကြိုခဲ့တော့ ..."

တမာက ပြုံးစိစိနှင့် ဆိုင်ကယ်လီဗာကို တဗျင်းဗျင်း ဆွဲကာ ဆိုင်ကယ်ကို မောင်းထွက်သွားပါသည်။

"ဂျမ်းဒေါမ ..."

လွန်းရာကျော်က ရေရွတ်လိုက်ရင်း သန်းဇော်ကို လှမ်းခေါ်ကာ လေဆိပ်အဆောက်အဦးထဲသို့ ဝင်လာခဲ့ပါသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# (၃)

“အိုး … ဘုရားတွေ အများကြီးပဲနော် ဖေဖေ၊ ဟိုမှာ တစ်ဆူ၊ ဟိုးမှာ တစ်ဆူ …၊ အိုး … အိုး … ဟိုမှာ အများကြီးပဲ … အများကြီးပဲ”

လေဆိပ်လမ်းအတိုင်း မောင်းထွက်လာသော ကားက အနော်ရထာလမ်းမကြီးဘက်သို့ ချိုးကွေ့မောင်းနှင်လာဆဲမှာ နန်းစံက လမ်းဘေးဝဲယာသို့ ကြည့်ရင်း အံ့သြပျော်ရွှင်စွာ နှုတ်မှ ဖွဖွ ရေရွတ်ရင်း လက်အုပ်ကလေး ချီလာသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဟူသော မြို့အဝင်မုခ်ဦးကို ကျော်ဖြတ်ပြီးနောက် လူနေအိမ် အဆောက်အဦ တချို့အလွန် အနော်ရထာလမ်းမကြီးတစ်လျှောက်မှာ လက်ညှိုးထိုးမလွဲ ဘုရားတွေ …။ ပြီးတော့ ရွှေရောင်ဝင်းနေသော ဘုရားတစ်ဆူ …။

“ဖေဖေ … ဒါ ဘာဘုရားလဲဟင်”





“အလိုတော်ပြည့် ဘုရားလေ … သမီး၊ ဒီဘုရားမှာ ဆုတောင်းရင် ဆုတောင်းပြည့်တယ်လို့ ဒီကလူတွေက ယုံကြည်ကြတယ်၊ ဟိုးမှာကြည့် … ဟိုဘုရားက …”

“ခဏလေး … ခဏလေး ဖေဖေ၊ အဲ့ဒီဘုရားကို နန်းစံ သိတယ်၊ နန်းစံ မြင်ဖူးတယ်၊ နန်းစံပြောမယ်၊ အို … မှတ်မိပြီ၊ အဲ့ဒါ အာနန္ဒာ … အာနန္ဒာ မဟုတ်လား ဖေဖေ”

“ဖေ့သမီးက တော်လိုက်တာ၊ တော်တော် လေ့လာထားတာပဲ …”

“ဖေဖေ ပုဂံဘုရားတွေအကြောင်း ပြောပြပြီးကတည်းက နန်းစံက စာအုပ်တွေ အများကြီး ရှာဖတ်ထားတာလေ၊ ဟောဟိုမှာ ဟိုဘုရားက အို … ဘာပါလိမ့် … နန်းစံ သိပါတယ်၊ သ … သဗ္ဗညု …”

“တော်လိုက်တဲ့ ဖေဖေ့ သမီးပါလား …”

“အဟင်း … ပြီးတော့ နန်းစံ သိသေးတယ်၊ ပုဂံက ကမ္ဘာ့အလှဆုံး ၁၀ နေရာထဲမှာ နံပါတ် ၆ တဲ့ ဖေဖေရဲ့၊ တရုတ်ပြည်က ဂရိတ်ဝေါ မဟာတံတိုင်းတောင် နံပါတ် ၇ ပဲရှိတာ …”

“အိုး … အဲ့ဒါ ဖေဖေတောင် မသိသေးဘူး သမီးရဲ့ …”

ဦးဘုန်းကျော်စံက သမီးခေါင်းလေးကို တစ်ချက်ပုတ်ရင်း ဝမ်းမြောက်ဝမ်းသာ ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းစံကတော့ ဟိုဟိုဒီဒီ ရှုခင်းတွေကို ကြည့်ရင်း 'လှလိုက်တာ' 'အံ့သြစရာ ကောင်းလိုက်တာ' စသဖြင့် ရေရွတ်ရင်း လိုက်ပါလာသည်။ သို့သော် မြင်မြင်သမျှဟာ နန်းစံအတွက်တော့ အံ့သြမိန်းမောစရာချည်းပဲမို့ ခဏကြာတော့ နှုတ်ဆိတ်စွာဖြင့်သာ ပုဂံရဲ့ ညနေခင်း ရှုခင်းတွေကို ငေးမောလိုက်ပါလာပါသည်။

ဦးဘုန်းကျော်စံကတော့ မရောက်တာကြာခဲ့ပြီဖြစ်သော ပုဂံမြေကို ငေးမောရင်း နှလုံးသားတွေ ပူနွေးဆူဝေလာသည်ဟုပင် ထင်လိုက်ရသည်။

ဟိုအရင် အချိန်တုန်းကတော့ ခု မာဆေဒီးစ်နဲ့ ဖြတ်သန်းမောင်းနှင်နေတဲ့ လမ်းဟာ မြေကြီးလမ်း ...။ ဒီမြေပေါ်မှာ နင်းဖြတ်သွားတဲ့ မြင်းခွာသံတွေ၊ မြင်းလည်ပင်းက ခြူသံတွေကို ခုပင် ပြန်ကြားရသည်ဟု ထင်ကာ ကြက်သီးဖြန်းဖြန်းထသွားသည်။

နှလုံးသား ကြေမွခဲ့ရာ ဒီပုဂံမြေကို ဒီတစ်သက်လုံး ပြန်မနင်းတော့ဘူးဟု ဆုံးဖြတ်ခဲ့သော်လည်း ခုတော့ ... မုန်းသလောက် ချစ်ရသော ပုဂံကို ပြန်ခဲ့ရပြီ ...။ တင့်တယ်တောက်ပသော ဘဝဖြင့် ပြန်နင်းခွင့်ရသော ပုဂံမြေမှာ သူ့အတွက် ဘာတွေ ရှိနေဦးမလဲ ...။ သူ ဒီက ထွက်သွားခဲ့တုန်းကတော့ နှလုံးသားဗလာဖြင့် ဖြစ်သည်။





ဦးဘုန်းကျော်စံက မျက်နှာကို ပင့်ချီလိုက်ရင်း အားတင်းလိုက်သည်။ ထိုအချိန်မှာပင် ကားက သီရိပစ္စယာ ဆာကူရာဟိုတယ်ရှိရာ လမ်းသွယ်ထဲသို့ ချိုးကွေ့ မောင်းဝင်လာပါသည်။ သူတို့ မာဆေဒီးစ်ကား ဟိုတယ်ရှေ့မှာရပ်ချိန်မှာ နောက်က လိုက်လာသည့် မတ်တူးကားလည်း ရပ်လာသည်။

မောင်ကျော်သက်နှင့် မသူဇာက သူတို့ကားဆီ သွက်သွက် လျှောက်လာကာ တံခါးဖွင့်၍ ကြိုဆိုလိုက်သည်။

နန်းစံက ကားပေါ်မှဆင်းလိုက်ပြီး ဟိုတယ် lobby ကို ဖြတ်လျှောက်လာပြီးနောက်မှာတော့ ဟိုတယ်မြက်ခင်းစိမ်းရဲ့ အလွန်ဆီက ပြန့်ပြူးသော မြစ်ပြင်ကျယ်ကြီးကို လှမ်းမြင်လိုက်ရလေသည်။

နန်းစံက မြစ်ရေပြင်ကို အံ့သြငေးမောနေပြီးမှ ဖခင်ဖြစ်သူကို ခေါင်းကလေးငဲ့မော့၍ ကြည့်လိုက်ရင်း မြစ်ပြင်ဆီ လက်ညှိုးညွှန်ကာ ...

"ဖေဖေ ... ဒါ ... ဒါ ... မြစ်၊ အေ ... အေ ... ဧရာဝတီ၊ ဧရာဝတီ မဟုတ်လား ဖေဖေ"

"ဟုတ်တယ် သမီး ...၊ ဟိုးကမြင်နေရတဲ့ တောင်က တန့်ကြည့်တောင်ပဲ ..."

နန်းစံက မြူးပျော်စွာဖြင့် မြက်ခင်းပြင်ကျယ်ကြီးဆီ လှစ်လှစ် ပြေးဆင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က နေဝင်ဆည်းဆာချိန်မို့ မြစ်ပြင်က ပုစွန်ဆီရောင် သမ်းနေသည်။ တန့်ကြည့်တောင်စွယ်ရဲ့ အထက်မှာတော့ ဝင်လုဆဲဆဲ နေဝန်းနီ။

ဂါဝန်ဖြူလေး တလွင့်လွင့်ဖြင့် ပြေးသွားသော နန်းစံနောက်သို့ မသူဇာက လိုက်မည်ပြင်သည်။

ဦးဘုန်းကျော်စံက မသူဇာကို လက်ကာပြ၍ တားမြစ်လိုက်သည်။

"ဟိုတယ်မှာတော့ သူ့ဘာသာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေခွင့်ပေးလိုက်ပါ မသူဇာ၊ ကဲ ... အန်ကယ်လ်လည်း သွားနားတော့မယ်၊ သမီး လာတော့မှ သူ့အခန်းကို လိုက်ပို့လိုက်ပါ၊ လာ ... မောင်ကျော်သက် သွားရအောင်၊ ကိုအောင်ဒင် တစ်ယောက်ကော ..."

"သွားနားနှင့်ပါပြီ အန်ကယ်လ် ..."

ဦးဘုန်းကျော်စံက တည်းခိုရမည့် ဘန်ဂလိုတွေဘက်ကို လျှောက်သွားလိုက်ပါသည်။

နန်းစံကတော့ မြက်ခင်းပြင်ရဲ့အဆုံး မြစ်ကမ်းခြေဆီကခုံတန်းကလေးမှာ ထိုင်ကာ နေဝင်ချိန် ရှုခင်းကို ငေးရင်းပုဂံနှင့် ဧရာဝတီ၏ ဖမ်းစားမှုကို ခံယူလျက်ရှိလေသည်။



(၄)

"ကဲ ... မောင်လွှန်း ဒီကိုကြွခဲ့စမ်းပါဦး"

လှမ်းခေါ်လိုက်သံက ရစ်တော့မည့် အသံမျိုး ...။ ခေါ်လေးသိုက်ရဲ့ ညွှန်ကြားချက် ...။ ဒေါ်လေးသိုက်ရဲ့ ညှိသည်ကို ကြိုလာခဲ့ပေးပြီးပြီမို့ ယွန်းထည်ဆိုင်ရှေ့ ခြံဝန်းထဲက အလုပ်ရုံထဲမှာ အေးအေးလူလူ ဝင်ထိုင်နေသော လွှန်းရာကျော်က ပခုံးတစ်ချက် တွန့်လိုက်မိသည်။

ကွပ်ပျစ်အရှည်ကြီးပေါ်မှာ ထိုင်၍ ယွန်းပန်းအိုးတစ်လုံးကို ယွန်းပန်းချီရေးနေသော ဒွေးလေး ဒေါ်ယဉ်ဒွေးကမြီးကာ လွှန်းရာကျော်ကို မျက်လွှာပင့်ကြည့်လိုက်ရင်း ...

"မင်းတော့ မလွယ်ဘူး မောင်လွှန်း၊ မင့်အဒေါ်က မင်းကို ဖုန်းလည်းခေါ်မရ၊ အိမ်လည်း ပြန်မအိပ်လို့ စိတ်တိုနေတာ၊ မင်းက ကိုယ့်အဒေါ် အရွယ်ကောင်း အပျိုကြီးကို တစ်ယောက်တည်း ထားပြီး ဘယ်ကိုကြွမြန်းနေသတုန်း"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ကိုမှ မကြွမြန်းရပါဘူး ဒွေးလေးရာ၊ တည်းခိုခန်းမှာလည်း ကျွန်တော့်အတွက် အခန်းရှိတော့ ဒီလိုပဲ အလုပ်ကိစ္စလုပ်ရင်း ညဦးနက်သွားရင် ဟိုမှာအိပ်ပစ်လိုက်တာပါ၊ ဖုန်းက မေ့မေ့ကျန်နေလို့ မကိုင်ဖြစ်တာ ...”

“မောင်လွန်း ... မင်း မလာသေးဘူးလား ...”

“လာပြီဗျို့ ...”

ဒေါ်လေးသိုက်က နောက်တစ်ကြိမ် အသံမြှင့်၍ ခေါ်လိုက်ပြီမို့ လွန်းရာကျော်က ဒွေးလေးကို နှာခေါင်းတစ်ချက်ရှုံ့ပြခဲ့ပြီး ယွန်းထည်ဆိုင်ဘက်သို့ လျှောက်လာခဲ့ပါသည်။

ယွန်းအလုပ်ရုံနှင့် ယွန်းထည်ပစ္စည်း အချောထည်တွေ ထားသော ဆိုင်နေရာကို အုတ်စီလမ်းကလေးဖြင့် ဆက်သွယ်ထားသည်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာတော့ မြက်ခင်းစိမ်းစိမ်းနှင့် စဥ့်အိုးကြီးများ ချထားသည်။ ပြီးတော့ ခြံထောင့် ဝါးကွပ်ပျစ်တွေပေါ်မှာ ယွန်းထည်လုပ်ဖို့ ဝါးတွေကို ခွေထားသည့် အကြမ်းထည်များ ရှိသည်။ ဒီအနီးအနားတစ်ဝိုက်မှာတော့ ယွန်းထည်လုပ်သည့် သစ်စေးနံ့တွေ သင်းနေသည်။

သမားရိုးကျ ယွန်းထည်လုပ်သည့် မိဘလက်ငုတ်လုပ်ငန်းတစ်ခုကို ဒေါ်လေးသိုက်က ခေတ်မီအောင် မွမ်းမံချဲ့ထွင်နိုင်ခဲ့သည်။ မြေယာရှုခင်း အလှဆင်လုပ်ငန်းကို အပ်နှံပြီး ခြံထဲ





ကို အလှဆင်ထားတာမို့ မူလ သစ်သားအိမ်မည်းကြီးရဲ့ ဘေးပတ်ဝန်းကျင် ခြံထဲမှာ မြက်ခင်းစိမ်းစိမ်း မြေအိုးလှလှများ၊ Royal အုန်းပင်များ၊ ရှေးလက်ရာ လှည်းယာဉ်၊ ပုသိမ်ထီးအလှများဖြင့် နိုင်ငံခြားသားတွေကို ဖိတ်ခေါ်နိုင်သော နေရာတစ်ခုဖြစ်လာသည်။ ယွန်းပြုလုပ်ပုံ အဆင့်ဆင့်နှင့် ယွန်းပြုလုပ်ရာမှာ သုံးသည့် ပစ္စည်းတွေကိုပါ ပြသထားကာ ယွန်းထည်ပြုလုပ်နေသည်ကို ကြည့်ရှုလေ့လာနိုင်သော နေရာတစ်ခုဖြစ်အောင် ဖန်တီးထားပါသည်။

ဒီလမ်းကလေးကို ဖြတ်သန်းပြီးလျှင်တော့ အဆင့်မြင့် ယွန်းထည်ပစ္စည်းများကို showroom ထဲမှာ ထားသလို စနစ်တကျ ပြသထားသည့် ကျယ်ဝန်းသော ဆိုင်ခန်းကျယ်ကြီး ရှိသည်။ တိုးရစ်ဂိုက်များနှင့် နိုင်ငံခြားသားများ အဝင်အထွက်များသည့် နေရာတစ်ခုလည်း ဖြစ်ပါသည်။ ဆိုင်မှာ ဝန်ထမ်းမိန်းကလေးတွေ အများကြီးရှိပေမယ့် ဒေါ်လေးသိုက် ကိုယ်တိုင်ကောင်တာထိုင်သည်။ အလုပ်ရုံကိုလည်း ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲသည်။

ဒေါ်လေးသိုက်ဟာ အလွန် ထက်မြက်လှပသော အမျိုးသမီးတစ်ယောက်လည်း ဖြစ်ပါသည်။ ဒေါ်လေးသိုက်အသက်က ၄၀ ကျော်ခဲ့ပြီ။ ရှေ့ဆံပင်တွေကို အလယ်မှ ပိပိပြားပြား ခွဲချကာ ဝင်ပါးဖုံးသည့်အထိရှည်သော ဆံပင်ထူထူနက်နက်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြောင့်ကို ဖွတ်မြီးတစ်ချောင်း ကျစ်ချထားသည်။ အမြဲတမ်း ရှင်မတောင်သနပ်ခါးကို အစင်းလေးပါးပါးထင်အောင် လိမ်းထားတတ်သော ဒေါ်လေးသိုက်ရဲ့ အသားအရည်က ဘုရားစူး အညာသူဟု ဆိုရလောက်အောင် ဖြူပြီးကြည်နေသည်။ ဆံပင်စ တစ်စမကျဘဲ ထင်းရှင်းနေသည့် မျက်နှာက ကြည်လင်ပြီး ထက်မြက်သည့်ပုံလေးလည်း ပေါ်နေသည်။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းအိမ်နှင့် နှုတ်ခမ်းတွေက ထင်ရှားသည်။ အမြဲတမ်း တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေဟာ ပြုံးလိုက်တဲ့အခါ ငေးကြည့်ရလောက်အောင် လှပသော်လည်း တင်းတင်းစေ့ထားသည့်အခါ တစ်ဖက်လူကို ရှိန်ဟန့်စေသည်။

'ဒေါ်လေးသိုက်' လို့ လွန်းရာကျော်က ခေါ်ရတဲ့ အဒေါ်ခင်နှင်းသိုက်ဟာ လွန်းရာကျော်ရဲ့ အဒေါ်ဖြစ်ပါသည်။ လွန်းရာကျော်ရဲ့ အဖေထက် ကိုးနှစ်လောက်ငယ်သော ညီမကလေးဟာ လှသလောက် မာနကြီးကာ ခုချိန်ထိလည်း အိမ်ထောင်ပြုဖို့ စိတ်မကူးသောသူ ဖြစ်ပါသည်။ လွန်းရာကျော်၏ အဖေက မိဘသဘောမတူသည့် ချို့ချို့ငဲ့ငဲ့ ဖွားစောရွာသူကလေးကို လက်ထပ်လိုက်တာမို့ မိဘက အမွေပြတ်စွန့်ပစ်တဲ့အခါ ဒေါ်လေးသိုက်ကပဲ လုပ်ငန်းအမွေကို ဆက်ခံကာ ဦးစီးဦးဆောင်ပြုခဲ့ရပါသည်။





မိဘတွေ ကွယ်လွန်ခဲ့သွားတဲ့အခါ တစ်ကောင်ကြွက်လို အထီးကျန်ကျန် ဖြစ်ခဲ့ရှာတဲ့ ဒေါ်လေးသိုက်က လွန်းရာကျော်ကိုတော့ သားသမီးလို တွယ်တာကာ မွေးစားသားအဖြစ် သတ်မှတ်စောင့်ရှောက်လာခဲ့တာပင် ...။ ကျောင်းထားပေးခဲ့တာကအစ ကျောင်းအပြီးမှာ တည်းခိုခန်းလုပ်ငန်းကို လုပ်ကိုင်ဖို့ လွှဲပေးတာကအဆုံး ဒေါ်လေးသိုက်က အလုံးစုံ စီမံပေးခဲ့တာပင်။ ဒေါ်လေးက လွန်းရာကျော်ထက် ၁၅ နှစ်သာ ကြီးတာမို့ ဒေါ်လေးကို ချစ်ခင်လေးစားသော်လည်း သူငယ်ချင်းလို ရင်းနှီးကာ နောက်နောက်ပြောင်ပြောင် နေဖြစ်ခဲ့ပါသည်။

"ဒေါ်လေး ... ဟဲဟဲ ... ဒီနေ့ ညှော်သည်တွေ များတယ်နော်၊ တော်တော် ရောင်းကောင်းနေလား ..."

လွန်းရာကျော်က မျက်နှာချိုသွေးရင်း ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဒေါ်ခင်နှင်းသိုက်က လွန်းရာကျော်ကို တွေ့သည်နှင့် မျက်မှောင်ကြုံ့ကာ လက်ရပ်ခေါ်လိုက်ရင်း ...

"ကဲ ... ကဲ ... လာပါဦး ... မောင်မင်းကြီးသား ..."

"ဟဲဟဲ ... ဒေါ်လေးကလည်း ကျွန်တော်က မောင်မင်းကြီးရဲ့ သား မဟုတ်ပါဘူး၊ ဒေါ်လေး အစ်ကို ဦးနိုင်မင်းရဲ့ သားပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို စကားရောဖောရောနဲ့ မျက်နှာချို လာသွေးမနေနဲ့၊ ပြောစမ်းပါဦး ... ဘယ်ကို ပျောက်နေသလဲဆိုတာ၊ ဖုန်းလည်းမကိုင်၊ အိမ်ဘက်လည်း ခြေဦးမလှည့်၊ အလုပ်များတဲ့ အဒေါ်ကို တစ်ယောက်တည်း ပစ်ထားလိုက်တာများ ..."

"ပစ်ထားတာမဟုတ်ပါဘူး ဒေါ်လေးရယ်၊ ဒီလိုပဲ တည်းခိုခန်းမှာက မန်နေဂျာနဲ့ ဝန်ထမ်းတွေနဲ့ ယောကျ်ားချင်းအဖော်များတော့ တည်းခိုခန်းမှာပဲ စကားပြောရင်း ဆိုရင်း အလုပ်လုပ်ရင်း အိပ်ဖြစ်နေတာပါ၊ ဖုန်းမကိုင်တာက မေ့ကျန်နေခဲ့လို့ပါ၊ ဒေါ်လေးခြံထဲမှာက တစ်ခြံလုံး မိန်းမချည်းပဲဟာ ...၊ ဒေါ်လေးဘေးနားမှာလည်း မိန်းကလေးဝန်ထမ်းတွေ ဒီလောက်များတာ ...၊ ဒီပြန်လာနေရင် မိန်းကလေးတွေကြားထဲမှာ ကျွန်တော်တစ်ယောက်တည်း အားငယ်တာပေါ့လို့ ..."

"အောင်မယ် ..."

လွန်းရာကျော်က အခြောက်လို နွဲ့ကာပြောလိုက်တာမို့ ဒေါ်လေးက ပြုံးစိစိ ဖြစ်သွားပြီးမှ မျက်နှာကို ပြန်တည်လိုက်သည်။

"ဆင်ခြေကိုက ...၊ ဟင်း ... ဟင်း ... နင်လား ... အား





ငယ်တာ၊ နင် ဒီမှာရှိရင် ငါ့နားက ကောင်မလေးတွေ တစ်ချက်မှ ပါးစပ်မစေ့ရဘူး၊ လိုက်နောက်ပြောင်နေတာ"

"ပျင်းလို့ နောက်ရတာပါဗျာ ..."

ဒေါ်လေးက လွန်းရာကျော်ကို မျက်စောင်းတစ်ချက်ထိုးကာ ဆိုင်ထဲက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ လွန်းရာကျော်က ဒေါ်လေးရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဒေါ်လေးက သူ့ကို မျက်စောင်းထိုးရင်း ...

"တစ်ခါတည်း ကိုယ့်အဒေါ် တစ်ယောက်တည်း အလုပ်လုပ်နေရရှာပါတယ်လေဆိုပြီး လာကူဖေးမမယ် မစဉ်းစားဘူး ..."

"ဒေါ်လေးကမှ ဖေးမချင်စရာ မကောင်းတာကို ..."

"ဘာ ... ဘာ ..."

"ဒေါ်လေးက စိတ်ရောလူပါ ဒေါင်ဒေါင်မြည် ရဲရဲတောက်လေ၊ 'တစ်ကောင်တည်း ... ဒါပေမယ့် ခြင်္သေ့' ဆိုတာ ဒေါ်လေးလို လူကို ပြောတာဖြစ်မယ် ..."

"အဲ့ဒါနဲ့ပဲ နင်က ငါ့ကို မကူညီချင်ဘူး ဆိုပါတော့ ...၊ ငါ့မှာ ခိုင်းစရာရှိရင် တမာ့ကိုပဲ ခေါ်ခိုင်းနေရတယ်၊ တော်ပါသေးရဲ့ ... တမာ တစ်ယောက်ရှိပေလို့၊ တမာက ငါနဲ့ အမျိုးတော်ရမယ့်သူမို့လို့လားတော့ မသိဘူး၊ သိပ်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျစရာ ကောင်းတာပဲ၊ သွက်သွက်လက်လက် ဖက်ထက် မြက်မြက်နဲ့ ငါ ငယ်ငယ်ကအတိုင်းပဲ ...”

“နေ ... နေပါဦး ... တမာနဲ့ ဒေါ်လေးက ဘယ်လိုအမျိုးတော်မှာလဲ၊ ဟာ ... သိပြီ ... ဟိုတလောက မန္တလေးက တမာ့ ဦးလေးတစ်ယောက် လာသွားတယ် ပြောတယ်၊ ကေန္တ ဟဲ ... ဟဲ ...”

“ဟဲ့ ... အစုတ်ပလုတ် ကောင်လေးရဲ့၊ ပေါက်ကရ မပြောနဲ့၊ ငါပြောတာက နင်နဲ့ တမာ့ကို ပေးစားမယ်လို့ ပြောတာ ...”

“ဟာ ... ကျွန်တော် ဒီဂျမ်းဒေါမကို မကြိုက်ပါဘူး”

“သူများသားသမီးကို ဘာဂျမ်းဒေါမလဲ၊ တမာက ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်ပေမယ့် သိမ်မွေ့ရမယ့်နေရာမှာ သိမ်မွေ့တယ်၊ နင် အိမ်ထောင်ပြုမယ်ဆို သူ့ကိုပဲ စဉ်းစား၊ အထွန့်မတက်နဲ့ ...”

လွန်းရာကျော်က တစ်ဖက်သို့ လှည့်ကာ မျက်နှာကို ရှုံ့မဲ့လိုက်ပြီးမှ ဒေါ်လေးဘက်ကို ပြန်လှည့်လာတော့ မျက်နှာထ အတည်။

“နင် ဒီညကစပြီး အိမ်ပြန်အိပ်၊ တစ်ခြံလုံး မိန်းမတွေချည်းပဲ၊ ညရေးညတာ ယောကျ်ားတစ်ယောက် ရှိတော့ လုံခြုံတာပေါ့ ...”





“အိမ်မှာ ယောကျ်ားတစ်ယောက် ရှိစေချင်တာများ အလွယ်လေးရယ် ...”

“ဘာလဲ ... ဘာဆင်ခြေပေးချင်သေးလဲ”

“ဒေါ်လေး ယောကျ်ားယူလိုက်ရင် ပြီးရော ...”

“ဟဲ့ ... ဒီအရွယ်ကျမှ ယူစရာလားဟဲ့၊ ငါယူချင်ရင် အသက် ၂၀ ကတည်းက ယူပြီးပြီဟဲ့ ကောင်စုတ်ကလေးရဲ့ ...”

ဒေါ်လေးက အနားက စာအုပ်တစ်အုပ်ကို ဆွဲကာ လှမ်းရိုက်ဖို့ ပြင်တော့ လွန်းရာကျော်က လက်နှစ်ဖက်မြှောက် ခါးကော့ ရှောင်ရှားကာ ဆိုင်ထဲက ပြန်ထွက်လာသည်။

“ဟဲ့ ... ကောင်လေး ... နေဦး၊ မနက်ဖြန် ငါ ခိုင်းစရာရှိတယ်၊ မနက်ဖြန် မနက်စောစော ၆ နာရီလောက် ငါ့ ဧည့်သည်ကို မီးပုံးပျံစီးမယ့်ကွင်းကို လိုက်ပို့ပေးဦး”

“ဟုတ် ... ဟုတ် ...”

“မနက်စောစော သွားရမှာ၊ ဒီည ဒီမှာပဲ ပြန်အိပ်နော် ... ကြားလား”

“ဟုတ်ကဲ့ပါဗျို့ ...၊ ဗိုက်ဆာတယ်ဗျို့ ...”

“ဟဲ့ ... ဩော် ... ဗိုက်ဆာတယ်ပြောပြီး ဘယ်ထွက်သွားပြန်တာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"ခွေးလေးကို ထမင်းခူးကျွေးခိုင်းဖို့ သွားခေါ်မလို့ပါဗျို့"

"မအားတဲ့သူကို အလုပ်သွားရှုပ်ဦးမယ်၊ ခေါ်ယဉ်ခွေးက ယွန်းထိုးလက်စကြီး ... မအားဘူး၊ ဒီကောင်လေးဟာ ဂဏှာကိုမငြိမ်ဘူး၊ ယုထွေးရေ ... ထမင်းဟင်းခူး၊ ဇွန်းနဲ့ ထည့်ပြီး ခြံထဲက စားပွဲမှာ သွားချပေးလိုက်ဦး၊ သူက ထမင်းစားရင် ခြံထဲမှာပဲ လေတဖြူးဖြူးနဲ့ စားချင်တာ၊ ဘာဟင်းတွေ ရှိလဲ ယုထွေး ..."

ဒေါ်ခင်နှင်းသိုက်က ဆိုင်ကိစ္စရော ချက်ရေးပြုတ် ရေးကိစ္စပါ လုပ်ပေးနေကျ မိန်းကလေးကို လှမ်းမေးလိုက်သည်။

"မြူရွက်သုပ်ရယ်၊ ခီးဖြူသီးထောင်းရယ်၊ ပဲရွက်ဟင်းချို ရယ်၊ ပုန်းရည်ကြီးနဲ့ ဝက်သားရယ် ချက်ထားပါတယ် မမ ..."

"အေး ... ဒါဆိုရင်တော့ မောင်လွန်းအကြိုက်ပဲ၊ လက်ဖက် သုပ်လေးပါ ချပေးလိုက်ဦး၊ သူက လက်ဖက်နဲ့ ထမင်း စားရတာ ကြိုက်တယ်"

ဒေါ်ခင်နှင်းသိုက်က ယုထွေးကို လှမ်းပြောနေဆဲ တိုးရစ်ဂိုက်တစ်ယောက်နှင့် တိုးရစ်အုပ်စု ဆိုင်ထဲဝင်လာတာ လှ မြင်လိုက်ရတာမို့ ထိုင်ရာမှထကာ အပြုံးကလေးနှင့် ခရီးဦးကြို လိုက်ပါသည်။

ပုညခင်စာအုပ်တိုက်



ဒီခြံဝန်းကြီးထဲမှာပဲ အိမ်ရော၊ ဆိုင်ရော၊ အလုပ်ရုံ ရော ရှိနေကာ တချို့ ရွာက မိန်းကလေး ဝန်ထမ်းတွေကို ခြံ နောက်ဘက်မှာ အဆောင်ကလေး ဆောက်၍နေစေတာမို့ မိန်း ကလေး အများစုနေတဲ့ ခြံထဲမှာ မောင်လွန်းက မနေချင် ...။ ဝန်ထမ်းမိန်းကလေးတွေကပဲ စားဖိုဆောင်ကို တစ်လှည့်စီ တာဝန် ယူကြသလို သန့်ရှင်းရေးကိုလည်း တစ်ယောက်တစ်လှည့် လုပ်ကြ မြဲပင်။ အနယ်နယ်အရပ်ရပ်က မိတ်ဆွေ ဧည့်သည်တွေလာလျှင် လည်း ဒီအိမ်ကြီးမှာပင် တည်းခိုနိုင်ကြသည်။ ထမင်းစားချိန်မှာ ရောက်လာသည့် ဂိုက်တွေကို ထမင်းဆီးကျွေးနိုင်သည့်အထိ စား ဖိုဆောင်မှာလည်း အလျှံပယ်ပင် ...။ ခင်နှင်းသိုက်ရဲ့ နံဘေးမှာ မိန်းကလေးအဖော်တွေ များလှတာမို့ မောင်လွန်း ဒီမှာ မအိပ်ချင် တာကိုလည်း အပြစ်ဆိုလို့မရ။ သူလည်း သူ့ယောကျ်ားလေး ဝန်ထမ်းအဖော်တွေရှိရာ တည်းခိုခန်းမှာပဲ နေချင်သ-ည်။

ဒေါ်ခင်နှင်းသိုက်က ဧည့်သည်တစ်ဖွဲ့နှင့် အလုပ် ရှုပ်နေဆဲမှာ လွန်းရာကျော်က ဝက်သားနှင့် ပုန်းရည်ကြီးဟင်းကို အပီအပြင် အုပ်နေပါသည်။

ထမင်းစားပြီးတာနှင့် အုန်းထန်းလျက် တစ်လုံးကို ပါးစောင်ထဲ ပစ်ထည့်ငုံပြီး ဆိုင်ကယ်လေးဆွဲကာ ထွက်လာခဲ့ သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီပုဂံမှာတော့ ကိုယ့်မှာကားရှိလည်း ခုလို ဆိုင်ကယ်လေးနှင့် အေးအေးလူလူ ပေါ့ပေါ့ပါးပါး လေတဖြူးဖြူးလေး သွားရတာ အလွန်ပဲ အရသာရှိလှသည်လေ ...။



(၅)

"ဟား ... တွေ့ပြန်ပြီဟေ့ ..."

လွန်းရာကျော်က မီးပုံးပျံတက်မည့် ကွင်းနားမှာ ကားကို စက်သပ်ရပ်လိုက်ရင်း ရှေ့တူရှုက မြင်ကွင်းကိုကြည့်ကာ ပြောလိုက်ပါသည်။

"ဘာလဲ ... အစ်ကို၊ ဘာတွေ့လို့လဲ ..."

"ဟိုမှာလေကွာ ... ရွှေမင်းသမီးတို့အဖွဲ့ ..."

လွန်းရာကျော်က ကွင်းဘက်သို့ မေးငေါ့ပြရင်း သန်းဇော်ကို ပြောလိုက်သည်။

ကားရပ်ထားသည့် နေရာနှင့် မီးပုံးပျံတက်မည့် နေရာက နည်းနည်းတော့ လှမ်းသည်။ ဒီနေ့ မီးပုံးပျံ နှစ်လုံးက ရွှေစည်းခုံကွင်းကနေ တက်မှာမို့ မီးပုံးပျံစီးမည့်သူများက ဒီကွင်း ထဲကို နံနက် ၆ နာရီ အရောက်လာကြရသည်။ ညည့်သည်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီက ကားဖြင့် ကြိုပို့ပေးပေမယ့် ညှော်သည်ကို အထူးဂရုစိုက်လိုသော ဒေါ်လေးက လွှန်းရာကျော်ကို ကြိုပို့လုပ်ခိုင်းထားပါသည်။ မီးပုံးပျံစီးမည့် အန်တီက ကားပေါ်ကဆင်းသွားပြီး ကားနားမှာရပ်၍ ဖုန်းပြောနေသည်။

လွှန်းရာကျော်က ကိုယ့်ရှေ့ ကွင်းထဲက မြင်ကွင်းကိုပင် သေချာစိုက်ကြည့်နေလိုက်သည်။

ကွင်းထောင့်မှာ ရပ်လိုက်သော မာစေဒီးစ်ကားပေါ်မှ ပထမဆုံး ဆင်းလာသူဟာ လေယာဉ်ကွင်းမှာ တွေ့ခဲ့ရသော အဖြူရောင် မင်းသမီးလေး ...။

ဒီနေ့တော့ သူမက ပန်းနုရောင် မင်းသမီးလေး ဖြစ်နေသည်။

သူမဝတ်ထားသော ပန်းနုရောင် ဂါဝန်ကလေးက သူမ၏ ပန်းနုရောင်သမ်းသော အသားရောင်နှင့် ဟပ်ကာ တစ်ကိုယ်လုံး ပန်းရောင်သွေးလေး ပြေးနေသလိုပင်။ ဂါဝန်ထူအိအိလေးပေါ်မှာ ကုတ်အင်္ကျီ ပန်းရောင်ထူထူ ခါးတိုတိုလေး ထပ်ဝတ်ထားသည်။ ခါးမှာ အနီရောင်ခါးပတ် သေးသေးလေး ပတ်ထားပါသည်။ ဖိနပ်ကတော့ ဘွတ်ဖိနပ်လို့ပဲ တောခေါ်ခေါ်ရမလား မသိသော ခြေသလုံးတစ်ဝက်ထိရှည်သည့် လည်သာဖိနပ်မျိုးလေး။

လည်ပင်းမှာ ပန်းနုရောင် ပဝါလေး ပတ်လျက်





ခေါင်းမှာ သိုးမွေးဦးထုပ်ဖြူလေး ဆောင်းထားသည်။ ပုဂံဆောင်၏ မနက်ခင်း လေက အေးမြတာမို့ အအေးဒဏ်ကာကွယ်သည့် အဝတ်အစားအပြည့်အစုံ ဆင်မြန်းထားပါသည်။

ထို့နောက် ကားပေါ်မှ အဖေ ဖြစ်ဟန်တူသော သူဌေးဂိုက်အပြည့်နဲ့လူ ဆင်းလာသည်။ သူကတော့ သူ့သမီးထက် တောင် ဖက်ရှင်ကျနေသေးသည်။ အဖြူဆွတ်ဆွတ် ဘောင်းဘီ၊ ခရမ်းပြာရောင် ကုတ်အင်္ကျီရှည်ရှည်၊ ရှူးစ်အဖြူနှင့် ရှေ့ဆုံးကနေ မင်းသားတစ်ပါးလို ကြွချီတော်မူသွားသည်။ သူဌေးနောက်ကမှ ပန်းနုရောင် မင်းသမီးလေး၊ သူတို့နောက်က ဝန်ထမ်းနှင့်တူသူ မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်၊ ပြီးတော့ ရုပ်သန့်သန့် လူကြီးတစ်ယောက်၊ စုစုပေါင်း ငါးယောက်၊ လေဆိပ်မှာ တွေ့ခဲ့သည့် လူအရေအတွက်အတိုင်းပင်။

သူတို့အားလုံး တန်းစီလျက် မီးပုံးပျံဖြင့် ချိတ်ဆွဲသည့် ကြိမ်ခြင်းကြီးများ ချထားသည့် ကွင်းထဲသို့ လျှောက်သွားနေပုံကို မြူနှင်းအနည်းငယ် ဝေ့နေသည့်ကြားက အထင်အရှားပင် မြင်နေရပါသည်။

သန်းဇော်ကပါ ထိုမြင်ကွင်းကို လှမ်းကြည့်နေရင်း

"ဘာသူဌေးမှန်းသာ မသိတာ၊ သူဌေးတော့ သူဌေးပဲ အစ်ကိုရ၊ ကျွန်တော် မနေ့တောင် မီးပုံးပျံ ဝန်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ ကုမ္ပဏီက မန်နေဂျာနဲ့ တွေ့သေးတယ်၊ သူပြော တာတော့ ဒီမနက် ဒီကွင်းကနေ မီးပုံးပျံ နှစ်လုံး တက်မယ့် အထဲက တစ်လုံးမှာ ရန်ကုန်က ဦးရန်နိုင်ရဲ့ ဧည့်သည် သူဌေးအဖွဲ့ ပါမယ်တဲ့၊ သူတို့က ဦးရန်နိုင်ရဲ့ ကိုယ်ပိုင် လေယာဉ်နဲ့ လာကြတာတဲ့၊ ဂျပန်က သူဌေးဆိုလားပဲ၊ ဟဲဟဲ … အစ်ကို့ ရွှေမင်းသမီးလေးကတော့ တော်တော် လှတယ်နော် …"

"ဘာကိစ္စ ငါ့ရွှေမင်းသမီး ဖြစ်ရတာတုန်း"

"အစ်ကို ဟိုစကား မကြားဖူးဘူးလား …"

"ဘာစကားလဲ …"

"တစ်ခါတွေ့တော့ အမှတ်တမဲ့၊ နှစ်ခါတွေ့တော့ တိုက် ဆိုင်မှု၊ သုံးခါတွေ့တော့ ရေစက်တဲ့ …"

"အဟား … ဒါဆို ခုမှတွေ့တာ နှစ်ခါပဲရှိသေးတာဆိုတော့ တိုက်ဆိုင်မှုပဲ ရှိသေးတယ်၊ ရေစက်မဟုတ်သေးဘူး"

"ဒါဆို သုံးခါတွေ့ရင် ရေစက်ဆိုတာ အစ်ကို လက် မလား …"

"အင်း … လက်ခံရရင် ကောင်းမလား … စဉ်းစားမယ်လေ"

လွန်းရာကျော်က ပြုံးစိစိပြောရင်း ကားပေါ်က ဆ လိုက်ပါသည်။





ကားဘေးမှာရပ်နေသော အန်တီမြက ဖုန်းပြောလို့ ပြီးပြီမို့ ဖုန်းကို သူ့လက်ကိုင်အိတ်ထဲ ပြန်ထည့်လိုက်ပြီး လွန်းရာ ကျော်ထံ လျှောက်လာကာ …

"မောင်လွန်းရေ … အန်တီတော့ မစီးဖူးလို့သာ အရဲစွန့် စီးရမှာ၊ နည်းနည်းတော့ ကြောက်သား …"

"ဘာကြောက်စရာ ရှိလို့လဲ အန်တီရဲ့၊ မီးပုံးပျံမောင်းတဲ့ သူကလည်း နိုင်ငံခြားက ကပ္ပတိန်ပဲလေ၊ ဘာအန္တရာယ်မှ မရှိပါဘူး …"

"မီးပုံးပျံက ရှူးရှူးနဲ့ အသံတွေထွက်နေတာနော်"

"အဲ့ဒါ ဂတ်စ်ဖြည့်တဲ့အသံပါ အန်တီရဲ့၊ balloon ကို မှိုင်းဖြည့်နေတဲ့ သဘောပါ၊ balloon ဖောင်းလာတော့မှ တက်လို့ရမှာ၊ ပုဂံရှုခင်းတွေကို အပေါ်စီးကနေမြင်ရရင် အန်တီ အရမ်းပျော်သွားမှာ၊ အန်တီ အမြင့်မကြောက်ဘူး မဟုတ်လား"

"မကြောက်ပါဘူး …"

"ဒါဆို ဘာမှ ကြောက်စရာမရှိဘူး၊ တစ်နာရီလောက်ပဲ ဖြည်းဖြည်း ရွေ့ရွေ့ ပျံနေမှာ၊ အန်တီက မိုက်ဆံရှိလို့ ဒါမျိုးစီးနိုင်တာ၊ မြန်မာ တော်တော်များများ balloon မစီးနိုင်ကြဘူး၊ ဈေးကြီးတယ်လေ၊ ဒေါ်လာ လေးရာနီးပါး



www.burmeseclassic.com

www.burmeseclassic.com



ပေးရတာ မဟုတ်လား၊ နိုင်ငံခြားသားတွေပဲ အစီးများကြတာ၊ ပိုက်ဆံကုန်ရမျိုးနပ်အောင် ပျော်ပျော်ရွှင်ရွှင်သာစီး၊ မစိုးရိမ်နဲ့ အန္တရာယ်မဖြစ်ဘူး”

“မင်း အားပေးတာနဲ့ ပျော်တောင် ပျော်သွားပြီ၊ ကဲ ... မီးပုံးပျံနား သွားတော့မယ်၊ အနားထိတော့ လိုက်ပို့ပေးပါကွယ်”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ပို့ပါ့မယ်၊ သန်းဇော်ရေ ... ခဏစောင့် ...”

“ဟုတ်ကဲ့ ... အစ်ကို”

လွန်းရာကျော်က ညှိသည် အန်တီကြီးနှင့်အတူ balloon နားသို့ လျှောက်လာခဲ့သည်။ သိပ်နီးကပ်လာတော့မှ အန်တီမြက သူ့ကိုလှည့်ကြည့်ကာ ...

“ဒီလောက်ဆို ရပါပြီကွယ်၊ ကျေးဇူးပါ”

“အန်တီ မီးပုံးပျံက ရွှေဆံတော်ကွင်းမှာ ဆင်းမယ်ပြောတယ်၊ ကျွန်တော်တို့ အဲဒီကွင်းနားကပဲ သွားစောင့်နေမယ်နော်”

“အေး ... အေး ...”

အန်တီကြီးက မီးပုံးပျံဆီ ဆက်လျှောက်သွားပြီး သူက မလှမ်းမကမ်းမှာ ရပ်ကျန်နေခဲ့သည်။





သူက နောက်လှည့်ပြန်ထွက်မသွားသေးဘဲ လက်ပိုက်ရပ်လျက် ရွှေမင်းသမီးလေး လိုက်ပါမည့် မီးပုံးပျံဆီ ငေးမျှော်ကြည့်နေလိုက်သည်။

မီးပုံးပျံ အထိုင်ခြင်းထဲမှာတော့ လူစုံသွားပြီ။ ထိုခဏမှာ မီးပုံးပျံက ကောင်းကင်ဆီ စတက်လာပါသည်။

သူက တဖြည်းဖြည်း မြင့်တက်သွားသော မီးပုံးပျံဆီ မော့ကြည့်နေဆဲမှာ ပန်းနုရောင် မိန်စးကလေးရဲ့ လည်ပင်းမှာ ပတ်ထားသော ပန်းနုရောင် ပဝါပါးလေးက သိပ်မြင့်မြင့်မတက်သေးသော မီးပုံးပျံထက်ဆီက လွင့်ဝဲကျလာလေသည်။

ထိုပဝါကလေးဟာ လေကြောင်းသင့်သည့် လွန်းရာကျော်ဆီသို့ လွင့်ကာ ဝဲကာ ကျလာတာမို့ သူက ပဝါလေးကို လှမ်းဆွဲထားလိုက်ပါသည်။

မီးပုံးပျံထက်ဆီ သူ မော့ကြည့်တော့ သူ့ကို ငုံ့ကြည့်ရင်း တဖြည်းဖြည်း မြင့်ကာ မြင့်ကာ ဝေးသွားသော ပန်းနုရောင် အရိပ်ကလေးကို မြင်ရလေသည်။

“ဟဲ ဟဲ ... နောက်တစ်ကြိမ်ဆုံရင်တော့ ရေစက်ပဲဆိုတာ အစ်ကို လက်ခံရတော့မှာနော် ...”

ဘယ်အချိန်ကတည်းက သူ့နောက်မှာ ရောက်နေသည် မသိသော သန်းဇော်က ပြုံးစိစိနှင့် ကလိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပန်းနုရောင် ပဝါလေးကို ကြည့်ရင်း ဝေယာဉ်ကနေ ငုံ့ကြည့်သွားသော သူမရဲ့ မျက်ဝန်းလေးတွေကို မျက်စိထဲက မဖျောက်နိုင်ဘဲ ရှိလေသည်။



(၆)

လွန်းရာကျော်သည် ရွှေဆံတော်ဘုရားမှာ ထိုင်ရင်း မြူနှင်းပါးပါးဝေနေသည့် ပုဂံ၏ ရှုမျှော်ခင်းတွေကို ငေးကြည့်နေမိပါသည်။

ဟိုးအဝေး ဘုရားပုထိုးစေတီတွေရဲ့ အပေါ်မှာ ဟိုတစ်ခု ဒီတစ်ခု မြင့်တက်လာနေသော ဘောလုံးတွေကို မြင်တွေ့ရသည်။ ခုလို ဆောင်းမနက်ခင်းတွေမှာ ပုဂံရှိ ကွင်းပြင်တွေဆီက ဟိုတချို့ ဒီတချို့ မီးပုံးပျံတွေ တက်လာနေတာကို ဒီဘုရားပေါ်ကနေ မြင်ရသည်။ သူကတော့ ဒီဘုရားပေါ်မှာ ထိုင်ရင်း ရွှေဆံတော်ကွင်းကို ဆင်းလာမည့် မီးပုံးပျံကို ကြိုစောင့်နေရပါသည်။ အန်တီမြကိုကြိုရင်း ရွှေမင်းသမီးကို ပဝါပြန်ပေးဖို့လည်း စိတ်ကူးထားပါသည်။

"ဟာ ... မေမေ ... ဟိုမှာ မီးပုံးပျံကြီး ... မီးပုံးပျံကြီး နီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်၏အသံကြောင့် သူက ကောင်းကင်ဆီ မော့ကြည့်လိုက်မိသည်။

ရွှေဆံတော်ဘုရားရဲ့ အထက်နားဆီမှာ နီးနီးနိမ့်နိမ့်လေး ကပ်၍ပျံလာနေသော မီးပုံးပျံကို အနီးကပ် မြင်နေရသည်။ မီးပုံးပျံမှာ ချိတ်ဆွဲထားသည့် ကြိမ်ခြင်းထဲမှာ မတ်တတ်ရပ်၍ လိုက်ပါလာသော လူတွေကိုပင် နီးလွန်းသဖြင့် သေချာလှမ်းမြင်နေရသည်။

ထိုမီးပုံးပျံဟာ ရွှေမင်းသမီးတို့ လိုက်ပါသွားသော မီးပုံးပျံ ...။ ဟော ... ဟိုမှာ မီးပုံးပျံပေါ်ကနေ အောက်ကိုလှမ်းကြည့်နေသော ပန်းရောင်အရိပ်ကလေးဟာ ရွှေမင်းသမီးကလေး။ ကြိမ်ခြင်းပေါ် လက်ထောက်၍ ရပ်နေသော ရွှေင်းသမီးကလေးကို ကိုယ်တစ်ပိုင်းသာ မြင်နေရသည်။ သူမရဲ့ အကြည့်တွေက ကိုယ့်ဆီမှာမှာ ထင်လိုက်သည်။

သူ ထိုအရိပ်ကလေးကို မော့ကြည့်နေဆဲမှာ မော့ကြည့်ရခြင်းအတွက် ပင်ပန်းရင်မောရခြင်း ဝေဒနာကို စတင်ခံစားလိုက်ရပါသည်။

ဘယ်လိုမှ မမီနိုင်မှန်း သိလျက်နဲ့ မော့ကြည့်နေရသည်။ လှမ်းဆွဲလို့လည်း မရ၊ သူမကလည်း ဆင်းမလာနိုင် ...။

သူ မော့ကြည့်နေဆဲမှာပဲ မီးပုံးပျံက တရွေ့ရွေ့





ဝေးလွင့်သွားသည်။ ပြီးတော့ ... ရွှေဆံတော်ဘုရားကနေ လှမ်းမြင်နေနိုင်သည့် မြေကွက်လပ်တစ်ခုဆီ တဖြည်းဖြည်း နိမ့်ဆင်းသွားပါသည်။

"အစ်ကို ... ဘောလုံး ဆင်းနေပြီ၊ သွားရအောင်လေ ... အစ်ကို"

"ဩော် ... အေး ... သွားမယ်လေ"

သန်းဇော်က သတိလာပေးတာမို့ လွန်းရာကျော်က သန်းဇော်နှင့်အတူ ဘုရားပေါ်မှ ဆင်းလာခဲ့ပါသည်။

❧ ❧ ❧

နန်းစံတို့ မီးပုံးပျံ မြေပြင်သို့ ဆင်းသက်လာချိန်မှာ ဘောလုံး လွှတ်တင်ပျံသန်းသည့် ကုမ္ပဏီဝန်ထမ်းလေးတွေက မျက်နှာသုတ်ပဝါ အဖြူလေးတွေနှင့် ရှိန်ပိန်ပုလင်းကို အသင့်ကိုင်ကာ စောင့်နေကြတာကို မြင်ရသည်။

နန်းစံထက်တောင် ပျော်ရွှင်တက်ကြွ လနီးဆန်းနေသော ဖေဖေက ဝန်ထမ်းလေးတွေဆီ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ရှိန်ပိန်ပုလင်းကို လှမ်းယူကာ နန်းစံကို လှမ်းပေးရင်း …

"ရော့ … သမီး … သမီးက ရှိန်ပိန်ဖောက်လိုက်"

"ဖေဖေ ဖောက်လေ …"

"သမီးပဲ ဖောက်လိုက်ပါ၊ မသူဇာ ဓာတ်ပုံ … ဓာတ်ပုံလေး ရိုက်ပေးပါဦး … အိုခေနော်"

မသူဇာက ရှိန်ပိန်ဖောက်နေသော နန်းစံကို ဓာတ်ပုံ ရိုက်ပေးသည်။ ဖေဖေကလည်း နန်းစံဘေးနားမှာ လာရပ်၍ ဓာတ်ပုံအရိုက်ခံသည်။ ပြီးတော့ အားလုံး စုဝေးကာ ဓာတ်ပုံရိုက် လိုက်ကြပါသည်။

နန်းစံကတော့ မီးပုံးပျံ တက်တုန်းက နန်းစံ ပဝါ လေးကို ဖမ်းဆွဲယူထားလိုက်သောသူကို တွေ့လေမလားဟု မျက် လုံးလေး ဝေ့ဝဲရှာဖွေနေမိသည်။

ဖေဖေနှင့် ကိုကျော်သက်တို့က ကုမ္ပဏီက ကျွေး သည့် ငှက်ပျောကိတ်နှင့် နာနတ်သီး၊ သင်္ဘောသီးတွေကို စားရင်း စကားကောင်းနေပါသည်။

"ကျုပ်ဗျာ … ဒီပုဂံမှာ နှစ်ပေါင်းများစွာ နေလာခဲ့တာ ဒီလောက်လှတဲ့ ရှုခင်းမျိုး မတွေ့ခဲ့ဖူးပါဘူး၊ တစ်နေ့ကျ ရင် ဒီလိုလှတဲ့ ရှုခင်းတွေကို ခုလိုမျိုး ကြည့်ခွင့်ရလိမ့်





မယ်လို့လည်း မထင်ခဲ့ပါဘူး၊ အမြင့်ရောက်တော့ နည်း နည်းတော့ ကြောက်သားဗျ၊ သမီးကြောက်မလားလို့ စိုးရိမ် နေတာ၊ သမီးက မကြောက်ဘဲ ကိုယ်ကတောင် ကြောက် ချင်သလိုလို ဖြစ်နေတာ၊ လှတဲ့ ရှုခင်းတွေမြင်မှ ကြောက်ဖို့ တွေ ဘာတွေ မေ့ကုန်တာ၊ ဒီ မီးပုံးပျံက ရှစ်ယောက် စီးလေ၊ ကပ္ပိတိန်နဲ့ဆို ကိုးယောက်စီးပေါ့၊ ကျွန်တော်က ကျွန်တော်တို့ချည်း သီးသန့်စီးချင်လို့ ကုမ္ပဏီကို သေချာ ကြိုမှာရတာ၊ ဗိတ်တွေ ဘာတွေ ချိန်ကြည့်တော့လည်း ကျွန်တော်တို့ချည်း စီးဖို့ အဆင်ပြေတဲ့ ဗိတ်နဲ့မို့လို့ ခုလို သီးသန့်စီးခွင့်ရတာလေ၊ ဟဲ ဟဲ … ကျုပ်က ဖြစ်နိုင်ရင် လေယာဉ်လေးနဲ့တောင် ဝဲကြည့်ချင်တာ၊ အဲဒီလို လုပ်ခွင့် မရလို့သာ …"

ဦးဘုန်းကျော်စံက ထုံးစံအတိုင်း နည်းနည်းခပ်ကြွား ကြွားလေး စကားများနေတာကို ဦးအောင်ဒင်က ခပ်ပြုံးပြုံး ငြိမ် …ဆောင်နေသည်။ ကြွားတာလောက်ကတော့ ခွင့်လွှတ်လို့ရ …သည်။ ပုဂံမှာ နိမ့်နိမ့်ပါးပါးနေခဲ့ရတော့ ခုလို သူဌေးအဖြစ် …ါစီးက ပြန်လာကြည့်ရတာကို ကျေနပ်ဝမ်းမြောက်နေပုံရပါ …သည်။

နန်းစံကတော့ ဖေဖေ ပြောနေတာကို နားထဲကို



www.burmeseclassic.com

www.burmeseclassic.com



မဝင်။ ဖေဖေ စားနေတာကိုလည်း ဝင်မစားဖြစ်ဘဲ ဒီကွင်းပြင်ဆီ နိမ့် ဆင်းလာနေသော နောက်မီးပုံးပျံကို လှမ်းမျှော်ကြည့်မိသည်။ ဒီမီးပုံးပျံပေါ်မှာ ပါသွားတဲ့ တစ်ယောက်ယောက်ကို သူလိုက်ပို့တာ ဆို သူပြန်လာကြိုမှာပင်။ ဒါဆို ဒီအနီးအနားကို သူရောက်လာ လေမလား ...။ ရွှေဆံတော်ဘုရားပေါ်မှာ ထိုင်နေသော သူ့ကို နန်းစံ လှမ်းမြင်ခဲ့ရသေးသည်။

သူပါပဲ ...။ ဝေးဝေးက လှမ်းမြင်ရပေမယ့် သူပါဓ ဆိုတာ နန်းစံ သေချာနေသည်။ သူဝတ်ထားတဲ့ အကွက်ကျဲကျဲ ပုဆိုးက နည်းနည်း ရယ်စရာကောင်းပြီး အဝေးကကြည့်ရင်တောင် ထင်းနေသည်။ ထူပြီး အပြားကြီးသည့် မျက်ခုံးနက်နက်၊ နှာတံ ထင်းထင်း၊ အသားညိုညို၊ အရပ်မြင့်မြင့် သူ့ပုံစံဟာ နန်းစံရဲ့ မျက်စိထဲမှာ စွဲလာသည်။

နန်းစံ ကြည့်နေတုန်းမှာ မီးပုံးပျံက မြေပြင်ပေါ် ဆင်းသက်လာသည်။ ထိုအချိန်မှာပဲ ဘုရား ပုထိုးစေတီလေးတွေ ကြားရှိ မြေလမ်းသွယ်ကလေးဆီမှ လျှောက်ထွက်လာသော သူ့ကို နန်းစံ မြင်လိုက်ရပါသည်။

သူက နန်းစံရဲ့ ပဝါလေးကို ကိုင်ပြီး နန်းစံဆီ ဦးတည်၍ လျှောက်လာတာမို့ နန်းစံလည်း သူ့ဆီ လျှောက်လာ ခဲ့ပါသည်။





လွှန်းရာကျော်က ရွှေမင်းသမီးဆီ လျှောက်လာရင်း သူမ ပုံစံလေးကို စိုက်ငေးကာလာသည်။ ခြေလှမ်းစိပ်စိပ်နှင့် သွက်သွက်လေး လျှောက်လာပုံက သံပတ်ပေးထားသော အရုပ် မလေးနှင့်တူသည်။ နီးကပ်လာလေ သူမရဲ့ ကြည်လင်သော မျက်နှာကလေးက ထင်ရှားလာလေ ...။

သူက ပဝါလေးကို သူမထံ ကမ်းပေးလိုက်ရင်း ...

"ခင်ဗျား ပဝါလေး ကျနေခဲ့လို့ ပြန်လာပေးတာပါ"

"ဟိုက် ... ကျေးဇူးတင်ပါတယ်ရှင့် ..."

သူမဖြေပုံကြောင့် သူ မျက်ခုံးပင့်မိသည်။ 'ဟိုက်' တဲ့။ ဒါဆို ဂျပန်မလေးလား ...။ 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားသံလေးကလည်း တစ်မျိုးလေး ဝဲတဲတဲဖြစ်နေပါသည်။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင်"

သူမက စကားမှားသွားလို့ ပြန်ပြင်ပြောသလိုမျိုး နောက်တစ်ကြိမ် ထပ်ပြောပါသည်။

"နာမည် ဘယ်လိုခေါ်ပါသလဲရှင်"

သူမနှုတ်က ထွက်လာတဲ့ ဗမာစကားက ပီပီသသ ရှိလှပါသည်။ အသားအရမ်းဖြူပေမယ့် မျက်နှာပေါ်က မျက်ခုံး မျက်လုံးလေးတွေက မြန်မာဆန်လှတာမို့ သူမကို တိုင်းတစ်ပါးသူ ဟုလည်း သေချာ ယူဆလို့မရပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် လွန်းရာကျော်ပါ"

"လွန်းရာကျော်၊ အို … မကြားဖူးတဲ့ နာမည်မျိုးပဲ၊ နာမည်က နည်းနည်းလေး ဆန်းတယ်နော်၊ ကျွန်မနာမည် က ခင်နန်းစံ ပါ"

"သမီးရေ … နန်းစံ … သမီး ဘာလုပ်နေတာလဲ၊ အဲ့ဒါ ဘယ်သူလဲ သမီး …"

နန်းစံ၏ နောက်နားဆီက ဖေဖေ့ရဲ့ အနည်းငယ် မာထန်သော အသံကြောင့် နန်းစံက ဖေဖေ့ကို လှည့်ကြည့်လိုက် ရင်း …

"သမီး ပဝါလေး ကျနေလို့ ပြန်လာပေးတဲ့သူပါ ဖေဖေ"

"ဩော် … သမီးမှာ ဒါမျိုးပဝါတွေ အများကြီး ရှိတာပဲ မဟုတ်လား၊ ကဲ … လာ … သွားကြမယ်၊ ဟိုမှာ ကား ရောက်နေပြီ …"

ဦးဘုန်းကျော်စံက လွန်းရာကျော်ကို ခပ်တည်တည် တစ်ချက်ကြည့်ရုံသာ ကြည့်ပြီး နှုတ်မဆက် အသိအမှတ်မပြုဘဲ သမီးဖြစ်သူကို ခေါ်ဆောင်သွားပါသည်။

လည်ပင်းကလေး လိမ်ကာ သူ့ကို သမင်လည်ပြန် ကြည့်ရင်း အဖေနောက်သို့ လိုက်ပါသွားသော ရွှေမင်းသမီးရဲ့ မျက်နှာက အားနာရိပ်နှင့် တောင်းပန်ရိပ်တွေ ယှက်သန်းနေခဲ့ သည်။





သူမတို့ သားအဖက အသင့်ရပ်နေသော မာဆေဒီးစ် ကားနက်ကြီးပေါ် တက်ကာ ထွက်ခွာသွားသည်။

"အစ်ကို … သူ့အဖေကြီးက တစ်မျိုးကြီးပဲနော် …"

"အေး … ဒီလိုမှန်းသိ လာပြန်မပေးပါဘူးကွာ …၊ သူ့ ကြည့်ရတာ ပြုံးပြုံးပျာပျာနဲ့ သူ့သမီးကို ငါ ရည်းစား စကားပြောမှာ စိုးရိမ်နေတဲ့ အတိုင်းပဲ …"

"သမီးလေးက ချစ်စရာကောင်းသလောက် အဖေကြီးက ဘဝင်ကြီးနော် အစ်ကို …"

"ဟုတ်ပါ့ …၊ ကဲ … လာ … ဟိုမှာ အန်တီမြ ဆင်းလာ ပြီ၊ သွားကြိုရအောင်"

လွန်းရာကျော်က အန်တီမြဆီ လျှောက်လာခဲ့ရင်း တဖြည်းဖြည်း ဝေးသွားသည့် ကားနက်ကြီးကို တစ်ချက်တော့ လှမ်းကြည့်လိုက်မိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

နံနက်ခင်း နေရောင်ခြည်က သီရိပစ္စယာ ဆာကူရာ ဟိုတယ်ရှေ့ မြက်ခင်းစိမ်းစိမ်းနှင့် ရေကူးကန်ပြာပြာဘက်သို့ လက်ဖြာကျနေသည်။

ခင်နန်းစံက ရေကူးကန်ဘေးက သစ်သားဒရင်းဘတ် ရှည်ပေါ်မှာထိုင်ကာ နေပူဆာလှုံနေရင်းက တစ်ဖက်ကုလားထိုင်မှာ ထိုင်နေသည့် မသူဇာကို လှည့်ကြည့်ရင်း ...

"မသူဇာ ..."

"ရှင် ... ဟုတ်ကဲ့"

"အဟင်း ... မသူဇာကလည်း နန်းစံကို ရိုရိုသေသေပုံမျိုးကြီး မဆက်ဆံပါနဲ့ ...၊ သူငယ်ချင်းလို ညီအစ်မလို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဆက်ဆံပါ"

"ဟုတ်၊ ဒါပေမယ့် အဲဒီလို ဆက်ဆံရင် အန်ကယ်လ်က သိပ်မကြိုက်လို့ပါ"





"ဖေဖေ့ရှေ့မှာမဟုတ်ဘဲ နန်းစံတို့ နှစ်ယောက်တည်းရှိတဲ့အခါ ရင်းရင်းနှီးနှီး ပြောလို့ရတာပဲ မသူဇာရဲ့၊ မသူဇာက နန်းစံထက် နှစ်နှစ် ကြီးတာဆိုတော့ နန်းစံကို ညီမလို သဘောထားပေါ့၊ နန်းစံလို့ပဲခေါ်ပေါ့၊ နန်းစံက ဒီနိုင်ငံအကြောင်း သိပ်မသိတော့ မသူဇာကိုပဲ ဆရာတင်ရမှာ ..."

နန်းစံက နွေးနွေးထွေးထွေး ပြောတော့မှ မသူဇာက နန်းစံကို ပြုံးကာကြည့်ရင်း ...

"ကျွန်မလည်း နန်းစံကို မြင်မြင်ချင်း ခင်ပါတယ်၊ နန်းစံက ချစ်စရာလေးဆိုတာ ကျွန်မ အိမ်ကလူတွေကို အမြဲ ပြန်ပြောဖြစ်နေတာ ..."

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မသူဇာ၊ နန်းစံ ယောင်ယောင်ပြီး ဟိုက်လို့ပြောမိရင် နန်းစံကို သတိပေးနော်၊ အဲဒီ 'ဟိုက်'က အရမ်းအကျင့်ပါနေလို့ ယောင်ယောင်ပြီး ထွက်ထွက်သွားတယ်"

"မသူဇာ ဘယ်လိုသတိပေးရမှာလဲ နန်းစံ"

"နန်းစံ ဟိုက်လို့ပြောမိတာနဲ့ နန်းစံကို တစ်ခုခု လုပ်ပြပေါ့ ..."

"အင်း ... ဒါဆို ဘယ်လိုလုပ်ပြရမလဲ၊ မျက်လုံးပြူးပြရမလား၊ နှာခေါင်းရှုံ့ပြရမလား၊ ခေါင်းခါရမလား၊ မျက်ခုံးပင့်ပြရမလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးပြူးပြမလား မသူဇာ"

"ကောင်းသားပဲ၊ နန်းစံက 'ဟိုက်' ဆိုတာနဲ့ မသူဇာ မျက်လုံးပြူးပြီး နန်းစံကို ကြည့်ပစ်လိုက်မယ်"

မသူဇာက တက်တက်ကြွကြွ ပြောပြီး နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိပါသည်။

"ဒါနဲ့ မသူဇာ ... ဒီက ယောကျ်ားတွေက လုံချည်အဝတ် များသလား ..."

"ပုဆိုးလို့ ခေါ်ကြတာများတယ် နန်းစံရဲ့၊ မိန်းမ ဝတ်တာက ထဘီပေါ့၊ ပုဆိုးရော ထဘီရောကို လုံချည်လို့ ခေါ်ရင်လည်း ရတာပါပဲ၊ လုံချည်ဝတ်တဲ့ ယောကျ်ားလည်း ရှိ၊ ဘောင်းဘီဝတ်တဲ့ယောကျ်ားလည်း ရှိတာပေါ့၊ ဒီက အညာသား တော်တော်များများကတော့ ပုဆိုးပဲ ဝတ်ကြပါတယ်"

"အညာသား၊ အညာသားဆိုတာ ဘာလဲဟင် မသူဇာ"

"ဒီလို အထက်အညာ အပူပိုင်းဒေသက ယောကျ်ားတွေကို အညာသား၊ မိန်းကလေးတွေကို အညာသူလို့ ခေါ်တာ ပေါ့ ..."

နန်းစံက မသူဇာ ပြောပြတာကို နားထောင်နေရင်းက မနက်က တွေ့ခဲ့သည့်လူကို မြင်ယောင်လာမိကာ ပြုံးမိရင်း ...





"မသူဇာ ... ပုဆိုးက မလှဘူးနော်၊ အကွက် အကွက်တွေနဲ့၊ အကွက်ကြီးက ရုပ်ဆိုးသလိုပဲ သိလား ..."

"အကွက် နည်းနည်းကြီးတာက နယ်က အသက်ကြီးတဲ့ လူကြီးတွေ ဝတ်တာများတယ် နန်းစံရဲ့၊ ပုဆိုးကွက်စိပ်လေးတွေ၊ ပိုးပုဆိုးလေးတွေဆို အရမ်းလှတာ ..."

"မနက်က တွေ့ခဲ့တဲ့ သူကျတော့ အသက်လည်း သိပ်မကြီးသေးဘဲ ပုဆိုးအကွက်ကြီးနဲ့ ...."

"ဘယ်သူလဲ ...၊ နန်းစံ ဘယ်သူ့ကို တွေ့ခဲ့လို့လဲ ..."

"နန်းစံ လွင့်ကျကျန်ခဲ့တဲ့ ပဝါကို လာပေးတဲ့ သူလေ"

"ဪ ... ဟုတ်သားပဲ၊ သူ့ကြည့်ရတာတော့ ဒီပုဂံ ညောင်ဦးမှာနေတဲ့လူ ဖြစ်မယ်ထင်တယ်"

"ဒါဆို သူက အညာသားပေါ့ ..."

"ဟုတ်တာပေါ့၊ နန်းစံက သဘောပေါက် လွယ်သားပဲ ..."

နန်းစံနှင့် မသူဇာက စကားပြောရင်း ရင်းနှီးလာကြပါသည်။ နန်းစံကလည်း မသူဇာဆီက သင်ယူစရာတွေ များလှပါသည်။

နန်းစံကလည်း နည်းနည်း အရဲကိုးလာကာ မှီလျော ထိုင်နေရာက ခါးကိုမတ်၍ ထိုင်လိုက်ပြီး မသူဇာဘက်သို့ ကိုယ်ကိုယိုင်ကာ တိုးကပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မသူဇာ ..."

"ဟင် ... ပြောလေ နန်းစံ ..."

"နန်းစံ ... ဒီလိုနေရတာ အရမ်းပျင်းလာပြီ သိလား ..."

"ဘာလို့လဲ နန်းစံရဲ့ ..."

"တစ်နေ့ တစ်နေ့ ဖေဖေနဲ့ပဲ သွားလာနေရတာ၊ ကားကြီးကို မှန်အလုံပိတ်ပြီး အဲကွန်းကြီးဖွင့်ပြီး သွားလာနေရတာ နန်းစံ စိတ်ကျဉ်းကျပ်လာတယ်၊ ထမင်းစားရင်လည်း ဟိုတယ်မှာ၊ စားသောက်ဆိုင်ကြီးတွေမှာပဲ လျှောက်စားနေရတာ ကြာတော့ ပျင်းလာပြီ၊ သူများတွေ သွားလာနေကြတာ မသူဇာ မြင်တယ်မဟုတ်လား၊ စက်ဘီးကလေးတွေနဲ့ သွားကြတာလေ၊ နန်းစံလည်း အဲ့ဒီလို သွားချင်တာ၊ ဖေဖေ့ကိုပြောတော့ ဖေဖေက ဖုန်ထူတယ်၊ နေပူတယ်၊ လေတိုက်တယ်၊ လူရှုပ်တယ်၊ ပင်ပန်းမယ် ... မသွားရဘူးတဲ့"

တိုင်တည်ပြောဆိုရင်း နှာခေါင်းလေးလည်း တစ်ချက်ရှုံ့ပြလိုက်ပုံလေးက ချစ်စဖွယ်မို့ မသူဇာက ပြုံးမိရင်း ...

"အန်ကယ်လ်ပြောတာ ဟုတ်သားပဲ နန်းစံရဲ့၊ ပြီးတော့ နန်းစံက ဖုန်ထူရင် ရင်ကျပ်တယ် မဟုတ်လား ..."

"ဖုန်အလုံးလိုက် ထူမှပါ၊ တော်ရုံဆို ဘာမှမဖြစ်ပါဘူး"

"မလုပ်ပါနဲ့ နန်းစံရယ် ... နေပူထဲသွားလာရတာ အရမ်း





ပင်ပန်းလိမ့်မယ်၊ အန်ကယ်လ်က နန်းစံကို သီးသီးသန့်သန့် သက်သောင့် သက်သာလေး ဖြစ်စေချင်လို့ ဒီကိုလာတာတောင် ကိုယ်ပိုင်လေယာဉ်နဲ့ ခေါ်လာခဲ့တာမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နန်းစံ အပြင်ကို ဖေဖေ မပါဘဲ စက်ဘီးလေးနဲ့ ထွက်ချင်တယ်"

"အဲ့ဒါဆို အန်ကယ့်လ်ကို ခွင့်တောင်းကြည့်လေ ..."

"ခွင့်တောင်းကြည့်ပြီးပြီ၊ No တဲ့ ..."

"အဲ့ဒါဆိုလည်း မသွားနဲ့ပေါ့ နန်းစံရယ် ..."

"နန်းစံက သွားချင်တာ၊ ဖေဖေ မသိအောင် ခိုးသွားချင်တာ၊ မသူဇာ အဖော်လိုက်ခဲ့မလား ..."

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ နန်းစံရယ်၊ ငါးပါးတွေ မှောက်ကုန်ပါ့မယ် ..."

"ငါးပါးမှောက်တယ် ... !၊ အဲ့ဒါ ဘာကိုပြောတာလဲ မသူဇာ"

"ဒုက္ခရောက်ကုန်မယ်လို့ ပြောတာပါ နန်းစံရယ် မသွားပါနဲ့နော် ... မသူဇာ တောင်းပန်ပါတယ်၊ ကားနဲ့ပဲ အေးအေးဆေးဆေး သွားရအောင်ပါ"

နန်းစံက ဘာမှ စကားဆက်မပြောတော့ဘဲ မသူဇာကို ခပ်တွေတွေစိုက်ကြည့်နေပြီးမှ ခေါင်းတစ်ချက်ညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာက နန်းစံ မသွားဘူးဟုသာ စိတ်ချ မှတ်ယူလိုက်မိသည်။

"နန်းစံကိုလည်း မသူဇာ ခွင့်တောင်းစရာ ရှိတယ်"

"ဘာများလဲ မသူဇာ ..."

"ဒီပုဂံမှာ မသူဇာရဲ့ အဒေါ်တွေရှိတယ် နန်းစံ၊ သူတို့က ညောင်ဦးမြို့ပေါ်မှာ မဟုတ်ဘူး၊ ဖွားစောရွာမှာ နေကြတာ၊ သူတို့အိမ်ကို တစ်ရက်လောက် မသူဇာ သွားလည်ချင်လို့ နန်းစံကို ခွင့်တောင်းတာပါ"

"သွားလေ ... မသူဇာ၊ မနက်ဖြန် သွားပါလား၊ မနက်ဖြန်ကျရင် နန်းစံလည်း ဘယ်မှမသွားဘူး၊ ဒီဟိုတယ်မှာပဲ နားနားနေနေ နေရင်း စာဖတ်နေမှာ၊ ဖေဖေကတော့ ဦးအောင်ဒင်နဲ့ ပုဂံမြို့သစ်ဘက် သွားမယ်ပြောတယ်၊ ဖေဖေမေးရင် မသူဇာ နန်းစံနဲ့အတူရှိနေပါတယ်လို့ ပြောလိုက်လေ ...၊

"ဖေဖေက ညနေစာကို ပုဂံမြို့သစ်က ဆည်းဆာစားသောက်ဆိုင်မှာ ဝင်စားပြီးမှ ပြန်လာမှာတဲ့၊ မိုးချုပ်မှ ပြန်ရောက်မှာဆိုတော့ မသူဇာ ညနေလောက် ပြန်ရောက်ရင် ရပြီ ..."

"ကျေးဇူးတင်လိုက်တာ နန်းစံရယ် ..."





မသူဇာ ပျောက်သွားသလို နန်းစံလည်း ပျောက်သွားသည်။ မနက်ဖြန်ဆို ဟိုတယ်မှာ ဖေဖေလည်း မရှိ၊ မသူဇာလည်း မရှိ။

ဒါဆို ...



www.burmeseclassic.com

www.burmeseclassic.com

(၈)

"နန်းစံ မသူဇာ သွားလို့ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ် မသူဇာရဲ့ ..."

"စိတ်ချမယ်နော် ..."

"စိတ်ချ ... စိတ်ချ ..."

"ဘယ်မှ လျှောက်မသွားရဘူးနော်"

"မသွားပါဘူး မသူဇာရယ် ..."

မသူဇာက နောက်ဆန်တငင်ငင်နှင့် နန်းစံကို ထာ
ပြီး သူ့ရွာသို့ ထွက်သွားသည်။

"ခို ..."

မသူဇာ ကျောခိုင်းသည်နှင့် နန်းစံက ကိုယ့်အဖြ
နှင့်ကိုယ် တစ်ချက်ရယ်ကာ ဟိုတယ်အခန်းထဲသို့ ချာခနဲ ပြ
လှည့်ဝင်လာသည်။





"ဦးထုပ် ... ဖိနပ် ... ပိုက်ဆံအိတ် ... မျက်မှန် ... ခြေပုံ"

နန်းစံက လိုအပ်သည့် ပစ္စည်းတွေကို ရေရွတ်ရင်း ခရီးဆောင်အိတ်ကြီးထဲကို မွှေနှောက်ရှာလိုက်သည်။

ပြီးတော့ ဒူးသာသာ ဘောင်းဘီအဖြူနှင့် ရှူးစ် ပန်းရောင်ကလေးကို ဝတ်သည်။ အကျီက ကိုယ်ကျပ် စပို့ရှပ် အနီ ...။ ပြီးတော့ အနီရောင် ကျောပိုးအိတ်ကလေးကို ကျောဘက်မှာပိုး၍ လွယ်လိုက်ပြီး လျှာထိုးဦးထုပ် အနီရောင်ကလေး ဆောင်းသည်။ အညိုရောင် နေကာမျက်မှန်ကြီးကြီးကို တပ်သည်။

"အိုကေ ... ယိစ် ..."

မှန်ရှေ့မှာရပ်မိတော့ နန်းစံက ကိုယ့်ကိုယ်ကိုယ် သဘောကျကာ လက်သီး တစ်ဖက်ဆုပ်ထောင်ပြီး ပြုံးစိစိရုပ်ကလေးဖြင့် တစ်ချက် အော်လိုက်သည်။

ခုမှပဲ ကိုယ့်ကိုယ်ကိုယ် လွတ်လပ်သူတစ်ယောက်လို ခံစားရကာ တက်ကြွလန်းဆန်းလာသည်။ ဖေဖေနဲ့ သွားလာတိုင်း ရွှေမင်းသမီးလို နေရပြီး ကိန်းကြီးခန်းကြီး စတိုင်လ် သွားရတာ နန်းစံ ပျင်းလှပြီလေ ...။

နန်းစံက တက်ကြွသော ခြေလှမ်းများဖြင့် ဟိုတယ်ဘန်ဂလိုပေါ်က ဆင်းသည့် လှေကားအနိမ့်လေးကို နင်းမဆင်းဘဲ ခုန်ကျော်ဆင်းလိုက်သည်။

ထို့နောက် ဟိုတယ်ဝန်ထမ်းလေးကို ငှားခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



သည့် လျှပ်စစ်စက်ဘီးလေးကို သွားယူပြီး သီရိပစ္စယာဆာကူရာ ဟိုတယ်ဝန်းထဲက စီးထွက်လာပါသည်။

စက်ဘီးလေးဟာ ဆိုင်ကယ်လောက် မမြန်ပေမယ့် လျှပ်စစ်စက်ဘီးလေးမို့ နင်းစရာမလိုဘဲ ပေါ့ပေါ့ပါးပါး ပြေးလွှားနေသည်။

ဖုန်ကလည်း မထူတာမို့ မလွတ်မလပ် အလှပျက်စေသည့် မျက်နှာဖုံးလေးကို မတပ်ဘဲ ဘောင်းဘီအိတ်ထဲသာ ထိုးထည့်ယူလာပါသည်။

ဟော ... ဟိုမှာ နန်းစံလိုပဲ တိုးရစ်အုပ်စု တစ်စုလည်း စက်ဘီးတွေဖြင့် အုပ်စုလိုက် သွားနေကြတာ တွေ့ရသည်။

နန်းစံက ထိုအုပ်စုနောက်မှ ခပ်ခွာခွာလေး စီးလာရင်း သူတို့လမ်းကြောင်းအတိုင်း လိုက်လာခဲ့ပါသည်။



(၉)

ဒီလိုညနေချိန်တွေဆို ပြဿဒ်ကြီးဘုရားဘက်သို့ သွားသည့် ဘုရားတွေကြားက မြေလမ်းတစ်လျှောက်မှာ ကားတွေ တော်တော်များများကို တွေ့ရတတ်ပါသည်။

ညနေ ၄ နာရီလောက်ကတည်းက မြင်းလှည်း၊ နွားလှည်း၊ စက်ဘီး၊ ဆိုင်ကယ်နှင့် ကားများက sunset ကြည့်ဖို့ ထွက်ကြပြီ။

ပြည်တွင်းဘုရားဖူး မှန်လုံကားတွေ၊ အနီးအနား တစ်ဝိုက်က လာကြသည့် အမိုးဖွင့် ဒိုင်နာကားတွေ၊ ကိုယ်ပိုင် ဆလွန်းကားတွေ၊ နိုင်ငံခြားသား ဧည့်သည်တွေ လိုက်သည့် တိုးကားတွေက ဖုန်ထူသည့် မြေလမ်းမှာ ခပ်ဖြည်းဖြည်းသာ မောင်းသွားနေကြသည်။

လူငယ် နိုင်ငံခြားသား တိုးရစ်အများစုက စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အုပ်စုလိုက်၊ ဖော်ရိန်နှာ အဘိုးကြီး အဘွားကြီးစုံတွဲနှင့် မိသားစုတချို့က အလှဆင်ထားသော လှည်းယာဉ်ပေါ်မှာ ပြုံးပျော်ကျေနပ်သော မျက်နှာများဖြင့် လိုက်ပါလာသည်။ တချို့က မြင်းလှည်းများဖြင့် သွားကြသည်။ ညနေချိန် ပုဂံလမ်းကတော့ လှမြဲနေပါသည်။

ဒီနေ့ လွန်းရာကျော်၏ မန္တလေးက သူငယ်ချင်း 'ဇော်ကို' အလည်ရောက်တာမို့ လွန်းရာကျော်က ဇော်ကိုနှင့်အတူ ပြဿဒ်ကြီးဘုရားသို့ လာခဲ့တာပင် ...။

ဇော်ကိုက တစ်ယောက်တည်း သူ့ကားသူ မောင်းလာခဲ့ပြီး ဒီရောက်မှ ဟိုဟိုဒီဒီ သွားလာလည်ပတ်ဖို့ လွန်းရာကျော်ကို အဖော်ခေါ်မြဲပင်။ ဇော်ကို လာပြီဆို ဇော်ကို့ကားနှင့်ပင် ပုဂံတစ်ဝိုက်ကို သွားလာလည်ပတ်ကြမြဲပင် ...။

ဇော်ကိုက လှည်းယဉ်တန်းနောက်က ကားကို ခပ်ဖြည်းဖြည်း မောင်းလိုက်လာရင်း ...

"မင်းတို့ ပုဂံလည်း တစ်နှစ်ထက် တစ်နှစ် ဧည့်သည်အဝင်များလာသလိုပဲနော် ရာကျော် ..."

"ဟုတ်တယ် ဇော်ကို ...၊ ပုဂံအလှကို နိုင်ငံတကာက ပိုပိုသိလာကြပြီလေ ..."

"မင်း အလုပ်လည်း တွက်ချေကိုက်လာတာပေါ့ ..."





"ငါ့တည်းခိုခန်းကတော့ ပြည်တွင်းခရီးသွားတွေလောက်ပဲ အားပြုရတာပါကွာ၊ တစ်ခါတစ်ခါ အက်ဖ်အိုင်တီ တိုးရစ်တွေတော့ လာတည်းတတ်ပါတယ်၊ ငါ့ထက်ပိုပြီး အဆင်ပြေနေတာက ဒေါ်လေးသိုက်ကွ ...၊ သူ့ယွန်းထည်ပစ္စည်းတွေက ရောင်းရတယ်၊ နိုင်ငံခြားကနေ လှမ်းမှာတာတွေတောင် ရှိတယ်"

"မင်းအဒေါ် အပျိုကြီးကတော့ နမြောစရာ ..."

"ဘာလဲကွ ..."

"ဒီလောက် နန်းဆန်ဆန် လှတဲ့သူက အိမ်ထောင်မပြုဘဲနေတော့ ယောကျ်ားသားလောကအတွက် နစ်နာတာပေါ့ကွာ ..."

"အေး ... အဲဒီစကား မင်း ဒေါ်လေးသိုက်ရှေ့မှာ သွားပြောပါလား ..."

"အဟား ... မပြောရဲပေါင်ကွာ၊ မင်းအဒေါ်က ဒေါ်သကြီးကကြီးနဲ့ ... ဟ ... ဟ ... ဟိုစက်ဘီးက ဘာဖြစ်တာလဲ"

ဇော်ကိုက စကားတပြောပြောနှင့် ဖြည်းဖြည်းမောင်းနေဆဲမှာ စက်ဘီးတစ်စီးက လွန်းရာကျော်တို့ကားကို ကျော်တက်သွားပါသည်။ ကျော်တက်သွားပုံက ကြောက်ဆုပ်ဆုပ်နှင့်မို့ စက်ဘီးက လမ်းကြောင်းမဖြောင့်ဘဲ ကွေ့ကောက်ယိုင်ထိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခိုက်မှာ နောက်ကပါလာသည့် ကားတစ်စီးကလည်း ကျော်ဖြတ်မောင်းတက်သွားတာမို့ အလိတ်လိုက်တက်လာသော ဖုန်လုံးတွေက စက်ဘီးတစ်ဝိုက်ကို မှုန်ရီဝေဝါးသွားစေကာ စက်ဘီးက ကုန်းမြင့်တစ်ခုကို တိုက်မိပြီး လူရော စက်ဘီးပါ လဲပြိုသွားလေသည်။

"လဲပြီဟေ့ ..."

"ကားခဏရပ်လိုက် ဖော်ကို ..."

ဖော်ကိုက ကားကို လမ်းဘေးယာခင်းစပ်သို့ ကပ်၍ ရပ်လိုက်သည်။

လွှန်းရာကျော်က ကားပေါ်မှဆင်းကာ လဲပြိုနေသော သူ့ဆီသို့ ပြေးသွားလိုက်သည်။ စောစောက လှမ်းမြင်ရတာ လူလုံး မကွဲတာမို့ ယောကျ်ားမှန်း မိန်းမမှန်း မသိခဲ့။ အနားရောက်တော့မှ မိန်းကလေးမှန်း သိရပါသည်။

"ထိနိုင်ရဲ့လားဗျ၊ အဆင်ပြေရဲ့လား ..."

"အ ..."

မိန်းကလေးက ဒူးခေါင်းကို ကိုင်ကာ တစ်ချက် ဖိထားရင်း သူ့ကိုမော့ကြည့်လိုက်သည်။

"ဩော် ... ခင်ဗျား ..."

"လွှန်း ... လွှန်းရာကျော် ..."





သူမက သူ့ကို ချက်ချင်း မှတ်မိသွားသည်။

"ခင်ဗျား တစ်ယောက်တည်းလား ..."

"ဟိုက်၊ အဲ ... ဟုတ်ကဲ့ ... တစ်ယောက်တည်းပါ"

"ဒူးခေါင်းထိသွားတာလား၊ ထနိုင်ရဲ့လား ..."

"ဟုတ်ကဲ့ ... ထတော့ထနိုင်ပါတယ်၊ ဒူးကပွန်းသွားတော့ နည်းနည်းနာနေတယ်၊ ပြီးတော့ လက်ဖဝါးနဲ့ ထောက်လိုက်မိတော့ လက်ဖဝါး ပွန်းပြီး စပ်နေတယ်"

သူမက လက်ဖဝါးလေး တစ်ဖက်ကို ထောင်ဖြန့်ပြရင်း ပြောသည်။ လွှန်းရာကျော်က သူမ၏ စက်ဘီးကို အရင်ဆွဲထူကာ ဒေါက်ဖြင့်ထောက်ရပ်ထားလိုက်ပြီးမှ ...

"ကဲ ... ထကြည့်ပါဦး ... ထနိုင်ရဲ့လားလို့ ..."

"ခြေထောက်ကတော့ နည်းနည်းပဲ နာတာပါ၊ ထလို့ ရပါတယ်"

သူမက ခြေတစ်ဖက် နည်းနည်း နာနေတာမို့ ခပ်ဖြည်းဖြည်း ထရပ်ရင်း ချောင်းတဟွတ်ဟွတ်ဆိုးကာ မျက်နှာက နီရဲလာသည်။

"ခင်ဗျား ... ဘာဖြစ်တာလဲ"

"အဟွတ် ... ဟွတ် ... ဖုန်ထူရင် နန်းစံ ဒီလိုပဲ ရင်ကျပ် အဟွတ် ... ဟွတ် ... ခဏနေရင် ကောင်းသွားမှာပါ ... အဟွတ် ..."



www.burmeseclassic.com

www.burmeseclassic.com



နန်းစံက အဆက်မပြတ် ချောင်းဆိုးနေတာမို့ လွှမ်းရာကျော်က ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။ ကျောကုန်းကို ဖိပေးဖို့ လက်ရွယ်ပြီးမှ အသာ လက်ကိုပြန်ရုတ်လိုက်ရသည်။

ခဏနေတော့ သူမက ချောင်းဆိုးရပ်ကာ သူ့ကို တစ်ချက် ပြုံးပြရင်း ...

"ရှင့်ရှေ့မှာ အကြာကြီး ချောင်းဆိုးနေမိလို့ တောင်းပန်ပါတယ်"

"ရပါတယ် ... အခု ... ခင်ဗျား ဘယ်လိုလုပ်မလဲ၊ ခြေထောက်ရော လက်ရော နာနေတယ် မဟုတ်လား၊ စက်ဘီး စီးနိုင်ပါ့မလား"

"မစီးနိုင်တော့ဘူး၊ ဒီလက်ဖဝါးက နာနေတော့ စက်ဘီး လက်ကိုင်ကို ဆုပ်လို့မရတော့ဘူး ..."

"ဒါဆို ကျွန်တော်တို့ ကားနဲ့ လိုက်ခဲ့မလား၊ ကျွန်တော်တို့က ပြဿဒ်ကြီးဘုရားမှာ ဆန်းဆက် ကြည့်ဖို့ သွားမှာ"

"ဟုတ်လား၊ နန်းစံလည်း ပြဿဒ်ကြီးကို သွားမှာ၊ အဲဒီဘုရားကနေ sunsetကြည့်ရင် လှတယ်ဆိုတာ ဖတ်ဖူးထားလို့၊ တခြား တိုးရစ်တွေလည်း အဲဒီကို သွားမယ်ဆိုလို့ သူတို့လမ်းကြောင်းအတိုင်း လိုက်လာခဲ့တာ ..."

"ဒါဆို ... ကျွန်တော်တို့နဲ့ လိုက်ခဲ့ရင် အဆင်ပြေတယ်"





"ပြေတော့ ပြေပါတယ်၊ ဒါပေမယ့် နန်းစံက ဒီပုဂံမှာ ကားနဲ့သွားရတာ ပျင်းလို့ စက်ဘီးနဲ့ထွက်လာတာ၊ စက်ဘီးပဲ စီးချင်တာ"

"ဒါဆို ... ဒီလိုလုပ်လေ၊ ခင်ဗျားက နောက်မှာထိုင်စီး၊ ကျွန်တော်က ရှေ့ကစီးမယ်၊ ဒီစက်ဘီးကို နှစ်ယောက်အတူ စီးသွားလို့တော့ ရတယ်၊ စီးမလား ..."

"စီးမယ်လေ၊ အဆင်ပြေတာပေါ့၊ ရှင့်ကားကရော ..."

"ကားက ကျွန်တော့်သူငယ်ချင်း ကား၊ သူပဲမောင်းလာတာ၊ ခဏနေဦး၊ ကျွန်တော် သွားပြောလိုက်ဦးမယ်"

လွှမ်းရာကျော်က ဇော်ကို့ကားဆီ သွားပြီး သွားနှင့် ပြောရသည်။ ထို့နောက် သူမစက်ဘီးလေးနှင့် နှစ်ယောက်သား အတူစီးပြီး ပြဿဒ်ကြီးဘုရားဘက်သို့ ဆက်လာခဲ့ကြပါသည်။

"နေဝင်ချိန် နီးနေပြီ ... မြန်မြန်လေး သွားမယ်နော်"

"ဟိုက် ... ဟိုက်၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

သူက ဆည်းဆာရောင် ဝါဖန့်ဖန့်အောက်မှာ ဝံ့ထည် ထင်ရှားနေသော ဝေးဝေးက ပြဿဒ်ကြီးဘုရားကို လှမ်းမျှော်ကြည့် လိုက်ရင်း သန်းဇော်ရဲ့ စကားကို သတိရကာ ပြုံးလိုက်မိပါသည်။

သုံးခါ တွေ့ခဲ့ပြီမို့ ဒါကို ရေစက်လို့ ခေါ်လေမလား။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နန်းစံက ကျဉ်းကျဉ်းမှောင်မှောင် လှေကားမတ်မတ်တွေအတိုင်း တက်လာပြီးနောက်မှာ ပြန့်ပြူးကျယ်ဝန်းလှသော ပြဿဒ်ကြီးဘုရားရဲ့ ရင်ပြင်တော်ကို တွေ့လိုက်ရပါသည်။

"အိုး ... လှလိုက်တာ၊ ဒီနေရာက အကျယ်ကြီးပဲနော်"

နန်းစံက လွန်းရာကျော်ကို လည်ပင်းကလေးလိမ်ကာ လှည့်မော့ကြည့်ရင်း ပြောလိုက်ပါသည်။ ပြီတော့ ရင်ပြင်ကျယ်ကြီးရဲ့ ဟိုဘက်အဆုံးကို တစ်လှမ်းချင်း ဖြည်းဖြည်းငြိမ်ငြိမ် လျှောက်လာခဲ့ရင်း ဒီကနေ လှမ်းမြင်ရတဲ့ နေဝင်ခါနီး ကောင်းကင်ရဲ့အလှ၊ ဘေးနှစ်ဖက်က မျဉ်းကြောင်းဆွဲထားသလို ဖြောင့်တန်းညီညာအောင် စိုက်ထားသော တမျှော်တခေါ် ယာခင်းတွေရဲ့ အလှ ...၊ ဝေးဝေးက သစ်ပင်အုပ်အုပ်လေးတွေရယ် ... မြေလမ်းကလေးတွေရယ် ... ဘုရားပုထိုးစေတီ အစုအစုလေးတွေရယ်၊





မြင်သမျှ တွေ့သမျှကို နှစ်သက်သဘောကျစွာ ငေးမော်ကြည့်နေခဲ့မိသည်။ ပြီးတော့ ရှုခင်းတွေကို ဓာတ်ပုံလိုက်ရိုက်နေလိုက်ပါသည်။

လွန်းရာကျော်က သူမနဲ့ မလှမ်းမကမ်းမှာရပ်လျက် သူမကို လှမ်းကြည့်နေဆဲမှာ ဇော်ကိုက အနားရောက်လာကာ နန်းစံကို လှမ်းကြည့်ရင်း ...

"ဟိုကောင်မလေးက မြန်မာ ဟုတ်ရဲ့လား ရာကျော်"

"မြန်မာစကားတော့ ပြောတာပဲ ဇော်ကို၊ မျက်နှာကလည်း မြန်မာရုပ်မျိုးပါ၊ ဒါပေမယ့် သူ စကားပြောရင် တဟိုက်ဟိုက်နဲ့ ..."

"ဒါဆို ဂျပန်မပေါ့ကွ ..."

"ဟိုမှာ အနေကြာခဲ့တဲ့ မြန်မာလည်း ဖြစ်နိုင်တာပဲလေ"

"လှတော့ တော်တော်လှတာပဲကွ ... ဟဲဟဲ"

ဇော်ကိုက တဟဲဟဲရယ်ပြီး ဘုရားရင်ပြင်ထောင့် အုတ်ဘောင်တန်းလေးမှာ သွားထိုင်ရင်း အေးအေးဆေးဆေး sunset ကြည့်နေပါသည်။

လွန်းရာကျော်က သူမကို လှမ်းကြည့်မိဆဲမှာ သူမက သူ့ဘက်ကို လှည့်ကြည့်လာကာ ...

"လွန်း ... ခဏလာပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ..."

လွှန်းရာကျော်က ကိုယ့်ရင်ဘတ် ကိုယ်ပုတ်ပြရင်း အူကြောင်ကြောင် မေးမိပြီးမှ သူမဆီ လျှောက်သွားလိုက်သည်။

"လွှန်းကို မသိတာလေးတွေ မေးလို့ရမလားလို့ပါ"

"မေးလို့တော့ ရပါတယ်၊ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို ဘာဖြစ်လို့ လွှန်းလို့ ခေါ်တာလဲ ..."

"လွှန်းတို့နာမည်တွေက ဒီလိုပဲ တစ်လုံး နှစ်လုံး ဖြတ်ခေါ်လို့ ရတယ်မဟုတ်လား၊ ကျွန်မနဲ့ အမြဲအဖော်လုပ်ပေးတဲ့ မသူဇာရဲ့ နာမည်က သူဇာနွယ်တဲ့၊ သူ့ကို ကျွန်မ မသူဇာလို့ ခေါ်တယ်လေ၊ ဪ ... တစ်ခုတော့ရှိတယ်၊ သူ့နာမည်ရှေ့မှ မ တော့ တပ်ခေါ်တယ်၊ ရှင့်ကိုလည်း 'ကို' တပ်ခေါ်ရမလား၊ ဒါဆို ကိုလွှန်းပေါ့ ... မဟုတ်ဘူးလား ကိုလွှန်း"

သူက ရယ်လိုက်မိရင်း ...

"ကိုလွှန်းလို့တော့ မခေါ်ပါနဲ့ဗျာ၊ မဖြစ်မနေ 'ကို' တပ်ခေါ်ရမယ်လို့တော့ မဟုတ်ပါဘူး။ ခုန ခင်ဗျားခေါ်သလို လွှန်းလို့ပဲ ခေါ်ပါ ... ရပါတယ်၊ ကျွန်တော့်ကို ဘယ်သူမှ ဒါမျိုးမခေါ်ဖူးလို့ ကြားရတာ ဆန်းသွားတာပါ"

"လာလေ ... လွှန်း ဒီနားမှာ ထိုင်၊ sunset အတူတူကြည့်ကြမယ်လေ ..."





သူမက အနောက်ဘက်စွန်း ရင်ပြင်မှ အောက်ဘက်သို့ ခြေတွဲလောင်းချ၍ ထိုင်လိုက်ရင်း သူမနံဘေး နေရာလေးကို လက်ဖြင့် ပုတ်ပြလိုက်သည်။

သူ သူမဘေးမှာ ခပ်ခွာခွာလေး ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဆည်းဆာနေရောင်အောက်က ပုဂံရှုခင်းတွေကို ငြိမ်သက်စွာ အတူငေးမောနေမိကြသည်။ ခဏကြာတော့ သူမက ဟိုဟိုဒီဒီ သက်ညှိုးကလေးညွှန်ကာ မေးခွန်းတွေ ထုတ်လာပါသည်။

"လွှန်း ... ဟိုးကမြင်နေရတဲ့ တောင်က ဘာတောင်လဲ ဟင်"

"တန့်ကြည့်တောင်လေ ... နန်းစံ"

"ဪ ... နန်းစံ သိပြီ၊ နန်းစံတို့ တည်းနေတဲ့ သီရိပစ္စယာ ဆာကူရာ ဟိုတယ်ကနေ လှမ်းမြင်ရတဲ့ တောင်ကလည်း ဒီတောင်ပဲ မဟုတ်လား"

"ဟုတ်တယ်လေ ..."

"အခု နေဝင်ရင် အဲဒီတောင်နောက်ကို ဝင်မှာလား ..."

"အင်း ... ဟုတ်တယ် နန်းစံ"

"ဒါဆို ဟိုးအရင်တုန်းက တောင်စွယ်နေကွယ်ရင်၊ သတ်စေ ဆိုတာ ဒီလို တောင်စွယ်မှာ နေဝင်သွားတဲ့ အချိန်ကို ပြောတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … တယ်လည်း နဲ့စပ်ပါလား"

လွန်းရာကျော်က မျက်ခုံးပင့်ကာ ပြုံးစိစိဖြင့် သူမကို လှည့်ကြည့်ရင်း …

"ခင်ဗျား ဘာလူမျိုးလဲ နန်းစံ"

"နန်းစံ အဖေက ပုဂံသား မြန်မာစစ်စစ်ပါ၊ အမေကတော့ ဂျပန်ပါ၊ နန်းစံ မြန်မာစကား ကောင်းကောင်းတတ်ပါတယ်၊ မြန်မာပြည်ကိုလည်း ချစ်ပါတယ်၊ နန်းစံ မြန်မာပြည်ကို ချစ်တတ်အောင် ငယ်ငယ်လေးကတည်းက ဖေဖေက သင်ပေးလာပါတယ်"

"ခင်ဗျား မြန်မာပြည်ကို ရောက်တာ ဒါ ပထမဆုံးလား"

"ဟိုက် … အဲ … ဟုတ်ကဲ့၊ ဒါ ပထမဆုံးပါ"

"ခင်ဗျား နာမည်က ခင်နန်းစံဆိုတဲ့ မြန်မာနာမည် တစ်ခုတည်းလား …"

"ဂျပန်နာမည်တော့ ရှိပါတယ်၊ ဟာနကို … တဲ့"

"ဟာနကို …"

"ဟုတ်ကဲ့၊ ဟာနကို ပါ၊ ကျွန်မတို့ နာမည်တွေမှာ အဓိပ္ပာယ် အမျိုးမျိုး ရှိတယ်လေ၊ ဟာန (Hana) ဆိုတာ flower လို့ အဓိပ္ပာယ်ရတယ်၊ ပန်းပေါ့ …၊ 'ကို' ဆိုတာက 'ကလေး'၊ ပန်းကလေးလို့ အဓိပ္ပာယ်ရတာပေါ့"

"ပန်းကလေး …"





လွန်းရာကျော်က သေချာရှင်းပြပေးနေသည့် ပန်းကလေးလို နူးညံ့ဖြူဖွေးသော မိန်းကလေးကို ငေးကြည့်နေရင်းတီးတိုး ရေရွတ်ကြည့်လိုက်သည်။

သူမက ဦးထုပ်ကလေးကို ချွတ်ပြီး ဘေးမှာချထားသည်။ ဆံပင်ထူထူလေးတွေ လည်ကုပ်ပေါ်မှာ ဝဲနေသော သူမမျက်နှာလေးက အသည်းပုံကလေး …။ မေးကလေး သွယ်ချွန်းတာ ပါးမို့မို့ကလေးတွေက ရဲနေသည်။ နှာတံလုံးလုံးလေးကထင်း နေကာ မျက်လုံးက နက်မှောင်ရွှန်းလဲ့လျက် မျက်တောင်မွေးထလေးတွေ မည်းနက်ထူခက်နေသည်။ မျက်ခုံးမွေး ထူထူစုစုခဲခဲကလေးကလည်း မည်းနက်နေပါသည်။

"အရင်ခေတ်က လူတွေက မိန်းကလေးဆိုရင် 'ကို' ဆိုတာလေး ထည့်မှ မိန်းမ ပီသတယ်တို့ ယူဆကြတယ် လွန်းရဲ့၊ အခု ဂျပန်က လက်ရှိ မိဖုရားကြီး နာမည်က မိချိကိုတဲ့ …၊ ကျွန်မ နာမည်ကို ကျွန်မရဲ့ အိုခါးစံ … အဲ … ကျွန်မ အမေရဲ့ အမေ ကျွန်မအဘွားက ပေးခဲ့တာလေ၊ လူကြီးဆိုတော့ သူတို့ခေတ်က ပေးလေ့ရှိတဲ့ 'ကို'ဆိုတာလေးကို ထည့်မှည့်ပေးခဲ့တာပေါ့၊ ကျွန်မကို မွေးတုန်းက ဂျပန်မှာ ဆာကူရာလို့ ခေါ်တဲ့ ချယ်ရီပန်းတွေ အများကြီးပွင့်တဲ့ နွေဦးအချိန်တဲ့၊ ကျွန်မရဲ့ အသားအရေက ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖတ်လို အရောင်မျိုးတဲ့၊ အဲ့ဒါကြောင့် ပန်းကလေးလို့ အစီပွာယ်ရတဲ့ ဟာနကိုလို့ ပေးခဲ့တာတဲ့၊ လွန်းရေ … ဟိုးကမြင်ရတဲ့ ထုထည်ကြီးကြီးနဲ့ မပြီးသေးတဲ့ ဘုရားကြီးက ဘာဘုရားလဲဟင် …”

သူမက နာမည်အကြောင်း ရှင်းပြနေရင်းက ဟိုးအဝေးဆီက ထုထည်ကြီးမားထင်ရှားလှသော စမ္မရုံကြီးဘုရားကို လက်ညှိုးထိုးညွှန်ကာ မေးလိုက်သည်။ လွန်းရေ … ဟုခေါ်ကာ မေးလိုက်သော လေသံကလေးက ရင်းနှီးမှုအသွင်ကို ဆောင်နေသည်။ ဒီအချိန်လေးအတွင်းမှာ သူမနှင့်သူ စိတ်ချင်း ရင်းနှီးနီးစပ်လာသည်ဟု ထင်မိပါသည်။

‘မပြီးသေးတဲ့ ဘုရား’ဆိုသော သူမရဲ့ အမည်တပ်မှုကြောင့် သူက ဟက်ခနဲ တစ်ချက် ရယ်မိသည်။ သူမက သူ့အပြုံးကြောင့် မျက်ခုံးလေးပင့်ကာ ကြည့်ရင်း …

“လွန်း … ရယ်လိုက်တာလားဟင်”

“အင်း …”

“နောက်တစ်ခေါက် ထပ်ရယ်ပြပါဦး … လွန်း”

“ဟင် … ဘာဖြစ်လို့လဲ”

“လွန်းရဲ့ သွားတွေကို ကြည့်ချင်လို့ပါ၊ သွားတွေက ဘာလို့ နီရောင်ကလေး သမ်းနေတာလဲဟင် …”





“အဟား …”

သူမက သူ့သွားတွေကို စူးစမ်းကြည့်ကြည့်ရင်း အထူးအဆန်းသဖွယ် ဖြစ်နေတာမို့ သူက ကွမ်းစားထားသည့် သွားတွေအားလုံးပေါ်အောင် ရယ်ချလိုက်ရပါသည်။

“အဲ … အဲ … ဟုတ်တယ်တော့်၊ သွားတွေက အနီရောင်လိုလို ပန်းရောင်လိုလို … ဆေးဆိုးထားတာလားဟင် …”

“မဟုတ်ပါဘူး နန်းစံရယ်၊ ကွမ်းစားထားလို့ပါ …”

“ကွမ်း …”

“ဟုတ်တယ် … ကွမ်းလေ၊ မသိဘူးလား …”

“မသိဘူး …”

“ကွမ်းရွက်ကလေးထဲကို ကွမ်းသီးစိပ်တို့၊ ထုံးတို့ထည့်ထုပ်ထားတာလေးကို ကွမ်းယာလို့ ခေါ်တယ်၊ အဲဒီကွမ်းယာကို ဝါးထားတာ …”

“ချိုလားဟင် …”

“အဟား … ချိုမှ ဝါးရမှာလား နန်းစံရ …”

“ဝါးတယ်ဆိုလို့ ပီကေလိုမျိုးလားလို့ပါ၊ ပီကေက ချိုတယ်လေ …”

“ပီကေနဲ့တော့ မတူပါဘူး၊ ပီကေဝါးရင် အချိုရည်ကို မျိုချရတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဖတ်ပဲ ထွေးပစ်တာ"

"ကွမ်းယာဝါးရင် ထွက်လာတဲ့ အရည်ကို မျိုမချရဘူး၊ ထွေးပစ်ရတာ"

"ဒါဆို အဖတ်စားတယ်လား ..."

"အဖတ်လည်း မစားဘူး၊ ထွေးပစ်တာပဲ"

"ဒါဆို ဘာစားလဲ ..."

"ဘာမှမစားဘူး၊ ဘာမှလည်း မျိုမချဘူး"

"ဟင် ... အရည်ရော အဖတ်ရော ထွေးပစ်တယ်ပေါ့"

"ဒါပေါ့ ..."

"ဟင် ... ဒါဖြင့် ဘာလို့ ဝါးနေလဲ၊ အရည်လည်း မရ အဖတ်လည်း မရ ..."

"အဟင်း ... ဒီလိုပါပဲ ... တစ်ခါတလေ ခံတွင်းချဉ်ရင် အပျင်းပြေ ဝါးတာပါ၊ အမြဲ မဝါးပါဘူး၊ နောက်မှ နန်းစံ ကွမ်းယာမြင်ဖူးအောင် ပြမယ်၊ ကဲ ... ကွမ်းယာကိစ္စ ခဏ ထား၊ ဟိုးက မပြီးသေးတဲ့ ဘုရားအကြောင်း ပြောပြမယ် အဲ့ဒီဘုရားက ပုဂံမှာ ထုထည် အကြီးဆုံးဘုရား၊ ဓမ္မရံကြီး ဘုရားတဲ့ ..."

"ဪ ... ကြီးတာတော့ တော်တော်ကြီးတာပဲနော်"

"ပုဂံဘုရားတွေထဲမှာ ထုထည်အကြီးဆုံး ဘုရားပဲ၊ ထု- ဓမ္မရံ၊ ဉာဏ်-သဗ္ဗင်ညု၊ နု-အာနန္ဒာလို့ အဆိုရှိတယ်"





"အဓိပ္ပာယ်က ဘာလဲဟင် ..."

"ထု-ဓမ္မရံ ဆိုတာက ထုထည် အကြီးဆုံးဘုရားက ဓမ္မရံကြီး၊ ဉာဏ်တော် အမြင့်ဆုံးက သဗ္ဗင်ညု၊ ဗိသုကာ အနုပညာလက်ရာ အကောင်းဆုံးက အာနန္ဒာဘုရားလို့ အဓိပ္ပာယ် ရတယ်"

"ဒါဆို ... သေချာမှတ်ထားဦးမှပါပဲ၊ ထု ... ထု ... ထုက ဘာဖြစ်တယ်"

နန်းစံက ထစ်အထစ်အပြောရင်း ရှေ့မဆက်တတ်ဘဲ သူ့ကိုပြန်မေးနေတာမို့ သူကရယ်လိုက်မိရင်း ...

"ကဲ ... လိုက်ဆို၊ ထု-ဓမ္မရံ"

"ထု-ဓမ္မရံ"

"ဉာဏ်-သဗ္ဗင်ညု"

"ဉာဏ်-သဗ္ဗင်ညု"

"နု-အာနန္ဒာ"

"နု-အာနန္ဒာ ...၊ အင်း ... မှတ်မိပြီ"

သူက ကလေးစာအံသလို တလေးတစား လိုက်ဆိုနေတာမို့ သူက ပြုံးကြည့်နေရင်း ...

"မဆိုးပါဘူး၊ ဉာဏ်ကောင်းသားပဲ ..."

"အင်း ... ကောင်းတာပေါ့၊ ဖေဖေကလည်း ကျွန်မကို ဉာဏ်ကောင်းတယ်လို့ အမြဲပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးကာပြန်ပြောရင်း နေဝင်ခါနီး ကောင်းကင်အောက်က ဘုရားပုထိုးစေတီတွေဆီ လက်ညှိုးကလေးညွှန်ကာ ညွှန်ကာဖြင့် ...

"ဟိုးက ဘုရားက ဘာဘုရားလဲ လွှန်း"

"အဲ့ဒါ သဗ္ဗညုလေ ..."

"ဟိုဘုရားကရော ..."

"အဲ့ဒါက အာနန္ဒာ ..."

သူမ လက်ညှိုးထိုး ညွှန်မေးသမျှကို သူက ဖြေပေးနေ ဆဲမှာပဲ နေလုံးက အနောက်ဘက် တန့်ကြည့်တောင်စွယ်ဆီသို့ လျှင်မြန်စွာ နိမ့်ဆင်းလာခဲ့ပါသည်။

သူမက ဟိုးအဝေး ဓမ္မရံကြီးဘုရားဆီ လှမ်းမျှော်ကြည့်ရင်း ...

"ခုလို နေဝင်ခါနီး အချိန်မှာ ဓမ္မရံကြီးဘုရားကို မြင်ရတာ တစ်မျိုးကြီးပဲနော်၊ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့နဲ့ မြင်ရတာ စိတ်တွေ ထုံထိုင်းလာသလိုပဲ ..."

အုပ်ဆိုင်းတာတွေရော၊ မှိုင်းညို့တာတွေရော၊ ထုံ ထိုင်းဆိုသော စကားလုံးကိုပါ သုံးစွဲပြောဆိုသွားတာမို့ သူမဟာ မြန်မာစကားကို တော်တော် နှံ့နှံ့စပ်စပ် ရှိပါလားဟု သူက တွေးမိရင်း ...





"အဝေးကပဲ ကြည့်ကြည့်၊ အနီးကပဲ ကြည့်ကြည့် ဘယ်လို အချိန်ပဲ ကြည့်ကြည့် ဒီဘုရားကို ကြည့်တဲ့သူ တော်တော်များများက ဒီလိုပဲ ပြောကြတယ် နန်းစံ၊ ကျွန်တော့်အထင် ပြောရရင်တော့ ဒီဘုရားကို တည်တဲ့ ဘုရားဒကာ နရသူမင်းရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ဘဝအမှောင်ရိပ်တွေက ဒီဘုရားကို လာပြီး ရိုက်ခတ်လွှမ်းမိုးနေသလား မသိပါဘူး"

"ဘာဖြစ်လို့လဲဟင် ..."

"ဘုရားတည်တယ်ဆိုတာက ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ စေတနာမှန်မှန် တည်ရတာလေ၊ နရသူမင်းကတော့ သမိုင်းစာမျက်နှာတွေမှာ သူ့ကို သာသနာ့ ဒါယကာဘုရင်အဖြစ် မှတ်တမ်းတင်ခံချင်ရုံလောက် ဦးတည်ချက်နဲ့တည်ခဲ့သလား မသိဘူး၊ သူကိုယ်တိုင်က သူ့ခမည်းတော် အလောင်းစည်သူမင်း နေမကောင်းဖြစ်နေတဲ့အချိန်မှာ မြန်မြန်သေအောင် ပြုစုမယ့်သူမရှိတဲ့ ရွှေဂူကြီးဘုရားကို ပို့တယ်"

"ဟို ... ခမည်းတော် ဆိုတာက ..."

"ခမည်းတော်ဆိုတာ အဖေလေ ..."

"သြော် ... ဟုတ်ကဲ့ ... သိပါပြီ၊ ဆက်ပြောပါဦး လွှန်း"

"ခမည်းတော် သတိမေ့နေရာကနေ သတိပြန်ရလာတော့လည်း သူ ထီးနန်းမရမှာစိုးလို့ ခမည်းတော်ရဲ့ ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး လုပ်ကြံသတ်ဖြတ်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘုရား ... ဘုရား ... ရက်စက်လိုက်တာ"

နန်းစံက ဘုရားတ,ကာ ရင်ဘတ်ကလေးကို ဖိလိုက်သည်။ ဒီလို ဘုရား ဘုရား တ,တာကိုတော့ မသူဇာဆီက မှတ်သားထားခဲ့တာပင်။

"နရသူမင်းက ဘုရင်ဖြစ်လာတော့လည်း သူ့တိုင်းပြည်က လူတွေကိုရော ရဟန်းတော်တွေကိုပါ စိတ်မချမ်းသာအောင် လုပ်တယ်လေ၊ သန့်စွမ်းတဲ့ ရဟန်းတွေကိုလည်း လူထွက်ခိုင်းတယ်၊ ဒီဘုရားတည်တော့လည်း တခြား ဘုရားတွေထက် သာချင်တော့ ဘုရားတည်ရတဲ့ အလုပ်သမားတွေကို ဓားမိုးပြီးခိုင်း၊ အုတ်ချပ်ကြားတွေကို အပ်နဲ့ထိုးကြည့်ပြီး အပ်ဝင်သွားရင် ခေါင်းဆောင် ဗိသုကာကို သတ်တယ်တဲ့၊ အဲ့ဒီလို မကောင်းမှုတွေ ကြီးစိုးပြီး မကောင်းတဲ့ သမိုင်းကြောင်း ရှိတဲ့သူက တည်ခဲ့လို့ အဲဒီလို ခံစားချက်မျိုး ဖြစ်စေတာပေါ့ ..."

"လွှန်းကို ကျေးဇူးတင်လိုက်တာ၊ လွှန်းပြောလို့ ကျွန်မ ဒါတွေသိရတာ ..."

"နန်းစံ ဘုရားပုံတော်ကို သေချာကြည့်၊ ဘုရားက အောက်ခြေတွေသာ ခိုင်ခံ့ကြီးမားတာ၊ အပေါ်ကိုကျတော့ တဖြည်းဖြည်း အဖျားရှူးတက်သွားတာ၊ ဘုရားတည်တဲ့ ဘုရင်ရဲ့ ဘဝလိုပဲ၊ အခြေခိုင်သလိုလိုနဲ့ အဖျားရှူးတယ်"





"အင်း ... ဟုတ်တယ်နော်၊ ပြီးတော့ ဘုရားက ဘာလို့ ပြီးအောင် တည်မသွားတာလဲ လွှန်း ..."

"မပြီးခင် လုပ်ကြံခံလိုက်ရတာကိုး"

"ဟုတ်လား ... ဘာလို့ လုပ်ကြံခံရတာလဲ"

"ညစ်ပတ်လို့ ..."

"ဟင် ... ဘယ်လို"

"အဟား ..."

လွှန်းရာကျော်က ပြုံးစိစိလုပ်နေရာမှ ရယ်လိုက်မိရင်း

"ကျွန်တော်လည်း ဖတ်ဖူးတာ ပြောမှာနော်"

"အင်း ... ပြောပါ လွှန်းရဲ့"

"တစ်ခါတုန်းက မင်းကြီး ရေအိမ်ဝင်တော့ သန့်သက်ရေ မဆောင်ဘူးတဲ့ ..."

"ရေအိမ် ...၊ သန့်သက်ရေ ... ဘာလဲဟင်"

"ကဲ ... ခင်ဗျားနားလည်အောင် ပြောရရင် အိမ်သာတက်တာ ရေမသုံးဘူးပေါ့ဗျာ"

"ဟယ် ... ညစ်ပတ်တယ်"

"အေးလေ ... ကိုယ်တွေတောင် ညစ်ပတ်တယ်ထင်ရင် သူ့နားကလူတွေဆို ပိုဆိုးမှာပေါ့၊ သူအဲ့လို ညစ်ပတ်တာကို သိတဲ့ မင်းသမီးတစ်ပါးက သူ့ကို ရွံပြီး သူ့နားမကပ်မှန်း သိလို့ သူက သတ်ပစ်လိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ..."

"သူ အဲဒီလို သတ်တော့ မင်းသမီးရဲ့အဖေက လူလွှတ်ပြီး သူ့ပြန်သတ်ခိုင်းလိုက်တော့ သူလည်း နတ်ရွာစံ ... အဲ ... သေရော၊ ဖတ်ဖူးတာကို ပြောတာနော်၊ တကယ် ဟုတ် မဟုတ်တော့ ကျွန်တော်လည်း မသိဘူး၊ ဒီဘုရင်နဲ့ ဒီဘုရား အကြောင်း ကြားပြီးတော့လည်း ကျွန်တော်တို့ ပုဂံကို အထင်သေးမသွားနဲ့ဦး၊ သာသနာပြုခဲ့တဲ့ မင်းကောင်းမင်း မြတ်တွေ၊ စေတနာကောင်းနဲ့ တည်ခဲ့တဲ့၊ အနုပညာမြောက် ပြီး ကြည်နူး ချမ်းမြေ့စရာကောင်းတဲ့ ဘုရားတွေမှ အများ ကြီးပဲ ..."

"ဟုတ်ကဲ့ပါ၊ ကျွန်မ အထင်မသေးပါဘူး၊ ဟို ... ဘယ်လို ပြောရမလဲ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ် စေရပါဘူး"

"အဟက် ... ဟက်၊ ခင်ဗျား ဒီစကားပုံကို သိတယ်ပေါ့"

"အဟင်း ... ဟင်း ... သိတာပေါ့၊ မြန်မာ စကားပုံတွေ အကြောင်း ဖတ်ဖူးတယ်လေ၊ ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာ လည်း ကြားဖူးသားပဲ"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြသည်။





တောင်လို မောက်မို့နေသော ပြဿဒ်ကြီးဘုရားရဲ့ ရွှေပြင်ကျယ် အစွန်းမှာ နှစ်ယောက်အတူ ခြေတွဲလွဲချကာ ထိုင်ရင်း ပုဂံ၏ နာမည်ကြီး နေဝင်ချိန်အလှကို အတူငေးမောနှစ်မျောခဲ့ကြ သည်။

အနောက်ဘက် ကောင်းကင်သည် ပုစွန်ဆီရောင် အိပြီလာသည်။

နန်းစံက ဟိုးအဝေး ကွင်းပြင်ကျယ်ကို ဖြတ်မောင်း လာသည့် နွားအုပ်တွေကို လက်ညှိုးညွှန်ရင်း ...

"လွှန်း ... ဟိုးမှာကြည့်ပါဦး၊ နွားတွေအများကြီးပဲနော်၊ နွားနောက်က လူက တစ်ယောက်တည်းနော်"

"ဟုတ်တယ်၊ ဒီအချိန်ဆိုတော့ နွားရိုင်းသွင်းချိန်လို့ ခေါ် တာပေါ့၊ နောက်ကလူက နွားကျောင်းသားပေါ့"

"နွားတွေက ရိုင်းလို့လား ..."

"မရိုင်းပါဘူး၊ ပုံမှန် အိမ်မှာမွေးတဲ့ နွားတွေပါပဲ၊ ဒီလို နေဝင်ရီတရောအချိန်ကို နွားရိုင်းသွင်းချိန်လို့ မြန်မာလို ခေါ်တတ်တာကို ပြောတာ"

"သြော် ...၊ နွားတွေ အများကြီး မောင်းလာတာကြည့် လို့ ကောင်းလိုက်တာနော်၊ နန်းစံလည်း တစ်ခါလောက် နွားမောင်းကြည့်ချင်လိုက်တာ ..."

"ကြဲကြဲဖန်ဖန်ဗျာ ... နွားပဲ မောင်းချင်ရတယ်လို့၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



သာ နွားမောင်းရင် ခင်ဗျားအဖေကြီးတော့ ဟော့လို တက်သေမယ်"

လွန်းရာကျော်က မျက်ဖြူတစ်ချက် လန်ပြရင်း ပြောလိုက်တာမို့ ခင်နန်းစံက သူ့ကိုကြည့်ရင်း ရယ်မောလိုက်မိပါသည်။ လွန်းဟာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်သူမို့ လွန်းနဲ့ ခုလိုတွေ့ရတာ ပျော်ဖို့ကောင်းလှပါသည်။

ပုဂံကို ရောက်ပြီးကတည်းက နန်းစံ အားရပါးရ ရယ်မောမိတာ၊ ရွှင်မြူးသွက်လက်လာတာ ဒါ ပထမဆုံးပဲ ဖြစ်ပါသည်။

ရယ်စရာ ပုဆိုးကွက်လေးနဲ့၊ ပန်းရောင်စွန်းတဲ့ သွားကလေးနဲ့၊ မျက်ခုံးထူထူ၊ မျက်လုံးရယ်ရွှင်ရွှင်နဲ့ ပုဆိုးခပ်တိုတို ဝတ်ပြီး ညှပ်ဖိနပ်စီးထားတဲ့ ဒီလူဟာ နန်းစံကို ပျော်ရွှင်လှုပ်ခတ်စေသူ ဖြစ်ပါသည်။

နန်းစံက သူ့ကိုပြုံးကြည့်နေမိတော့ သူက မျက်ခုံးတစ်ချက် ပင့်ကြည့်သည်။ နန်းစံက အနောက်ဘက် ကောင်းကင်ဆီ ပြန်လှည့်ကြည့်ခိုက်မှာ နေဝန်းနီက တန့်ကြည့်တောင်နောက်သို့ တအိအိ နိမ့်ဆင်းပျောက်ကွယ်သွားပါသည်။

နေဝင်ချိန် ပုဂံက လှသလို နေဝင်ပြီးစ ပုဂံကလည်း လှနေပါသည်။





ဆည်းဆာရောင် မပြယ့်တပြယ်အချိန်လေးမှာ နန်းစံက လွန်းရာကျော်နှင့်အတူ ပြဿဒ်ကြီးဘုရားပေါ်မှ ပြန်ဆင်းလာခဲ့သည်။

ကျဉ်းမှောင်သည့် လှေကား တစ်လျှောက်မှာ အယောင်းတိုင်မီး လက်လက်လေးတွေ ထွန်းညှိထားသည်။

သူက ရှေ့ကဆင်းသွားပြီး နန်းစံက နောက်က ဆပ်ချပ်မကွာ လိုက်ဆင်းလာခဲ့သည်။

လှေကားတလျှောက်က နွေးနေသည်။

ပုစွန်ဆီရောင် ဆည်းဆာ ပျောက်ပြီးနောက် ပုဂံ၏ ဘုရားပုထိုးများဆီမှ မီးပွင့်ကလေးတွေ လင်းလက်လာကြပါသည်။

"နန်းစံ ... ဒီအချိန် စက်ဘီးနဲ့ပြန်လို့ သိပ်အဆင်မပြေဘူး၊ အရမ်းလည်း ပင်ပန်းလိမ့်မယ်၊ မှောင်လည်း မှောင်နေပြီ၊ စက်ဘီးကို ကိုယ့်သူငယ်ချင်း ကားနောက်ခန်းထဲ ထည့်ပြီး ကားနဲ့ပဲ ပြန်ရအောင်၊ ခင်ဗျား တည်းတဲ့ ဟိုတယ်အထိ လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲ ..."

လွန်းရာကျော်က သူမ စက်ဘီးလေးကို မယူကာ ကားနောက်ဖုံးထဲ ထည့်လိုက်သည်။ နောက်ဖုံးက ဟနေသော်လည်း ထည့်လို့တော့ ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားရှေ့ခန်းမှာထိုင်ပြီး သူမက ကားနောက်ခန်းမှာ ထိုင်သည်။

ပြဿဒ်ကြီးဘုရားက အပြန်လမ်းက အတော်ဝေးကာ မှောင်နေသည်။ စက်ဘီးစီး တိုးရစ်တွေကိုတော့ အုပ်စုလိုက်တွေ့ရသည်။

ဟိုတယ်နားရောက်တော့ သူမက ...

"လွှန်းရေ ... ဟိုတယ်ထဲ မဝင်နဲ့တော့၊ ဒီနားမှာပဲ ရပ်ပေးပါ ..."

ကားမောင်းလာသော ဇော်ကိုက ကားကို လမ်းဘေးကပ်၍ ရပ်ပေးလိုက်သည်။ သူက သူမကို လှည့်ကြည့်ရင်း ...

"ဘာဖြစ်လို့လဲ၊ ဟိုတယ်ဝန်းထဲထိ ပို့ပေးမယ်လေ"

"ပို့ပေးလို့မဖြစ်ဘူး၊ ဖေဖေမသိအောင် တိတ်တိတ်လေး ခိုးထွက်လာတာ၊ စက်ဘီးလေးနဲ့ပဲ ခိုးကြောင်ခိုးဝှက် ပြန်ဝင်မှဖြစ်မယ်၊ ဖေဖေ ရောက်နှင့်နေရင် ပြဿနာ ..."

သူမက ပြောပြီး ကားပေါ်ကဆင်းသွားသည်။ သူလည်း ကားပေါ်က ဆင်းပြီး သူမစက်ဘီးကို ချပေးလိုက်ပြီး ...

"နောက်ဆို တစ်ယောက်တည်း လျှောက်လျှောက် မသွားနဲ့၊ ခုလိုမှောင်မှ တစ်ယောက်တည်း တောလမ်း ပြန်လာရင်း လမ်းပျောက်နေရင် ဘယ်လိုလုပ်မလဲ ..."

"ဒါဆို ... လွှန်း လိုက်ပို့ပေးမလား"





"ခင်ဗျာ ..."

"မနက်ဖြန်ကျရင်လည်း နန်းစံ ဒီလိုပဲ ခိုးထွက်ဦးမှာ၊ နန်းစံကို စိတ်မချရင် လွှန်း လိုက်ပို့ပေးမလားလို့ မေးတာ"

လွှန်းရာကျော်က ဘာပြန်ပြောရမှန်းမသိဘဲ အကြပ်ရိုက်သွားတာမို့ ခေါင်းတစ်ချက် ကုပ်မိသည်။

"လိုက်မပို့ရင်လည်း ရတယ်လေ၊ ကိုယ့်ဘာသာ သွားမှာပေါ့ ..."

သူမက ခပ်သာသာလေး မျက်နှာ မှော့ကာ ပြောလိုက်ရင်း စက်ဘီးဆွဲကာ လှည့်ထွက်လိုက်သည်။

"ဟေ့ ..."

"ဟိုက် ..."

သူက ဟေ့ခနဲ လှမ်းအော်တော့ သူမက ဟိုက်ခနဲ ပြန်အော်ကာ သူ့ကို ပြန်လှည့်ကြည့်လိုက်တာမို့ သူက ရယ်ချင်သွားသည်။

"မနက်ဖြန် ... ဘယ်ကိုလာခေါ်ရမလဲ ပြော ..."

"ဒီနားကပဲ စောင့်နေလေ၊ မနက် ၈ နာရီလောက်ပေါ့ ...၊ နန်းစံ ခိုးထွက်လာခဲ့မယ်"

"ခင်ဗျား အဖေသိရင် ပြဿနာတက်မှာဗျ"

"အဲ့ဒါ နန်းစံ တာဝန်ထားပါ၊ လွှန်းသာ ဆက်ဆက်စောင့်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောဗျာ ..."

"ပြီးတော့ ..."

သူမက စက်ဘီးကို ဟိုတယ်ဘက်သို့ တွန်းလှည့်လိုက်ပြီးမှ သူမဘက်ကို ပြန်လှည့်ကြည့်လာကာ ...

"ပြီးတော့ ... တစ်ခုလောက် မှာချင်တယ်"

"ပြောပါဦး ..."

"မနက်ဖြန် လာရင် ကွမ်းယာ ဝယ်လာခဲ့ပေးမလား"

"ဘာလုပ်ဖို့တုန်းဗျ"

"နန်းစံလည်း ဝါးကြည့်မလို့ပေါ့ ..."

"အဟက် ..."

"ရှင် ဘာရယ်တာလဲ ..."

"မိန်းကလေးတွေ ကွမ်းစားရင် အလှပျက်တယ်ဗျ၊ ကွမ်းစားတယ်ဆိုတာ ယောကျ်ားတွေနဲ့ အဒေါ်ကြီးတွေပဲ စားတာ၊ ကျွန်တော်တောင် တစ်ခါတလေပဲ ဝါးတာ ..."

"နန်းစံလည်း တစ်ခါတလေ ဝါးဖူးတယ်ရှိအောင် ဝါးကြည့်မလို့ပဲလေ ..."

"အင်း ... အင်း ... ပြီးရော၊ အဲ့ဒါဆိုလည်း ဝယ်လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ် ..."

သူမက ဂျပန်တွေ နှုတ်ဆက်သလို ခါးလေးကို ညွတ်၍ ပြောလိုက်ပြီးမှ စက်ဘီးကလေးစီးကာ ထွက်ခွာသွားသည်။





သူက ထိုစက်ဘီးလေး သူ့မြင်ကွင်းမှ ပျောက်သည်အထိ ငေးကြည့်ကျန်ခဲ့သည်။

သူမက သူရပ်ကြည့်ကျန်ခဲ့တာကို သိလို့ပဲလားတော့ မသိ ဟိုတယ်ဝန်းထဲသို့ ကွေ့ဝင်ခါနီးမှာ နောက်လှည့်မကြည့်ဘဲ လက်ကလေးမြှောက်ပြ နှုတ်ဆက်သွားသည်။

"အဟင်း ..."

သူ တစ်ချက် ရယ်မိရင်း ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်ပါသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

"အား … ကျွတ် … ကျွတ် … ဒီဗိုက်ကလည်း နာပြီးရင် နာနေတော့တာပဲ၊ ကျွတ် … ကျွတ် …"

နန်းစံက ဗိုက်ကိုနှိပ်ကာ တကျွတ်ကျွတ်ညည်းတွား ရင်း အိမ်သာထဲသို့ ဘယ်နှကြိမ်မြောက်မှန်းမသိ ပြန်ဝင်သွားပါ သည်။

ဦးဘုန်းကျော်စံက ခေါင်းမီးတောက်နေသော ပုံ ဖြင့် ဟိုတယ်ခန်းထဲမှာ ရှေ့နောက်လျှောက်ရင်း တဖျစ်တောက် တောက် ပြောနေသည်။

"ဘာတွေကို ဘယ်လောက် စားမိလို့ ဝမ်းက ဒီလောက် သွားနေရတာလဲ၊ မသူဇာ … မသူဇာ"

"ရှင် … အန်ကယ်လ်"

"သမီး မနေ့က ဘာတွေလုပ်လဲ၊ ဘာတွေစားလဲ၊ ဘယ် တွေသွားလဲ … ပြောစမ်း"





"ဟို … ဟိုတယ်မှာပဲနေပြီး ဟိုတယ်စာပဲ စားတာပါပဲ အန်ကယ်လ်ရယ် …"

မသူဇာက ဦးဘုန်းကျော်စံ မသိအောင် ခိုးထွက်ထား သူမို့ ခပ်ကြောက်ကြောက် ဖြစ်နေပါသည်။ နန်းစံ တစ်ခုခုဖြစ် ရင် ဘေးကလူတွေကို ပတ်ရမ်းတတ်သော သူ့ဒွေး၏ အကျင့်ကို လည်း မသူဇာက သိပါသည်။ သူ့သမီး ဝမ်းပျက်တာကို ကမ္ဘာ ပျက်သလောက် အစိုးရိမ်ကြီးနေတာကိုလည်း အမြင်တော့ ကပ်ပါ သည်။

"ဟိုတယ်စာ စားတာတောင် ငါ့သမီးက ဝမ်းပျက်ရတယ် ဆိုတော့ ဒီဟိုတယ်က အစားအသောက် ကျွေးမွေးတဲ့ကိစ္စ ကို ဘယ်လိုစီမံခန့်ခွဲနေတာလဲ၊ မနေ့က အစားအသောက် တွေထဲမှာ မလတ်မဆတ်တာတွေ ပါသလား၊ မန်နေဂျာ ကို သေချာသွားမေးစမ်း မောင်ကျော်သက် …"

"ကျွန်တော် သွားမေးပြီးပါပြီ အန်ကယ်လ်၊ အစား အသောက်တွေက အားလုံး လတ်လတ်ဆတ်ဆတ်ပါပဲ၊ သားငါး ပုစွန်တွေဆိုလည်း မြစ်ထဲက လတ်လတ်ဆတ် ဆတ် ရတာတွေကို လာသွင်းကြတာပါ၊ ကျွန်တော်တို့သူတွေ စားတာလည်း တစ်ယောက်မှ ဘာမှမဖြစ်ကြပါဘူး …"

ဦးဘုန်းကျော်စံက ဘယ်သူ့ကိုမှ အပြစ်ပုံချလို့မရ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ငြိမ်သွားသည်။ သို့သော်လည်း မျက်ခုံးကို အတွန့်ချိုးကာ အခန်းထဲမှာ ထိုင်လျက်၊ ထလိုက်၊ သန့်စင်ခန်းဘက် မျှော်ကြည့်လိုက်ဖြင့် ဂဏှာမငြိမ် ဂဏှာစိန် ဖြစ်နေသည်။

ဦးဘုန်းကျော်စံ မငြိမ်သည့်အချိန်မှာ နန်းစံကတော့ အိမ်သာကမုတ်ကို အဖုံးပိတ်ကာ အဖုံးပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်နေသည်။

ဒီနေ့ မနက်စောစောမှာ ဖေဖေက ပုပ္ပားကို သွားမည်ဟု ဆိုသည်။ ပုပ္ပားက ပုပ္ပားမောင်းတိန်းရိဆော့ဟိုတယ်ကို ဦးအောင်ဒင်နှင့် အတူ သွားလေ့လာမည်ဟု ဆိုသည်။ နန်းစံလည်း လိုက်ရမည်။ ဟိုမှာတစ်ညအိပ်ပြီး မနက်မှပြန်မည်ဟု ညကတည်းက ပြောထားပါသည်။

ပုပ္ပားကို နန်းစံ မလိုက်ချင်၊ လွှန်းနဲ့ လျှောက်လည်ဖို့လည်း ချိန်းချက်ပြီးသားမို့ နန်းစံ မလိုက်ရအောင် အကြံထုတ်ပြီး ဟန်ဆောင် ဝမ်းသွားနေရတာမို့ ဒီမနက် စောစောမှာ အိမ်သာထဲကို ဝင်လိုက်ထွက်လိုက် လုပ်ပြနေရတာ ဆယ်ခါထက်မနည်း။

ညတုန်းကတော့ ဖေဖေရော မသူဇာပါ နန်းစံနောက်မှ ရောက်လာကြတာမို့ နန်းစံ ထွက်လည်ထားတာကို ဘယ်သူမှ မသိလိုက်ကြပါ။





"မသူဇာ ..."

"ရှင် ... အန်ကယ်လ် ..."

"သမီး အိမ်သာထဲမှာ ကြာနေပါလား၊ ဝမ်းသွားရင်း အားပြတ်နေသလား၊ သွား ... တံခါးခေါက်ပြီး သွားမေးစမ်း၊ ကြာနေရင် ကြာနေတဲ့အတိုင်း ထားလို့ဖြစ်မလား၊ နိုးနိုးကြားကြား ရှိစမ်းပါ"

အိမ်သာအပြင်ဘက် အခန်းထဲမှာ ပြောနေသည့် စကားတွေကို နန်းစံ ကြားရသည်။

မသူဇာက အိမ်သာတံခါးကို လာခေါက်ကာ ...

"နန်းစံရေ ... အဆင်ပြေရဲ့လား ... ဗိုက်နာနေသေးလား"

"ကျွတ် ... ကျွတ် ... နာတော့ နာသေးတယ် မသူဇာ"

နန်းစံက ခါးလေးကုန်း၍ ဗိုက်ကိုနှိပ်ကာ အိမ်သာတံခါး ဖွင့်၍ ထွက်လာသည်။ ဦးဘုန်းကျော်စံက ပျာပျာသလဲ ဖြစ်သွားကာ ...

"သမီး ... ဗိုက် တော်တော်နာနေလား၊ ဒါဆိုရင်တော့ ဆရာဝန် ခေါ်မှဖြစ်မယ်၊ မောင်ကျော်သက် ... မောင်ကျော်သက် ..."

"ခင်ဗျာ ... အန်ကယ်လ်"

"ဆရာဝန် သွားခေါ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်ပါနဲ့ ... မခေါ်ပါနဲ့ ကိုကျော်သက်၊ ဖေဖေ နန်းစံ ဘာမှမဖြစ်ပါဘူး၊ လေအောင့်သလိုမျိုး ဖြစ်တာပါ၊ အခု ဝမ်းသွားလိုက်တော့လည်း သက်သာပါတယ်"

"မခေါ်လို့ ဘယ်ဖြစ်မလဲ ..."

"နန်းစံ ကိုယ့်ကိုယ်ကိုယ် သိပါတယ်၊ တကယ် မလိုလို့ ပြောတာပါ၊ နန်းစံအတွက် စိတ်မပူပါနဲ့ ဖေဖေ၊ သွားစရာ ရှိတာသာ ဖြောင့်ဖြောင့် သွားပါ"

"ဖေဖေက သမီးကိုပါ ခေါ်သွားချင်တာ၊ ဟိုမှာ ကိုအောင် ဒင့် မိတ်ဆွေ အင်ဂျင်နီယာတွေရော၊ အမေရိကားက ဘွဲ့ ရခဲ့တဲ့ ကိုရန်နိုင့် မိတ်ဆွေ ဗိသုကာ တစ်ယောက်ပါ တည်းနေတာဆိုတော့ အားလုံးစုဆုံပြီး ပုပ္ပားတစ်ဝိုက် ပုဂံတစ်ဝိုက် ဟိုတယ်ဆောက်လို့ အဆင်ပြေမယ့်နေရာ ကို ကြည့်ကြ ဆွေးနွေးကြမှာလေ သမီးရဲ့၊ နောက်ကျ သမီးလည်း ဒီအလုပ်ထဲ ဝင်ရမှာပဲဆိုတော့ သမီး ဝင်အ ဉာဏ်ပေးတာကိုလည်း ဖေဖေက လိုချင်သေးတာ ...

"ဝမ်းသွားတာများတော့ နန်းစံ နုံးနေလို့ပါ ဖေဖေရ ဟိုရောက်မှ ဝမ်းဆက်သွားနေရင်လည်း ညှို့သည်တော့ ကောင်းကောင်း မတွေ့ရဘဲ နေဦးမယ်၊ ဖေဖေပဲ သွားလို နော်၊ နန်းစံကတော့ အခန်းထဲမှာပဲ နားနေချင်သေးတယ်





"အေးလေ ... ဒါဆိုလည်း နောက်တစ်ခေါက် ထပ်ဆုံဖို့ စီစဉ်ကြတာပေါ့၊ သမီး အဆင်ပြေတာ သေချာပါတယ် နော်"

"သေချာပါတယ် ဖေဖေ ..."

"မသူဇာ ..."

"ရှင် ... အန်ကယ်လ်"

"သမီးကို သေချာ ဂရုစိုက် ..."

"ဟုတ်ကဲ့ ... အန်ကယ်လ်"

"မသက်သာဘူးဆိုရင် ငါ့ဆီဖုန်းဆက် ... ကြားလား"

"ဟုတ်ကဲ့ပါ ... အန်ကယ်လ်"

"ကဲ ... ဒါဆို ဖေဖေ သွားမယ်နော် သမီး"

"ဟုတ်ကဲ့ပါ ဖေဖေ ..."

"စိတ်ချမယ်နော်"

"စိတ်ချပါ ဖေဖေရဲ့ ..."

"မောင်ကျော်သက်ရေ သွားကြမယ်ဟေ့ ..."

"ဟုတ်ကဲ့ ... ကားအသင့်ပါပဲ အန်ကယ်လ်"

"ဖေဖေ ..."

"ပြောလေ ... သမီး"

"သမီး အနားယူချင်လို့ ဖုန်းပိတ်ပြီး အိပ်မယ်နော်၊ အကြောင်းထူးရင် ဖေဖေ့ဆီ သမီး ဆက်ပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



“အေး … အေး … ခတ်ဆားရည်လေးတော့ သောက်ထား နော် သမီး၊ သတိရတိုင်း သောက်၊ များများသောက်၊ မသူဇာ …”

“ရှင် …”

“သမီးကို ခတ်ဆားရည် ဖျော်တိုက်လိုက်ဦး”

“ဟုတ်ကဲ့ပါ …”

ဦးဘုန်းကျော်စံက နောက်ဆန်တငင်ငင်နှင့် မှာကြား ရင်း ထွက်ခွာသွားသည်။

ဦးဘုန်းကျော်စံ သွားသည်နှင့် စောစောက ရှုံ့မဲ့ခဲ့ ခဲ့သော နန်းစံမျက်နှာက ပြုံးစိစိဖြစ်လာပါသည်။

မသူဇာက နန်းစံကို မျက်လုံးပြူးကြည့်ရင်း …

“နန်းစံ နေကောင်းသွားပြီလား၊ ဗိုက်မနာတော့ဘူးလား”

“စောစောကတည်းက မနာပါဘူး မသူဇာရဲ့၊ ဖေဖေ့နော မလိုက်ချင်လို့ တမင် ဟန်ဆောင်တာ၊ ဝမ်းလည်း မသွား ဘူး၊ အိမ်သာထဲမှာ ဒီအတိုင်း သွားထိုင်နေတာ”

“ဟယ် … နန်းစံရယ် သူဇာ့မှာတော့ စိတ်ပူလိုက်ရတာ …”

“စိတ်မပူပါနဲ့၊ မသူဇာတို့ရွာမှာ ဒီနေ့ အလှူဆို၊ မသူ သွားချင်သွားလေ …”

“သွားတော့ သွားချင်ပေမယ့် …”





“သွားချင်ရင် သွားပေါ့ မသူဇာရယ်၊ နန်းစံ မနေ့ကလိုပဲ အခန်းထဲမှာ စာဖတ်လိုက်၊ အင်တာနက်သုံးလိုက် လုပ် နေမှာ …”

မသူဇာက နန်းစံကို စိတ်မချသော်လည်း ရွာအလှူ ကိုတော့ သွားချင်နေပါသည်။ မနေ့ကသွားတော့ ဆွေမျိုးတွေ လည်း ပြန်ဆုံကြကာ အလှူလုပ်ဖို့ ပြင်ဆင်နေကြတာ တွေ့ရပါ သည်။ သူတို့က ‘မနက်ဖြန် ဆက်ဆက်လာခဲ့နော်’ဟု မှာလိုက် တာမို့ ဆက်ဆက်လည်း သွားချင်နေသည်။

“ဒါ … ဒါဆို … မသူဇာ သွားမယ်နော်”

“သွား … သွား၊ ဘာမှမပူနဲ့ …”

မသူဇာကို ပြောရင်း နန်းစံက တစ်ဖက်သို့ လှည့် ကာ ကျိတ်ပြုံးရသည်။ ပြီးတော့ … ပြတင်းပေါက်ဝမှာ သွားရပ် ချက် ရောဝတီမြစ်ကြီးကို လှမ်းမျှော်ငေးရင်း နှလုံးသားက အထိတ်ထိတ် တုန်လာပါသည်။

ဒီနေ့လည်း လွှမ်းနဲ့ တွေ့ရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"အင် … ဒါကို ဝါးရမယ်ပေါ့ …"

နန်းစံက ကွမ်းယာထုပ်ကလေးကို ဖွင့်ကြည့်ရင် အံ့ဩသလို ရေရွတ်လိုက်သည်။ လွှန်းရာကျော်က နန်းစံရဲ့ အံ့ဩ ရှူးစမ်းသည့်ပုံကို ရယ်ချင် ပြုံးစိ စိုက်ကြည့်နေလိုက်ပါသည်။

သူတို့ထိုင်နေသော နေရာက အာနန္ဒာဘုရား တ ဆောင်းဘေးက ထနောင်းပင်ရိပ်အောက် ခုံဝိုင်းကလေးမှာပင်

ဒီနေရာလေးမှ လှမ်းမျှော်ကြည့်လိုက်လျှင် အနုပညာ မြောက်စွာ ခမ်းနားထည်ဝါလှသော အာနန္ဒာဘုရားကြီးကို ကော ကင်ပြာကြီး နောက်ခံဖြင့် ထင်းလင်းစွာ မြင်တွေ့နိုင်သည် အညာဆောင်းက အေးမြမြ။ တိမ်ကင်းစင်သော ကောင်းကင် လည်း ကြည်လင်ပြာလဲ့နေပါသည်။

နန်းစံကို ဟိုတယ်နားမှာ သွားစောင့်ခေါ်ပြီး သူ





ဒီနေရာလေးကို အတူလာခဲ့ကြတာ ဖြစ်ပါသည်။ နန်းစံက စက်ဘီး ဖြင့်သာ သွားလာလိုတာမို့ သူက သူ့တည်းခိုခန်းမှာ တည်းသည့် ဧည့်သည်တွေကို ငှားစားသည့် e-bike တစ်စီးကို စီးပြီး လာခဲ့ သည်။ နန်းစံနှင့်တွေ့တော့ နန်းစံက နောက်မှာထိုင်၊ သူက ရှေ့မှစီး။ သွားလာရသည့် နေရာတွေက ဝေးသော်လည်း လျှပ်စစ် အားဖြည့်ပြီး စီးရသည့် စက်ဘီးမို့ နင်းစရာမလိုဘဲ အဆင်ပြေ သည်။ ဆောင်းတွင်းမို့ ရာသီဥတု မှုတကာ နေကလည်း မပြင်း လှပါ။ သို့သော် … အသားဖြူလှသော သူမ၏ ပါးအို့ကလေးတွေ ကတော့ ရဲနေပါသည်။

"လွှန်း … ဒါတွေက ဘာတွေလဲဟင်၊ နန်းစံကို ရှင်းပြပါ ဦး"

သူမက ကွမ်းသီးစိပ်ကလေးတွေကို လက်ညှိုး ကလေးဖြင့် မထိတရိထိုးရင်း ပြောတာမို့ သူက ရှင်းပြရသည်။

"ဟောဒါလေးတွေက ကွမ်းသီးစိပ်၊ ဟောဒီ ဖြူဖြူလေးတွေ က ထုံး၊ ဒီ စပါးလုံးလေးတွေလိုဟာမျိုးတွေက စမုံစပါး"

"သြော် … ဒါတွေကို ကွမ်းရွက်နဲ့ ထည့်ထုပ်ပြီး စားရတယ် ပေါ့၊ ကြံကြံဖန်ဖန်အေ …"

"အမယ် … လေသံက၊ ဟား … ဟား …"

လွှန်းရာကျော်က အညာသူလေသံဖြင့် ပြောလိုက် သော သူမစကားကြောင့် ရယ်ချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်က ဘာရယ်တာတုန်းအေ့၊ ကျုပ်ကို ပြောပါဦး"

"ဟား ... ဟား ... နန်းစံ ခင်ဗျား ဒီအပြောမျိုးတွေ ဘယ်က တတ်လာတာတုန်း"

"တော်တို့ အညာက မိန်းမကြီးတွေ အဲ့ဒီလို ပြောတာ ကျုပ် ကြားလို့ မှတ်ထားတာပေါ့တော့၊ လမ်းမှာ အကြော်ဝယ်စားတုန်းကလည်း အကြော်ရောင်းတဲ့ အဒေါ်ကြီးတွေ ပြောနေတာ ကျုပ်ကြားသားပဲ ..."

"ဟား ... ဟား ... ဟုတ်ပါပြီ၊ ဒါပေမယ့် အဲ့ဒီလိုစကားမျိုးက နန်းစံတို့အရွယ် အပျိုငယ်ငယ်လေးနဲ့ မလိုက်ဖက်ပါဘူးကွာ ..."

"ပြီးရော ... ဒါဆိုလည်း မပြောတော့ဘူး"

နန်းစံ ပြောပုံလေးက ရယ်စရာလေးမို့ သူက နန်းစံနားမှာ ဖနေရင်း အူမြူးရွှင်ပျ လာရပါသည်။ ဒီပန်းကလေးဟာ ချစ်တော့ ချစ်စရာလေးပင်။ အဆိပ်မရှိတဲ့ ပန်းကလေးဟာ ဖြူစင်စွာ လန်းပွင့်နေပါသည်။

"နန်းစံ ဝါးကြည့်မယ်နော် လွန်း ..."

"ဝါး ... ဝါး ..."

သူမက ကွမ်းယာကို ပါးစပ်ထဲ ထည့်ကာ ဝါးလိုက်ရင်း ပလုံးပထွေးအသံဖြင့် ...





"ဒီလို ... ဒီလို ဝါးရတာ မဟုတ်လား လွန်း ...၊ ဟုတ်တယ်မဟုတ်လား လွန်း ..."

"ဟုတ်ပါတယ်၊ ဝါးပါ ... ဝါးပါ"

"ဟင် ... အရည်တွေထွက်လာပြီ၊ မျိုချလိုက်ရမလား ... မျိုချလိုက်ရမလား ..."

"ဟာ ... မမျိုချနဲ့ ... မမျိုချနဲ့၊ ထွေးပစ် ... ထွေးပစ်"

သူမက ရုတ်တရက် ဘေးဘက်သို့ ချာခနဲ လှည့်တာ ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးချလိုက်ပါသည်။

"ဟာ ... ဟာ ... ဒီနေရာမှာ မထွေးရဘူးလေ ..."

"ဟိုက် ... ဟိုက် ... မသိလို့ပါ၊ ရုတ်တရက်ကြီး ဘာလုပ်ရမှန်းမသိလို့ ငုံလည်း မထားတတ်လို့ ထွေးလိုက်မိတာပါ၊ နန်းစံ ပြန်သုတ်ပေးပါ့မယ်၊ နန်းစံက ဒီလို စည်းကမ်းမရှိတဲ့သူ မဟုတ်ပါဘူး၊ ဆောရီးနော် ... နန်းစံ တောင်းပန်ပါတယ်၊ ဘုရားရင်ပြင်ပေါ်မှာ မရှိမသေ လုပ်မိသလို ဖြစ်သွားတယ်"

သူမက ကွမ်းတွေကို ငုံထားရင်း မပီမသ ပြောရင်း မျက်နှာလေး ရှုံ့မဲ့လာကာ သူမ ပါးစပ်ကို လက်ညှိုးဖြင့် ညွှန်ပြရင်း ...

"လွန်း ... ကွမ်းက စားလို့လည်း မကောင်းဘူး၊ စပ်ရှားရှားနဲ့၊ ကျွန်မ ထွေးပစ်လိုက်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ထွေးလေ … နန်းစံ မကြိုက်ရင် ထွေးပစ်လိုက်"

သူမက ကွမ်းဖတ်တွေကိုပါ တစ်ရှူးထဲသို့ ထွေးထည့်လိုက်ပြီး အမှိုက်ပုံးထဲ သွားပစ်ပြီးမှ လွန်းရာကျော်ထံသို့ ပြန်လျှောက်လာကာ ခစ်ခနဲ ရယ်လျက် …

"နန်းစံက ပီကေဝါးတာ အကျင့်ပါနေတော့ ယောင်ပြီး အရည်ကို မျိုချမိတော့မလို့၊ လွန်းတို့ ကွမ်းယာက ဝါးလို့လည်းမကောင်း၊ စားလို့လည်း မရဘဲ ဘာလို့စားနေကြ တာလဲဟင် …"

"ရိုးရာပေါ့ နန်းစံရယ်၊ ကိုယ်တို့ မြန်မာတွေမှာ ကွမ်းစား တဲ့ ဓလေ့က ဟိုး မြန်မာဘုရင်လက်ထက်ကတည်းက ရှိခဲ့တာကိုး၊ အချိန်အတိုင်းအတာကိုတောင် ကွမ်းတစ်ယာ ညက်ခန့် ကြာတယ်လို့ ပြောကြတယ်၊ ပြီးတော့ ရှေးရှေး တုန်းက ဘုရင့် နန်းတော်ထဲမှာ ကွမ်းစားကြတဲ့သူတွေက ထုံးပေတဲ့လက်နဲ့ နန်းတော်တိုင်ကို ထုံးသုတ်သုတ်သွားကြ လို့ ဘုရင်က ထုံးသုတ်တဲ့ လက်ညှိုးကို ဖြတ်ပစ်မယ်လို့ စည်ကမ်းထုတ်လိုက်တယ်တဲ့၊ နောက်တော့ ဘုရင်ကပါ ယောင်ပြီး တိုင်ကို ထုံးသုတ်မိတော့ သူ့လက်သူ ဖြတ် လိုက်ရတယ်တဲ့၊ ပြီးတော့ … ရှေးတုန်းက ရာဇဝင် ယောကျ်ားလေးကို မိန်းကလေးက ကွမ်းတစ်ယာ ရော





မှတ်ပေးပြီး စိတ်လျှော့ခိုင်းတာတို့ ဘာတို့ ရှိတယ်"

"ဪ … ဟုတ်လား၊ လွန်းရော ကွမ်းယာ ဝါးရတာ ကြိုက်လား …"

"ကြိုက်တယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ တစ်ခါတလေပဲ ဝါးတာပါ၊ အမြဲဝါးရင်လည်း မကောင်းဘူးလေ၊ ကွမ်းစား တာများရင် ပါးစပ်ရော သွားရော နီရဲနေမယ်၊ သွားမှာ ကျောက်တွေ တည်လာမယ်၊ ကွမ်းအမြဲငုံထားရင် ခံတွင်း ကင်ဆာ၊ လျှာကင်ဆာ အမျိုးမျိုးဖြစ်နိုင်တယ်၊ ကျန်းမာရေး အတွက် မကောင်းဘူးလေ၊ ပြီးတော့ တချို့လူတွေက ကွမ်းစားရင်း ကွမ်းတံတွေးကို စည်းမရှိ ကမ်းမရှိ ကြဲတဲ့ နေရာမှာ ထွေးတတ်ကြသေးတယ်"

"ဒါတော့ ဘယ်ကောင်းမလဲနော်"

"ကဲ … ဒီနေ့ ကွမ်းစကားတွေပဲ ပြောတာ များသွားပြီ၊ ဘုရားအကြောင်း ဆက်ပြောမယ်"

"လာ … လွန်း … ဒီနားတစ်ဝိုက်ကို လျှောက်ကြည့်ရင်း ပြောနော် …"

နန်းစံက လွန်းရာကျော်နှင့်အတူ ထရပ်လိုက်ပြီး ဘုရား ရင်ပြင်ကို ပတ်၍ လျှောက်လာသည်။ နန်းစံက လျှောက် လာရင်း ဘေးသို့လှည့်ကာ သူ့ကို မော့ငဲ့ကြည့်မိသည်။ သူ့အရပ်က



www.burmeseclassic.com

အမြင့်ကြီးပဲ။ နန်းစံက ပုပုလေးမို့ သူ့အရပ်နှင့် ထွားပြည့်သော ခန္ဓာကိုယ်က နန်းစံကို အရိပ်လို မိုးနေသလို ထင်ရသည်။

ဒီနေ့တော့ သူ့မုတ်ဆိုးက သိပ်ပြီး အကွက်မကြီး။ အင်္ကျီကလည်း တီရှပ်လက်တို အဖြူကလေးမို့ ပိုပြီး လူငယ်ဆန်သည်။ သူ့ဆံပင်ကတော့ သိပ်ထူတာပဲ။ ဘေးခွဲထူထူလေး ပုံရိုးရိုး ညှပ်ထားပုံက ရှေးရှေးက ဂျပန်မင်းသားတွေနဲ့ ခပ်ဆင်ဆင်။ အပြားကြီးပြီး ထူထဲသည့် မျက်ခုံးမွေးက သူ့မျက်နှာပေါ်မှာ အထင်ရှားဆုံးပင်။ သူ့ကို ညိုချောဟုတောင် ပြောလို့ရသည်။ ဒီနေ့တော့ သူ့သွားတွေဟာ မနေ့တုန်းကလို ပန်းရောင်မဟုတ်တော့ဘဲ ဖြူဖွေးနေပါသည်။

နန်းစံ မော့ကြည့် မော့ကြည့် လုပ်လာတာကို သိသော လွှန်းရာကျော်က မသိချင်ယောင်ဆောင်ကာ ရှေ့ကိုသာ ကြည့်ရင်း လျှောက်လာသည်။ ခုနေသော ဆတ်ခနဲ လှည့်ကြည့်လိုက်ရင် အကြည့်သူခိုးဖမ်းသလိုဖြစ်ပြီး လန့်သွားရှာမှာပဲ။ အညာသားများ အနီးကပ် မမြင်ဖူးလို့ ခုမှ ကြည့်ရလေသလား။ ပုဂံသားဆိုတာ ဒီလိုပုံမျိုးပဲဟု အသေးစိတ် ပြန်ပြောပြတတ်အောင် အေးအေးဆေးဆေးသာ ကြည့်ပါလေဟု တွေးရင်း ပြုံးစိစိ ဖြစ်ဖြစ်လာပါသည်။

နန်းစံ သေချာကြည့်ပြီး မျက်နှာ ပြန်လှည့်သွားတော့





မှ လွှန်းရာကျော်က နန်းစံကို တစ်ဖန် ပြန်၍ ငုံ့ကြည့်လိုက်ပါသည်။

ပုတုတု မိန်းကလေးက ခြေလှမ်းစိပ်စိပ်လေးဖြင့် သွက်သွက်လျှောက်နေသည်။ ထိုဖြူဥပုကလေးဟာ ဒီနေ့တော့ အောင်းဘီရှည် ပန်းရောင်ကလေးနှင့် ထူထူအိအိ ကိုယ်ကျပ်လက်ရှည် အနီရောင်ကလေး ဝတ်ကာ လည်ပင်းမှာ ပန်းနုရောင် ပဝါကလေး ပတ်ထားသည်။ ရွှေချည်ထိုး အိတ်ကလေးကို စလွယ်သိုင်း၍ လွယ်ထားသေးသည်။ ဆံပင်ကုတ်ဝဲ တိုတိုဖောင်းဖောင်းကလေးကို နောက်မှာ စုစည်းထားသဖြင့် ဆံပင်အတိုအစတချို့ ထွက်ထွက်ဖြာကျနေသည်။ နဖူးပေါ်မှာတော့ ဆံပင်ကလေးက အိတိညီညီ ...။ မြန်မာဆန်သော မျက်နှာကလေးပေါ်မှာတော့ အညိုရောင် ရောင်မျက်မှန်ကြီးကြီးကို တပ်ထားပါသည်။

ခုကြည့်လိုက်တော့ သူမနဲ့ ကိုယ်ဟာ ရွှေမင်းသမီးနဲ့ ဘီလူးတောသားပုံများ ပေါက်နေလေသလားဟု တွေးကာ ပခုံးတစ်ချက် မသိမသာ တွန့်ရင်း မျက်နှာလွှဲလိုက်ပါသည်။

"လွှန်း ... ဘုရားသမိုင်းပြောပြဦးလေ ..."

"အကျဉ်းချုပ်ပဲ ပြောမယ်နော်၊ အကျယ်သိချင်ရင် နောက်မှ စာအုပ်ပေးဖတ်မယ်"

"ဟုတ် ..."

www.burmeseclassic.com



'ဟိုက်'ကနေ 'ဟုတ်' ဖြစ်လာတာမို့ သူက ပြုံးမိရင်း ...

"ဒီဘုရားကို တည်တဲ့ မင်းကတော့ မမွေရုံကြီးဘုရားတည်တဲ့ မင်းလို မဟုတ်ဘူး၊ တကယ့် မင်းကောင်းမင်းမြတ်ပဲ"

"မင်းနာမည်က ဘယ်သူလဲ လွှမ်း ..."

"ကျန်စစ်သားလေ ..."

"သြော် ... နန်းစံကြားဖူးတယ်၊ ကျန်စစ်သားတို့၊ အနော်ရထာလို့လေ၊ နာမည်ကြီး မင်းတွေပဲ"

"ဒီမင်းတွေက သာသနာ ပြန့်ပွားထွန်းကားအောင် စွမ်းဆောင်ပေးခဲ့ကြတဲ့ မင်းတွေပဲ နန်းစံ၊ ပုဂံခေတ်က မဇ္ဈိမဒေသမှာ ဗုဒ္ဓဘာသာ ရဟန်းတော်တွေ အဖိနှိပ် အချုပ်ချုပ်ခံနေကြရတော့ ရဟန်းတော်တွေက နိုင်ငံခြား တိုင်းပြည်တွေကို ရှောင်တိမ်းလာရင်း တချို့လည်း သာသနာ ထွန်းကားတဲ့ ပုဂံပြည်ကို ရောက်လာကြတယ် ...၊

"ကျန်စစ်သားက ပုဂံကို ရောက်လာတဲ့ ရဟန်းရှစ်ပါးကို ဝါတွင်းသုံးလလုံး ဆည်းကပ်ကိုးကွယ်ပြီး ဆွမ်းလုပ်ကျွေးတယ်တဲ့"

"သြော် ... သြော် ... ကုသိုလ်ရတာပေါ့နော်"





ခေါင်းလေး တဆတ်ဆတ် ညိတ်ရင်း ပြောပုံလေးက ချစ်စရာလေးမို့ သူက သူမကို ခပ်ပြုံးပြုံး ကြည့်လိုက်မိပြီးမှ ...

"အတိုချုပ်ပြောရရင်တော့ အဲဒီ ရဟန်းတော်တွေက ကျန်စစ်သားမင်းကို ဥတ္တရဂိရိတောင်မှာ ရှိတဲ့ အနန္တလိုဏ်ဂူပုံစံကို ပြောပြကြလို့ ကျန်စစ်သားမင်းက အနန္တလိုဏ်ဂူပုံစံအတိုင်း ဒီစေတီကို တည်ခဲ့တာတဲ့၊ နောက် အချိန်ကြာလာတော့ အနန္တအမည်ကနေ အာနန္ဒာအမည် ဖြစ်လာခဲ့တာတဲ့ ..."

"ကျန်စစ်သားမင်းက တော်တော် စွမ်းတာပဲနော်၊ နန်းစံရောက်ဖူးတဲ့ ဘုရားထဲမှာ ဒီဘုရားက တော်တော်လှတယ်"

"အာနန္ဒာက ပုဂံအလှ၊ မြန်မာနိုင်ငံရဲ့ အလှလေ၊ အာနန္ဒာမှာရှိတဲ့ အနုပညာလက်ရာတွေနဲ့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာ အနုပညာလက်ရာတွေနဲ့ ယှဉ်ပြိုင်နိုင်တယ်"

"လွှမ်းက ဘုရားတွေအကြောင်း တော်တော် သိတာပဲနော်၊ ပုဂံသားမို့လို့ သိတာလားဟင် ..."

သူက တစ်ချက်ရယ်မိရင်း ...

"ပုဂံသားမို့လို့ သိတာမဟုတ်ပါဘူး နန်းစံရယ်၊ ကိုယ်က ပုဂံကိုချစ်လို့၊ စိတ်ဝင်စားလို့ ဖတ်မှတ်လေ့လာထားလို့၊ ဧည့်သည်တွေနဲ့ ဆက်စပ်နေရတော့ သိထားမှ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သိအောင် ကြိုးစားထားရတာပါ၊ တကယ်တော့ ဒီပုဂံကို အဝေးကလူတွေ ... နိုင်ငံခြားကလူတွေ ... သမိုင်းသုတေသန လုပ်တဲ့ လူတွေက ပိုစိတ်ဝင်စားတာ၊ ပုဂံအကြောင်း ပိုသိတာ၊ နီးလွန်းအားကြီးလို့ မှုန်ဝါးသွားတာပဲလားတော့ မသိဘူး၊ တချို့ ဒေသခံတွေကတော့ ဒီလိုပဲ သိပ်စိတ်ဝင်တစား လေ့လာတာမျိုး မရှိသလို သိလည်း သိပ်မသိကြပါဘူး"

"နန်းစံ ဖေဖေနဲ့ ရွှေစည်းခုံဘုရား သွားတုန်းကတော့ ဘုရားသမိုင်းကြောင်းတွေ လိုက်ရှင်းပြနေတဲ့ ကလေးတွေ တွေ့တယ်"

"သူတို့ပြောတာတွေက သိပ်ယုံလို့မရဘူး နန်းစံရဲ့ ..."

"ဟုတ်လား ... သူတို့က သမိုင်းအမှားတွေ ပြောလို့လား"

"ဘယ်လိုပြောရမလဲ၊ ဒီလိုပဲ လက်ဆင့်ကမ်း ပြောလာကြတဲ့ ဒဏ္ဍာရီဆန်ဆန် စကားတွေလည်း ပါတာပေါ့၊ သမိုင်းဆိုတာက ကောလာဟလတွေ၊ ပါးစပ်စကားတွေ၊ ထင်မြင်ချက်တွေ၊ ဒဏ္ဍာရီတွေ ရောနှောပါနေတတ်လို့ သေချာအချက်အလက်တွေ စုဆောင်းဆက်စပ် လေ့လာပြီးမှ ဒါကတော့ ဖြစ်နိုင်တယ်၊ ဒါကတော့ မဖြစ်နိုင်ဘူး ဆိုတာမျိုး ချင့်ယုံရတာမျိုးတွေ ရှိတယ်၊ တချို့လူတွေက ပုံပြင်လေးလို နားထောင်ကောင်းပြီး ရသမြောက်နေတဲ့ ဒဏ္ဍာရီဆန်





ဆန် အကြောင်းတွေဆို ပိုပြီး ခံစားယုံကြည်ချင်ကြတယ်လေ၊ တကယ့် သမိုင်းတွေတိုင်းက နားထောင်ကောင်းတဲ့ ပုံပြင်မျိုးတော့ မဟုတ်ကြပါဘူး ..."

နန်းစံက ခေါင်းလေးတညိတ်ညိတ်ဖြင့် နားထောင်ရင်း ခြေထောက်လေးတွေ ဆွတဆွတ ဖြစ်လာသည်။

"နန်းစံ ... ခြေထောက် ပူနေပြီလား ..."

"ဟုတ် ..."

"လာလေ ... ဒါဆို ဘုရားထဲဝင်ပြီး ဘုရားဖူးရင်း ခဏနားတာပေါ့၊ ဘုရားထဲက အေးတယ်"

သူတို့က ဘုရား၏ အနောက်ဘက်မုခ်မှ ဘုရားထဲသို့ ဝင်လာသည်။ ပြီးတော့ ဘုရားရှိခိုး၊ ဘုရားထဲ လှည့်ပတ်လေ့လာပြီး တောင်ဘက်မုခ် ဘုရားရှေ့ ကျောက်ပြားအေးအေးလေးတွေမှာ ခဏထိုင်လိုက်ကြသည်။

"လွန်း ... ဆက်ပြောဦးနော်"

"ဆက်ပြောရရင်တော့ ကောလာဟလအကြောင်း ပြောရမယ်၊ ဒီဘုရားတည်တဲ့ အချိန်တုန်းက ကောလာဟလတွေ ထွက်ခဲ့ဖူးတယ် နန်းစံရဲ့၊ ကောလာဟလဆိုတာ သိတယ် မဟုတ်လား"

"ဟုတ် ... သိပါတယ်၊ rumour လေ ..."



www.burmeseclassic.com

www.burmeseclassic.com



နန်းစံက သွက်သွက်ဖြေရင်း နှုတ်ခမ်းမှာစို့နေသည့် ချွေးစ တချို့ကို လက်ဖမိုးဖြင့် တို့သုတ်လိုက်သည်။

"ဒီဘုရားတည်တဲ့ ကျွန်စစ်သားမင်းက အာနန္ဒာစေတီ ပုံစံနဲ့ တူတဲ့ တခြားအဆောက်အဦတစ်ခု ဘယ်နေရာမှာမှ ပေါ်မလာရအောင် အာနန္ဒာစေတီ တည်ဆောက်တဲ့ ဗိသုကာကို သတ်ပစ်လိုက်တယ်တဲ့၊ ပြီးတော့ နောက်တစ်ခုက ဘုရားစေတီ အုတ်မြစ်ချတုန်းက ကလေးတစ်ယောက်ကို အရှင်လတ်လတ် စတေးတယ်တဲ့၊ လူတော်တော်များများရဲ့ မသိစိတ်ထဲမှာ ဒီလို သတင်းမျိုးတွေကို စိတ်ဝင်စားကြတော့ အမျိုးမျိုး ဆင့်ပွားပြောခဲ့ကြမှာပေါ့၊ ဒါပေမယ့် နန်းစံပဲ စဉ်းစားကြည့်လေ၊ ဒီလောက် တရားမွေ့ကြီး အလေးထားတဲ့၊ သာသနာ ပြန့်ပွားအောင် လုပ်နေတဲ့ မင်းကောင်း မင်းမြတ်မျိုးက ဒီလိုလုပ်ရပ်မျိုး လုပ်ခဲ့ပါ့မလား"

"ဒါမျိုး ကောလာဟလတွေက နိုင်ငံ အတော်များများမှာ ရှိတယ် လွှမ်းရဲ့၊ ဝတ္ထုဇာတ်လမ်းဆန်တော့ လူတွေက လည်း ချဲ့တွေးကြတာပေါ့၊ အိန္ဒိယ တာ့ဂျ်မဟာလ် ဆောက်တုန်းကလည်း ဗိသုကာရဲ့ လက်ကိုဖြတ်ပစ်တယ်ဆိုတာမျိုး နန်းစံ ဖတ်ဖူးတယ်၊ ဂျပန်မှာလည်း ၁၇ ရာစုတုန်းက





ကျွန်တစ်ယောက်က အဆောက်အဦတစ်ခုခု အုတ်မြစ်ချတဲ့ အခါ သူ့အလိုအလျောက် စတေးရင် ဂုဏ်ရှိတဲ့အလုပ်ကို လုပ်တယ်လို့ ယူဆတယ်တဲ့၊ စတေးတဲ့ ပုံပြင်တွေကတော့ အများကြီးပဲ ..."

"ဟုတ်တယ် နန်းစံ၊ ကိုယ်ကတော့ မဟုတ်တဲ့ အခြေအမြစ် မရှိတဲ့ ကောလာဟလတွေထဲမှာ ပုဂံကို အရုပ်မဆိုးစေချင်ဘူး"

"နန်းစံကတော့ ကောလာဟလတွေ မယုံပါဘူး၊ ဒါနဲ့ လွှမ်း စောစောက ပြောသွားတဲ့ စကားထဲမှာ ကျွန်တော့် အလုပ်က ဧည့်သည်တွေနဲ့ ဆက်စပ်နေတယ်ဆိုတာ ပါ တယ်နော်၊ လွှမ်း ဘာအလုပ်လုပ်တာလဲ ..."

"ကျွန်တော်က တည်းခိုခန်း ခပ်သေးသေးတစ်ခု ဖွင့်ထား ပါတယ်၊ ပြီးတော့ ကျွန်တော့်အဒေါ်ရဲ့ ပုဂံမင်းသမီး ယွန်း ထည်လုပ်ငန်းမှာလည်း ကူပါတယ်"

"ယွန်းထည်လုပ်ငန်းလား ... နန်းစံ စိတ်ဝင်စားတယ်၊ နန်းစံကို ခေါ်သွားပေးမလားဟင်"

နန်းစံ၏ တောင်းဆိုချက်က လွှမ်းရာကျော်ကို ကျေနပ်ချမ်းသွားစေပါသည်။ နန်းစံကိုသာ ဒေါ်လေးသိုက်ခြံထဲ ခေါ်သွားရင် ဒေါ်လေးသိုက်က စပ်စုလိုက်မယ့် အမျိုး။ သူ့တူကို



www.burmeseclassic.com

www.burmeseclassic.com



ခုလို ညှော်သည် မိန်းကလေးနဲ့ တရင်းတနှီး တွဲသာတွေ့လို့က
တော့ တွေ့တဲ့အရပ်မှာ အော်ငေါက်မှာ သေချာလို့ပင်။

"အင်း … နောက်တော့ သွားတာပေါ့ နန်းစံ …"

"နောက်တော့ …"

နန်းစံက တီးတိုးရေရွတ်ရင်း ငြိမ်သွားသည်။ နောက်
တော့ဆိုတာ သိပ်မှ မသေချာတာလေ။ ဒီနေ့တောင် ဖေဖေမရှိတု
ခိုးထွက်လာရတာ မဟုတ်လား …။ ဒီလိုတွေးမိတော့ စိတ်
မကောင်းချင်သလိုလို ဖြစ်ရသည်။ သို့သော် လွှန်းကိုတော့ ရှေ
မပူဆာချင်။

"လွှန်း … နန်းစံ ဗိုက်ဆာနေပြီ …"

နန်းစံက သူ့ဗိုက်ကလေးကို လက်ဖဝါးလေးကပ်
ပြောတော့မှ လွှန်းရာကျော်က သတိရသွားကာ နာရီတစ်ချ
ကြည့်ရင်း …

"ဟုတ်သားပဲ၊ ၁ နာရီတောင် ထိုးတော့မှာ၊ ဗိုက်ဆာ
ရောပေါ့၊ ကဲ … လာ … ထ … ထမင်းသွားစားရအော
နန်းစံ ဘာစားချင်လဲ၊ မြန်မာမင်းဟင်း စားမလား …

"မြန်မာ ထမင်းဟင်းတော့ စားချင်ပါတယ် လွှန်းရ
ဒါပေမယ့် မြန်မာဟင်းတွေက ဆီတွေများလိုက်တာ
မနေ့က နန်းစံ မြန်မာဘူဖေးဆိုင်မှာ ဝင်စားသေးတ





ဟင်းတုံးတွေကို ဆီထဲမှာ မြုပ်နေအောင် ချက်ထားတာ၊
ဆီထဲကဆယ်ပြီး သေချာ ဆီစစ်စားရတယ်၊ ပုစွန်ချဉ်တို့၊
ငါးရံ့ခြောက်တို့၊ ချဉ်ပေါင်ဖူးထောင်းတွေကိုလည်း ဆီအိုင်
နေအောင် ဆမ်းထားတာ …၊ နန်းစံ အဲဒီလောက် ဆီများ
တာ မစားဖူးဘူး၊ နန်းစံတို့ဆီမှာဆို ဆီသိပ်မသုံးကြဘူး၊
ဆီတွေအရမ်းစားရင် ကျန်းမာရေးအတွက်လည်း မကောင်း
ဘူး မဟုတ်လား"

လွှန်းရာကျော်က ပခုံးတစ်ချက်တွန့်ကာ ပြုံးစိစိဖြင့်

"ဒါဆို နန်းစံတို့ ဂျပန်က ဆင်းရဲသားတွေ များတယ်ထင်
တယ်"

"ရှင် …"

"ကျွန်တော်တို့ဆီက သူဌေးများတယ်လေ …"

သူ့ နောက်ပြောင်စကားကို နောက်ပြောင်စကားမှန်း
မသိဘဲ နန်းစံက မျက်လုံးပြူးကလေးဖြင့် သူ့ကို မော့ကြည့်နေ
သည်။

သူက ဟက်ခနဲ ရယ်ကာ …

"ပိုက်ဆံရှိတဲ့ သူမှ ဆီပြန့်ဟင်း စားနိုင်တာ နန်းစံရဲ့၊
ကျွန်တော် ငယ်ငယ်က ကျွန်တော့်အဘွား ပြောဖူးတဲ့
စကားကို ပြန်သတိရတယ်၊ ဆီပါရင် လွှစာတောင် ဟင်း
ဖြစ်တယ်တဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"လွှာစာ၊ လွှစာဆိုတာ ဘာလဲဟင် ..."

"လွှစာဆိုတာ သစ်သား တစ်ခုခုကို လွှနဲ့တိုက်ဖြတ်လို့ ထွက်လာတဲ့ အလေအလွင့် သစ်အစအန အဖတ်လေးတွေပေါ့၊ ဆီများများနဲ့သာ ချက်ရင် အဲဒီလို လွှစာကို ချက်တောင် စားကောင်းတယ်လို့ တင်စားပြီး ပြောတာ၊ လူအများစုက သားငါးဟင်းလျာကို ဆီများများ ထည့်ချက်ရင် ပိုစားကောင်းတယ်လို့ ထင်ကြတယ်လေ၊ 'ဆီပြန်ဟင်း' ရယ်လို့တောင် သပ်သပ် ချက်စားကြသေးတာ၊ မြန်မာဟင်းတော်တော်များများက ဆီကိုအားပြုကြတယ်၊ ပိုက်ဆံရှိတဲ့သူမှ ဆီစိုစို စားနိုင်တာ၊ ဆီမပါ ဘာမပါ ခြောက်ကပ်ရှင်ဆင်းရဲသားဟင်း၊ ကျွန်တော်တို့ အညာမှာက ဆီကို ရေချိုးဆေးရိုးမီးလှုံဆိုတဲ့ စကားလည်း ရှိတယ်၊ ဆီက ရေချိုးလို့ရအောင် ပေါတယ်ပေါ့၊ အညာဘက်က မြေပဲထွက်တာကိုး၊ ဒါကြောင့် အညာက ဟင်းတွေက ဆီပိုသုံးကြတယ်၊ ခရမ်းသီး မီးဖုတ်သုပ်ရင်တောင် ဆီတွေ အိုင်နေအောင် ဆမ်းထည့်လိုက်တာ၊ ထမင်းကိုတောင် ဆီဆမ်းစားသေးတာ၊ ထမင်းဆီဆမ်းဆိုင်တောင် သပ်သပ်ဖွင့်ထားသေးတာ ..."

"သြော် ... သြော် ... အဲဒီလိုလား"

"ခုနောက်ပိုင်းတော့ တချို့ ကျန်းမာရေး အသိရှိတဲ့သူတွေ





က ဆီလျှော့စားလာကြပါပြီ၊ ရန်ကုန်မှာဆို ဆီလျှော့ချက်တဲ့ နိုင်ငံခြားသားအကြိုက် မြန်မာ ထမင်းဆိုင်တွေလည်း ရှိလာကြပါပြီ"

နန်းစံက သူပြောပြနေတာကို ခေါင်းလေး တညိတ်ညိတ်ဖြင့် နားထောင်နေသည်။

သူက စက်ဘီးပေါ် တက်လိုက်ရင်း ...

"ကဲ ... လာ ... သွားကြမယ်၊ မြန်မာစာ မစားချင်ရင် တရုတ်စာ စားမလား"

"ဟင့်အင်း၊ မြန်မာ ထမင်းဟင်းပဲ စားမယ် လွှန်း ..."

"ဆီများတယ်ဆို ..."

"များလည်း ဆီစစ်ပြီး စားလိုက်ပါ့မယ်၊ မြန်မာပြည်ကို ခုမှရောက်တာဆိုတော့ မြန်မာ ထမင်းဟင်းနဲ့ ရင်းနှီးအောင် စားချင်သေးတယ်"

သူမက စက်ဘီးနောက် ကယ်ရီယာမှာ တင်ပလ္လင်ထိုင်လိုက်တာမို့ သူက စက်ဘီးကို စီးထွက်လာပါသည်။

"လွှန်းရေ ... ထမင်းစားပြီးရင် စက်ဘီး နောက်တစ်စီး ထပ်ငှားရအောင်"

"ဘာဖြစ်လို့လဲ နန်းစံ ..."

"တစ်ယောက် တစ်စီး စီးမယ်လေ၊ နှစ်ယောက်တစ်စီးဆိုတော့ ဝေးဝေးသွားရင် လွှန်း ပင်ပန်းမှာ စိုးလို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နူးညံ့သော စိတ်ပူစကားလေးကြောင့် သူ့ရင်ထဲမှာ စိမ့်ခနဲ အေးသွားပါသည်။

လူပျို ... အပျို နီးကပ်လာရင် ဒီလိုပဲလား ...။

ဒါပေမယ့်လည်း ...

ဒီချယ်ရီသီးကလေးက သူ့အတွက်တော့ မစားကောင်းသော အသီးဆိုတာ သူ နားလည်ထားပါသည်။



## (၁၃)

သရုပါတံခါးနားက ထနောင်းရိပ်အောက်က ထမင်းဆိုင်လေးက အဆောင်အယောင်မဲ့သော်လည်း လူစည်ကားမြဲပင်။ ဘူးပွဲပု ထိုင်ခုံအပုလေးတွေ လေးငါးဝိုင်း ချထားသော ထမင်းဆိုင်လေး ...။ ဒီဆိုင်လေးနားမှာ သရုပါ (၂) စားသောက်ဆိုင်ရှိတာမို့ ထိုဆိုင်နှင့် မနီးမဝေးမှာ ရှိသည့် ဒီထမင်းဆိုင်လေးကို သရုပါ(၃)ဟု အမည်ပေးထားကြသည်။ ဆိုင်းဘုတ်တပ်မထားသော်လည်း သရုပါသရီးဟု ဆိုလိုက်လျှင် ဒီဆိုင်ကလေးမှန်းသိကြသည်၊ လွန်းရာကျော်က နန်းစံကို ထိုဆိုင်လေးမှာ ထမင်းကျွေးဖြစ်ပါသည်။

နန်းစံက ခုံပုကလေးမှာ ဒူးလေးစေ့၍ ထိုင်ရင်း သာချပေးသည့် ဟင်းတွေကို စူးစမ်းလေ့လာနေပါသည်။

"ဒီဆိုင်က ဈေးလည်းသက်သာ၊ စားလို့လည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် နန်းစံ၊ ဟင်းတစ်ပွဲချပေးရင် ကိုယ် စားတဲ့ အတုံး အပေါ်မှာပဲ ပိုက်ဆံတွက်ယူတာ ...”

“ဟုတ်လား ...”

“ဒီလိုဆိုင်မျိုးမှာ နန်းစံ စားဖူးအောင် ခေါ်လာကျွေးတာပါ။ လမ်းဘေးဆိုင်မှာ ကျွေးရတာ အားတော့နာပါတယ်”

“ရပါတယ်၊ အားမနာပါနဲ့၊ နန်းစံ စိတ်ဝင်စားပါတယ်၊ အစုံစားဖူးတယ်ရှိအောင် စားကြည့်တာပေါ့ ...”

“ဒီနေရာက အာနန္ဒာဘုရားနဲ့လည်း အနီးဆုံးလေ၊ သရုပ် တံခါးနဲ့လည်း နီးတော့ ထမင်းစားပြီးရင် သရပါတံခါးက ဖြတ်ပြီး မြို့ဟောင်းထဲ သွားရုံပဲလေ ...”

“ဒါဆို အဆင်ပြေတာပေါ့ ... လွန်းရဲ့”

နန်းစံက စားပွဲဝိုင်းတွေမှာ အားရပါးရ စားနေကြ သည့် လူတွေကို သဘောတကျလေး လိုက်ကြည့်နေရင်း ဖြေသည်။

ဆိုင်အကူ အမျိုးသမီးတစ်ယောက်က ပူနွေးကြွပ်ရွ နေသည့် ကြော်ပြီးခါစ ကြက်ကြော်တွေကို ဇလုံဖြင့် ထည့်ကာ လာချပေးသည်။ ပြီးတော့ ငါးနှင့် ချဉ်ပေါင်ရွက်ဟင်း၊ တံစောင် ခါးကြော်၊ ချဉ်ပေါင်ဖူးကြော်၊ ငါးလုံးကြော်၊ ငါးခြောက်အစပ် ကြော်၊ ခရမ်းချဉ်သီးငါးပိချက် ဟင်းလျာ တိုတိုထွာထွာလေးတွေ လာချပေးတာမို့ နန်းစံက စုံအောင် လိုက်မြည်းနေသည်။





ငါးခြောက်အစပ်ကြော်နှင့် ထမင်းတစ်လုတ် စားပြီး ချိန်မှာတော့ နန်းစံရဲ့ နှာသီးဖျားကလေးတွေ ပါးလေးတွေ ရဲတွတ် လာပါသည်။

“ရှူး ... အား၊ စပ် ... စပ်လိုက်တာ”

“ဟင် ... နန်းစံ တော်တော် စပ်သွားလား”

“အား ... စပ်တယ်”

“ဟာ ... ဟုတ်သားပဲ၊ နန်းစံတို့ လူမျိုး တော်တော်များ များက အစပ်မှ မစားနိုင်ကြတာ၊ ကျွန်တော်တို့ဆီကတော့ အစပ်ကြိုက်ကြတယ် ...”

“နန်းစံလည်း အစပ်ကြိုက်ပါတယ်၊ နန်းစံလည်း မြန်မာ ပါ၊ နန်းစံ အစပ်စားနိုင်ပါတယ်”

သူ စကားမှားသွားမှန်း သိလိုက်သည်။ သူ ဂျပန် တွေ အစပ်မစားနိုင်ကြောင်း ပြောမိသည်လေ။ နန်းစံက သူ့ကို ဒီလို ခွဲခြားပြောတာကို ကြိုက်ပုံမရ။ ဒီလောက် ချွေးတွေထွက် မျက်ရည်လည်၊ မျက်နှာနီရဲနေတဲ့ ကြားက ငါးခြောက်အစပ်ကြော် တစ်ဇွန်း ခပ်စားလိုက်ပြန်သည်။

သူ တားလည်း တားချင်သည်။ တားလို့လည်း မတား ရက်၊ သူမက စပ်သော်လည်း မစပ်ချင်ယောင်ဆောင်ကာ ကြိတ် မှိတ်စားနေသည်။ မြင်းခွာရွက်သုပ် တစ်ဇွန်း ခပ်စားပြီးချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငရုပ်သီးစိမ်းတွေ ကိုက်ဝါးမိသွားကာ မျက်ရည်တောက်တောက် ကျလေသည်။

"နန်းစံ … ရော့ … ရော့ … ဒီမှာ ရေသောက်ချလိုက်ဦး"

မျက်နှာလေး ရဲတွတ်ရင်း မျက်ရည်ပေါက်ပေါက်ကျနေသော သူမက သူကမ်းပေးသော ရေဖန်ခွက်ကို ခပ်မြန်မြန် လှမ်းယူပြီး တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်ပါသည်။ ပြီးမှ မျက်ရည်သုတ်၊ နှပ်သုတ်လုပ်ပြီး သူ့ကို လှမ်းကြည့်ကာ အရှက်ပြေ တစ်ချက် ရယ်ပြလိုက်ပုံကလေးက ချစ်စရာ ကောင်းလွန်းလှပါသည်။ ဒီလိုနဲ့ပဲ ဒီလိုပုံစံလေးတွေနဲ့ပဲ အချိန်တိုလေးအတွင်းမှာ သူ့ကို အမှတ်တရတွေ ပေးနေတော့မည် ထင်ပါရဲ့ …။

ထမင်းစားပြီးတော့ ပိုက်ဆံရှင်းကာ စက်ဘီးရပ်ထားသည့် သစ်ပင်ရိပ်သို့ လျှောက်လာဆဲမှာ သရုပါတံခါးဘက်မှ ဆိုင်ကယ်စီး၍ ထွက်လာသော တမာ့ကို လှမ်းမြင်လိုက်ရပါသည်။ တမာကလည်း သူတို့ကိုမြင်သွားကာ ဆိုင်ကယ်ကို သူတို့ဘက်သို့ ချိုးကွေ့လာလိုက်သည်။ ထုံးစံအတိုင်း တမာ့ ပါးနှစ်ဖက်မှာ ပါးကွက်အပြည့်နှင့် …။ ပါတိတ်လုံချည်နှင့်၊ ဝတ်နေကျ ရှပ်လက်ရှည်နှင့်။

"ဟဲ့ … ရာကျော် …"

ဂျမ်းဒေါ်မက ထုံးစံအတိုင်း အသံစွာစွာဖြင့် လှမ်း





ခေါ်သည်။ ပြီးတော့ လွန်းရာကျော်တို့နားမှာ ဆိုင်ကယ်ကို စက်သပ်ရင်း ခြေထောက်၍ ရပ်လိုက်ပါသည်။

"ဂျမ်းဒေါ်မ … နင် ဘယ်သွားမလို့တုန်း"

"ဘာ ဂျမ်းဒေါ်မလဲ၊ သေဦးမယ်၊ ငါ တောင်ဘီလှာဘက် ခဏသွားမလို့၊ နင်ကရော …"

တမာက နန်းစံကို တစ်ချက် လှမ်းကြည့်ရင်း မေးလိုက်ပါသည်။

"ဒါက ငါ့မိတ်ဆွေလေ … ခင်နန်းစံတဲ့၊ သူ့ကို ဟိုဟိုဒီဒီ လိုက်ပို့ပေးနေတာ၊ နန်းစံ … ဒါ ကျွန်တော့်သူငယ်ချင်း ရွှေတမာ … တဲ့"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်ရှင် …"

နန်းစံက ခါးကလေးညွှတ်၍ နှုတ်ဆက်လိုက်တာပင်။ မြန်မာလို ပီပီသသ ပြောပေမယ့် လေယူလေသိမ်းက နည်းနည်း ထူးခြားတာမို့ တမာက နန်းစံကို ဇဝေဇဝါ တစ်ချက်ကြည့်ပြီး လွန်းရာကျော်ကို တစ်ချက် ပြန်ကြည့်သည်။

"ဟုတ်ကဲ့ … ကျွန်မလည်း ဝမ်းသာပါတယ်၊ ရာကျော် ငါဝင်စရာရှိသေးလို့ သွားတော့မယ်၊ မခင်နန်းစံ သွားပါဦးမယ်"

"ဟိုက် … ဟိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ရင်း ထွက်လာသည့် အသံက တစ်မျိုး ဖြစ်နေတာမို့ တမာက မျက်ခုံးတစ်ချက်ပင့်သွားသည်။ ပြီးတော့ လွန်းရာကျော်ကို တစ်ချက်ကြည့်ပြီး ဆိုင်ကယ်ကို ဆက်လက် မောင်းထွက်သွားပါသည်။

သူတို့ အတူ စက်ဘီးရပ်ထားသည့် သစ်ပင်ဘက်ဆီ ဆက်လျှောက်လာရင်း နန်းစံက လွန်းရာကျော်ကို ငဲ့မော့ကြည့် လိုက်ကာ ...

"လွန်း ..."

"အင်ဟင် ... ပြောလေ ... နန်းစံ"

"သူကကျတော့ လွန်းကို ရာကျော်လို့ ခေါ်တယ်နော်"

"အင်း ... ဟုတ်တယ် နန်းစံ၊ ပုဂံက ရွယ်တူ သူငယ်ချင် တော်တော်များများက ကျွန်တော့်ကို ရာကျော်လို့ပဲ ခေါ်ကြ တယ်"

"တမာနဲ့ လွန်းနဲ့က အရမ်းရင်းနှီးကြသလိုပဲနော်၊ ငယ် သူငယ်ချင်းတွေလာ ..."

"ဟုတ်တယ် နန်းစံ ..."

နန်းစံက ခဏငြိမ်သွားပြီးမှ လွန်းရာကျော်ကို မေ ကြည့်ပြန်ကာ ...

"သူ့ပါးမှာ လိမ်းထားတာ သနပ်ခါး မဟုတ်လား လွန်း"





"ဟုတ်တယ်လေ နန်းစံ၊ သနပ်ခါးက နေလောင်ခံတယ်၊ အဲ့ဒါကြောင့် တမာက ဆိုင်ကယ်နဲ့ အပြင်ထွက်တိုင်း သနပ်ခါး ပါးကွက်ကြီးကြီး ကွက်ပြီး ထွက်တယ်လေ ..."

"နန်းစံလည်း နေပူထဲ ထွက်နေတာဆိုတော့ နေလောင် ခံအောင် သူ့လို သနပ်ခါးမျိုး လိမ်းချင်တယ်"

"သူ့လို သနပ်ခါးမျိုးက ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးရှိမှ လိမ်းလို့ရတာ နန်းစံရဲ့ ..."

"အဲ့ဒါဆိုလည်း ကျောက်ပျဉ်နဲ့ သနပ်ခါးတုံး ဝယ်လိုက် ရုံပဲလေ ..."

"ဝယ်ပြီးရင် သနပ်ခါးနှစ် ထွက်လာအောင် သွေးရသေး တာ၊ နန်းစံက သနပ်ခါးသွေးတတ်လို့လား ..."

"လွန်း သွေးပေးလို့ မရဘူးလား"

လွန်းရာကျော်က အဖြေမပေးဘဲ နန်းစံကို ပြုံးစိစိ ကြည့်နေသည်။ ပြီးမှ တစ်ချက်ရယ်ကာ ...

"ယောကျ်ားလေးဆိုတာ လူတိုင်းကို သနပ်ခါး သွေးမပေး ဘူး နန်းစံ၊ ယောကျ်ားလေး တစ်ယောက်က သနပ်ခါး သွေးပေးတဲ့လူ သုံးမျိုးရှိတယ်၊ ကလေးရယ်၊ အမေရယ်၊ မိန်းမရယ် ..."

"ဩော် ... အဲ့ဒီလိုလား၊ ဒါဆို နန်းစံက အဲဒီ သုံးမျိုးထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမှ မဟုတ်ဘူးဆိုတော့ လွန်းက သွေးမပေးနိုင်ဘူး ပေါ့”

“ဒါပေါ့ ...”

လွန်းရာကျော်က ခေါင်းတစ်ချက် ဆတ်ပြလိုက်တော့ နန်းစံရင်ထဲမှာ ဝမ်းနည်းသလိုလို ဖြစ်သွားရပါသည်။

“ကဲ ... လာ သွားကြမယ်”

လွန်းရာကျော်က စက်ဘီးကို တွန်းယူလာရင်း နန်း ကို ခေါ်လိုက်တာမို့ နန်းစံက စက်ဘီးနောက်မှာ ဝင်ထိုင်လိုက် သည်။

စက်ဘီးငှားသည့် နေရာကို အရင်သွားကာ စက်ဘီး တစ်စီး ထပ်ငှားလိုက်ပြီးမှ စက်ဘီး တစ်ယောက်တစ်စီးဖြင့် ဆင် ထွက်လာခဲ့ကြပါသည်။

ကွေ့ကွေ့ကောက်ကောက် မြေနီလမ်းကလေး မှာ စက်ဘီးနှစ်စီးက ယှဉ်ပြိုင်နင်းသည့်အခါ နင်း၊ ရှေ့နောက် နင်းသည့်အခါ နင်းရင်း ဘုရားတွေ တစ်ဆူပြီးတစ်ဆူ သွားခဲ့ သည်။ ဒီလိုနဲ့ပဲ နေမင်းက ပုဂံဘုရားတွေရဲ့ အထက်ဆီမှ တဖြ ဖြည်း ကျော်ဖြတ်လျက် ဧရာဝတီအထက်ဆီ ယွန်းလာခဲ့သည် မကြာခင် တန့်ကြည့်တောင်စွယ်မှာ နေဝင်ရပေဦးမည်။

နန်းစံသည် ဗူးဘုရားပေါ်မှာ လွန်းနှင့်အတူထိုင်





ဧရာဝတီမြစ်ပြင်ထက်ဆီက ဝင်လုဆဲဆဲ နေဝန်းနီကို ငေးမောရင်း ဝမ်းနည်း လှိုက်မောလာခဲ့ရသည်။

နန်းစံဟာ ဒီလောက်ကြီး စိတ်ပျော့တာတော့လည်း မဟုတ်ရပါဘူး။ ယောကျ်ားတစ်ယောက်ကို နီးစပ်ရုံနဲ့ သာယာ တွယ်တာတတ်တဲ့ မိန်းကလေးမျိုးလည်း မဟုတ်ရပါဘူး။ သို့သော် လည်း ခုလို နေဝင်လို့ ပြန်ချိန်နီးခိုက်မှာ ရင်ထဲ ဟာတာတာနှင့် ဘာကို နှမြောမှန်းမသိ နှမြောမိပါသည်။

“နန်းစံတို့ဆီမှာ ချယ်ရီတွေ ဘယ်အချိန်ပွင့်ကြလဲ ...”

နှစ်ယောက်လုံး တိတ်ဆိတ်နေရာမှ လွန်းက စကား စတင်လာသည်။

“ဧပြီလဆို ပွင့်ပြီပေါ့ လွန်း ...၊ ဂျပန်တစ်ဆောင်းတွင်း လုံး နှင်းရည်တွေ တစ်ဝကြီး သောက်ထားရတဲ့ ချယ်ရီ ပင် မည်းမည်းကြီးတွေက မတ်လကုန်လောက်မှာ အနွေး ဓာတ်လေး ရလာတာနဲ့ အဖူးလေးတွေ ထွက်လာပြီး ပွင့် ဖို့ အားယူတော့တာပဲ၊ ဧပြီလလယ် မရောက်ခင် ဂျပန် ကျွန်း တစ်ကျွန်းလုံး တောင်ဘက်နေရောင်ခြည် စနွေးလာ တဲ့ ဒေသက စပြီး မြောက်ဘက်စွန်း ဟော်ကိုင်းဒိုးအထိ တောက်လျှောက် ပွင့်လာတော့တာလေ ...၊

“အဲ့ဒီအချိန်ဆို ဂျပန်ကျွန်း တစ်ကျွန်းလုံး



www.burmeseclassic.com

www.burmeseclassic.com



Sakura Zone (ဆာကူရာဇုံ) လို့တောင် ခေါ်လို့တယ်၊ အဲ့ဒီအချိန်မှာ ဂျပန်ကျွန်းပေါ်ကို ရဟတ်ယာဉ်နဲ့ ဝဲကြည့်ရင် ပန်းရောင်လွှမ်းနေတဲ့ ကျွန်းကြီးအဖြစ် မြင်ရမှာ လွှမ်းရဲ့ ...၊

"ဂျပန်က မြို့တိုင်းမှာ စနစ်တကျ စိုက်ပျိုးထားတဲ့ ဆာကူရာလမ်းဆိုတာ ရှိတယ်၊ ဆာကူရာတွေ ပွင့်ပြီဆို တစ်မြို့လုံး ရှိသမျှ အပင်တွေ တစ်ပြိုင်တည်း ပွင့်ကြတယ်လေ ..."

"ကျွန်တော်တို့ဆီက ပိတောက်လိုပေါ့၊ ပိတောက်လည်း ပြေလဆို ပွင့်တယ်လေ၊ ချယ်ရီလိုပဲ တစ်မြို့လုံး ရှိသမျှ အပင်တွေ တစ်ပြိုင်တည်း ပွင့်ကြတာ၊ ဒါပေမယ့် ပိတောက် အကြွေမြန်တယ်၊ သက်တမ်းတိုတယ်"

"ဆာကူရာကလည်း သက်တမ်းတိုတာပဲ လွှမ်းရဲ့၊ ဂျပန်မှာ ဆာကူရာကို ဘယ်လောက် တန်ဖိုးထားသလဲဆိုရင် တစ်နိုင်ငံလုံးက ဆာကူရာပန်းတွေ ပွင့်နေတဲ့ အဲ့ဒီ အချိန်မှာ ဟာနမိ Hanami လို့ခေါ်တဲ့ ပန်းကြည့်ပွဲတွေ လုပ်ကြတယ်"

"ပန်းကြည့်ပွဲ ..."

"ဟုတ်တယ် လွှမ်း၊ ဂျပန်လို Hana ဆိုတာက ပန်းလေ mi ဆိုတာက ကြည့်တာ၊ Hanami ဆိုတော့ ပန်းကြည့်





ပွဲပေါ့၊ နေရာကျယ်တဲ့ မြို့တွေမှာဆို ဆာကူရာပင်တန်းတွေ အောက်မှာ အခင်းခင်းထိုင်ပြီး ပွင့်ဖတ်တွေ ကြွေကျလာတာကို ခံစားကြတယ်၊ ပွဲဈေးတန်းအရှည်ကြီးတွေမှာ မုန့်တွေ လှည့်ပတ်စားကြတယ်၊ မိသားစု သူငယ်ချင်းတွေ စုပြီး ပျော်ပွဲစား ထွက်ကြသလို စားကြ သောက်ကြ လည်ကြ ပတ်ကြ ဓာတ်ပုံရိုက်ကြနဲ့ အရမ်း ပျော်စရာကောင်းတယ်လေ"

"နန်းစံက ပန်းတွေထဲမှာ ဘယ်ပန်းကို အကြိုက်ဆုံးလဲ"

"ဆာကူရာပန်းကို အကြိုက်ဆုံးပဲ လွှမ်း ..."

"ဘာဖြစ်လို့ ကြိုက်တာလဲ နန်းစံ ..."

"ဆာကူရာက ပွင့်တဲ့သက်တမ်းတိုပေမယ့် သူပွင့်တဲ့ အချိန်မှာတော့ အလှဆုံးဖြစ်အောင် အစွမ်းကုန် ပွင့်ပေးသွားတယ်လေ၊ ဒါကြောင့် ဆာမူရိုင်းတွေ နင်ဂျာတွေကတောင် ချယ်ရီတွေက သူ့ရဲ့ဘဝနဲ့တူတယ်လို့ ခံစားရတယ်တဲ့၊

"နန်းစံလည်း နောက်ဆုံးမှာ အရိုးပြိုင်းပြိုင်း ကျန်ခဲ့ရင်တောင်မှ ပွင့်နိုင်တဲ့ အချိန်တိုလေးအတွင်းမှာ အစွမ်းကုန် အလှဆုံးဖြစ်အောင် ပွင့်ပေးခဲ့တဲ့ ဆာကူရာလို စိတ်မျိုးနဲ့ လူတစ်ယောက်ကို ချစ်ဖူးချင်တယ်လေ ..."

နန်းစံက ရင်ထဲရှိတာ ပြောချလိုက်မိပြီးမှ သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နာကို မကြည့်ရဲတော့ဘဲ မျက်နှာလွှဲကာ တန့်ကြည့်တောင်စွယ်မှာ မေးတင်နေသည့် နေဝန်းနီကို လှမ်းမျှော်ကြည့်နေပါသည်။

သူတို့ရပ်နေသည့် ဘုရားအောက်ခြေ ပစ္စယံပေါ်သို့ ဆည်းဆာရောင်က ဖျော့ကျနေသည်။ ဆောင်းညနေက မြန်လေကြောင့် အနည်းငယ် အေးလာပါသည်။

တောင်စွယ်မှာ နေကွယ်တော့ နန်းစံ စိတ်ထဲမှာ ဝမ်းနည်းသလို ခံစားလာရပါသည်။

"ပြန်ကြစို့ ... နန်းစံ ..."

"ဟုတ်ကဲ့ ..."

နန်းစံတို့ ဘုရား ရင်ပြင်ပေါ်သို့ ပြန်တက်လာခဲ့ကြပါသည်။

နေညိုချိန် အပြန်လမ်းကတော့ ဝမ်းနည်းစရာ ဖြစ်လေသည်။

သူ့စက်ဘီးက ရှေ့က၊ နန်းစံ စက်ဘီးက နောက်မှ စက်ဘီးနှစ်စီးက မြေနီလမ်းကွေ့ကွေ့လေးပေါ်မှာ ဖျင်းရိဖျင်းရဲ ပြေးလွှားနေသည်။ ပုဂံ၏ ဘုရား ပုထိုး စေတီများက နှင်းမြူကြားမှာ မှုန်ဝါးဝါး ဖြစ်လာသည်။

လွန်းရာကျော်က သက်ပြင်းဖောခဏ ချလာမိသည်။

ပျော်ပျော်သာ နေလာတဲ့ ကိုယ့်ဘဝမှာ အပူအပင်





တွေလည်း မလိုချင်လှပါ။ ပြည့်စုံလွန်းတဲ့ နန်းစံရဲ့ ဘဝကိုလည်း အပူအပင်တွေ ရှိမလာစေချင်ပါ။

သူက ဘဝကို သမားရိုးကျ အေးချမ်းစွာ ဖြတ်သန်းလိုတဲ့ ပုဂံသားပါ ...။

ဟိုတယ်ပြန်သည့် လမ်းက စက်ဘီးငှားသည့် နေရာလေးမှာ နန်းစံ စီးလာသည့် စက်ဘီးတစ်စီးကို ပြန်အပ်ခဲ့ပြီး ဟိုတယ်သို့ နှစ်ယောက်တစ်ဘီး စီးကာ ပြန်လာခဲ့ကြသည်။

သူမကို ဟိုတယ်ဘက် သွားသည့်လမ်းကွေ့လေးမှာ ချပေးလိုက်ပြီး ...

"ကိုယ် သွားတော့မယ် နန်းစံ ..."

သူ နှုတ်ဆက်တော့ သူမက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ သူမ မျက်ဝန်းထဲမှာ ဝမ်းနည်းရိပ်တွေ တွေ့ရသော်လည်း သူက အကြည့်လွှဲကာ ...

"နန်းစံလည်း သွားတော့လေ ..."

ဟုပြောတော့ သူမက သူ့ကိုကျောခိုင်းကာ ဟိုတယ်ဘက်သို့ လျှောက်ထွက်သွားသည်။

သူက သူမကို ကျောခိုင်းကာ စက်ဘီးစီး ထွက်လာသည်။ သို့သော် ... သိပ်ဝေးဝေးမရောက်ခင် ခြေထောက် တစ်ဖက်ထောက်ကာ စက်ဘီးကိုရပ်ပြီး နောက်သို့ သမင်လည်ပြန် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ရှေ့ပြန်လှည့်ကာ စက်ဘီးဆက်စီးလာသည်။ သို့သော် နောက်တစ်ခေါက် ရပ်၍ ကြည့်မိပြန်သည်။ ကျောခိုင်းလျှောက်ထွက်သွားသော သူမက သူနဲ့ တဖြည်းဖြည်းဝေးကာ ဟိုတယ်နဲ့ တဖြည်းဖြည်း နီးသွားသည်။

သူ့ကို ကျောခိုင်းထွက်ခဲ့သော နန်းစံသည်လည်း လမ်းလျှောက်ရင်းက ခြေလှမ်းရပ်ကာ သူ့ကို သမင်လည်ပြန် လှည့်ကြည့်သည်။ သူက စက်ဘီးနင်းလျက် ထွက်ခွာသွားပြီ ...။ နန်းစံက ရှေ့ဘက်ပြန်လှည့်ကာ ဟိုတယ်ဆီ ဆက်လျှောက်လာသည်။ သို့သော် ခဏကြာတော့ ခြေလှမ်းတုံ့ကာ သမင်လည်ပြန် ကြည့်မိပြန်သည်။ ဒီတစ်ကြိမ်မှာတော့ စက်ဘီးရပ်လျက် နန်းစံကို သမင်လည်ပြန် ကြည့်နေသည့် လွန်းနှင့် အကြည့်ချင်း ဆုံလေသည်။

"လွန်း ..."

နန်းစံက နောက်တစ်ခွန်း ထပ်ခေါ်ကာ သူ့ဆီသို့ ပြန်ပြေးလာခဲ့မိသည်။

နန်းစံ ပြေးလာခဲ့ချိန်မှာ သူကလည်း စက်ဘီးကို ပြန်ကွေ့ကာ နန်းစံဆီသို့ ဦးတည်လာသည်။

နန်းစံတို့ နှစ်ယောက် လမ်းခုလတ်မှာ ဆုံမိကြသည်။ ဘာမှမပြောဘဲ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။ မိုးချုပ်စပြုပြီမို့ ပတ်ဝန်းကျင်ကလည်း မှောင်ရီနေခဲ့ပြီ





နန်းစံ ဘာပြောရမလဲ ...။

ဘာပြောချင်လို့ သူ့ဆီ ပြန်ပြေးလာခဲ့မိတာလဲ ...။

မခွဲချင်သေးလို့သာ ပြန်ပြေးလာခဲ့သော်လည်း ခုလို မျက်နှာချင်းဆိုင် ရပ်မိချိန်မှာ ဘာပြောရမှန်း မသိပါ။

နန်းစံက နည်းနည်း အရဲစွန့်ကာ ...

"လွန်း ... နန်းစံတို့ ဘယ်တော့ တွေ့ကြဦးမလဲဟင် ..."

"နန်းစံ ဖေဖေက မနက်ဖြန်ဆို ပုပ္ပားက ပြန်ရောက်လာတော့မှာ မဟုတ်လား၊ နန်းစံ ဒီလိုထွက်လာဖို့ဆိုတာ မလွယ်ဘူးလေ၊ မမျှော်လင့်သင့်တာကို မမျှော်လင့်တာ ကောင်းပါတယ် နန်းစံ ...၊ နန်းစံနဲ့ ကျွန်တော် နောက်နေ့တွေမှာ မတွေ့ဖြစ်ခဲ့ရင်လည်း ဒီနေ့ တစ်နေ့ကို အမြဲ အမှတ်တရ ဖြစ်နေမှာပါ၊ သွားတော့လေ ... နန်းစံ၊ ကျွန်တော်လည်း သွားတော့မယ် ..."

"ခဏ ..."

လွန်းရာကျော်က စက်ဘီးလက်ကိုင်ကို ဆွဲလှည့်လျက်တာမို့ နန်းစံက သူ့စက်ဘီးလက်ကိုင်ကို ပြန်ဆွဲထားရင်း ပြောလိုက်သည်။ ပြီးတော့ နန်းစံရဲ့ လည်ပင်းမှာ ပတ်ထားသည့် ပန်းရောင်ပဝါပါးလေးကို ဖြုတ်ကာ သူ့စက်ဘီးလက်ကိုင်မှာ ချည်နှောင်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ... စက်ဘီးစီး ထွက်လာခဲ့သည်။ ဖဝါလေးက စက်ဘီးလက်ကိုင်မှာ တဖျပ်ဖျပ် လွင့်လူပ်နေခဲ့သလို သူ့နှလုံးသားသည်လည်း တလှပ်လှပ်တုန်ခါ၍ နေလေသည်။



(၁၄)

"မောင်ကျော်သက် ... အန်ကယ်လ် စုံစမ်းခိုင်းထားတဲ့ကိစ္စ စုံစမ်းပြီးပြီလား ..."

"ဟုတ်ကဲ့ ... ပြီးပါပြီ အန်ကယ်လ်"

ဦးဘုန်းကျော်စံက ပုပ္ပားက ပြန်ရောက်ရောက်ချင်းပင် မောင်ကျော်သက်ကို မေးလိုက်သည်။ ဟောဒီ ပုဂံတစ်ဝိုက်ကို ကိုယ်တိုင် လျှောက်သွားပြီး စုံစမ်းမေးမြန်းလို့မဖြစ်ပေပယ့်လည်း ဒီပုဂံမြေကို ပြန်လည် နင်းမိတဲ့ အချိန်ကစလို့ 'ခင်နှင်းသိုက်' ရဲ့ အကြောင်းကို သိချင်ခဲ့မိပါသည်။

"ပုဂံမြို့သစ်ထဲက ပုဂံမင်းသမီး ယွန်းထည်လုပ်ငန်းက ဒေါ်ခင်နှင်းသိုက်ရဲ့ လုပ်ငန်းပါ အန်ကယ်လ်၊ သူက အပျိုကြီးလို့ ပြောပါတယ်၊ လုပ်ငန်းကိုလည်း သူပဲ ဦးဆောင်နေတယ်လို့ ပြောပါတယ်၊ သူ့အစ်ကိုက မွေးတဲ့ သူ့တူကို



www.burmeseclassic.com

www.burmeseclassic.com



မွေးစားထားတယ်လို့ ပြောပါတယ်၊ ပုဂံက ကျွန်တော့်မိတ်ဆွေကို သေချာစုံစမ်းထားခိုင်းတာပါ၊ သူက ဓာတ်ပုံလည်း ရိုက်ယူလာပေးပါတယ် အန်ကယ်လ် ...”

“ပြစမ်းပါဦး ...”

ဦးဘုန်းကျော်စံက စိတ်စောစောဖြင့် ဓာတ်ပုံကိုတောင်းလိုက်ပါသည်။ ခုချိန်ဆို ခင်နှင်းသိုက်တို့က အညာသူပီပီဆီရွှဲရွှဲ ပဲများများစားပြီး ဝတုတ်မကြီး ဖြစ်နေပြီလား။ ကိုယ်ကတော့ ဆီလည်း များများမစား၊ မှန်မှန် ကစားပြီး ဝိတ်လည်းထိန်းထားတာမို့ လူငယ်လေးအလား ကြည့်ကောင်းနေတုန်းပဲမဟုတ်လား ...။

ဦးဘုန်းကျော်စံက လက်ဆန့်တန်းကာ ဓာတ်ပုံတောင်းခံနေချိန်မှာ ကျော်သက်ကတော့ နည်းနည်း ပျာနေပါသည်။ ဓာတ်ပုံတွေကို အကုန်ပြရကောင်းနိုး မကောင်းနိုး ...။ ဦးဘုန်းကျော်စံက ဒေါ်ခင်နှင်းသိုက်ပုံကိုပဲ ရိုက်ခိုင်းပေမယ့် ဓာတ်ပုံရိုက်တဲ့ သကောင့်သားက ပတ်သက်ရာပတ်သက်ကြောင်းတွေရဲ့ ပုံကိုပါ စေတနာပိုပို ရိုက်လာတော့ မခက်ပေဘူးလား ...။

“ဟောကောင် ... ပြလေကွာ၊ ဘယ်မှာလဲ ဓာတ်ပုံတွေ ...”

“ဟုတ် ... ဟုတ်ကဲ့ ... ဒီမှာပါ အန်ကယ်လ်”

ကျော်သက်က ဓာတ်ပုံတချို့ကို လျင်လျင်မြန်မြန်





ရွေးထုတ်ချန်ထားလိုက်ပြီး ဒေါ်ခင်နှင်းသိုက်ပုံတွေကို ဦးဘုန်းကျော်စံ လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

ဦးဘုန်းကျော်စံက ဓာတ်ပုံတစ်ပုံကို မြင်လျှင် ဆွတ်ပျံ့ အံ့သြသွားလေသည်။

အရင်လို မနုငယ်တော့ပေမယ့်လည်း အရင်လို လှမြဲကျက်သရေရှိမြဲ ...၊ မဟာဆန်မြဲ ...။ ယွန်းထည်တွေ တင်ထားသည့် စင်နား အခန်းကျယ်ကြီးရဲ့ထောင့် ယွန်းဗီရိုတွေ၊ ယွန်းပန်းအိုးတွေ၊ ယွန်းဆွမ်းအုပ်တွေရဲ့ အလယ်မှာရပ်ကာ နိုင်ငံခြားသား တစ်ယောက်နှင့် စကားပြောနေသော သူမပုံစံက နှစ်လိုဖွယ်ဆွဲဆောင်မှု ရှိမြဲ ...။ မျက်နက်ဝန်းနှင့် မျက်ခုံးထူထူက ထက်မြက်စူးရှသည့် အသွင်ကို ဆောင်မြဲ ...။

သူက သူမ၏ဓာတ်ပုံတွေကို ကြည့်ရင်း ဆွတ်ပျံ့လျက်နှင့် နာကျင်လာသည်။ နူးညံ့လိုလျက် နာကြည်းလာပါသည်။ ခုတော့ ... ဘုန်းကျော်ဟာ မင်းတို့ မိသားစုတွေအားလုံး အဖတ်မတန်သလို ဆက်ဆံခဲ့တဲ့ မြင်းလှည်းမောင်းတဲ့ ကောင်လေးမဟုတ်တော့ပါဘူး။ မင်းတို့ ပုဂံမြို့သစ် တစ်မြို့လုံးကို ဝယ်လို့ရတဲ့ ဘုန်းကျော်စံ ဖြစ်နေပါပြီ။

ဦးဘုန်းကျော်စံက ဓာတ်ပုံတွေကို စားပွဲပေါ် လှမ်းတင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ … ဓာတ်ပုံရိုက်လာပေးတဲ့သူကို မုန့်ဖိုးများများ စားစား ပေးလိုက်ရဲ့လား မောင်ကျော်သက်"

"ပေးလိုက်ပါတယ် အန်ကယ်လ်"

"ဒါနဲ့ သမီးရော …"

"ဟို … ခုတော့ ဘန်ဂလိုမှာပဲ ရှိနေပါတယ် အန်ကယ်လ်"

ဦးဘုန်းကျော်စံက မောင်ကျော်သက်ကို မျက်ခုံး တစ်ချက် ပင့်ကြည့်လိုက်ရင်း …

"မင်းအဖြေက တစ်မျိုးပါလား"

"ဟို … ဟို … ကျွန်တော် အပြောမတတ်လို့ပါ၊ မခင်နန်းစံက ဘန်ဂလိုမှာ မသူဇာနဲ့အတူ ရှိပါတယ်"

"ဒါနဲ့ မင်း လက်ထဲက ဓာတ်ပုံတွေက ဘာပုံတွေလဲ"

"ဟို … ဟိုလူရိုက်လာပေးတဲ့ ဓာတ်ပုံတွေပါ"

"ဒါဆို … ငါ့ကို ဘာလို့ အကုန်မပြဘဲ ချန်ထားလဲ၊ ပြလေကွာ …"

"ဟို … ဒါ … ဒါက …"

"ဘာဖြစ်တာလဲ၊ မင်းပုံစံက ကယောင်ချောက်ချားနဲ့ပါလား"

"ဟို … ဒီပုံတွေက ဒေါ်ခင်နှင်းသိုက်ရဲ့ ပုံတွေမဟုတ်ပါဘူး ခင်ဗျ၊ ဒေါ်ခင်နှင်းသိုက် မွေးစားထားတဲ့ တူရဲ့ပုံပါ၊





ဟိုလူက လျှာရှည်ပြီး အဲ … စေတနာပိုပြီး ရိုက်ယူလာ ပေးတာပါ"

ကျော်သက်က ဦးဘုန်းကျော်စံ၏ မေးခွန်းကို ပြန် ဖြေရင်း ဟိုသကောင့်သားကို ကျိတ်၍ ကျိန်ဆဲမိပါသည်။ ဒေါ်ခင် နှင်းသိုက် ပုံကို ရိုက်လာရင် တော်ရောပေါ့ …၊ စေတနာဝေဖြာ ပြီး သူ့ကိုယ်သူ လျှို့ဝှက်ထောက်လှမ်းသူကြီးလို တူဖြစ်သူကိုပါ ဓာတ်ပုံလိုက်ရိုက်ထားတော့ မပါသင့်တာတွေ တွဲပါလာပြီး ဒီမှာ ကိုယ့်ရှူးကိုယ်ပတ်နေပါပကော …။

ကျော်သက်၏ ဓာတ်ပုံကိုင်ထားသော လက်က ချွေး တွေ စွတ်စိုလာပါသည်။

"ပြစမ်းပါဦး … မြင်ဖူးတယ်ရှိအောင် ကြည့်ရသေးတာပေါ့"

"ဟို … ဟို …"

"ဟ … ဘယ်လိုဖြစ်လို့ အတင်းဆွဲထားတာလဲ၊ လွှတ်လေ ကွာ၊ ပြဲတော့မယ်ကွ …"

ကျော်သက်က ဓာတ်ပုံကို လွှတ်မပေးတာမို့ ဦးဘုန်း ကျော်စံက ဓာတ်ပုံကို ခပ်တင်းတင်းလေး ဆွဲယူလိုက်ရပါသည်။

ဦးဘုန်းကျော်စံ ပထမဆုံး ကြည့်မိသည့်ပုံက ပုဂံ ဘုရား ပုထိုးတွေရဲ့ကြား မြေနီလမ်းပေါ်မှာ စက်ဘီးစီးလာနေသော လူငယ်လေး တစ်ယောက်ကို ရှေ့တည့်တည့်က ရိုက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ပုံ ...။ စက်ဘီးစီးလာတာဟာ တစ်ယောက်တည်းတော့ မဟုတ်၊ နောက်ဘက် ကယ်ရီယာခုံပေါ်မှာ ထိုင်လာသော တစ်ယောက်လည်း ပါသည်။ နောက်ဘက်က လူကိုတော့ သေချာမမြင်ရ...။ ဒူးနားလောက်ထိ ဖြတ်ပြီး ခြေထောက်လေးသာ မြင်ရပါသည်။ ဘောင်းဘီရှည် ပန်းနုရောင်ကလေးနှင့် မိန်းလေးဝတ် ရှူးဖိနပ် အနီလေးကို တွေ့လိုက်ရတာမို့ ဦးဘုန်းကျော်စံက ခပ်ရွှဲရွှဲပြုံးလိုက်ရင်း ...

"ဩော ... ဟိုတစ်ခါ မီးပုံးပျံကွင်းနားမှာ ငါ့သမီး ပုဝါပြန်လာပေးတဲ့ ကောင်ပဲ၊ ဒီကောင်က ခေတော့မခေဘူး ကောင်မလေးနဲ့ တွဲခုတ်နေတယ်ထင်တယ်၊ ဒီခြေထောက်ကို ကြည့်ရတာတော့ အညာသူ စတိုင်လ်မျိုး မဟုတ်ဘူး ဧည့်သည်နဲ့ တွဲခုတ်နေတာပဲ ဖြစ်မယ်"

ဦးဘုန်းကျော်စံက ဓာတ်ပုံကို သေချာငုံ့ကပ်ကြည့်ရင်း ပြောတာမို့ ကျော်သက်က အသည်းယားသွားသည်။ ဦးဘုန်းကျော်စံက နောက်တစ်ပုံကို ကြည့်လိုက်ပြန်သည်။

ဒီပုံကတော့ စက်ဘီးစီးသွားတာကို ဘေးဘက်က ရိုက်ထားသောပုံ ဖြစ်ပါသည်။ နှစ်ယောက်တစ်စီး စီးလာတာမို့ ရှေ့ကလူကို ဘေးတစောင်း မြင်ရပြီး နောက်ကလူကိုတော့ ကျော ဘက်မှ မြင်ရပါသည်။





ဦးဘုန်းကျော်စံက ပုံကို သေချာကြည့်ပြန်ကာ ...

"ကြည့်ရတာတော့ နိုင်ငံခြားသူများလား ... ဂျပန်မလား ဘာလားတော့ မသိဘူး၊ ဖြူဖြူသွယ်သွယ်ထဲကပဲ၊ ဒီလို အကျီအနီနဲ့ ဘောင်းဘီပန်းရောင် တွဲဝတ်တတ်တာ ငါ့သမီး တစ်ယောက်ပဲ ရှိတယ်ထင်တာ၊ နေ ... နေပါဦး ... ကြည့် ရတာ ငါ့သမီးနဲ့တောင် ခပ် ဆင် ဆင် ..."

ဦးဘုန်းကျော်စံက ဓာတ်ပုံကို သေချာစိုက်ကြည့် လိုက်ပြန်တာမို့ ကျော်သက်က ဘုရားတလိုက်သည်။ ဦးဘုန်း ကျော်စံက နောက်ဆုံးပုံ တစ်ပုံကို လျှင်လျှင်မြန်မြန် ဆွဲကြည့် လိုက်ချိန်မှာတော့ ကျော်သက်က ဘုရားရော တရားရော သံဃာ ရော ဆရာ မိဘကိုပါ 'တ'လိုက်ရင်း မျက်လုံးမှိတ်ထားလိုက်မိ ပါသည်။

"ဟင် ..."

"ဒါက ဘယ်လိုဖြစ် ..."

ဦးဘုန်းကျော်စံရဲ့ 'ဟင်' သံကြီးက လည်ချောင်း ထဲက အလုံးလိုက် လိုက်တက်ဆောင့်ထွက်လာသည်။

နောက်ဆုံး တစ်ပုံကတော့ နန်းစံကို ရှေ့တည့်တည့် မှ ရိုက်ထားတာမို့ ထင်းလင်းပြတ်သားလှလေသည်။

"ဒါ ... ဒါက ဘယ်လိုဖြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကျော်စံက ရုတ်တရက် မယုံနိုင်ဘဲ ဓာတ်ပုံတွေကိုပဲ အထပ်ထပ်ကြည့်ကာ ကယောင်ကတမ်း ဖြစ်လာပါသည်။ ကျော်သက်ကလည်း ကြောက်ကြောက်နှင့် နှုတ်ပိတ်နေပါသည်။

"ဒါက ဘာဖြစ်တာလဲ၊ ဒါ ဘာဖြစ်ရတာလဲ၊ ဒီလို ဖြစ်စရာလားကွ ... ဟင်"

"ဘုံး ..."

"ဒုန်း ..."

ဦးဘုန်းကျော်စံက ရုတ်တရက် ပေါက်ကွဲထွက်သွားကာ ရှေ့က စားပွဲကို လက်ဖြင့် ဝုန်းခနဲ ရိုက်ချလိုက်ပြီး ဖြန်းခနဲ မတ်တတ်ထရပ်ကာ အော်ဟစ်လိုက်ပါသည်။

"ဟေ့ကောင် ... ပြောစမ်း၊ ဒါ ဘာသဘောလဲ၊ ဘယ်တုန်းက ပုံလဲ ..."

"ဟို ... မနေ့က ပုံပါ"

"ဘာ ...၊ မနေ့က ငါ့သမီးက ဝမ်းသွားလို့ အခန်းထဲမှာပဲ နေနေတာ မဟုတ်ဘူးလား ..."

"ဟုတ် ... ဟုတ်ပါတယ်၊ ဒါဆို တခြားတစ်ယောက်ယောက် ဖြစ်မှာပါ၊ အန်ကယ့်လ်သမီးက ဝမ်းသွားနေတာပဲဟာ၊ အပြင်ဘယ်ထွက်နိုင်မှာလဲ ..."





"ဟေ့ကောင် ... မင်း မညာနဲ့၊ ဒါ ငါ့သမီးမှ ငါ့သမီး ..."

"ဟုတ်ပါတယ် အန်ကယ်လ်၊ အန်ကယ့်သမီးပါ"

"မောင်ကျော်သက် ..."

"ခင်ဗျာ ..."

ကျော်သက်က စိတ်ညစ်လှပါပြီ။ ဒီကိစ္စမှာ ဘယ်လိုရပ်တည်ပေးရမှန်း မသိလို့ ဦးဘုန်းကျော်စံက မဟုတ်ဘူးပြောလည်း ထောက်ခံ၊ ဟုတ်တယ်ပြောလည်း ထောက်ခံနေရတာလေ။ အဲဒီလိုမှ မပြောရင် ဘယ်လိုပြောမလဲ ...။

"မင်း ခုနပြောတော့ ဒါ တခြားတစ်ယောက်ဆို ...၊ ခုကျတော့ အန်ကယ့်လ်သမီး ဖြစ်သွားပြန်ပြီလား ..."

"ဟို ... အန်ကယ်လ်လည်း ဇဝေဇဝါဆိုတော့ ကျွန်တော်လည်း ဇဝေဇဝါ ဖြစ်နေတာပါ၊ ကျွန်တော်က အန်ကယ့်လ်သမီးကို မြင်တာ မကြာသေးဘူးလေ၊ အန်ကယ်လ်က နေ့တိုင်း မြင်လာ တွေ့လာတာဆိုတော့ အန်ကယ့်လ် အမြင်ဆို သေချာမှာပါဆိုပြီး ..."

ကျော်သက်က အလျှောက်ကောင်းလိုက်တာမို့ အထောင်းသက်သာသွားပါသည်။

"ဒီကောင်နဲ့ ငါ့သမီး ဘယ်လို ချိတ်ဆက်မိသွားတာလဲ၊ ဒီကောင်နဲ့ ငါ့သမီးက မီးပုံပျံကွင်းမှာ တစ်ခါပဲ တွေ့ဖူးတာလေ၊ ဒီကောင် လည်လှချည်လား ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကျော်စံက ဒေါသဖြင့် ရေရွတ်ရင်း ဘာလုပ်ရင် ကောင်းမလဲဟု တွေးနေပါသည်။ ဒါ အကွက်တော့ အကွက်ပဲ မဟုတ်လား ...။ ခုချိန်မှာ ကိုယ်တွေက အပေါ်စီးက ...။ ခင်နှင်းသိုက်ကို နှိပ်ကွပ်ဖို့ လမ်းစပေါ်လာတာဟုလည်း ယူဆလို့ရသည်။

ဦးဘုန်းကျော်စံက ငယ်ဘဝကို တရေးရေးတွေးကာ ငြိမ်သက်နေပါသည်။ ဟော ... မြင်းခွာသံတွေ ကြားရပြန်ပြီ ...။ ပြီးတော့ မြင်းခွာသံတွေနဲ့အတူ ရောနှောထွက်ပေါ်လာတဲ့ သိုက်ရဲ့ မြူးကြွနုသစ်သော ရယ်သံလွင်လွင် ...။

"ဟဲ့ ... ဘုန်းကျော် မြန်မြန် မောင်းပါဆိုဟယ်၊ နင်ကလည်း နှေးတုံ့နှေးတုံ့နဲ့ ..."

"နင်နဲ့ မခွဲချင်သေးလို့ ဖြည်းဖြည်းမောင်းနေတာပါ သိုက်ရယ်၊ ညနေစောင်းပြီဆိုရင် ငါ့မြင်းတွေက ခြေကုန်လက်ပမ်းကျပြီ သိုက်ရဲ့၊ ငါ့ကောင်ကြီးကို သနားလို့ ဖြည်းဖြည်းမောင်းနေတာပါ"

"အိမ်ပြန်ရောက်တာ နောက်ကျရင် အမေက ငါ့ကို မသင်္ကာ ဖြစ်တော့မှာဟ၊ အမေ ချုပ်ချယ်လိုက်ရင် ငါ နင်နဲ့တွေ့ရတော့မှာ မဟုတ်ဘူး ..."

"အေးပါ ... အေးပါ ... ငါ မြန်မြန် မောင်းပါ့မယ်၊ ကဲ ...





နက်ကျော်ကြီးရေ ... သခင်မလေးကို အိမ်အရောက် ပို့ဖို့ ရုန်းလိုက်ပါဦးကွာ ..."

ရှမ်းခနဲ ကြာပွတ်သံနှင့်အတူ မြင်းက ကဆုန်စိုင်း၍ သွားသည်။ သိုက်ရဲ့ ရယ်သံလွင်လွင်ကို ကြားရသည်။ ညနေစောင်းကလေးမှာ အနီးအနား ဘုရားတချို့က ဆွဲလည်းသံလေးတွေလည်း မြည်လာသည်။

သိုက်နဲ့ အဲ့ဒီလို တွေ့ခွင့်ရတဲ့ အချိန်လေးတွေဟာ ဘုန်းကျော်အတွက်တော့ မဟာအခွင့်အရေး။ ဘုန်းကျော်က ၉ တန်းနှင့် ကျောင်းထွက်ပြီး မြင်းလှည်းမောင်းရသူ ...။ ခင်နှင်းသိုက်ကတော့ ယွန်းထည်လုပ်ငန်းရှင်ရဲ့ သမီးချော ...။ သိုက်နဲ့ ဘုန်းကျော်က အလယ်တန်းထိ ကျောင်းအတူတက်ခဲ့သည့် သူငယ်ချင်းတွေ။ သူ ကျောင်းထွက်လာခဲ့ပေမယ့် သိုက်တို့ရဲ့ ယွန်းထည်ဆိုင်ကို မကြာခဏ ချည်သည်ပို့ရင်း သိုက်နှင့် တွေ့ခဲ့ကြတာပင်။ နှစ်ယောက်စလုံးက ၁၇ နှစ် ၁၈ နှစ်အရွယ် ကလေးတွေ ...။ သိုက်က အချစ်ကလွဲရင် ဘာမှ မတွေးဘူးဟု ကြွေးကြော်တတ်သူ။ သိုက်နဲ့ ချစ်သူဖြစ်ခွင့်ရခြင်းဟာ အိပ်မက်မက်ရသလိုပင် ...။

သိုက်က မာကျောသည်၊ သတ္တိရှိသည်၊ ရင်ဆိုင်ရဲသည်၊ ရူးမိုက်သည်။

ဘုန်းကျော်ကတော့ တွေဝေသည်၊ နူးညံ့သည်၊ သိမ်ငယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မြို့နဲ့ ခပ်ဝေးဝေး ဆင်ဖြူရှင်ကျောင်း တိုက်ဝန်းထဲမှာ နှစ်ယောက်သား ချိန်းတွေ့ပြီး ပြန်လာခဲ့ကြတာ ဖြစ်သည်။

"ဟား ... မိုးတွေ ရွာချပြီဟေ့၊ သိုက်ရေ ... ငါ အမိုးချပေးမယ်"

"မချနဲ့ ဘုန်းကျော်၊ ငါ မိုးရေထဲမှာပဲ စီးချင်တယ်"

"သိုက်ကလည်းဟာ ... နင့်ကို မိုးရေတွေ စိုကုန်မှာပေါ့ဟ"

"စိုပေ့စေ ... ငါက စိုချင်တာ ..."

သိုက်က မိုးရေတွေကို ခေါင်းမော့ခံရင်း ရယ်မော လိုက်သေးသည်။

မြင်းလှည်းက မိုးရေထဲမှာ ခပ်သွက်သွက် ပြေးနေ သည်။ သိုက်ရဲ့ ရယ်မောသံတွေကလည်း မြင်းလည်ပင်းက ခြူ သံနှင့်အပြိုင် ထွက်ပေါ်နေခဲ့သည်။ သူတို့နှစ်ယောက်လုံး မိုးရေ တွေ ရွှဲနစ်နေခဲ့သည်။ သဲလမ်းတွေပေါ်မှာ မိုးရေဖြင့် အိနစ် ပျော့ကျွံလာသည့် နေရာတွေဆို နက်ကျော်၏ ခြေလှမ်းတွေက နှေးကွေး လေးလံသွားတတ်သည်။ မိုးတွေက သည်းလွန်းသဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး မှုန်ပျလာသည်။ ထိုအချိန်မှာပဲ မြင်းလှည်း က တုံ့ခနဲ ရပ်သွားကာ နှစ်ယောက်လုံးကို မြင်းလှည်းပေါ်က ဆွဲချ ခံလိုက်ရပါသည်။





"မင်းလားကွ ... သိုက်ကို မှန်းရဲတာ"

"ဟာ ..."

"ခွပ် ..."

"ခွပ် ..."

"အား ..."

"လာခဲ့စမ်း ... ခင်နှင်းသိုက်"

သိုက်ရဲ့ အစ်ကိုတွေက သိုက်ကို ဆွဲခေါ်သွားသည်။ ထိုခဏမှာပဲ သူ့ခန္ဓာကိုယ် အနှံ့အပြားနှင့် မျက်နှာပေါ်သို့ လက် သီးတွေ တရစပ် ကျရောက်လာခဲ့သည်။ သူ ခေါင်းတောင်မထူ နိုင်ခဲ့။ တစ်ကိုယ်လုံး နာကျင်လျက် သွေးသံရဲရဲ ပုံလဲသွားခဲ့သည်။ မိုးရေတွေက သူ့ကိုယ်ပေါ်က သွေးတွေကို ဆေးကြောချသွားဖြင့် သူ့ခန္ဓာကိုယ် အနီးတစ်ဝိုက်ရှိ ရေတွေအားလုံး နီကုန်သည်။ အနီရောင်သမ်းနေသော ရေတွေက သဲချောင်းထဲသို့ စီးဆင်းသွား သည်။

"မလုပ်နဲ့ ... မလုပ်ပါနဲ့ ... အီး ... ဟီး ... ဘုန်းကျော် ... ဘုန်းကျော် ... ပြေး ... ပြေး ... ပြေး"

သိုက်ရဲ့ အော်ဟစ်ငိုယိုသံက တဖြည်းဖြည်း ဝေး သွားသည်။ သိုက်က ပြေးခိုင်းသော်လည်း သူက ထူမတ်လို့မရဘဲ မိုးထဲရေထဲ သဲထဲ ရွှံ့ထဲမှာ လိမ့်နေသည်။ ခြေထောက်နှင့် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်အကန်ခံရတိုင်း လူက တစ်ပတ်လည်၍ သွားသည်။ မျက်နှာက ရွှံ့ထဲသို့ မှောက်အပ်ရင်း သူ့ခေါင်းထဲ ပြာမိုက်ကာ နားတွေ အူလာသည်။ အမြင်အာရုံတွေ ဝေဝါးလာသည်။

"မြင်းလှည်းမောင်းတဲ့ ကောင်ကများကွာ … ငါတို့အိမ်က ယွန်းခွေတဲ့ကောင်တောင် မင်းထက် အဆင့်အတန်း မြင့်တယ်ကွ၊ ထွီ …"

ဓာတ်လမ်းတော့ ရိုးရိုးလေးပါပဲ …။ မိုးတွေသည်းထန်စွာ ရွာနေခဲ့သော အဲဒီနေ့က ရေတွေ စီးနေသော သဲချောင်းနားက မြေနီလမ်းကလေးပေါ်မှာ သူ အသက်ငွေ့ငွေ့ဖြင့် မေ့မြော ကျန်ရစ်ခဲ့သည်။ သူ့လိုပဲ မြင်းလှည်းမောင်းသည့် သူတွေက အချိန်မီ တွေ့ခဲ့သဖြင့်သာ သူ အသက်ရှင်လာခဲ့သည်။

သူ သိုက်နဲ့ အဆက်အသွယ် ရဖို့ နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ပါသည်။ သိုက်တို့ အလုပ်ရုံက ယွန်းပန်းချီရေးသည့် ကောင်မလေးကတစ်ဆင့် သိုက်နှင့် ဆက်သွယ်ခဲ့သည် သိုက်ကို ခိုးပြေးဖို့ ချိန်းသော်လည်း ချိန်းသည့်နေရာကို သိုက်က ရောက်မလာခဲ့ပါ။

အဲ့ဒီနောက်မှာတော့ သိုက်ကို သူ တွေ့ခွင့်မရတော့ပါ။

သူ့စိတ်တွေ အလဲလဲအပြိုပြို ဖြစ်နေခဲ့သည့် အချိန်





မှာပဲ ဂျပန်တိုးရစ် မိန်းကလေးနှင့် တွေ့ခဲ့ရပါသည်။ သူမ သွားလိုရာကို ပို့ဆောင်ရင်း ရင်းနှီးခဲ့ရပါသည်။ လှပနူးညံ့သော်လည်း ပြတ်သားရဲရင့်သော သူမ၏ သံယောဇဉ် အစွန်းအစကလေးကို သူက အမိအရ ဖမ်းဆွဲခဲ့မိပါသည်။ အဲ့ဒီနောက်တော့ သူက နာကြည်း မုန်းတီးမှုများရှိရာ ပုဂံမြေကို ကျောခိုင်းလျက် ဂျပန်သို့ လိုက်ပါသွားခဲ့ပါသည်။

အများအမြင်မှာတော့ သူဟာ အမှီကောင်းရှာသူ၊ ရေသာခို အချောင်လိုက်သူ …။ သို့သော် ဂျပန်ပြည်က သူ့ဘဝကတော့ အံ့သြစရာကောင်းလှစွာ တင့်တယ်မြင့်မားလာခဲ့ရပါသည်။

သိုက်ကို မေ့ပြီဟုတော့ မညာချင်ပါ။ သိုက်အကြောင်း တွေးမိလိုက်တိုင်း သူ့နှလုံးသားက စစ်ခနဲ နာမြဲ။ နာကြည်းခြင်းများဖြင့် သိုက်ကို သူ သတိရနေခဲ့ပါသည်။

"မောင်ကျော်သက် … သမီးကို သွားခေါ်စမ်း"

ဦးဘုန်းကျော်စံက လှည့်ကြည့်ပြီး ပြောလိုက်တာမို့ ကျော်သက်က အခန်းထဲမှ ထွက်ဖို့ ခြေလှမ်းပြင်သည်။

"နေဦး …"

တားမြစ်သံကြောင့် ခြေလှမ်းပြန်တုံ့၏။

"မခေါ်နဲ့တော့ …၊ ငါ့ကားရော …"

"ဆီသွားဖြည့်ပါတယ် အန်ကယ်လ် …"



www.burmeseclassic.com

"အေး … ကားပြန်လာရင် ပြောင်လက်တောက်ပနေအောင် သေချာတိုက်ခိုင်းလိုက်၊ ငါ သွားစရာရှိတယ်"

"ဟုတ်ကဲ့ပါ … အန်ကယ်လ်"

"ရန်နိုင့်ကားတွေ ပုဂံမှာ ရှိတယ်မဟုတ်လား …"

"ဟုတ်ကဲ့ … ရှိပါတယ် အန်ကယ် …"

"လေးစီးလောက် ဒီကိုလာခိုင်းလိုက် …"

"ဘာ … ဘာလုပ်ဖို့လဲ အန်ကယ်လ်"

"ညနေ ငါအပြင်ထွက်ရင် ငါ့ကားနောက်က သူတို့ ကား တွေကို မောင်းလိုက်ခိုင်းလိုက် …"

"ဗျာ … ဟုတ်ကဲ့ … ဟုတ်ကဲ့ …"

ဦးဘုန်းကျော်စံက မောင်ကျော်သက်ကို ညွှန်ကြားပြီး သူ့အိပ်ခန်းထဲသို့ ပြန်လှည့်ဝင်သွားသည်။

ကျော်သက်က အူကြောင်ကြောင်နှင့် ရပ်ကျန်ခဲ့ရင်း

"ဘာလဲဟ … လူကြီးခရီးစဉ်လို ယာဉ်တန်းနဲ့ သွားချင် တာလား၊ အဟား … ကြီးကျယ်လှချည်လား …"

ကျော်သက်က ဦးဘုန်းကျော်စံရဲ့ အကြံအစည်ကို သဘောပေါက်ကာ ဟီခနဲ ကျိတ်ရယ်လိုက်ပါသည်။



(၁၅)

"မောင်လွန်း … မောင်လွန်း … ရွှတ် … ရွှတ် …"

"ဗျာ … ဒွေးလေး …"

ပုဂံမင်းသမီး ခြံဝန်းထဲသို့ ဆိုင်ကယ်လေး မော င်း ဝင်လာသော လွန်းရာကျော်ကို ဒွေးလေး ဒေါ်လှဌေးက အသံ တိုးတိုးဖြင့် မျက်ရိပ်ပြကာ လက်ရပ်ခေါ်လိုက်သည်။ ဒေါ်လှဌေးက သူနဲ့ အဒေါ်နှစ်ဝမ်းကွဲလောက် တော်စပ်သူမို့ သူက ဒွေးလေးဟု ပင် ခေါ်ပါသည်။

လွန်းရာကျော်က ဆိုင်ကယ်ကို ရပ်ထားခဲ့ပြီး ဒွေး လေးဆီ လျှောက်သွားလိုက်သည်။

"ဘာတုန်း ဒွေးလေး …"

"အခြေအနေ မကောင်းဘူး … မောင်လွန်း"

"ဘာဖြစ်လို့လဲ …"



www.burmeseclassic.com

www.burmeseclassic.com



"မင့် ဒေါ်လေးသိုက်ရယ် မင်းကို စိတ်တိုနေတယ်၊ အိမ်ထဲသွားရင် အခြေအနေ ကြည့်သွား ..."

"စိတ်တိုစရာ ဘာရှိလို့လဲ၊ ကျွန်တော် ခုတလော ဒေါ်လေးသိုက် မကြိုက်တာ ဘာမှမလုပ်ပါဘူး"

"အဲ့ဒါတော့ ငါလည်း မသိဘူး၊ အိမ်မှာ တမာလည်း ရောက်နေတယ်၊ တမာ ရောက်လာပြီးကတည်းက မင့်အဒေါ်မျက်နှာကြီး ပုပ်သိုးနေတာ ..."

လွှန်းရာကျော်က ခဏငြိမ်ရင်း စဉ်းစားလိုက်သည်။ မနေ့က နန်းစံကို လိုက်ပို့ရင်း တမာနဲ့ တွေ့ခဲ့တာဆိုတော့ ...

"ဂျမ်းဒေါမ ... ကုန်းတိုက်ပြီထင်တယ်၊ တွေ့မယ် ... ဒင်းတော့"

လွှန်းရာကျော်က ယွန်းအရောင်းခန်းမဘက်သို့ သွက်သွက် လျှောက်လာခဲ့သည်။ တမာ ဒီကိုလာလျှင် အရောင်းခန်းမထဲမှာ ရှိတတ်လို့ပင် ...။

"တမာ ... တမာ ...၊ ယုထွေး ... တမာ ရောက်နေတယ် မဟုတ်လား၊ တမာ ဘယ်မှာလဲ ..."

"တမာ့ကို နှုတ်ပိတ်မလို့ ရှာနေတာလား မောင်လွှန်း"

နောက်ဘက်က ဒေါ်လေးသိုက် အသံကြောင့် သူက ပြုံးကျဲကျဲနှင့် နောက်ပြန်လှည့်လာကာ ...





"အဟဲ ... ဒေါ်လေးသိုက် ထမင်းစားပြီးပြီလား၊ တမာ ရောက်နေတယ်ဆိုလို့ ထမင်းအတူစားမလို့ လိုက်ရှာနေတာ"

"ဟွဲ့ ... ညာမနေနဲ့"

"ကလူ ... ကလူ ဒေါ်လေးသိုက်ကလည်း အော်လိုက်တာ"

"ကဲ ... လာစမ်းပါဦး၊ ငါ ...မင်းကို မေးစရာရှိလို့ စောင့်နေတာ၊ လာ ... ထိုင်၊ ငါမေးတာ မှန်မှန်ဖြေ ..."

ဒေါ်လေးသိုက်က အရောင်းခန်းမနှင့် ကပ်လျက်က ညှိခန်းမှာ သူ့ကို ထိုင်ခိုင်းလိုက်ပါသည်။ ဒေါ်လေးသိုက်က ရုပ်တည်ကြီးနှင့်မို့ နည်းနည်းတော့ ကျောချမ်းနေပါသည်။

"နင် ... မနေ့က ညှိသည် ဂျပန်မလေးနဲ့ နှစ်ယောက်တည်း လျှောက်သွားနေတယ်ဆို ..."

"ဒေါ်လေးသိုက်ကို တမာ ပြောတာလား"

"ဟဲ့ ... ဘယ်သူပြောတယ်ဆိုတာ အရေးမကြီးဘူး၊ နင် တမာ့ကို အပြစ်တင်စိတ်ကြီးနဲ့ မေးမနေနဲ့၊ ဟုတ်သလား မဟုတ်ဘူးလားပဲ ပြော ..."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဂျပန်မတော့ မဟုတ်ပါဘူး၊ သူ့အဖေက ဗမာပါ"

"ဒါဆို ဗမာပေါ့ ..."

"ဟို ... သူ့အမေကတော့ ဗမာ မဟုတ်ဘူးပေါ့ ..."

"ဟဲ့ ... စကားကို ဝေ့လည်ကြောင်ပတ် ပြောမနေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဗမာ၊ အမေ ဂျပန်ပါ ဒေါ်လေး ...၊ ဒါပေမယ့် သူက မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ပါတယ်"

"မင်းနဲ့ ဘယ်လိုပတ်သက်လဲ ..."

"မိတ်ဆွေပါ၊ အကူအညီတောင်းလို့ လိုက်ပို့ပေးတာပါ"

"ဘယ်လိုက ဘယ်လို မိတ်ဆွေဖြစ်သလဲ ပြော ..."

"ဒေါ်လေးကလည်း ရစ်ပြီဗျာ ..."

"ဟဲ့ ... မေးတာ ဖြေ ..."

"မီးပုံပျံကွင်းမှာ တွေ့တာပါဗျာ၊ အန်တီမြကို လိုက်ပို့ လိုက်ကြိုရင်း တွေ့တာ ..."

"အဲဒီလို တွေ့ထားတာနဲ့ပဲ သူက အကူအညီတောင်း သလား၊ ဒီမှာ မောင်လွန်း ... မင်းကို ငါ ဘာပြောထား သလဲ၊ အပမ်းဖြေ အပျော်ခရီး ထွက်လာတဲ့ ညှော်သည် တာ စိတ်က လွတ်လပ်ပေါ့ပါးနေတာ၊ လက်တွေ့ဘဝ က ခဏ လွတ်မြောက်နေကြတာ၊ သူတို့ စိတ်ပေါ့ပါးနေ အချိန်မှာ လူတစ်ယောက်ကို အလွယ်တကူ ခင်မင်တွ တာ သာယာလိုက်ဖို့ မခက်ဘူး၊ သူတို့ သာယာတိုင် မင်းက လိုက်သာယာနေရင် သူတို့က သူတို့ဘဝထဲ သူ ပြန်ရောက်သွားတဲ့အချိန်မှာ မင်းက ဟတ်ကော့ကြီး ဖြ





ကျန်ခဲ့မှာ၊ ဟိုက သူ့ဘဝထဲမှာသူ တစ်နေ့ထက် တစ်နေ့ အသားကျပြီး မင်းကို မေ့သွားမှာ၊ အဲ့ဒါကြောင့် ညှော်သည် တွေအပေါ် လိုတာထက်ပိုပြီး စေတနာမပိုနဲ့လို့ ငါ ပြော ထားတယ် မဟုတ်လား ..."

"ဒေါ်လေးကလည်းဗျာ၊ ဒေါ်လေး ပြောမှ ပြဿနာက ကြီးကျယ်သွားသလိုပဲ၊ ကျွန်တော်က ဒီလိုပဲ ကူညီတဲ့အနေ နဲ့ လိုက်ပို့တာပါ"

"ပို့မယ့်ပို့တော့ ဂျပန်မတဲ့လား ..."

"ဂျပန်မ မဟုတ်ပါဘူးဆို ဒေါ်လေးရာ ..."

"တစ်ဝက် ဟုတ်တယ်ဟဲ့၊ တစ်ဝက်တိတိ ဟုတ်တယ်၊ မင်းမှတ်ထား ... ညှော်သည်ဆိုတာ နှစ်မျိုးနှစ်စားရှိတယ်၊ တချို့က ရောက်တုန်းရောက်ခိုက် သာယာတာ၊ နောက် တစ်မျိုးက တစ်သက်လုံး သာယာဖို့ တစ်ခါတည်း ယူပြီး ခေါ်သွားတာ၊ နိုင်ငံခြားလိုက်ရမယ်ဆိုတာနဲ့ ထွန့်ထွန့်လူးပြီး လိုက်သွားတဲ့ ယောကျ်ားမျိုးကလည်း ရှိသေးတာ ..."

ဒေါ်ခင်နှင်းသိုက်က ကိုယ့်နာကြည်းချက်နှင့်ကိုယ် ဖိဖိပြောနေမိပါသည်။ ဟိုအကောင် ဘုန်းကျော်လည်း အဲ့ဒီလို ထွန့်ထွန့်လူးပြီး လိုက်သွားခဲ့တာပဲ မဟုတ်လား။ အဲဒီလို ရေသာ ခို အချောင်လိုက် တက်လမ်းရှာသွားတဲ့ ယောကျ်ားမျိုးကို ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ခဲ့မိတဲ့ ကိုယ့်နှလုံးသားကို ကိုယ် ဖွဲ့ထုတ်ပစ်လိုက်ချင်သေးသည်။

"နိုင်ငံခြား လိုက်သွားတယ်ဆိုလို့ ပြောရဦးမယ်၊ အဲဒီ တစ်ယောက်ရဲ့ အဖေက ပုဂံသားတဲ့ ဒေါ်လေးရဲ၊ ဒေါ်လေးနဲ့ အသက်ချင်း မတိမ်းမယိမ်းဆိုတော့ ဒေါ်လေးများ သိမလားပဲ၊ ကြည့်ရတာတော့ လူပုံချောပဲ ..."

ဒေါ်ခင်နှင်းသိုက်က ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ

"နာ ... နာမည်က ဘာတဲ့လဲ ..."

"အဟဲ ... ဒေါ်လေးသိုက် ကြည့်ရတာ တုန်လှုပ်သွားသလိုပဲ၊ ကေနွှ ရည်းစားဟောင်းတွေ ဘာတွေများ ..."

"ဟဲ့ ... အကောင်စုတ်လေး လျှာမရှည်နဲ့၊ နင့်ဘာသာ ပြောချင်ပြော မပြောချင်နေ၊ မပြောလည်း ဘာမှမဖြစ်ဘူး"

"ဦးဘုန်းကျော်စံတဲ့ ဒေါ်လေးရ ..."

ဘုန်းကျော်စံ ... ဟုတ်လား ... ဟင်း ... ဟင်း။ ဒေါ်ခင်နှင်းသိုက်က 'ဒင်းပဲဖြစ်မှာပါ'ဟု တစ်ထစ်ချ တွေးထင်လိုက်ပါသည်။ ဒင်းက ဂျပန်မနဲ့ ညားတော့ ဘုန်းကျော်စံ ဖြစ်ပြီပေါ့ ...။

ဒေါ်ခင်နှင်းသိုက်က လွန်းရာကျော်ကို တရားခံကြည့် ကြည့်လိုက်ရင်း ...





"ဒီမှာ မောင်လွန်း ..."

"ဟုတ် ... ပြောပါ ဒေါ်လေး"

"ငါ မေးမယ်၊ မှန်မှန်ဖြေ ..."

"ဟုတ်ကဲ့ ..."

"မင်း မနေ့က အဲဒီ မိန်းကလေးနဲ့ အတူလျှောက်လည်တော့ စိတ်ထဲက ဘယ်လိုနေလဲ ..."

"ဟဲဟဲ ... ဒေါ်လေးကလည်း မသိလို့ မေးတာလား xx သိရက်နဲ့ မေးတာလား xx "

"ဟဲ့ ... ပြောင်စပ်စပ် လုပ်မနေနဲ့၊ ကောင်းကောင်းမွန်မွန် ဖြေ ..."

"လူပျိုပဲ ဒေါ်လေးရဲ့၊ ရင်တွေ ဘာတွေတော့ ခုန်တာပေါ့၊ ကောင်မလေးက ချစ်စရာလေး ... ဖြူဖြူစင်စင်လေး ... ဒေါ်လေးရဲ့၊ ဒေါ်လေး မြင်ရင်လည်း ချစ်သွားမှာ ..."

"မင်း ... အခု သူနဲ့မတွေ့ရတော့ စိတ်ထဲမှာ ဘယ်လိုနေလဲ ..."

"နုံးနေတာပေါ့ ဒေါ်လေးရ၊ ပြောရင်းဆိုရင်း ခုပဲ သွားပြေးတွေ့ချင်လာပြီ"

"နုံးစရာလားဟဲ့ ... ငလွန်းရဲ့ ..."

ဒေါ်ခင်နှင်းသိုက်က စိတ်တိုတိုနှင့် အော်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ … အမှန်အတိုင်းပြောဆို၊ အမှန်အတိုင်း ပြောပြန်တော့လည်း တစ်မျိုး …"

"အေး … နုံးရုံပဲ နုံး၊ နုံးရာကနေ မြုံးမိတဲ့ ငါးလို မဖြစ်စေနဲ့ …၊ ဘာအကြောင်းကြောင့်နဲ့မှ ဇာတ်လမ်းသွားမဆက်မိစေနဲ့ …၊ ဟိုက လာဆက်လည်း အဆက်မခံနဲ့ …၊ မင်းကို တမာနဲ့က လွဲလို့ ဘယ်သူနဲ့မှ ငါ သဘောမတူဘူး"

"ဟာ … တမာ့ကို ကျွန်တော်မှ ရင်မခုန်တာ၊ တမာ့ကို အသူငယ်ချင်းလိုပဲ ချစ်တာ"

"ဟဲ့ … ရင်ခုန်ရတဲ့ ကိစ္စကို ကြီးကြီးကျယ်ကျယ်တွေ လာမပြောစမ်းပါနဲ့ …၊ လောကကြီးမှာ ရင်ခုန်ပြီး မပေါင်းလည်တဲ့ စုံတွဲတွေမှ အများကြီး၊ ရင်မခုန်ဘဲ အဆင်ပြေနေတဲ့ စုံတွဲတွေလည်း ရိုက်သတ်လို့တောင် မကုန်ဘူး၊ လူ နှစ်ယောက်ပေါင်းတာ ရင်ခုန်ဖို့ အရေးမကြီးဘူး၊ ဘဝချင်း ဟာမိုနီ ဖြစ်ဖို့ပဲ အရေးကြီးတယ်၊ ငါလည်း ငယ်ငယ်က ရင်ခုန်ဖူးတာပဲ၊ ရင်ခုန်တာ ဘာမှသုံးစားလို့ မရဘူးဟဲ့၊ ရင်ခုန်နေရင် ဦးနှောက်က မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်တော့ဘူး …"

"ဒေါ်လေး ရင်ခုန်ဖူးတာ ဦးဘုန်းကျော်စံနဲ့လား …"





"ဟဲ့ … မင်း ငါ့ကို ပြောင်စပ်စပ်ရုပ်နဲ့ ထိုင်နောက်မနေနဲ့၊ မင်းနဲ့ တမာက အတွင်းသိ အစင်းသိ အတူတူ ကြီးပြင်းလာတာ၊ သံယောဇဉ်လည်း ရှိတယ်၊ ဘဝချင်းလည်း ဟာမိုနီဖြစ်တယ်၊ တမာကလွဲပြီး ဟိုဟာ ဒီဟာ လျှောက်စဉ်းစားမနေနဲ့ … ကြားလား …"

"တမာကလည်း ကျွန်တော့်ကို မကြိုက်ပါဘူး ဒေါ်လေးရာ"

"ဘာလို့ မကြိုက်ရမှာလဲ၊ ကြိုက်တယ် … ကြိုက်လို့သာ ငါ့စကား မပယ်ရှားတာပေါ့"

"ဟင် … တမာက မငြင်းဘူးလား …"

"မငြင်းပါဘူး၊ မယုံရင် မေးကြည့်လေ၊ တမာရေ … တမာ"

"ရှင် … ဒေါ်လေး …"

"ခဏ … ခဏ …"

"ဟုတ်ကဲ့ … ဒေါ်လေး"

တမာက အိမ်နောက်ဘက် မီးဖိုချောင်ထဲက ထွက်လာပါသည်။ တမာ့ ကြည့်တော့ ရုပ်က ခပ်တည်တည်။ လွန်းရောင်ကျော်က တမာ့ကို စိတ်တိုနေကာ …

"ဟဲ့ … တမာစုတ်၊ ဂျမ်းဒေါ်မ … နင် ဒေါ်လေးကို ဘာတွေ ကုန်းတိုက်ထားလဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်းတိုက်တာ မဟုတ်ပါဘူး၊ မြင်ခဲ့ ကြားခဲ့တာကို ပြန်ပြောပြရုံပါ"

တမာက မျက်နှာသေဖြင့် ပြောရင်း လွန်းရာကျော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပါသည်။

"သူငယ်ချင်းအချင်းချင်းတော့ သစ္စာမရှိဘူး၊ ဒေါ်လေးသိုက်ကို ဖားဖို့ပဲ တတ်တယ်"

"မင်း ပါးစပ် ခဏပိတ်ထားစမ်း မောင်လွန်း ..."

ဒေါ်လေးသိုက်က ပိတ်ဟောက်ပစ်လိုက်တာမို့ လွန်းရာကျော်က ပါးစပ်ပိတ်နေလိုက်ရသည်။ တမာကတော့ အေးအေးဆေးဆေး၊ ပါးနှစ်ဖက်ပြည့်နေအောင် ပါးကွက်ချထားသော မျက်နှာက မျက်ကြောအစင်းသားဖြင့် ရေစိုလက်ကို လက်သုတ်ပဝါဖြင့် သုတ်နေသည်။

"ကဲ ... မောင်လွန်းရော တမာရော သေချာနားထောင် နှစ်ယောက်လုံးရှေ့မှာ ဒေါ်လေး လေးလေးနက်နက် ပြောမယ်၊ မင်းတို့နှစ်ယောက်ကို ဒေါ်လေး သဘောတူထားတယ်၊ ဒေါ်လေး ခုလို မျက်နှာစုံညီ မပြောခင်ကလည်း တစ်ယောက်ချင်းစီ ရှေ့မှာ ဒေါ်လေး သဘောထား ပြောခဲ့ပြီးသားပဲလေ၊ ကဲ ... မင်းတို့ဘက်ကရော ဘာပြောချင်သေးလဲ ..."





လွန်းရာကျော်က တမာ့ကို လှမ်းကြည့်လိုက်သည်။ ကိုယ် ငြင်းရင် အရာမထင်မှာစိုးလို့ တမာ့ကိုသာ ငြင်းလိုက်စေချင်သည်။ သူက တမာ့ကို မျက်စပစ်ပြ၊ မေးငေါ့ပြကာ မျက်ရိပ်ပြရင်း ငြင်းဖို့ တိုက်တွန်းလိုက်သည်။ ငြင်းလေ ... ငြင်းလိုက်ပါတော့ တမာ။ နင်လည်း ငါ့ကို မကြိုက်ဘူး မဟုတ်လား ... ကျွမ်းဒေါ်မရဲ့။

"ဘာမှ ပြောစရာမရှိပါဘူး ဒေါ်လေး ..."

ဟင် ... ဒါက ဘာသဘောပါလိမ့် ...။

မျက်နှာသေလေးဖြင့် အေးအေးဆေးဆေး တုံ့ပြန်လိုက်သော တမာ့ကို သူ အံ့သြစွာ စိုက်ကြည့်နေမိပါသည်။ သူ ဒီလောက် မျက်ရိပ်ပြနေတာကို မသိချင်ယောင်ဆောင်ထားတာ အသိသာကြီး ...။

"ဒေါ်လေး ... ကျွန်တော်ကတော့ ..."

"ဟော ... ဧည့်သည်တွေရောက်လာပြီ၊ ကြွပါရှင် ... မင်္ဂလာပါရှင်၊ Good afternoon"

ဒေါ်လေးက အရောင်းခန်းမထဲကို လှမ်းကြည့်ရင်း သူတို့နားက ထသွားပါသည်။ ဒေါ်လေး လူလည်လုပ်သွားတာ အသိသာကြီး။

သူက တမာ့နားက ခုံသို့ ပြောင်းထိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တမာ ... နင် ... ငြင်းရမှာလေ၊ ဘာလို့ မငြင်းတာလဲ"

"မငြင်းချင်တော့လို့ ..."

"ဘာလဲ ... နင် ငါ့ကိုကြိုက်နေလို့လား၊ ငါကတော့ လုံး

ပဲနော် တမာ ...၊ ငါ နင့်ကို ငါ့ရည်းစားအဖြစ် စဉ်းစား

ကို မရဘူး"

"အဲ့ဒါဆိုလည်း နင် ငြင်းလိုက်လေ၊ ဒေါ်လေးသိုက် နား

အောင် ငြင်းပေါ့၊ ငါကတော့ ဒေါ်လေးသိုက်ကို မဆန့်ကျ

ရဲပေါင် ..."

"တမာ ... နင် လူလည်မကျနဲ့နော်"

"လူလည် မကျပါဘူး၊ ပုံမှန်အတိုင်း အေးဆေးလေး

တာပါ"

"ကဲ ... ငါတစ်ယောက်တည်း ငြင်းတာကို ဒေါ်လေး

လက်မခံဘဲ နင်နဲ့ ဖွတ်ပေးစားမယ်ဆိုရင်ရော နင် ငါ့

ယူမှာလား ..."

"ဒေါ်လေးသိုက်က ပြောတယ်ဟ ..."

"ဘာပြောလဲ ..."

"အင်း ... ဘာပြောသလဲဆိုတော့ ..."

တမာက ပြောလက်စ စကားကို ရပ်ကာ စားပွဲ

ကရေနွေးကြမ်းအိုးကို လှမ်းယူပြီး ရေနွေးငှဲ့သည်။ ပြီး





အေးအောင်မှုတ်ပြီး မျှင်းသောက်နေလိုက်သေးတာမို့ သူက စိတ်တိုလာပါသည်။

"တမာ ... ပြောစရာရှိတာ မြန်မြန်ပြောဟာ ..."

"အေးပါ ... ပြောမှာပါ၊ ဒီရေနွေးလေး ကုန်အောင် သောက်ပါရစေဦး ..."

ငါနော် ...။ သူက တမာ ရေနွေးသောက်ပြီးအောင် စိတ်ရှည်ရှည် ဆွဲဆန့်ပြီး စောင့်ရသည်။ ရေနွေးကုန်တော့မှ တမာက ရေနွေးခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်ရင်း ...

"ဒေါ်လေးသိုက်က ပြောတယ်၊ နင်က ဘယ်တစ်စိမ်း မိန်းကလေးနဲ့မှ နှစ်ယောက်တည်း လျှောက်လည်တတ်တဲ့သူမျိုး မဟုတ်ဘူးတဲ့၊ ခု ... အဲ့ဒီလို လိုက်ပို့တယ်ဆိုတော့ ဒါဟာ အကြီးအကျယ် စိတ်ပူစရာ ကိစ္စကြီးတဲ့၊ အထူးသဖြင့် ဂျပန်မနဲ့ဆိုတော့ ပိုစိတ်ပူတယ်တဲ့၊ ဒီက မြန်မာယောကျ်ားကို ဂျပန်မက အတည်ယူသွားတဲ့ သာဓကတွေလည်း ရှိခဲ့တယ်တဲ့၊ အဲ့ဒါကြောင့် သူစိတ်မပူရအောင် ငါက ကူညီရမယ်တဲ့၊ ဒါကြောင့် ဒေါ်လေးသိုက်ကို ငါ ကူညီမလား လို့ ..."

"ဘာ ... ဘယ်လိုကူညီမှာလဲ ..."

"မငြင်းပယ်ခြင်းနဲ့ ကူညီရမှာပေါ့ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"တမာ..."

ဟုတ်တယ်လေ...၊ နင်နဲ့ငါ အိမ်ထောင်ကျရလည်း မဆိ
ပါဘူး၊ ဒေါ်လေးသိုက် တစ်ယောက်လုံး ရှိတာပဲ၊ နင်
ငါ့ကို မချစ်လည်း နှိပ်စက်လို့တော့ မရဘူး၊ ဟိုတစ်ယော
လက်ထဲ ပါသွားတာထက်စာရင် ကိုယ့်ရုပ်ကိုယ့်ရွာမှာ အိ
ထောင်ကျတာက နင့်အတွက်ရော ဒေါ်လေးသိုက်အတွ
ပါ ပိုအဆင်ပြေမလားလို့ မငြင်းတာပါ"

"တမာ... နင် ငါ့ကိုနောက်နေတာလား၊ အတည်လား"

"နင် ထင်မြင်တဲ့အတိုင်းပါပဲဟာ၊ ကဲ... ငါ ပြန်လိုက်ဦး
မယ်၊ လုပ်စရာအလုပ်လေးတွေ ရှိသေးလို့..."

တမာက ရုပ်တည်နှင့်ပြောပြီး ထသွားသည်။ 
စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို စုံကုတ်လိုက်ပါသည်။

ဒေါ်လေးကလည်း သူ့ညှော်သည်တွေနှင့် အလုပ်ရှု
နေတာမို့ သူက အသာလေး လစ်ထွက်လာခဲ့ပါသည်။ ထို့နော
အိမ်နှင့် အနီးဆုံးက လောကနန္ဒာဘုရားဘက်သို့ ထွက်လာခဲ့သည်

ဧရာဝတီမြစ်ကမ်းက လောကနန္ဒာဘုရား အတ
လေ့ကား ဘေးအုတ်ခုံတန်းကလေးပေါ်မှာ ထိုင်ရင်း ဧရာဝတီမြ
ပြင်ကို သူ ငေးကြည့်နေသော်လည်း နန်းစံရဲ့ မျက်နှာကလေး
သာ မြင်နေရပါသည်။





ဒေါ်လေးကို ပြောခဲ့သလို သူ တကယ်ပဲ နုံးနေခဲ့ပါ
သည်။ ဒေါ်လေးက မြှူးမိမှာကို စိုးသော်လည်း ဒီငါးကဖြင့်
မြှူးထဲ တိုးချင်နေတာကို မနည်း ထိန်းချုပ်ထားရပါသည်။

သူ့ အပေါ်ဝတ် ဂျာကင်အပါးလေးရဲ့ အိတ်ကို
နိုက်ကာစမ်းမိတော့ သူမ သူ့စက်ဘီးမှာ ချည်ပေးလိုက်သော
ပဝါလေးကို စမ်းမိပါသည်။

သူက ပဝါကို ထုတ်ယူကာ သူ့လည်ပင်းမှာ ပတ်
ကြည့်၊ နဖူးမှာ ချည်ကြည့်... အမျိုးမျိုး လုပ်ကြည့်သည်။ ပဝါ
လေးကို ငုံ့နမ်းမိတော့ ရေမွှေးနံ့လား ကိုယ်သင်းနံ့လားမသိသော
အနံ့သင်းသင်းကလေး မွှေးမြနေပါသည်။

သူက ပဝါလေးကို လက်ကောက်ဝတ်မှာ ပတ်၍
ချည်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

✤ ✤ ✤

နေ့လယ်ခင်းကြီးမှာ ပုဂံမြို့သစ်ရဲ့ လမ်းသွယ် သို့ ကားတန်းတစ်ခု ဖုန်တလိမ့်လိမ့်ဖြင့် ဝင်ရောက်လာပါသည်။

ပုဂံမင်းသမီး ယွန်းထည် work shop သို့ သွား လမ်းဟာ ကတ္တရာလမ်းမမှ ကွေ့ဆင်းသွားရသော မြေကြီးလမ်း အညာနွေ နေ့လယ်ခင်းမို့ ဖုန်အထူဆုံးအချိန်၊ ဝင်လာသည့် ကား က ငါးစီး ...။ ရှေ့ဆုံးက မာဆေဒီးစ် ... သူ့နောက်က cro ကားတွေ ...။

ထိုကားတန်းကြီးဟာ ပုဂံမင်းသမီး ယွန်းထည်လု ငန်း ခြံရှေ့မှာ ရပ်သွားပါသည်။

"အလို ... ကားတွေ များလှချည်လား ..."

"ဟုတ်ပတော် ..."

ခြံရှေ့ဘက်မှာ ယွန်းပန်းချီ ရေးနေသော အဖွဲ့ ခြံရှေ့သို့ လှမ်းကြည့်ရင်း ရေရွတ်လိုက်သည်။





ဒေါ်ခင်နှင်းသိုက်က ဆိုင်ထဲမှ ထွက်ကာ ခြံအရှေ့ င်း အလုပ်ရုံဆီ လျှောက်လာနေရင်းက အနီးအနားက လူတွေကို န်ကြားလာပါသည်။

"အမလေး ... ရာသီဥတုကလည်း ဆောင်းတွင်းသာ ဆို တယ်၊ နေ့ခင်းဆို ပူတာပါပဲလား၊ ဟဲ့ ... ရှေ့မှာ ဖုန် တွေ ထူလှချည်လား၊ မနက်က ရေဖျန်းမထားကြဘူးလား"

"ဖျန်းပါတယ် မမ ...၊ ဖျန်းပြီးသားပါ"

"ဖျန်းပြီးသားလည်း ထပ်ဖျန်းပေါ့၊ သွား ... သွား ... ရေ သွားခပ်ကြ၊ ခြံရှေ့ပိုင်းတွေ ရေထပ်ဖျန်းလိုက်ဦး၊ ဟင် ... အိမ်ရှေ့မှာ ကားတွေများလှချည်လား ..."

ဒေါ်ခင်နှင်းသိုက်က ကောင်မလေးတွေကို လှမ်းပြော န်ကြားရင်း ခြံရှေ့က ကားတန်းကြီးကို မြင်သွားပါသည်။

ရှေ့ဆုံးက ကားအနက်ထဲက လူတစ်ယောက် ထွက် လာပြီး ကားဘေးမှာ ရပ်လိုက်သည်။ အမယ် ... ပုံစံကတော့ ကိုရီးယားကားထဲက စတိုင်လ်မျိုးပါလား ... ဟား ... ဟား။

ဒေါ်ခင်နှင်းသိုက် တစ်သက် ဒီလိုပုံစံဖြင့်လာသော ည့်သည်မျိုး မတွေ့ဖူးတာမို့ စိတ်ထဲကနေ အော်ရယ်လိုက်မိပါ သည်။ ထိုအချိန်မှာ နောက်ထပ် တစ်ယောက် ဆင်းလာသည်။ ထိုလူဟာလည်း ဒီကိုလာတဲ့ အမိကကျသော ပုဂ္ဂိုလ်မဟုတ်ပုံမရ။ ထိုလူက ခြံထဲသို့ ခပ်သွက်သွက်လေး လျှောက်ဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ဒေါ်ခင်နှင်းသိုက် ဆိုတာ ရှိပါသလား ခင်ဗျ"

"ရှိတယ်၊ ကျွန်မပဲ ..."

"ကျွန်တော်တို့ သူဌေးက လာတွေ့ပါတယ် ခင်ဗျ ..."

"ဪ ... သူဌေးက ဘယ်မှာတုန်း"

"ကားထဲမှာပါ ခင်ဗျ ..."

"ဪ ... အဲ့ဒီတော့"

"ဒေါ်ခင်နှင်းသိုက် ရှိရဲ့လားလို့ ကျွန်တော် အရင်ဝင်မေ ထားတာပါ ခင်ဗျ၊ ရှိရင်တော့ သူဌေး ကားထဲက ဆင် လာမှာပါ၊ မရှိရင်တော့ ကျွန်တော်တို့ လှည့်ပြန်ကြမှာပါ"

"နေပါဦး ... ကားက ငါးစီးဆိုတော့ သူဌေးက ဘယ် နယောက်တုန်း ..."

"သူဌေးကတော့ တစ်ယောက်တည်းပါ ခင်ဗျ"

"ဒါဖြင့် ဘာလို့ ကားက ငါးစီးတောင်မှလဲ ..."

"နောက်ကကားတွေက သူဌေးကို လိုက်ပို့တဲ့ ကားတွေပ ခင်ဗျ ..."

"သူဌေးက ဘာသူဌေးမို့တုန်း ..."

"ဂျပန်က ပြန်လာတဲ့ သူဌေးပါ ခင်ဗျ ..."

"ဂျပန်က ပြန်ပြန်၊ ဒူဘိုင်းကပြန်ပြန်၊ အစ္စရေးကပြန်ပြ အီသီယိုးပီးယားက ပြန်ပြန် ... ဟိုက ဒီက ပြန်လာတိုင်





သူဌေးလား၊ ကျွန်မ မေးတာက ဘာလုပ်တဲ့ သူဌေးလဲ မေးတာ၊ ယာဉ်တန်းနဲ့တောင် လာရတယ်ဆိုတော့ ကျွန်မ အမြင်မှာ နည်းနည်း ကြီးကျယ်နေလို့ ..."

"သူဌေးက ပုဂံမှာ ဟိုတယ်လုပ်ငန်း ရင်းနှီးမြှုပ်နှံဖို့ လာ လေ့လာတဲ့ သူဌေးပါ ခင်ဗျ၊ ခဏလေးပါ ... ကျွန်တော် အခုပဲ သွားခေါ်လိုက်ပါ့မယ် ..."

တပည့်ဖြစ်ဟန်တူသူက ရှေ့ဆုံးက ကားဆီ ခပ် သွက်သွက် ပြန်လှည့်ထွက်သွားသည်။ ပြီးတော့ ကားဘေးမှာ ရပ်နေသူကို တစ်ခုခု လှမ်းပြောလိုက်သည်။ ကားနားကလူက ခါးကိုညွှတ်ကာ (ကိုရီးယား ကားထဲကအတိုင်း) ကားတံခါးကို ဖွင့်ပေးလိုက်တော့မှ ကားထဲက ပုဂ္ဂိုလ်က ဆင်းလာတော်မူလေ သည်။

အင်း ... ထင်တော့ ထင်သားပါပဲ ...။

နေကာမျက်မှန် မည်းမည်းနှင့် ... အညာမှာ လာပြီး မသင့်မတော် စီးလာသည့် ရှူးစ်ဖိနပ် ဖြူလွလွနှင့်၊ ဘောင်းဘီဖြူဖြူ အင်္ကျီဖြူဖြူပေါ်မှာ ကိုရီးယား မင်းသားတွေဝတ်သည့် ခါးရှည် ရှည် ကုတ်လှလှ ကြက်သွေးရောင် ရင့်ရင့်နှင့်၊ ဒီလိုပုံစံ ဒီလိုအချိုး နှင့် ကိန်းကြီးခန်းကြီး ခပ်ကြွားကြွား သူဌေးပုံ ဖမ်းလာမှတော့ ဒင်းပဲဖြစ်မယ်ဆိုတာ ခင်နှင်းသိုက်တို့ သိလိုက်ပြီပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်ဆယ်နီးပါး ကြာခဲ့ပြီဖြစ်သော်လည်း ဒင်းရုပ်ကို ခွေးချီသွားတောင် မှတ်မိနေပါသည်။

ပညာပြဖို့ လာသောသူကို ခင်နှင်းသိုက်ကလည်း ဆီးကြိုပညာပြလိုက်ချင်သားပင်။

"ဟော့ … ရေခပ်ခိုင်းထားတာ ခပ်လာပြီလား"

"ခပ်လာပါပြီ မမ …"

"ခြံရှေ့မှာ ဖုန်ထနေတာ မြင်တယ်မဟုတ်လား၊ ကဲ … ဖျန်းလိုက်ကြ …"

"ဟို … ဟို …"

"ရတယ် … ဖျန်းသာ ဖျန်း …"

ဒေါ်ခင်နှင်းသိုက်က ခပ်မာမာ လှမ်းအော်အမိန့်ပေးလိုက်ကြတာမို့ ရေပုံးကိုယ်စီ ကိုင်ထားသော မိန်းကလေး နှစ်ယောက်က အိမ်ရှေ့မှာ ရပ်ထားသည့် မာဆေဒီးစ်ကားနားတစ်ဝိုက်သို့ ဖြန်းခနဲ ရေလှမ်းပက်လိုက်ကြပါသည်။

"ဟာ … ဟော့ … ဟော့ … ဘာလုပ်တာလဲ၊ ဒီမှာ သူဌေးကို စိုကုန်မှာပေါ့ …"

ဖျန်းလိုက်သော ရေတွေက လမ်းပေါ်ကို ရွှဲရွဲစိုကာ ကားနားမှာ ရပ်နေသော ဦးဘုန်းကျော်စံရဲ့ ဖြူလွှလွှ ဘောင်းဘီအနားစကို ရွှံ့စက်တချို့ ပက်စင်သွားပါသည်။





ဦးဘုန်းကျော်စံက ဆွေ့ဆွေ့ခုန်သွားကာ …

"ကြည့်စမ်း … ညစ်ပတ်ကုန်ပြီ၊ ဒါ ဘယ်လိုလုပ်တာလဲ ခင်နှင်းသိုက် …"

"အထူးပုံစံနဲ့ လာတဲ့ အထူးဧည့်သည်မို့ အနီးအနားက ဖုန်တွေကပ်မှာစိုးလို့ ရေဖျန်းခိုင်းလိုက်တာပါ၊ ဘာကိစ္စများ ရှိလို့ လာတာပါလဲ၊ ကြွပါ … သူဌေးမင်း၊ အထဲကို ကြွပါ"

ဒေါ်ခင်နှင်းသိုက်က ခပ်ငေါ့ငေါ့ ဖိတ်ခေါ်ပြီး ချာခနဲ ပြန်လှည့်ဝင်သွားပါသည်။

ဦးဘုန်းကျော်စံက သူ့ကုတ်အင်္ကျီ အလှကလေးရဲ့ လက်ဖျားမှာ လာတင်နေသည့် ရေစက်တချို့ကို လက်မ လက်ညှိုးဖြင့် တောက်ထုတ်ဖယ်ရှားလိုက်ပြီး ခြံထဲသို့ မော့မော့ကြော့ကြော့ လှမ်းဝင်လာပါသည်။

ဒေါ်ခင်နှင်းသိုက်က ခြံတစ်ဖက်ခြမ်းက သီးသန့်ဧည့်ခန်းမကျယ်ထဲသို့ ဝင်လာခဲ့သည်။ ဧည့်ခန်း အလယ်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။ ခင်နှင်းသိုက်က လက်ပိုက်လျက် ဘုန်းကျော်ကို ခြေဆုံး ခေါင်းဆုံး တစ်ချက်ကြည့်ကာ ခပ်ရွဲ့ရွဲ့ ပြုံးလိုက်ရင်း …

"မဆိုးပါဘူး … ပိုက်ဆံရှိသွားတော့လည်း အနည်းဆုံးတော့ တောသူကြီးသားရုပ်လောက် ထွက်အောင်တော့ ဝတ်နိုင်သားပဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ခင်နှင်းသိုက်၊ ငါ့အခုအနေအထားက မင်း ဒီလို ချိုးနှိမ်ပြောရမယ့် အနေအထားမျိုး မဟုတ်တာကို မင်း သဘောပေါက်သင့်တယ် ..."

"ဩော် ... ဟုတ်သားပဲ၊ သူဌေးမင်း ဖြစ်နေပြီပဲ၊ ဒါပေမယ့် နင် အကွက်မှားနေပြီ ဘုန်းကျော်၊ နင် အခုလုပ်လာတဲ့ အချိုးက ရုပ်ရှင်တွေထဲမှာ ဖန်တရာတေအောင် မြင်ဖူးပြီးတဲ့ အချိုးမျိုးပဲ၊ ဆင်းရဲတုန်းက မျက်နှာငယ်ခဲ့ရတဲ့ နေရာကို ချမ်းသာသွားတဲ့အချိန်မှာ အပေါ်စီးက လာကြည့်တယ်ပေါ့လေ၊ အဟင်းဟင်း ... နင် အပေါ်စီးက လာကြည့် ရလောက်အောင်လည်း ဟောဒီနေရာက ... ဟောဒီပုဂ္ဂိုလ်မြေက ... ဟောဒီငါက သိမ်နုတ် မှိန်ကုပ်မနေဘူး၊ ကိုယ့် အလင်းရောင်နဲ့ ကိုယ် မျက်စိကျိန်းလောက်အောင် တောက်ပလွန်းလို့ နင့်ဘာသာ ယာဉ်တန်းနဲ့ပဲ လာလာ၊ ဟက်စကီးနဲ့ပဲ လာလာ ...၊ ဘွတ်တွေ ရှုတ်တွေ ကုတ်တွေ ဝတ်ပြီးတော့ပဲ လာလာ ... မိန်းမရမှ တောက်ပြောင်လာတဲ့ သူမျိုးကို အရေးကိုမစိုက်ဘူး ... ဟုတ်ပြီလား"

"ငါကလည်း နင့်လို အတ္တကြီးပြီး ဆင်းရဲရမှာ သေမလောက်ကြောက်တဲ့ မိန်းမမျိုး၊ မချစ်တတ်တဲ့ မိန်းမမျိုး ဆင်းရဲတဲ့သူဆို အနူလို အဖက်မတန် ဆက်ဆံတဲ့ နင်တို့





တစ်ဆွေလုံး တစ်မျိုးလုံးကို အရေးကိုမစိုက်ဘူး ... ဟုတ်ပြီလား၊ ခုဟာက ငါ့သမီးကို နင့်တူ အညာသား အစုတ်ပလုတ် အနုတ်စုတ် ဂုတ်စုတ် တောသားက လာပတ်သက်နေလို့၊ မတူလို့ မတန်လို့ အဆက်အဆံ မလုပ်ချင်လို့ နင့်တူနင် ကြည့်ထိန်းဖို့ လာပြောတာ ..."

"ဟင်း ... ဟင်း ... ဟင်း ... ကိုယ့်တာ ကိုယ်မလုံဘဲ လာစနေပြန်ပါပကော ဘုန်းကျော်၊ ဩော် ... မှားလို့ မစွတာ ဘုန်းကျော်စံ၊ ငါ့တူကို ငါ သေချာမေးပြီးသွားပြီ၊ နင့်သမီးက အကူအညီတောင်းလို့ ငါ့တူက လိုက်ပို့ရတာ၊ ဒါ ငါ့တူကစတဲ့ ဇာတ်လမ်းမဟုတ်ဘူး၊ နင်းသမီးက စတဲ့ ဇာတ်လမ်း၊ ငါ့ဆီ လာပြောမယ့်အစား နင်သမီး နင်ကြည့် ထိန်းပါလား ..."

ဒေါ်ခင်နှင်းသိုက်က ကိုယ့်အသက်အရွယ်ကိုတောင် မေ့ကာ ငယ်ရွယ်သူ တစ်ယောက်လို စိတ်လိုက်မာန်ပါ ပြောနေမိပါသည်။ တမြေ့မြေ့ နာကြည်းလာခဲ့ရတာတွေလည်း ခုမှ ဖွင့်ဟ လိုက်ရသလိုပါပင်။

အဲ့ဒီအချိန်က အိမ်က အလစ်မပေးလို့ သူချိန်းတဲ့ နေရာကို မသွားနိုင်ခဲ့ပေမယ့် ကိုယ့်ကို သူ သည်းခံစောင့်မယ်လို့ပဲ ထင်ခဲ့တာလေ။ သူလည်း သူ့ဘဝသူ ကြိုးစားထူထောင်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်ဘဝကိုယ် ထူထောင်ပြီး အဆင်ပြေလာတဲ့ တစ်ချိန်ကျမှ လက်ထပ်ချင်ခဲ့တာလေ။ ဘယ်လို အတားအဆီးတွေပဲရှိရှိ ကိုယ့်ကို ကိုယ့်ချစ်သူက သည်းခံစောင့်ပေးဖို့ မျှော်လင့်ခဲ့မိတာလေ၊ ဒင်းက အလွယ်တကူ အလွယ်လမ်း လိုက်သွားခဲ့မယ်လို့မှ မထင်ခဲ့မိတာပဲ။ မိန်းမတစ်ယောက် အလွယ်တကူ ကောက်ယူသွားနိုင်ခဲ့တဲ့ ဒင်းကို စိတ်နာ မုန်းတီးလွန်းတဲ့ စိတ်ဟာ ခုထိလည်း မပြေနိုင်သေးပါ။ ကော့ရော့ ကြွရွနေအောင် သူ့ကိုယ်သူ အလှဆင်လာတဲ့ ဘုန်းကျော်ဟာ ဆင်းရဲစဉ်ကတည်းက ချောခဲ့သူမို့ ခုချိန်ထိ ကြည့်ကောင်းဆဲပါ။ သို့သော် … မုန်းစိတ်အခံနှင့် ကြည့်ရတာမို့ ဒင်းရုပ်က ခင်နှင်းသိုက်ရဲ့ မျက်စိထဲမှာ ပုံမလာပါ …။

ဦးဘုန်းကျော်စံဟာ မာနထောင်လွှားလှသော ခင်နှင်းသိုက်ကို စိုက်ကြည့်ရင်း ရင်ထဲက ဒဏ်ရာဟောင်းက တစ်စစ် နာလာပါသည်။

လက်ပိုက်ရပ်ရင်း ကိုယ့်ကို ထီမထင် ပြောဆိုတုံ့ပြန်နေပုံက သူ့ မခံချင်စိတ်ကို ဆွနေပါသည်။ ဒီလို အတ္တကြီးတဲ့ မိန်းမမျိုးရဲ့ ရင်ထဲမှာရော အချစ်ဆိုတာ ရှိခဲ့လို့လား။ ကိုယ်က တော့ အေးအတူ ပူအမျှ ရုန်းကန်ချင်ခဲ့သည်။ အချစ်တစ်ခုကို ယုံကြည်ပြီး ကိုယ့်ထံလာခဲ့လျှင် ကိုယ်ကလည်း မြတ်နိုးကြင်နာ၍ စွမ်းစွမ်းတမံ လုပ်ကျွေးဖို့ အားအင်အပြည့်၊ ယုံကြည်မှုအပြည့်ဝင်း





သို့သော် သူမ၏ ငြင်းပယ်မှုက ကိုယ့်ယုံကြည်မှုတွေကို ပျက်ပြယ်စေခဲ့သည်။ သိမ်ငယ်ဝမ်းနည်းစေခဲ့သည်။ ဒီမြေ ဒီရေ ဒီအသိုက်အဝန်းမှာ မရပ်တည်ချင်တော့အောင် စိတ်လေစေခဲ့သည်။

ခင်နှင်းသိုက်နှင့် ဘုန်းကျော်စံဟာ နာကြည်းချက်ကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် ရူးရူးရှရှ စိုက်ကြည့်နေခဲ့ကြပါသည်။

ထိုအချိန်တွင် …

ခင်နန်းစံက ပုဂံမင်းသမီး ယွန်းထည်ဆိုင်ရှိရာ လမ်းသွယ်ထဲသို့ စက်ဘီးစီးဝင်လာရင်း ဆိုင်ရှေ့မှာ ရပ်ထားသည့် ကားတွေရဲ့ ရှေ့ဆုံးက မာဆေဒီးစ်ကားကို လှမ်းမြင်လိုက်ရပါသည်။

"ဟင် … ဒီကားက …"

နန်းစံက စက်ဘီးပေါ်မှ ကမန်းကတန်း ဆင်းလိုက်ပါသည်။

ဒီဆိုင်ရှေ့ကို ဖေဖေ စီးလာတဲ့ ကားက ဘာလို့ ရောက်နေရတာလဲဆိုတာ စဉ်းစားမရပါ။



www.burmeseclassic.com

www.burmeseclassic.com



နန်းစံကတော့ ဟိုတယ်မှာ ဖေဖေ မရှိတာကို အခွင့်ကောင်းယူကာ မသူဇာကို လှည့်ပတ်ထားရစ်ခဲ့ပြီး ဒီဆိုင်သို့ လာခဲ့တာပင် ...။

ဒီဆိုင်မှာ လွှမ်း ရှိနေရင်လည်း တွေ့ချင်သည်။ လွှမ်း မရှိရင်လည်း ဒီဆိုင်ထဲက ယွန်းထည်တွေကို လေ့လာပြီး ပြန်မည်ဟုပင် ...။

လွှမ်းက နန်းစံရဲ့ စိတ်နှလုံးကို ဆွဲထုတ်ယူသွားသလို ရင်ထဲဟာကာ လွှမ်းနဲ့ပဲ တွေ့ချင်နေတော့တာမို့ နန်းစံက စွန့်စားလာခဲ့မိတာပင်။

နန်းစံက နောက်က ကားတွေကိုကွယ်ကာ ခါးလေးကိုကိုင်းပြီး ရှေ့ဆုံးက ကားဆီ ချောင်းကြည့်လိုက်တော့ ကားနားမှာ ရပ်နေသည့် ကိုကျော်သက်ကို တွေ့လိုက်ရပါသည်။ နန်းစံက ကိုကျော်သက် မြင်မှာစိုးတာမို့ ခါးလေး ကုန်းကုန်းကိုင်းကိုင်းနှင့် စက်ဘီးလက်ကိုင်ကို ဆတ်ခနဲ နောက်ပြန်ကွေ့တွန်း ထွက်လာပါသည်။ သို့သော် ...

"မခင်နန်းစံ ... မခင်နန်းစံ ..."

ကိုကျော်သက်ရဲ့ ခေါ်သံနှင့် ခြေသံတဖျတ်ဖျတ်ကြောင့် နန်းစံက စိတ်လျှော့ကာ ခါးလေး မတ်စန့်လျက် ခပ်တည်တည် လှည့်ကြည့်လိုက်သည်။





"မခင်နန်းစံ ... ဘယ်ကလာတာလဲ"

"ဘယ်ကမှ မလာပါဘူး၊ ဒီလိုပဲ ဟိုဟိုဒီဒီ လွတ်လွတ်လပ်လပ် လျှောက်ကြည့်မလို့ ထွက်လာတာ၊ ဒါနဲ့ ကိုကျော်သက် ... ဖေဖေက ဘယ်ကိုလာတာလဲ ..."

"ပုဂံမင်းသမီး ယွန်းထည်ဆိုင်ပိုင်ရှင် ဒေါ်ခင်နှင်းသိုက်ဆီ လာတာ၊ အခြေအနေတော့ သိပ်မကောင်းဘူး ..."

"ဟင် ... ဘယ်လိုမကောင်းတာလဲ ..."

"ဒေါ်ခင်နှင်းသိုက်နဲ့ အန်ကယ်လ်က အရင်ကဇာတ်လမ်းဟောင်း ရှိပုံရတယ်၊ ပြီးတော့ ... ဟိုဟာ ... ဟိုဟာ ..."

ကျော်သက်က ပြောရမလို မပြောရမလို ခေါင်းတစ်ချက် ကုပ်လိုက်ပါသည်။

"ပြောလေ ... ကိုကျော်သက်"

"ခုန ဒီကပိုင်ရှင် ဒေါ်ခင်နှင်းသိုက်က အန်ကယ့်လ်ကို ကြိုတဲ့ပုံကလည်း အခြေအနေ မကောင်းဘူး၊ ပြီး ... ပြီးတော့ အန်ကယ်လ်က မခင်နန်းစံနဲ့ ဒေါ်ခင်နှင်းသိုက်တူနဲ့ တွဲပြီး လျှောက်လည်တာကို သိလို့ ဒေါသထွက်ပြီး ဒီကိုလာ ..."

"ဟင် ..."

နန်းစံက လန့်ဖျပ်ကာ စက်ဘီးကို လွှတ်ချခဲ့ပြီး ဆိုင်ရှိရာ ခြံထဲသို့ လှစ်ခနဲ ပြေးဝင်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်ကြပြီလဲ ...။

နန်းစံက ရင်ထိတ်လျက်ပင် ခြံထဲသို့ သွက်သွ
လှမ်းဝင်လာပါသည်။

ထိုအချိန်၌ပင် လောကနန္ဒာဘုရားမှ ဆိုင်ကယ်ဆေ
စီးကာ ပြန်လာနေသော လွန်းရာကျော်က ဆိုင်ရှိရာ လမ်းသွယ်
သို့ ချိုးကွေ့ဝင်လာပါသည်။

"ငါ့သမီးက အေးအေးချမ်းချမ်း သိမ်သိမ်မွေ့မွေ့နေတဲ့
အင်မတန် နူးညံ့တဲ့ မိန်းကလေး၊ ဒီကိုခေါ်လာတာတော
ကိုယ်ပိုင် လေယာဉ်နဲ့ ခေါ်လာခဲ့ရတာ ..."

"အဟွတ် ... အဟွတ် ... ဟုတ်လား ... ကိုယ်ပိုင်လေယ
နဲ့ လာကြတာလား၊ အဲဒီတော့ ဘာဖြစ်လဲ၊ ဘာကိုပြ
ချင်တာလဲ ... ရှင်းရှင်းပြော ..."

"အဲဒီလို မိန်းကလေးက မင်းတူ အညာသားကို
ကစားနေစရာ ဘာအကြောင်းမှ မရှိဘူး၊ မင်းတူက
ငါ့သမီးကို ဖြားယောင်းဖို့ ကြိုးစားနေတာ၊ ပုဂံမှာ အ
အကိုင် မကောင်းလို့ ဂျပန်ကို လာအလုပ်လုပ်ချင်လ





ရိုးရိုးသားသား ပြော၊ ကိုယ့်ဟိုတယ်မှာ ပန်းကန်ဆေးတဲ့
အလုပ်တစ်နေရာလောက်တော့ ဖန်တီးပေးနိုင်တယ် ..."

"အဟက် ... အဟက် ... ဟင်း ဟင်း ... ဟာသတွေ လာ
ပြောမနေနဲ့ဟဲ့ ...၊ ပုဂံမှာ ငါတို့အလုပ်အကိုင်တွေက
ကောင်းလွန်းလို့၊ ဂျပန်က နင့်ဟိုတယ်တွေ လျှောက်လှုပ်ပြီး
ပြီးလို့ စီးပွားပျက်ပြီး ပြန်လာရင်တောင် ငါ ဒီကနေ
ယွန်းခွေတဲ့ အလုပ်ကလေးလောက်တော့ ဆီးပေးလို့ရတယ်၊
ငါ့ဆီမှာ လာလုပ်ရင် မြင်းလှည်း ပြန်မောင်းတာထက်တော့
သာဦးမှာပဲ"

နန်းစံသည် အပြန်အလှန် အခြေတင် စကားနိုင်
လုပြောနေသော လူကြီးနှစ်ယောက်ကို နှုတ်ခမ်းလေး မဟတဟ
ပွင့်ကာ တအံ့တသြ ရပ်ကြည့်နေမိပါသည်။ သူတို့ကတော့ နန်းစံ
ကို မမြင်ဘဲ အနိုင်မခံ အရှုံးမပေးစတမ်း စကားစစ်ဆင်နေသည်။

ဖေဖေ ဘာလို့ ဒီလိုလုပ်ရသလဲဆိုတာ နန်းစံ နား
မလည်ပါ။ နန်းစံနဲ့ လွန်းနဲ့ အတူသွားလာခဲ့တာတွေကို ဘယ်လို
သိသွားမှန်း နန်းစံ မသိပါ။

နန်းစံကို တစ်ခွန်းမမေးဘဲ ခုလို လာပြောနေသည့်
အတွက်တော့ နန်းစံက အားနာလှတာမို့ ဖေဖေ့ ရှေ့သို့ ပြေးဝင်
လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ..."

"ဟင် ... သမီး ..."

"ဖေဖေ ... သမီးကို မမေးဘဲ ဘာလို့ ဒီမှာလာပြောနေတာလဲ၊ လွှန်းက နန်းစံကို မဖြားယောင်းပါဘူး၊ နန်းစံက အကူအညီတောင်းလို့ နန်းစံကို ကူညီတာပါ"

"ကဲ ... တွေ့လား ... ကြားရဲ့လား ဘုန်းကျော်၊ ကိုယ့်တာကိုယ်မလုံတော့ နင် အရှက်ကွဲပြီ မဟုတ်လား၊ ဒီမှာ ... ဟော့ ... မဘယ်သူ့ နန်းစံ ... ဟုတ်လား"

"ခင်နန်းစံပါရှင် ..."

"ဒါက ဗမာနာမည်ပါလား၊ တခြားနာမည် ရှိသေးလား"

"ဟာန ...၊ ဟာန့်ကို ... ပါ"

"အေး ... တို့တော့ အဲ့ဒီနာမည်ပဲခေါ်မယ်၊ ဒီမှာ ဟာန့်ကို ညည်းကို တို့တူ လွှန်းရာကျော်က ဘာတွေများ ရေလာ မြှောင်းပေး လုပ်ခဲ့သလဲ ..."

"ရှင် ...၊ ရေလာမြှောင်းပေး ... ရေလာမြှောင်းပေး ဘာလဲ လိမ့် ..."

ရုတ်တရက် နားမလည်တာမို့ နန်းစံက နဲ့ဝေတီး တောင် ဖြစ်သွားကာ ရေရွှတ်နေသည်။ ဒေါ်ခင်နှင်းသိုက်က ခပ်နှဲ ပြုံးလိုက်ရင်း ...





"အမလေးဟယ် ... မြန်မာစကားတောင် ကောင်းကောင်း နားမလည်တဲ့သူကများ မြန်မာဆန်ဆန် ခင်နန်းစံလေး ဘာလေး နာမည်တွေ ပေးလို့ပေး ..."

"ဟို ... နန်းစံ သိတော့ သိပါတယ် ဒေါ်လေး၊ ရေလာ မြှောင်းပေးဆိုတာ ဟို ဘယ်လိုပြောရမလဲ၊ တစ်ဖက်က ရေစီးလာအောင် ကိုယ်ကအရင် မြှောင်းဖောက်ပေးရတာ ဆိုတော့ ..."

"ကဲ ... ကဲ ... ဒီမှာ ဟာနကို၊ မသိရင် သေချာမှတ်သွား၊ ရေလာမြှောင်းပေးဆိုတာ ညည်းက ငါ့တူကို ..."

"ဒေါ်လေးသိုက် ..."

"ဟင် ... လွှန်း"

"မောင်လွှန်း ..."

"မင်း ..."

လွှန်းရာကျော်က အားလုံးရဲ့ အလယ်ကို ခွဲလှမ်းကာဖြင့် လှမ်းဝင်လာသဖြင့် အားလုံးရဲ့ အာရုံက လွှန်းရာကျော်ဆီသို့ ကျရောက်သွားပါသည်။

နန်းစံက လွှန်းရာကျော်နားသို့ သွက်သွက်လေး ကပ်သွားကာ ...

"လွှန်း ... နန်းစံ တောင်းပန်ပါတယ်နော်၊ ဖေဖေက လွှန်း



www.burmeseclassic.com

www.burmeseclassic.com



ကို နန်းစံ အကူအညီတောင်းလို့ လိုက်ပို့တာမှန်း မသိလို့ ဒီကိုလာပြီး ပြောတာပါ၊ နန်းစံတို့ အတူတူသွားခဲ့ကြတာကို ဖေဖေ သူ့ဘာသာ သိသွားတာ လွှန်းရဲ့၊ လွှန်း ဒေါ်လေးကိုလည်း နန်းစံ တောင်းပန်ပါတယ်၊ လွှန်းလည်း တောင်းပန်ပေးနော်၊ ဒေါ်လေး နန်းစံ တောင်းပန်ပါတယ်နော်"

"ကြားတယ်မဟုတ်လား ... ဘုန်းကျော်၊ ဘယ်သူမှားသလဲဆိုတာ နင် အခုသိပြီမဟုတ်လား"

"သမီး ... လာခဲ့၊ တောင်းပန်စရာ မလိုဘူး"

ဦးဘုန်းကျော်စံက နန်းစံ လက်ကို လှမ်းဆွဲခေါ်လိုက်သည်။ နန်းစံက လွှန်းရာကျော်ကို လှည့်ကြည့်ရင်း ...

"တောင်းပန်ရမှာပေါ့ ဖေဖေ၊ နန်းစံတို့က မှားတာလေ"

"မမှားဘူး၊ ခုလည်း မမှားဘူး၊ အရင်တုန်းကလည်း မမှားခဲ့ဘူး ..."

လေးယောက်ကြားမှာ အခြေအနေတွေက ရှုပ်ယှက်ခတ်နေပါသည်။ လွှန်းရာကျော်က ခဏငြိမ်သွားကာ အခြေအနေကို အကဲခတ်လိုက်ပြီးမှ ...

"ဒေါ်လေးသိုက်နဲ့ ဦးဘုန်းကျော်စံက ဇာတ်လမ်းဟောင်းတွေ ရှိခဲ့တာလား ..."





"ဟဲ့ ... ကောင်လေး ..."

"ဟုတ်မှာပါ၊ ဒေါ်လေးတို့ အပြောအဆိုတွေ နားထောင်ရတာ ခုမှ စတွေ့တဲ့ပုံမျိုး မဟုတ်ပါဘူး၊ ဒေါ်လေးတို့ဘာသာ ဇာတ်လမ်းရှိရင် သပ်သပ်ရှင်း၊ နန်းစံနဲ့ ကျွန်တော်နဲ့ကိစ္စက ရှင်းပြီးသားမို့လို့ ရှင်းစရာ မလိုဘူး၊ နန်းစံက ကျွန်တော့်ကို ရေလာမြောင်းပေးလည်းမလုပ်ဘူး၊ ကျွန်တော်ကလည်း မဖြားယောင်းဘူး၊ နန်းစံလည်း မမှားဘူး၊ ကျွန်တော်လည်း မမှားဘူး၊ နန်းစံ ... ကိုယ့်ဒေါ်လေး မင်းကို ပြောမိ ဆိုမိတာတွေအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ်"

နန်းစံက မျက်ရည်ဝဲ့လည်သော မျက်ဝန်းများဖြင့် လွှန်းရာကျော်ကို စိုက်ကြည့်နေပါသည်။ ဦးဘုန်းကျော်စံကတော့ ဒေါသဖြင့် စူးရှသော မျက်ဝန်းများဖြင့် လွှန်းရာကျော်ကို စိုက်ကြည့်နေရာမှ လွှန်းရာကျော်ရဲ့ လက်ကောက်ဝတ်မှာ ပတ်ထားသည့် ပဝါလေးကို မြင်သွားကာ ...

"နေစမ်းပါဦး ... မင်း အခု လက်မှာပတ်ထားတာ ငါ့သမီး ပဝါ မဟုတ်လား၊ ဒါ ဘာသဘောလဲကွ ... ဟင်"

"နန်းစံ ပေးထားတာပါ ဖေဖေ ..."

"ဘာ ... နင်က ဘာကိစ္စနဲ့ ပေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကျော်စံက နန်းစံဘက်သို့ လှည့်ကာ ခေါ်သ တကြီးအော်လိုက်ပြီး လွန်းရာကျော်ဘက်သို့ ပြန်လှည့်လာကာ ...

"မင်းကရော ဘာသဘောနဲ့ ဒီပဝါကို လက်မှာပတ်ထား ရတာလဲ"

"ကျွန်တော် ကြိုက်လို့ ..."

"ဘာကွ ..."

"ဒီပဝါကို ကျွန်တော် ကြိုက်လို့ လက်မှာပတ်ထားတာပါ"

"တောက် ... မင်း ဖြုတ်စမ်း ... အခု ..."

"ကျွန်တော် ကြိုက်လို့ပတ်ထားတာ မဖြုတ်နိုင်ပါဘူး"

လွန်းရာကျော်က တည်တည်ငြိမ်ငြိမ်ပင် တုံ့ပြန်နေ သည်။ နန်းစံကတော့ လွန်း ဒီလိုတုံ့ပြန်နေပုံကို နှစ်လိုသဘော ကျလျက် မျက်ဝန်းလက်လက်ကလေးဖြင့် ငေးနေပါသည်။ သူ့ လက်ကောက်ဝတ်မှာ နန်းစံ ပဝါလေးကို ပတ်ထားသဖြင့်လည်း ကျေနပ်ကြည်နူးလို့ မဆုံးနိုင်ပေ ...။

"အဟင်း ... အဟမ်း ... အဟမ်း ... ကဲကဲ ... ငါ့တူဘက်ထ ဘာမှ အလွန်မရှိတာကို ရှေ့ဆက်ရစ်နေဦးမယ်ဆိုရင် နင်း အရှက်ကွဲလိမ့်မယ် ထင်တယ် ဘုန်းကျော်၊ ညောင်မြစ်တူ ရင်း ပုတ်သင်ဥ ပေါ်ဆိုသလို ငါ့တူကို ရစ်ရင်း နင့်သမီး စိတ်ရင်းတွေ ပေါ်လာတော့မယ်၊ နင် ရှိုးထုတ်လာတဲ့





ကုတ်အင်္ကျီကြီးကလည်း အိုက်ကအိုက်နဲ့ ချွေးတွေလည်း ထွက်လှပြီ မဟုတ်လား၊ အလုံးစုံ အရှက်မကွဲခင် ပြန်တာ ကောင်းလိမ့်မယ်"

"ဟော့ ... ဆောင်းတွင်းမို့လို့ ဝတ်လာတာကွ၊ ငါ့ဘာသာ ဘာဝတ်ဝတ် မင်းအပူ ဘယ်နှပြားပါသလဲ၊ ငါ့ကား အကောင်းစားထဲမှာက မင်းအိမ်ထက် ဆယ်ဆအေးလို့ ဝတ်နိုင်တယ်"

"ဟော့ ... ဆောင်းတွင်း အကြောင်းပြပြီး နေ့ခင်းကြောင် တောင် အေးလည်းမအေးဘဲ ရှိုးထုတ်ဝတ်လာတာ သိသာ လွန်းလို့ အမြင်မတော်ဘူးဟော့၊ ဒါနဲ့ နေစမ်းပါဦး၊ နင် ငါ့ဆီလာတာ ဘာလို့ ကားငါးစီးနဲ့ လာတာလဲ၊ ခတ်ဆိ ဈေး ဒီလောက်ကြီးနေတဲ့ ခေတ်ကြီးမှာ စွမ်းအင်ချွေတာမှ ပေါ့၊ ပိုက်ဆံတွေ သိပ်ပေါနေရင်လည်း ခုလို ကြွားချင်စောနဲ့ အပိုဖြုန်းတီးပြီး ပတ်ဝန်းကျင် ညစ်ညမ်းအောင် လုပ်မယ့် အစား မရှိဆင်းရဲသားတွေကို လှူသွားပါလား ..."

"တောက် ... သမီး ... လာ ... သွားမယ်၊ ဒင်းနဲ့ ဖက်မပြော ဘူး ..."

"ကြွ ... ကြွ ... နောက်လည်း ဒီဘက်ကို ခြေဦးလှည့်မလာ နဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကျော်စံက နန်းစံလက်ကိုဆွဲကာ လှည့်ထွက်သွားလျှင် နန်းစံက သူ့ကို သမင်လည်ပြန်ကြည့်ကာ ပါသွားသည်။

အိမ်ရှေ့မှာ ရပ်ထားသော ကားတွေဘေးမှာ ရပ်နေသူတွေက ကားပေါ်သို့ တက်ကာ စက်နှိုးလိုက်ကြသည်။

လွန်းရာကျော်က ခြံဝထိ ခပ်သွက်သွက် လျှောက်လိုက်လာပြီး နန်းစံကို လှမ်းမျှော်ကြည့်နေစဉ်မှာ ကားပေါ်တက်လုဆဲဆဲ နန်းစံက လွန်းရာကျော်ထံသို့ ချာခနဲ လှည့်ပြေးလာကာ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ဟော့ … ဒါဘာလုပ်တာလဲ၊ လာစမ်း … ပြန်လာခဲ့၊ မောင်ကျော်သက် … သွားခေါ်စမ်း …"

"လွန်း … နန်းစံ လွန်းနဲ့ တွေ့ချင်သေးတယ်၊ ဘယ်မှာတွေ့ရမလဲ၊ ဘယ်လိုတွေ့ရမလဲ … ပြောပါ လွန်း …"

"မနက်ဖြန် ညနေ ၄ နာရီ ဟိုတယ်အထွက်လမ်းမှာ ကိုယ် စောင့်နေမယ်"

နန်းစံ၏ ထက်သန်သော မျက်လုံးကလေးတွေက ထိန်းချုပ်ထားသော သူ့ခံစားချက်တွေကို ဟင်းလင်းပွင့်လာစေသည်။

နန်းစံက ကားဆီ ပြန်လှည့်ပြေးသွားသည်။ ထို့နောက် ကားတန်းကြီးက ပြန်လှည့်မောင်းထွက်သွားသည်။





ဖုန်လုံးတွေက လိမ့်ကျန်နေခဲ့သည်။

သူ ခြံထဲသို့ ပြန်လှည့်ဝင်လာတော့ သူ့ကို ခပ်တည်တည် လက်ပိုက်ရပ်ကြည့်နေသော ဒေါ်လေးသိုက်ကို တွေ့ရသည်။

သူက ခေါင်းငုံ့လျှောက်လာရာက ဒေါ်လေးသိုက်ကို မော့ကြည့်လိုက်ရင်း …

"ဒေါ်လေးတို့ လုပ်ကာမှပဲ ကျွန်တော် သူ့ကို ချစ်မိသွားတော့မယ် ထင်တယ်"

"ဘာ …"

ဒေါ်လေးထံမှ ဘာသံကြီးက ဆောင့်ထွက်လာတာမို့ သူက ဒေါ်လေးနားက အသာလစ်ထွက်လာခဲ့ပါသည်။

ဒေါ်လေးသိုက်က အိမ်ထဲပြန်လှည့်ဝင်သွားသည်။ သူက သူ့ဆိုင်ကယ် ရပ်ထားရာသို့ ပြန်လျှောက်လာဆဲမှာ …

"မောင်လွန်း … မောင်လွန်း …"

ဒွေးလေး ဒေါ်လှဒွေးက တမာပင်အောက်ကနေ အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်တာမို့ သူက ဒွေးလေးထံသို့ လျှောက်လာခဲ့ပါသည်။ သူသိချင်တာတွေလည်း ဒွေးလေးထံမှ သိရတော့မည်ထင်သည်။

သူက ဒွေးလေး ထိုင်နေသည့် ကွပ်ပျစ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်တော့ ဒွေးလေးက သူ့လက်မောင်းကို လှမ်းဆွဲကာ အနားတိုးကပ်လိုက်ရင်း ...

"မင်း ဒေါ်လေးသိုက် ဒေါသကို သွားမဆွမိစေနဲ့နော် မောင်လွှန်း၊ ကျောင်းတော်က ရန်စက သေးတာမဟုတ်ဘူး၊ ပြဿနာ မိုးမီးလောင်သွားမယ်"

"ကျောင်းတော်က ရန်စကို ဒွေးလေးသိတယ် မဟုတ်လား"

"အေး ..."

"သိရင် ပြောပြပါဗျာ ..."

ဒွေးလေးက အိမ်ဘက်သို့ တစ်ချက် လှမ်းကြည့်ကာ သက်ပြင်း တစ်ချက်ချရင်း ...

"ပြောပြတာလည်း မောလျစရာပါဟယ်၊ သိုက်နဲ့ ဦးဘုန်းကျော်စံနဲ့က ငယ်ရည်းစားတွေလေ ..."

"အွန်း ... ထင်တော့ထင်သားပဲ၊ ပြောနေတဲ့ စကားတွေအနှစ်ယောက်သား ထွေငေါ့ပြီး အချစ်စမ်းနေသလိုပဲ၊ လက်စသတ်တော့ ဒေါ်လေး အပျိုကြီး ဖြစ်နေတာ ဒီလူကြီးကြောင့်ကိုး ..."

"ဟဲ့ ... ကိုယ့်အဒေါ်ကို ဒီလိုပြောစရာလား ..."

ဒွေးလေးက သူ့ပခုံး တစ်ဖက်ကို လှမ်းရိုက်လိုက်ပြီး ...





"သိုက်ခမျာ သနားပါတယ်၊ ဘုန်းကျော်က အရမ်းဆင်းရဲတော့ မိဘတွေက သဘောမတူဘူးလေ၊ သိုက်က မိဘတွေကို ဆန့်ကျင်ပြီး ဘုန်းကျော်လို မြင်းလှည်းမောင်းသမားကို ချစ်ခဲ့တာ၊ ဒါပေမယ့် သိုက် အစ်ကိုတွေက သိတော့ ဘုန်းကျော်ကို ထိုးကြ ကြိတ်ကြနဲ့ ဘုန်းကျော်လည်း မသေရုံတမည်ပဲ ..."

လွှန်းရာကျော်က မျက်ခုံးပင့်သွားကာ ...

"ဒါဆို ဦးဘုန်းကျော်စံကို ရိုက်တဲ့အထဲမှာ ကျွန်တော့်အဖေရော ပါလား ..."

"မင်းအဖေတော့ မပါဘူး၊ မင်းအဖေက လူအေး၊ အဲ့ဒီအချိန်မှာ သူကလည်း ဖွားစောရွာသူ မင်းအမေနဲ့ ကြိုက်နေတာဆိုတော့ ကိုယ်ချင်းစာတယ်လေ၊ မန္တလေးမှာ အိမ်ထောင်ကျနေတဲ့ သိုက် အစ်ကို နှစ်ယောက်ပဲ သူ့အပေါင်းအသင်းတွေခေါ်ပြီး သွားပွဲကြမ်းကြတာ၊ ဘုန်းကျော်ကလည်း အဲဒီကတည်းက သိုက်တို့ မိသားစုကို စိတ်နာပြီး မကြာဘူး ... ဂျပန်မနဲ့ယူပြီး နိုင်ငံခြား ပါသွားတာ၊ မင့်အဒေါ်ကလည်း သူ့ကို သည်းခံမစောင့်ဘဲ အဲ့ဒီလို လုပ်ရက်တဲ့ ဘုန်းကျော်ကို စိတ်လည်းနာ၊ အထင်လည်းသေး၊ အလွယ်လမ်းလိုက်တဲ့ ယောကျ်ားမျိုးကိုမှ ချစ်မိလေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တစ်သက်လုံး မျက်ရှုလာတာလေ၊ သူ့သမီးနဲ့ မင်းကို ဘယ်ပတ်သက်စေချင်ပါ့မလဲ ...”

ဒွေးလေး ပြောပြတော့လည်း ဒေါ်လေးကို သနား တော့မလို ...။

သို့သော် ... နန်းစံရဲ့ သမင်လည်ပြန် မျက်နှာ ကလေးကို သနားလွန်းလို့ ဘယ်လိုလုပ်ရမလဲ ...။ ကိုယ့်ခံစားချက်က ဘာရယ် ညာရယ် မသေချာသေးခင်မှာ ခုလို ပြဿနာတွေ ရှုပ်ယှက်ခတ်သွားတော့ ပြူတစ်ပြူတစ် ဖြစ်နေသော ခံစားချက်ကြီးက မထင်မှတ်ဘဲ ထွက်ကျလာပါသည်။

နန်းစံ ...

နန်းစံ တွေ့ချင်နေသလို ကျွန်တော်လည်း တွေ့ချင် နေခဲ့တာပါ ...။

“ဒါနဲ့ မောင်လွန်း ... ဟိုကောင်မလေး ကြည့်ရတာတော့ မင်းကို ကြွေနေသလိုလေးပဲနော်၊ ကောင်မလေး ဗျာများ စိုးရိမ်နေတဲ့ ပုံက ချစ်စရာ သနားစရာလေး ...”

“အင်း ... ကျွန်တော် ကြွေသလို သူလည်း ကြွေနေရှာတာ ကိုး ...”

လွန်းရာကျော်က ခေါင်းတညိတ်ညိတ်နှင့် ခပ်တည်တည်ပြောရင်း ထိုင်ရာမှ ထမိတော့ ဒွေးလေးက သူ့ကို မျက်လုံး ပြူးကြည့်ရင်း...





“ဟဲ့ ... နင် သူ့ကြိုက်နေတာလား၊ နှင့်ဒေါ်လေးသိုက် မျက်နှာ ထောက်ဦးနော် ... ဟဲ့ ... ကြားလား”

သူ ဒွေးလေးကို မတုံ့ပြန်မိဘဲ ယွန်းအရောင်းပြခန်း ဘက်သို့ လျှောက်လာခဲ့မိသည်။

သူ ဆိုင်ထဲဝင်လာပြီး သီးသန့် ဧည့်ခန်းဘက်သို့ လျှောက်ဝင်လာခဲ့သည်။ ဧည့်ခန်းမှာ ဒေါ်လေးကို မတွေ့ရပါ။ ဟိုဒီဝေ့ဝဲကြည့်မိတော့မှ နောက်ဘက် လှေကားထောင့် ခပ်မှောင်မှောင် နေရာလေးမှာ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေသော ဒေါ်လေးသိုက်ရဲ့ ကျောပြင်ကို လှမ်းမြင်ရပါသည်။

သူ ဒေါ်လေးသိုက်ဆီ သွားဖို့ ခြေလှမ်းပြင်ပြီးမှ ခြေလှမ်းကို ပြန်ရုပ်သိမ်းလိုက်ပါသည်။ ဒေါ်လေးသိုက်ကို ဘယ်လိုစကားလုံးမျိုးနဲ့ ပြောဆိုနှစ်သိမ့်ရမှန်းမသိလို့ပင်။ နန်းစံနဲ့ ဘယ်တော့မှ မပတ်သက်တော့ပါဘူးဟူသော လိမ်ညာကတိကို လည်း မပေးနိုင်လို့ပင်။ သူ ခုချိန်မှာ ဘာလုပ်ရမှန်း၊ ဘယ်လို ဆုံးဖြတ်ရမှန်း မသိဘဲ ဒေါ်လေးသိုက်ကို သနားရင်းကပင် နန်းစံ ဆီကိုလည်း အပြေးသွားချင်နေမိပါသည်။

သူ တိတ်ဆိတ်စွာပင် လှည့်ထွက်လာခဲ့သည်။ ပြီးတော့ သူ့ဆိုင်ကယ်လေးဖြင့် လူရှင်းသော စိမ်းညက်ညီအစ်မ ဘုရားဘက်သို့ ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းညက်ညီအစ်မ ဘုရားပေါ်မှ လှမ်းမြင်ရသော လှပသည့် ပုဂံရှုခင်းများက ဒီတစ်ခါတော့ သူ့ကို မကြည်နူးစေနိုင်ပါ။ ဘုရားပေါ်မှာလည်း သူတစ်ယောက်တည်းသာ ရှိနေတာမို့ ရင်ကို ဖွင့်ကာ အော်ပစ်လိုက်မိသော သူ့အသံက အနီးတစ်ဝိုက်က ဘုရားတွေဆီ ပဲ့တင်ထပ်၍ သွားပါသည်။

"နန်းစံကို ကျွန်တော် ချစ်နေမိပါတယ်ဗျို့ ..."



(၁၇)

"ဖေဖေကတော့ လောလောဆယ် ဒီပုဂံမှာ ရင်းနှီးမြှုပ်နှံဖို့ အစီအစဉ် မရှိတော့ဘူး သမီး၊ အလှူကိစ္စသာမရှိရင် ဖေဖေ ချက်ချင်း ပြန်ဖြစ်မှာ၊ ဖေဖေ့ဇာတိ မင်းနန်းသူရွာ ဘုန်းကြီးကျောင်းမှာ အလှူလုပ်ဖို့ အားလုံး စီစဉ်ပြီးသွားလို့သာ ဒီပုဂံမှာ နောက်သုံးရက် ဆက်နေရဦးမှာ ..."

ဖေဖေ့ စကားက နန်းစံ၏ အသည်းနှလုံးတွေကို ဆွဲနှုတ်ပစ်လိုက်သလိုပင်တည်း။ ဒီပုဂံကနေ ခွာရတော့မည်ဟူသောအသိက နန်းစံကို ကယောင်ချောက်ချား ဖြစ်သွားစေပါသည်။

"ဖေဖေ ပြောတော့ ဒီမှာ ဟိုတယ်ဆောက်ပြီးရင် သမီးကို စီမံခန့်ခွဲပေးစေချင်တယ်ဆို ..."

"အဲဒီလိုပြောခဲ့တာက သမီးနဲ့ ဟိုကောင်လေးနဲ့ မပတ်သက်ခင်ကလေ၊ အခုက အခြေအနေတွေ မတူတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့က ရိုးရိုးသားသား ပတ်သက်တာပါ ဖေဖေ ..."

"ရိုးသားလား ... မရိုးသားလားဆိုတာ ပုဂံမင်းသမီး ယွန်းထည်ဆိုင်ထဲကို သမီးရောက်လာတုန်းက သမီး ပြောဆိုပြုမူခဲ့တာတွေကိုကြည့်ပြီး ဖေဖေ သုံးသပ်လို့ရပါတယ်။ ကဲ ... ဖေဖေ နားဦးမယ် သမီး၊ မသူဇာ သမီးနားမှာ အမြဲနေပြီး စောင့်ရှောက်ပါ၊ ဒီရက်ပိုင်းမှာ သမီးနဲ့ပတ်သက်ပြီး အမှားအယွင်း တစ်ခုခုဖြစ်ရင် ညည်းကို အနိ်ကယ်လ် အလုပ်ဖြုတ်မယ် ... ဟုတ်ပြီလား ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ... အနိ်ကယ်လ်"

ဖေဖေက မသူဇာကို အမိန့်ပေးပြီး သူ့ဘန်ဂလိုအခန်းဘက်သို့ ကူးသွားခဲ့ပါသည်။

နန်းစံက ငိုင်လျက် ကျန်ခဲ့သည်။ စိတ်ထဲမှာ ဝမ်းနည်းနေတာကြီးကို ဘယ်လိုဖြေလျော့ရမှန်းလည်း မသိပါ။ ဖေဖေ ပြောပြခဲ့သဖြင့် ဖေဖေ့အပေါ် ဒေါ်ခင်နှင်းသိုက်တို့ဘက်က မှားယွင်းခဲ့သည်ဟု သိရသလို ဖေဖေကိုယ်တိုင်ကလည်း မှားယွင်းစွာပင် ပုဂံကို စွန့်ခွာလာခဲ့သည်ဟု နန်းစံ ထင်ပါသည်။ သူတို့ချင်း ပြန်ပြေလည်အောင် နန်းစံ ကြိုးစားပေးချင်သည်။ သို့သော် ... မဖြစ်နိုင်ဟုလည်း စိတ်ထဲက သိနေပါသည်။

မသူဇာက နန်းစံနားသို့ ကပ်လာကာ ...





"နန်းစံ ..."

"အင်ဟင် ... မသူဇာ"

"နန်းစံ ဖုန်းရော ..."

"ဖေဖေ ပြန်သိမ်းသွားပြီလေ မသူဇာ"

"ဟုတ်လား ... မသူဇာ ဖုန်းလည်း သိမ်းသွားတယ်၊ နန်းစံ ငှားဆက်မှာစိုးလို့ထင်တယ်၊ ဟို ... လွန်းရာကျော်ရဲ့ ဖုန်းနံပါတ်ကိုရော နန်းစံ သိလား ..."

"မသိဘူး မသူဇာ၊ နန်းစံ မတောင်းခဲ့မိဘူး၊ သူကလည်း မပေးခဲ့ဘူး၊ သူက နန်းစံကို နောက်ထပ်တွေ့ဖို့တောင် မျှော်လင့်ခဲ့တာ မဟုတ်ပါဘူး၊ နန်းစံကသာ ..."

ပြောရင်း နန်းစံအသံက တိုးကာ တိမ်ဝင်သွားခဲ့ပါသည်။

မသူဇာက သက်ပြင်းချကာ နန်းစံရဲ့ လက်ကလေးတစ်ဖက်ကို ထွေးဆုပ်လိုက်ရင်း ...

"မသူဇာ နားလည်ပါတယ် နန်းစံရယ်၊ ဒါပေမယ့် အခြေအနေတွေက ဖြစ်မှမဖြစ်နိုင်တော့တာလေ၊ ဒီပုံအတိုင်းဆို ဒေါ်ခင်နှင်းသိုက်ဘက်ကလည်း လုံးဝ အညှိုးပြေမယ့်ပုံ မဟုတ်ဘူးလေ၊ ပုဂံမင်းသမီး ယွန်းထည်လုပ်ငန်းက ဒေါ်ခင်နှင်းသိုက်ဆိုတာ ဒီပုဂံမှာတော့ နာမည်ကြီးပဲတဲ့ နန်းစံရဲ့၊ အရမ်းထက်မြက်၊ အရမ်းမာနကြီးတဲ့ အမျိုးသမီးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နန်းစံ အဲဒီ ဒေါ်လေးကိုလည်း အရမ်းအားနာပါတယ်၊ လွှန်းကိုလည်း အားနာတယ်၊ ဖေဖေက နန်းစံကို ဘာမှ မမေးဘဲ သက်သက် သွားရမ်းသလိုကြီး ဖြစ်သွားတာလေ၊ နန်းစံ သူတို့ကို တောင်းပန်ချင်တယ် မသူဇာရယ်၊ နန်းစံတို့ သားအဖနဲ့ ဒေါ်လေးသိုက်တို့ လွှန်းတို့ကြားမှာ အမုန်းတွေ မရှိစေချင်လို့ပါ"

မသူဇာက ဘာမှမပြောတတ်သလို ငြိမ်လျက် နန်းစံကို ငေးကြည့်နေပါသည်။

နန်းစံက ဖျော့တော့နေသော စိတ်ကို ပြန်တင်းလိုက်ရင်း ...

"ဘာပဲဖြစ်ဖြစ် လွှန်းကို နောက်ထပ်မတွေ့ရဘဲနဲ့တော့ နန်းစံ ဒီပုဂံက မပြန်နိုင်ဘူး မသူဇာ၊ သူလည်း နန်းစံကို တွေ့ချင်ဦးမှာပဲ၊ နန်းစံ အလိုလို ခံစားမိပါတယ်"

ဟု ယုံကြည်ချက်ရှိရှိလေး ပြောလိုက်မိပါသည်။



(၁၈)

လွှန်းရာကျော်၏ ဆိုင်ကယ်လေးသည် ပုဂံမြို့ဟောင်းဆီသို့ ဦးတည်နေပါသည်။ ဒေါ်လေးသိုက်ဆန္ဒကို ဆန့်ကျင်ခဲ့မိသည့်အတွက်တော့ စိတ်မကောင်းပါ။ သို့သော် နန်းစံကို သူတွေ့ချင်သည်။ သူ့ကိုတွေ့ချင်သော နန်းစံရဲ့ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်သည်။

ညနေ ၄ နာရီ မတိုင်ခင် သီရိပစ္စယာ ဆာကူရာ ဟိုတယ်ကိုရောက်မှဖြစ်တာမို့ သူက ဆိုင်ကယ် လီဗာ ကို တင်ကာ အရှိန်မြှင့်လိုက်သည်။ သူ့ဆိုင်ကယ်လေးက မြို့သစ် လမ်းအတိုင်း ပုဂံမြို့ဟောင်းဆီသို့ ပြေးလွှားနေသည်။ ဆောင်းညနေမို့ လေက အေးနေသည်။ ကားလမ်းဘေး တစ်ဖက်တစ်ချက်ဆီမှ စိမ်းညက်ညိုမ ဘုရား၊ အပါယ်ရတနာဘုရား၊ နဂါးရုံဘုရား၊ မနူဟာဘုရားတို့က နောက်မှာ တရိပ်ရိပ် ကျန်ရစ်သည်။ သူနေသည့် ပုဂံမြို့



www.burmeseclassic.com

www.burmeseclassic.com



သစ်နှင့် သီရိပစ္စယာဆာကူရာဟိုတယ်ရှိသည့် ပုဂံမြို့ဟောင်းက လေးမိုင်ခန့် ကွာဝေးပါသည်။

မင်္ဂလာစေတီနားမှ ဖြတ်ကျော်လာပြီး နောက်မှာ ဆာကူရာဟိုတယ် အဝင်လမ်းသို့ ချိုးကွေ့မောင်းလာခဲ့သည်။ ထို့နောက် လမ်းဘေးတစ်နေရာမှာ သူ့ဆိုင်ကယ်လေးကို ရပ်တန့်ထားရင်း ဟိုတယ်ထွက်ပေါက်ဆီသို့ လှမ်းမျှော်ကြည့်နေလိုက်မိပါသည်။

နန်းစံ ထွက်လာနိုင်လိမ့်မည်ဟုတော့ မသေချာပါ။ သို့သော် သူက ကတိတည်စေချင်သည်။

သူ ဟိုတယ်ခြံဝန်းဘက်သို့ ငေးမျှောစောင့်ဆိုင်းနေခဲ့သည်။ ၄ နာရီခွဲပြီ ...။ ၅ နာရီထိုးပြီ။ အချိန်က တရွေ့ရွေ့ကုန်နေပါသည်။ ညနေခင်း နေရောင်ခြည်ကလည်း ဝါဝင်းရာမှ မှိန်ဖျော့လာပါသည်။

၅ နာရီခွဲသည်အထိ အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးနေဆဲတွင် ...





နန်းစံသည် မသူဇာ ရေချိုးခန်းဝင်နေတုန်းမှာ လျှာထိုးဦးထုပ်ကို ငိုက်ငိုက်ဆောင်း၊ ကုတ်အင်္ကျီရှည်ရှည်ဖားဖား တစ်ထည် ထပ်ဝတ်လျက် တည်းခိုရာ ဘန်ဂလိုထဲမှ လစ်ခနဲ ထွက်လာပါသည်။

နန်းစံက ခေါင်းငိုက်စိုက်နှင့် ဟိုတယ်အထွက်လမ်းဆီ သွက်သွက် လျှောက်လာနေဆဲတွင် ...

"အဟမ်း ... အဟမ်း ... သမီး ဘယ်သွားမလို့လဲ ..."

ဖေဖေက နန်းစံရှေ့မှာ ရုတ်တရက် ပိတ်ရပ်လာရင်း မေးလိုက်တာမို့ နန်းစံက လန့်သွားမိသော်လည်း ဟန်ဆောင်ကာ

"ဒီနားက မီးငြိမ်းကုန်းဘုရားဘက် လမ်းလျှောက်ထွက်မလို့ပါ ဖေဖေ ..."

"ဒီအချိန် လမ်းလျှောက်ထွက်ရင် အပြန် တစ်ယောက်တည်း မိုးချုပ်နေမှာပေါ့ သမီး၊ ကားနဲ့ပဲ သွားကြတာပေါ့၊ ဖေဖေလည်း မီးငြိမ်းကုန်းဘက် မရောက်တာကြာလို့ သွားချင်နေတာ၊ မောင်ကျော်သက်ရေ ..."

"ခင်ဗျာ ... အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"ကားသွားထုတ်ခိုင်းလိုက်တော့၊ ဒီကနေ ဘယ်ဘက်ချိုးရင် မီးငြိမ်းကုန်းဘုရား၊ ညာဘက်ချိုးရင် မင်္ဂလာစေတီ၊ သဗွင်ညုနဲ့ အာနန္ဒာလည်း နီးသားပဲ၊ တစ်ဆက်တည်း သွားလိုက်ကြတာပေါ့ ... လာလေ သမီး ..."

ကိုကျော်သက်က ကားထုတ်ခိုင်းဖို့ ပြေးသွားနှင့်သည်။ နန်းစံက ဖေဖေနှင့်အတူ လျှောက်လာရင်း ငိုချင်လာမိပါသည်။ ဖေဖေက နန်းစံကို စောင့်ကြည့်နေခဲ့တာပဲ မဟုတ်လား။ နန်းစံကို မဆူပေမယ့် နန်းစံရဲ့ အကွက်တွေကို ကြိုသိကာ ပညာရှိနည်းနဲ့ တားမြစ်ပိတ်ဆို့နေတာပင် ...။ ဖေဖေ့ မျက်နှာက ခပ်တည်တည်မို့ နန်းစံက ဖေဖေ့ကို ဘာမှပြန်မပြောရဲဘဲ စိတ်ထဲမှာ မွန်းကြပ်လာရပါသည်။

"ကား အဆင်သင့် ဖြစ်ပါပြီ အန်ကယ်လ်"

"အိုခေ၊ ကဲ ... လာ ... သွားစို့ သမီး ..."

ကားဒရိုင်ဘာ တံခါးအသင့်ဖွင့်ပေးထားသော ကားနောက်ခန်းထဲသို့ နန်းစံ ဝင်ထိုင်လိုက်ရသည်။ ဖေဖေကလည်း တစ်ဖက်မှာ ဝင်ထိုင်သည်။ ကိုကျော်သက်က ကားရှေ့ခန်း ဒရိုင်ဘာဘေးမှာ ထိုင်သည်။

နန်းစံတို့ ကားက ဟိုတယ်ထဲမှ အရှိန်ဖြင့် မောင်းထွက်လာပါသည်။





ဟော ... ဟိုမှာ လွန်းကို တွေ့ရပြီ။ လမ်းဘေးမှာ ဆိုင်ကယ်ရပ်၍ စောင့်နေသော လွန်းကို အတွေ့မှာ နန်းစံက စိတ်လှုပ်ရှားလျက် ရုတ်တရက် ရဲရင့်လာကာ ...

"ဖေဖေ ... ကားခဏရပ်ခိုင်းပေးလို့ ရမလား"

"ဘာလုပ်မလို့လဲ ..."

"လွန်းရာကျော်ကို နှုတ်ဆက်ချင်လို့ပါ ..."

"မရဘူး၊ သူနဲ့ပတ်သက်စရာ မလိုဘူး"

"နှုတ်ဆက်ရုံပါ ဖေဖေ၊ ကိုကျော်သက် ကားရပ်ခိုင်းပေးပါ၊ ဒီမှာ ... ဒီမှာ ကား ခဏရပ်ပေးပါ၊ မရပ်ရင် ကျွန်မ ခုန်ဆင်းလိုက်မှာနော်"

"သမီး ... တိတ်စမ်း ..."

"ဖေဖေ ... သမီး ခဏလေး ဆင်းချင်တာပါ၊ တံခါးလော့ခ်တွေ ပြန်ဖွင့်ပေးခိုင်းပါ၊ ဒီတစ်ခါတည်းပါ၊ နှုတ်ဆက်ရုံပါ ဖေဖေ ..."

နန်းစံက လော့ခ်ချထားသည့် ကားတံခါးကို တစ်ချက်ဆောင့်ဆွဲရင်း အသနားခံလိုက်မိလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

လွန်းရာကျော် နံဘေးမှ ကျော်ဖြတ်တက်သွားသော မာဆေဒီးစ်ကားနက်ထဲမှာ သူ့ကို သမင်လည်ပြန် ကြည့်ရင်း နန်းစံ ပါသွားသည်။

ကားနောက်ပိုင်းကို လှမ်းမျှော်ကြည့်လျက် ဘာ မတတ်နိုင်ဘဲ ကျန်ခဲ့ဆဲတွင် ကားက တုံ့ခနဲ ရပ်သွားကာ ကား နောက်ခန်းတံခါးတစ်ဖက် ပွင့်လျက် ပြေးဆင်းလာသော နန်းစံ လှမ်းမြင်လိုက်ရလေသည်။

"နန်းစံ ..."

"လွန်း ..."

ဘောင်းဘီရှည် အမည်း၊ မီးခိုးရောင် ကိုယ်ကျ အင်္ကျီပေါ်မှာ အမည်းရောင် ကုတ်အရှည် ထပ်ဝတ်ထားသော နန်းစံက သူ့ဆီ ဦးတည်၍ ပြေးလာနေပါသည်။

မျက်နှာချင်းဆိုင် ရပ်မိတော့ နန်းစံက မောဟိုက် သံဖြင့် ...

"လွန်း ကတိတည်ပေးတာ ကျေးဇူးတင်ပါတယ်၊ နန်းစံ လာစောင့်နေတဲ့အတွက် နန်းစံ အရမ်းပျော်ပါတယ်"





နန်းစံက အမောတကော ပြောရင်း လွန်းရာကျော်ရဲ့ မျက်နှာကို နောက် မတွေ့ရတော့မယ့် လူတစ်ယောက်ကို ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်လေသည်။ သူ ဘာပြန်ပြောရမှန်းမသိဘဲ နန်းစံ၏ အကြည့်တွေမှာ မိန်းမောငြိတွယ်ဆဲတွင် ကျော်သက်က အနားသို့ ရောက်လာကာ ...

"မခင်နန်းစံ အန်ကယ်လ် အရမ်းဒေါသထွက်နေတယ်၊ ဒီလောက်ခွင့်ပြုတာ ကျေနပ်လိုက်ပါ၊ သွားရအောင်ပါ မခင်နန်းစံ ..."

နန်းစံက ကျော်သက် ခေါ်ရာနောက်သို့ လိုက်ပါသွားခဲ့သည်။ ကြည့်နေကျ သမင်လည်ပြန်အကြည့်ကလေးအောက်မှာ သူ့နှလုံးသားတွေ ပြတ်ကြွေပြတ်ကျလာသည်။

သူမက သူ့ကို သမင်လည်ပြန်ကြည့်လျက်ပင် ကားထဲသို့ ဝင်ထိုင်လိုက်သည်။ ကားက အရှိန်ပြင်းပြင်းဖြင့် မောင်းထွက်သွားပါသည်။

သူ ရင်ခုန်တုန်လှုပ်လျက် ရပ်တန့်ကျန်ခဲ့ပြီးမှ တစ်စုံတစ်ရာက သူ့ကို တွန်းထုတ်ပစ်လိုက်သလို ခွန်အားမျိုးဖြင့် ဆိုင်ကယ်ပေါ်တက်ကာ အရှိန်ဖြင့် မောင်းထွက်လာပါသည်။ မျက်လုံးထဲမှာ ပြာမိုက်နေကာ သူ့ကိုယ်သူ မထိန်းချုပ်နိုင်ဘဲ ရှေ့က မာဆေဒီးစ်ကားနောက်သို့ ဆိုင်ကယ်ကို အရှိန်ပြင်းစွာ မောင်းလိုက်လာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက ရှေ့မှာ ဝေးဝေးပျပျ၊ နောက်တော့ တဖြည်းဖြည်း နီးလာသည်။ ဘာရည်ရွယ်ချက်မှ မည်မည်ရရ ပြစရာမရှိဘဲ ထိုကားနောက်မှ သူ့ဆိုင်ကယ်လေးကို မောင်းကာလိုက်လာသည်။

သူ ဘာလို့ ဒီလိုလိုက်မိသလဲ မေးရင် မဖြေတတ်။ ခုန သူ့ဆီ ပြေးဆင်းလာတွေ့တဲ့ နန်းစံရဲ့ တွယ်ငြိမှုက သူ့ကို ဝမ်းနည်းစေတာလား။ ကယောင်ချောက်ချား ဖြစ်သွားစေတာလား။ သူနဲ့ နန်းစံဟာ သမီးရည်းစားလည်း မဟုတ်။ ချစ်စကားလည်း မဆိုဖူးကြ ...။ တွေ့ခဲ့ကြတဲ့ အချိန်တွေကလည်း မများလှ ...။ ဒါနဲ့တောင် သူ့စိတ်နှလုံးက ရှေ့ကကားပေါ်မှာ ပါသွားသလို ဘာ့ကြောင့် ခံစားနေရပါသလဲ ...။ နန်းစံရဲ့ တွယ်ငြိမှု လေးနက်မှုတို့က သူ့ကို ဥပေက္ခာ မပြုရက်နိုင်အောင် ဖမ်းစားတွယ်ငြိနေစေပါသည်။

ရှေ့က ကားက တဖြည်းဖြည်း အရှိန်မြင့်သွားတာမို့ တဖြည်းဖြည်း ဝေးသွားသည်။

သူ့ဆိုင်ကယ်လေးကတော့ နှင်းမှုန်ရီစ ညနေခင်းမှာ ဦးတည်ရာမဲ့ ခရီးနှင်နေခဲ့ပါသည်။



(၁၉)

"နန်းစံရယ် ... မသူဇာ ကြောက်လိုက်တာ၊ မသူဇာ အလုပ်ပြုတ်တော့မှာ သေချာပါတယ် နန်းစံရယ်"

မသူဇာက ရှေ့ကနေ ဆိုင်ကယ် မောင်းနှင်လာရင်း ကတုန်ကယင် လှမ်းပြောပြန်သည်။ မြန်မာချည်လုံချည်အနီရောင်လေးနှင့် ပန်းရောင် မြန်မာရင်ဖုံးအင်္ကျီလေး ဝတ်ကာ ဆံပင်တိုကလေးကို ကတ္တီပါ ကွင်းကလေးနှင့် စည်းထားသော နန်းစံက ဆိုင်ကယ်နောက်မှာ ထိုင်လိုက်လာရင်း ...

"မကြောက်ပါနဲ့ မသူဇာ၊ ဖေဖေ နေ့လယ်ခင်း တရေးတမော အိပ်တုန်း ခဏပဲထွက်တာလေ၊ ဖေဖေ မနိုးခင် ပြန်မှာပဲဟာ၊ မသူဇာ အလုပ်ပြုတ်လည်း တခြား ကိုယ်ပိုင် အလုပ်တစ်ခုခု လုပ်နိုင်အောင် နန်းစံ အရင်းအနှီး ပိုက်ဆံ ထုတ်ပေးမှာ၊ ဘာမှမပူနဲ့ ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



မသူဇာက နည်းနည်းစိတ်အေးသလိုဖြစ်ကာ တိတ်ဆိတ်သွားသည်။ ဆိုင်ကယ်လေးက ပုဂံမြို့သစ်ရှိ ပုဂံမင်းသမီး ယွန်းထည်ဆိုင်သို့ ဦးတည်လာပါသည်။

မသူဇာက ဆိုင်ကယ်ကို ခပ်မှန်မှန် မောင်းနေရင်း

"အဲဒီ အဝတ်အစားတွေနဲ့ ထိုင်ရတာ အဆင်ပြေရဲ့လား နန်းစံ ..."

"ဟိုက် ... အဲ ... ဟုတ်၊ အဆင်ပြေပါတယ် မသူဇာ၊ နည်းနည်းတော့ အင်္ကျီက ချောင်နေတယ်နော်"

"မတော်မှာစိုးလို့ ဆိုက်နည်းနည်းကြီးတာလေး ရွေးဝယ်လာမိတာ၊ နန်းစံက ဘာလို့ ဒီနေ့မှ မြန်မာဝတ်စုံ ဝတ်ချင်ရတာလဲ ..."

"လွန်းရဲ့ ဒေါ်လေးကို သွားတောင်းပန်ရမှာဆိုတော့ ဒီလိုလေး ဝတ်သွားရင် သဘောကျမလားလို့ပါ၊ အဲဒီနေ့က ဖေဖေက နန်းစံကို မမေးဘဲ သွားပြီး ပြောဆိုပစ်တာလေ၊ ဟိုအရင်အကြောင်းတွေလည်းရှိ၊ ခုလည်း အဲဒီလိုလုပ်တော့ လွန်း ဒေါ်လေးက ဖေဖေ့ကို မုန်းမှာပေါ့၊ ဖေဖေ့ကိုရော နန်းစံကိုပါ ဒေါ်လေးသိုက် မမုန်းရင် ကောင်းမှာပဲ မသူဇာ ရယ်၊ မသူဇာ နည်းနည်း အရှိန်ပိုမောင်းလို့ရမလားဟင်"

"ရတယ်လေ ... နန်းစံကြောက်မှာစိုးလို့ ဖြည်းဖြည်းမောင်း





တာ၊ မသူဇာတို့က ပုဂံသူဆိုတော့ ငယ်ငယ်တုန်းကလည်း စက်ဘီးနဲ့၊ ကြီးလာတော့လည်း ဆိုင်ကယ်နဲ့ သွားလာနေကျ၊ ဆိုင်ကယ်စီးကလည်း ကျွမ်းပြီးသား၊ အခု ဆိုင်ကယ် ငှားလိုက်တဲ့ သူငယ်ချင်းကလည်း သူ့ဆိုင်ကယ်ကို အသစ်ကို ဆီအပြည့် ဖြည့်ပေးလိုက်တာ ..."

မသူဇာက ဆိုင်ကယ်ကို အရှိန်မြှင့်၍ မောင်းလိုက်ပါသည်။ နန်းစံကတော့ ရင်လေးတခုန်ခုန်ဖြင့် လိုက်ပါလာရင်း

"မသူဇာ ..."

"ပြောလေ ... နန်းစံ"

"နန်းစံကို တစ်ခုဆုတောင်းပေးဦး၊ နန်းစံလည်း ဆုတောင်းနေတယ်"

"ပြော ... ဘာဆုတောင်းပေးရမှာလဲ"

"ယွန်းထည်ဆိုင်မှာ လွန်း ရှိနေပါစေ၊ လွန်းနဲ့ တွေ့ပါစေလို့ ဆုတောင်းပေး ..."

"အဲဒီမှာမရှိလည်း သူ့တည်းခိုခန်းမှာ ရှိနိုင်တာပဲ မဟုတ်လား၊ နန်းစံပြောတော့ သူက တည်းခိုခန်းလည်း ဖွင့်ထားတယ်ဆို၊ အဲဒီကို သွားရှာရင်ရတာပဲ"

"တည်းခိုခန်းနာမည် မသိဘူး မသူဇာရဲ့၊ မေးမထားမိဘူး"

"တည်းခိုခန်း နာမည်မသိ၊ ဖုန်းနံပါတ်လည်း မသိ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဘာမှလည်းမသိဘဲ ဘာလို့ ဒီလောက် သဘော
ကျရတာလဲ နန်းစံရယ်”

နန်းစံက စကားမဆိုတော့ဘဲ တိတ်ဆိတ်သွားရပါသည်။ နန်းစံကိုယ်တိုင်လည်း သူ့ကို ဘာ့ကြောင့် သဘောကျမိသလဲဆိုတာ မသိပါ။

ဆိုင်ကယ်စီးရင်း ရှေ့နောက်ကြားရအောင် အော်ပြောနေကြရတာမို့ စကားမဆက်ဖြစ်တော့ဘဲ တိတ်ဆိတ်သွားရပါသည်။

နန်းစံက လမ်းမှာတွေ့သမျှ ဘုရားအိုး ဘုရားပျက်ပါမကျန် ဘုရားအဆူဆူကို လက်အုပ်လေး ချီကာ ချီကာဖြင့် ‘လွန်းနဲ့ တွေ့ပါရစေ’ဟု ဆုတောင်းလာပါသည်။

“ရှေ့မှာ လမ်းညွှန်ဆိုင်းဘုတ်တော့ တွေ့တယ်၊ ရှေ့လမ်းကို ချိုးလိုက်ရမလား နန်းစံ ...”

“ဟုတ်တယ် ... ဟုတ်တယ် ... အဲ့ဒီလမ်းပဲ မသူဇာ”

မသူဇာက ဆိုင်ကယ်ကို ပုဂံမင်းသမီး ယွန်းထည်ဆိုင်ရှိရာ လမ်းသွယ်ထဲသို့ ချိုးကွေ့မောင်းနှင်လာပါသည်။

“မသူဇာ ရပ် ... ရပ် ... ရှေ့နားမှာ ရပ်လိုက်တော့”

ဆိုင်ရှိရာ ခြံဝန်းရှေ့သို့ မရောက်ခင်မှာ နန်းစံက ဆိုင်ကယ်ကို ရပ်ခိုင်းလိုက်သည်။ ပြီးတော့ ဆိုင်ကယ်ပေါ်မှ ဆင်းကာ မသူဇာရှေ့မှာရပ်လျက် အင်္ကျီ လုံချည်တွေကို ဆွဲဆန့်လိုက်ရင်း ...





“မသူဇာ ... နန်းစံကို သေချာကြည့်ပေးပါဦး၊ နန်းစံ လှရဲ့လား၊ နန်းစံ ဝတ်တာ အဆင်ပြေရဲ့လား၊ သပ်ရပ်ရဲ့လား၊ မြန်မာဆန်ရဲ့လား ...”

“ဆန်ပါတော့ ... ဆန်ပါ၊ မြန်မာလည်းဆန်၊ လှလည်းလှ၊ ချစ်စရာလည်းကောင်း”

မသူဇာက လှိုက်လှိုက်လှဲလှဲ ဖြေတော့မှ နန်းစံက အားတက်သွားကာ ပြုံးလိုက်ရင်း ...

“ကဲ ... လာ ... ဆိုင်ကယ်ကို ဒီမှာပဲ ရပ်ခဲ့တော့၊ နန်းစံတို့ ဟိုခြံထဲကို လမ်းလျှောက်သွားကြရအောင် ...”

နန်းစံက ရှေ့ကနေ ခပ်သွက်သွက်လေး ထွက်သွားနှင့်ပြီမို့ မသူဇာက ဆိုင်ကယ်ကို ကမန်းကတန်း သော့နှုတ်ကာ နန်းစံနောက်မှ အပြေးကလေး လိုက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"အမယ် ... အမယ် ... ကြည့်စမ်းပါဦး ... ကြည့်စမ်းပါဦး အတင့် ရဲလှချည်လား၊ ဟဲ့ ... ကြည့်ကြစမ်းပါဦး ... ယုဇွေ ကြည့်လိုက်စမ်း ... ၊ ဝင်လာတဲ့ တစ်ယောက်ကို၊ အဲဒ 'ဟာနကို' မဟုတ်လား ..."

ဒေါ်ခင်နှင်းသိုက်က ခြံထဲသို့ဝင်လာသော နန်းစံကို ကြည့်ရင်း ရေရွတ်လိုက်ပါသည်။ ခြံဝန်းထဲက ကွပ်ပျစ်ပေါ်မှာ ယွန်းပန်းချီ ရေးနေသော မိန်းကလေးတွေ၊ ယွန်းခွေ၊ သစ်ဆေး သုတ်နေသော သူတွေအားလုံး၏ အကြည့်က နန်းစံထံသို့ ကျ ရောက်လာပါသည်။

နန်းစံက ရှိ့ရှိ့ကုပ်ကုပ်လေး လျှောက်ဝင်လာရင်း မျက်နှာကလေးကိုတော့ အချိုဆုံး ပြုံးထားကာ တွေ့သမျှလူတွေ ကို ခါးလေး ညွတ်ကာညွတ်ကာဖြင့် နှုတ်ဆက်လာခဲ့ပါသည်။





ဒေါ်ခင်နှင်းသိုက်ကတော့ ယွန်းထည်အရောင်းပြခန်း ရှေ့မှာ ချထားသည့် ယွန်းပန်းအိုးကြီးနားမှာ မာမားမတ်မတ်ရပ် ရင်း မျက်နှာထား ခပ်တည်တည်ဖြင့် နန်းစံကို စောင့်ကြိုနေပါ သည်။

"နန်းစံ ကြည့်ရတာတော့ အခြေအနေ မကောင်းဘူးနော်၊ ဖြစ်ပါ့မလား ..."

မသူဇာက နန်းစံ ကြားရုံ တိုးတိုးကပ်ပြောရင်း နောက်မှ လိုက်လာပါသည်။

နန်းစံက ဒေါ်ခင်နှင်းသိုက်ရှေ့မှာ ရပ်လျက် ခါး လေးကိုညွတ်ကာ နှုတ်ဆက်လိုက်ပါသည်။

"ဘာကိစ္စရှိလို့ လာတာတုန်း ဟာနကို ..."

ဒေါ်ခင်နှင်းသိုက်က လေသံ တင်းတင်းဖြင့် မေး လိုက်ပါသည်။ နန်းစံက ပြုံးပြလိုက်ရင်း ...

"ဒေါ်လေးကို တောင်းပန်ချင်လို့ လာပါတယ်"

"ဘာအတွက်တုန်း ..."

"ဟိုတစ်နေ့က ဖေဖေ ဒီကိုလာပြီး ပြောမိဆိုမိတာတွေ အတွက်ပါ ..."

"တို့က တောင်းပန်တိုင်း ကြေအေးတတ်တဲ့သူမျိုး မဟုတ် ဘူး၊ တောင်းပန်တာကိုလည်း လက်မခံဘူး၊ နာစရာ မှန်း



www.burmeseclassic.com

www.burmeseclassic.com



စရာ မျက်မှန်းကျိုးစရာရှိရင်လည်း စိတ်ထဲမှာ မှတ်ပြီး သေတဲ့အထိ သိမ်းထားတယ်၊ မင်းတို့ သားအဖနှစ်ယောက် စလုံးကိုလည်း ကြည့်မရဘူး၊ မျက်မုန်းကျိုးတယ်၊ တို့တူနဲ့ လည်း လာပြီးမပတ်သက်နဲ့၊ မင်းတို့ သားအဖနှစ်ယောက် လုံးနဲ့လည်း မပတ်သက်ချင်ဘူး၊ ဟုတ်ပြီလား ... ကဲ ... ဒါပြောဖို့လာတာမဟုတ်လား၊ ပြောပြီးရင် ပြန်ကြတော့ ...”

“ဒေါ်လေး ...”

“ဟဲ့ ...”

ဒေါ်ခင်နှင်းသိုက်က လှည့်ထွက်လိုက်လျှင် နန်းစံက အသံမြှင့်၍ခေါ်လိုက်ရင်း ဒေါ်ခင်နှင်းသိုက် ခြေရင်း ကျွန်းသား ပြားတွေ ခင်းထားသည့် ကြမ်းပြင်မှာ ဒူးတုပ်ထိုင်ချကာ လက် ထောက် ခါးကိုင်းငုံ့ဝပ်လျက် တောင်းပန်လိုက်လေသည်။

“တောင်းပန်ပါတယ် ဒေါ်လေး၊ ခွင့်လွှတ်ပေးပါ၊ ကြေအေး ပေးပါ၊ နန်းစံတို့ သားအဖကို မမုန်းပါနဲ့နော် ...”

“အဟင်း ... ဟင်း ... မြန်မာလိုတော့ဝတ်လာပါရဲ့၊ တောင်း ပန်တော့ ဂျပန်လိုပါလား ဟနကိုရဲ့၊ မင်းက မြန်မာဆန် ပြချင်ပေမယ့် မင်းဇာတိကတော့ ပြတာပါပဲ၊ ဇာတိဆိုတာ ဖျောက်မရပါဘူး ...”

ဒေါ်ခင်နှင်းသိုက်က ရယ်သွမ်းသွေးလျက် နန်းစံကို





ငုံ့ကြည့်ရင်း ခပ်ရွဲ့ရွဲ့ပြောလိုက်ပါသည်။ သူ့ဘာသာ မြေကြီးနဲ့ မျက်နှာအပ်ပြီးတော့ပဲ တောင်းပန် တောင်းပန် သူမကို လိုလား လက်ခံ ခင်မင်လိုက်ဖို့ စိတ်ကူးမရှိပါ။ ဗမာဝတ်စုံကို ဘယ်လိုပဲ ဝတ်ထား ဝတ်ထား သူမရဲ့ အပြုအမူတွေအားလုံးက မြန်မာဆန် သော မြန်မာမတစ်ယောက်ရဲ့ ပုံစံမျိုး ဝင်မလာပါ။ တောင်းပန် နေပုံကအစ လုံးဝ မြန်မာနဲ့မတူပါ။

“နန်းစံ ... နန်းစံ အခြေအနေ မကောင်းဘူး၊ ပြန်ကြရ အောင်ပါ၊ နန်းစံ ဒီလို တောင်းပန်တာ အန်ကယ်လ်သိရင် လည်း စိတ်မကောင်းဖြစ်ရှာမှာ နန်းစံရဲ့ ...”

မသူဇာက နန်းစံနားငုံ့ကပ်၍ တီးတိုးပြောသော် လည်း နန်းစံက မထဘဲ ငုံ့ဝပ်ငြိမ်သက်နေပါသည်။ ဒေါ်လေး သိုက်ဘက်က ပျော့ပျောင်းလာအောင် နန်းစံ တောင်းပန်လိုပါ သည်။ ဒီလိုပုံစံ တောင်းပန်တာမကြိုက်ရင် ဘယ်လိုပုံစံ တောင်း ပန်ရမလဲဆိုတာတော့ နန်းစံ မသိပါ။

မြန်မာလုံချည်လေးကို သေချာ ချပ်ရပ်အောင် မသူ ဇာက ချိတ်လေး ချိတ်ပြီး ဝတ်ပေးထားသဖြင့် ချည်လုံချည်လေး က နန်းစံကိုယ်ပေါ်မှာ ပိပြားချပ်ရပ်နေသည်။ နန်းစံက ခြေဖဝါး လေး နှစ်ဖက်ကို တင်ပါးအောက်မှာ ယှက်၍ ပိပိပြားပြားလေး ဒူးတုပ်ထိုင်ကာ ဒေါ်ခင်နှင်းသိုက်ရဲ့ ခြေရင်းမှာ ငုံ့ဝပ်လျက်ရှိပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းစံ ..."

ယွန်းထည်တွေထားသည့် မြေအောက်ခန်းထဲက ထွက်လာသော လွှမ်းရာကျော်က ခုမှ နန်းစံ ရောက်နေမှန်းသိကာ အံ့ဩစိတ်လှုပ်ရှားလျက် နန်းစံတို့ဘက်သို့ ခြေလှမ်းကျဲဖြင့် လျှောက်လာပါသည်။

ရုတ်တရက် ကြားလိုက်ရသော လွှမ်းရဲ့ အသံက နန်းစံကို အားတက်သွားစေပါသည်။

လွှမ်း ရှိနေတာပဲ။ နန်းစံ ဆုတောင်းပြည့်တာပဲ။

နန်းစံက ငုံ့ဝပ်နေရာမှ ခါးလေးကို ပြန်မတ်လိုက်ရင်း အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

"နန်းစံ ... ဘာဖြစ်လို့ ကြမ်းပြင်ပေါ်မှာ ဒီလိုကြီး ထိုင်နေရတာလဲ ... ထ ... ထ ..."

"နန်းစံ ဒေါ်လေးသိုက်ကို တောင်းပန်နေတာလေ လွှမ်း"

နန်းစံက နန်းစံအနားမှာ ငုတ်တုတ်ထိုင်ချလိုက်သော လွှမ်းရဲ့ နားနားသို့ ကပ်၍ တီးတိုးလေး ပြောလိုက်သည်။

"အဲ့ဒါ ... ဒေါ်လေးက နန်းစံ တောင်းပန်တာကို မြန်မာမဆန်လို့ဆိုလား ... သဘောမကျဘူး ဖြစ်နေတာ၊ မြန်မာလို တောင်းပန်ရင် ဘယ်လိုတောင်းပန်ရတာလဲဟင်၊ ဘုရားရှိခိုးသလိုမျိုး ရှိခိုး ဦးချရတာလား၊ နန်းစံ အဲ့ဒီလို လုပ်လိုက်ရမလား"





လွှမ်းရာကျော်ရဲ့ အနားသို့ ကပ်ကာ ကြောက်ကြောက်လန့်လန့် တိုးတိုးလေး မေးလိုက်ပုံက သနားစရာကလေးမို့ လွှမ်းရာကျော်က မျက်ရည်တောင် ဝဲချင်သွားကာ ...

"ထ ... ထ ... နန်းစံမှ မမှားတာ၊ နန်းစံ တောင်းပန်စရာ မလိုပါဘူးကွာ၊ ကဲ ... ထပါ ..."

လွှမ်းရာကျော်က နန်းစံရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲထူလိုက်တာမို့ နန်းစံရဲ့ ခန္ဓာကိုယ်လေးက အလိုက်သင့်ပါလာသည်။

ဒေါ်ခင်နှင်းသိုက်က ကိုယ့်တူရဲ့ လုပ်ရပ်ကို မျက်စိဆံပင်မွေး စူးသွားကာ ...

"မင်း အသာဖယ်နေစမ်း မောင်လွှမ်း၊ သူ ဘာဖြစ်ချင်တာလဲ၊ ဘာပြောချင်တာလဲ၊ ငါနားထောင်ကြည့်မယ်"

"ဒေါ်လေးကလည်းဗျာ ... ဒေါ်လေးပုံစံကြီးက ဒီလောက်ဒေါသတကြီး ဖြစ်နေတော့ နန်းစံက လန့်နေမှာပေါ့ဗျ၊ အေးအေးပြောလည်း ဒီစကား၊ ပူပူပြောလည်း ဒီစကားကို ..."

"ဟဲ့ ... လျှာမရှည်နဲ့၊ မင်းပါးစပ် ပိတ်ထား ..."

"ဟုတ်သားပဲ လွှမ်း၊ လွှမ်း ခဏဖယ်နေနော်၊ နန်းစံ ဒေါ်လေးနဲ့ စကားပြောလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လွန်းရာကျော်က သက်ပြင်းချ စိတ်ရှုပ်လျက် နောက်တစ်လှမ်းဆုတ်ကာ ရပ်နေလိုက်သည်။

အရပ်ကလေး ပုသော နန်းစံက အရပ်မြင့်မတ်သော ဒေါ်လေးရှေ့မှာ လက်ကလေးနှစ်ဖက်ကို ရှေ့မှာယှက်၍ ရှိ့ရှိ့ ငြိမ်ငြိမ်လေး ရပ်နေပါသည်။

"ကဲ ... ပြောပါဦး၊ မင်း ဘာဖြစ်ချင်တာလဲ၊ ဘာဖြစ်လို့ ခွင့်လွှတ်ပေးစေချင်တာလဲ၊ တို့ဆီက ဘာတွေလိုချင်လို့လဲ ဟာနကို ..."

ဒေါ်လေးရဲ့ မေးခွန်းကြောင့် နန်းစံက မျက်နှာလေး မော့လာကာ ဒေါ်လေးကို ကြည့်လိုက်ရင်း ...

"နန်းစံ ဒေါ်လေးဆီက ... လွန်းဆီက ... ဟောဒီ မြန်မာ နိုင်ငံက ဘာကိုမှ များများစားစား မမျှော်လင့်ပါဘူး၊ နန်းစံ တို့ သားအဖနှစ်ယောက်လုံး မကြာခင် ပြန်ကြတော့မှာပါ၊ နန်းစံ မပြန်ခင်မှာ နန်းစံ ခင်မင်မိတဲ့ လွန်းနဲ့ ထပ်တွေ့ ချင်သေးတာရယ်၊ လွန်းရဲ့ ဒေါ်လေးက နန်းစံကို မုန်းမနေ စေချင်တာရယ် ...၊ ဒီအိမ်မှာ ထမင်းတစ်နပ်လောက် စား ဖူးချင်တာရယ်၊ ဒီလောက်ပဲ မျှော်လင့်ပါတယ် ဒေါ်လေး"

မျက်နှာချို သွေးသော အပြုံးကလေးဖြင့် ပြောနေသော နန်းစံကို လှမ်းကြည့်ရင်း လွန်းရာကျော် ရင်ထဲမှာ တစ်ခါ





မှ မခံစားရဖူးသော နင့်ခြင်းမျိုးဖြင့် နင့်ခနဲ တစ်ချက် ဖြစ်သွား ပါသည်။ ပြန်တော့မယ်တဲ့လား ...။ တစ်နည်းနည်းနဲ့ တွေ့ခွင့် ရဖို့ မျှော်လင့်ရင်းကပဲ သူမက ပြန်တော့မယ်တဲ့လား ...။

"ကောင်းပြီလေ ... မင်း ဖြစ်ချင်တာတွေက သိပ်မခက်ပါ ဘူး၊ မင်း တို့တူနဲ့ ထပ်တွေ့ချင်တယ်ဆိုတာ အခု တွေ့ရ ပြီပဲ၊ မင်းကိုလည်း တို့က မပတ်သက်ချင်တာရယ်၊ မချစ် ခင် မနှစ်မြို့တာကလွဲရင် မမုန်းပါဘူး၊ ဒီမှာ ထမင်း တစ်နပ် စားရဖို့လည်း မခက်ပါဘူး၊ ကျွေးမယ်လေ၊ ဟင်း တစ်မည်နဲ့ စားရရင် ကျေနပ်တယ် မဟုတ်လား ..."

"ဟိုက် ... ဟိုက် ... ကျေနပ်ပါတယ် ဒေါ်လေး"

နန်းစံက ဝမ်းသာအားရ ခေါင်းလေး ဆတ်ကာ ဆတ်ကာ ညိတ်လိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါသည်။ ပြီးတော့ အပြုံးမျက်နှာကလေးဖြင့် လွန်းရာကျော်ကို လှမ်းကြည့် လိုက်သေးသည်။

"ယုထွေးရေ ... လာဦးဟေ့ ..."

ဒေါ်ခင်နှင်းသိုက်က နောက်ဘက်သို့ လှည့်ကာ ထမင်းချက်သည့် မိန်းကလေးကို လှမ်းခေါ်လိုက်သည်။ နောက် ဘက်မှာ မယောင်မလည် ရပ်နားထောင်နေသော ကောင်မလေးက အပြေးလေး ထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ပြောပါ မမ"

"သူက တို့အိမ်မှာ ထမင်းစားချင်လို့တဲ့၊ နင် စပ်စပ်လေး ကြော်ထားတဲ့ ငါးခြောက်ကြော် ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

"အေး ... အဲ့ဒါဆို အဲဒီဟင်းနဲ့ ထမင်းခူးပြီး သူ့ကိုကျွေးလိုက် ..."

"ဟုတ်ကဲ့ ..."

"ယုထွေး ... တခြားဟင်း မရှိဘူးလား"

နန်းစံ အစပ်မစားနိုင်မှန်း သိတာမို့ လွန်းရာကျော်က ကောင်မလေးကို လှမ်းမေးလိုက်ပါသည်။ ယုထွေး မဖြေမီ နန်းစံက လက်လေးကာပြကာ ...

"ရတယ် ... ရတယ် ... လွန်း၊ တခြားဟင်း မရှိလည်း ရတယ်၊ နန်းစံ ငါးခြောက်ကြော်နဲ့ပဲ စားမယ်"

"နန်းစံ အစပ်မစားနိုင်ဘူးလေ ..."

"စားနိုင်ပါတယ်၊ စားနိုင်ပါတယ်၊ အခု စားနိုင်နေပါပြီ၊ မယုထွေး ငါးခြောက်ကြော်လေးနဲ့ပဲ ကျွေးနော်၊ နန်းစံ စားပါ့မယ်"

"ကဲ ... ကြားတယ်နော်၊ မြန်မြန်လေးသာ ထည့်ကျွေးလိုက်"





ကောင်မလေးက အိမ်နောက်ဘက်သို့ လှည့်ဝင်သွားသည်။ တခြား ကောင်မလေးတစ်ယောက်က နန်းစံကို နောက်ဘက်က ထမင်းစားပွဲ ခုံအပုဆီသို့ ခေါ်ဆောင်သွားသည်။ လွန်းရာကျော်က စိုးထိတ်စိတ်ရှုပ်လျက် နောက်မှ လိုက်လာပါသည်။

ယုထွေးက အငွေ့တထောင်းထောင်း ထမင်း တစ်ပန်းကန်နှင့် ငရုတ်သီးနိုင်းချင်းဖြင့် ကျွတ်ကျွတ်ကြော်ထားသော ငါးခြောက်ကြော်ပန်းကန်ကို လာချပေးလိုက်သည်။ ပြီးတော့ ရေနွေးကြမ်းပူပူ ထည့်ထားသည့် ရေနွေးကရားလေးကိုပါ လာချလိုက်ပါသည်။

နန်းစံကတော့ သစ်သားစားပွဲခုံ ပုပုဝိုင်းဝိုင်းကြီးဆောမှာ ကျုံ့ကျုံ့ယုံ့ယုံ့ သပ်သပ်ရပ်ရပ်လေးထိုင်ရင်း ဒီအိမ်မှာ ဒီလိုလေး ထမင်း တစ်နပ် စားခွင့်ရတာကို အတိုင်းမသိ ကျေနပ်စိတ်ချမ်းသာနေသည်။

လွန်းရာကျော်က နန်းစံနားသို့ကပ်ကာ ...

"နန်းစံ ဖြစ်ပါ့မလား ..."

"ဖြစ်ပါတယ် လွန်းရဲ့ ..."

"မောင်လွန်း ... စကားသွားပြောမနေနဲ့လေ၊ သူ့ဘာသာ ထမင်းဖြောင့်ဖြောင့် စားပစေ"

"ကျွန်တော်လည်း ဝင်စားမယ် ဒေါ်လေး ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုနလေးကပဲ စားပြီးသွားတယ် မဟုတ်လား"

ဒေါ်လေးသိုက်က ထမင်းစားပွဲနှင့် မလှမ်းမကမ်းက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း လှမ်းပြောသည်။ အိမ်မှာ ထမင်းစားပွဲ အမြင့် ရှိသော်လည်း ဒေါ်လေးက နန်းစံကို စားပွဲခုံအနိမ့်လေးမှာ ထိုင်စားစေသည်။ နန်းစံကတော့ စားခွင့်ရတာနဲ့ပဲ ကျေနပ်နေသူမို့ ဘာနဲ့ကျွေးကျွေး ဘယ်လိုကျွေးကျွေး ခပ်ပြုံးပြုံးသာ။ မသူဇာကလည်း စိုးရိမ်သည့် မျက်နှာနှင့် နန်းစံနားသို့ ကပ်သွားကာ ...

"နန်းစံ ဒီဟင်းနဲ့ စားလို့ဖြစ်ပါ့မလား ..."

"ဖြစ်ပါတယ် မသူဇာ၊ စိတ်မပူပါနဲ့နော်"

"အော် ... မေ့နေလိုက်တာ၊ အဖော်ပါသေးတာပဲ၊ တစ်ခါတည်း ဝင်စားလိုက်ပါလား၊ ယုထွေးရေ ... ထမင်း နောက်တစ်ပန်းကန် ပြင်ပေးလိုက်ဦး"

"နေ ... နေပါစေရှင်"

"ဝင်စားလိုက်ပါ၊ အားမနာနဲ့ ..."

မသူဇာဖို့ပါ ထမင်းတစ်ပန်းကန် ပြင်ပေးတာမို့ မသူဇာက နန်းစံနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဟာနကို ဇွန်းခက်ရင်းနဲ့ စားမလား၊ လက်နဲ့စားမလား၊ တို့တွေကတော့ မြန်မာပီပီ ထမင်းစားရင် အားရပါးရ လက်နဲ့နယ်ဖတ်ပြီး စားရမှ အားရတာ ..."





"လက်နဲ့ပဲ စားပါ့မယ် ဒေါ်လေး ..."

"ယုထွေးရေ ... လက်ဆေးရေ ချပေးလိုက်ဦး ..."

ဒေါ်လေးသိုက် ထမင်းကျွေးနေပုံက ပညာပြနေသလိုပင်။ နန်းစံကလည်း ခပ်ပြုံးပြုံးပင် ...။

နန်းစံက ယုထွေး လာချပေးသည့် လက်ဆေးခွက်ထဲ လက်နှစ်ဆေးပြီး လက်ကလေးဖြင့် ထမင်းစား စလိုက်သည်။ စားပုံက လက်နှင့် စားနေမကျမှန်း သိသာသည်။ လက်ဖျားကလေးတွေဖြင့် ထမင်းကို စုကာသိမ်းကာ သေသေသပ်သပ်ဖြစ်အောင် စားနေသည်။ ငရုတ်သီးနိုင်းချင်း ငါးခြောက်ကြော်ကို အားရပါးရ စားပြနေသေးသည်။ ဘာမှမဖြစ်သလို မျက်နှာတစ်ချက် မပျက်သော်လည်း ဖွေးနုသော သူမ၏မျက်နှာကလေးက တဖြည်းဖြည်း နီလာသည်။ နှာသီးဖျားကလေးဟာ ခရမ်းချဉ်သီးမှည့်လို ရဲရဲတွတ်လာသည်။

လွှန်းရာကျော်က ထန်းလျက်ထည့်သည့် ဖန်ဘူးလေး သွားယူကာ နန်းစံဘေးမှာ ချပေးထားလိုက်ရင်း ...

"နန်းစံ စပ်ရင် ထန်းလျက်ကလေး စားလိုက်ပါလား ..."

"ရတယ် ... ရတယ်"

"ရတယ် လုပ်မနေနဲ့ ... မျက်နှာကဖြင့် နီရဲပြီး မီးတောင်ထတောက်တော့မလိုပဲ၊ ရော့ ... ထမင်းနဲ့ ရောစားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



လွန်းရာကျော်က ဒေါ်လေးမမြင်အောင် ထန်းလျက်ခဲ နှစ်ခဲကို နန်းစံ ပန်းကန်ထဲက ထမင်းအောက်ကို ဖွက်ထည့်ပေးလိုက်ပါသည်။

နန်းစံရဲ့ နဖူးမှာ ... မေးဖျားမှာ ... နှာသီးဖျားလေးတွေမှာတော့ ချွေးတွေ အသီးအသီး ထွက်လာသည်။ မျက်လုံးထဲမှာလည်း မျက်ရည်ရစ်ဝိုင်းနေပါသည်။ သို့သော် နန်းစံက ထမင်းစားတာကို မရပ်။

"စား ... စား ... အားရပါးရသာ စား၊ များများသာ ထည့်စားနော်၊ စားကောင်းတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စားကောင်းပါတယ်၊ အရမ်းစားကောင်းပါတယ်"

ဒေါ်လေးကလည်း ပညာပြလို့ကောင်းနေသည်။ နန်းစံက ဒေါ်လေးပညာပြတာကို ကျေနပ်စွာ ခံယူနေပါသည်။ ထိုအချိန်မှာပဲ ခြံထဲသို့ တမာ၏ ဆိုင်ကယ်လေး ဝင်လာပါသည်။

"ဒေါ်လေးသိုက် ရှိလား၊ ဒေါ်လေးရေ ..."

"ဟော ... တမာ ... လာပြီ၊ ဟင်း ... ဟင်း ... အတော်ပဲ။ တမာရေ ... ဒီကိုလာဟေ့ ..."

ဒေါ်လေးက လှမ်းခေါ်တာမို့ တမာက ထမင်းစားခန်းဘက်သို့ ဝင်လာသည်။





"သြော် ... ဧည့်သည် ရောက်နေတာလား"

"ဟုတ်တယ် ... လာလေ ... တမာ"

နန်းစံက တမာ့ကို မော့ကြည့်လိုက်ရင်း ...

"သြော် ..."

"တမာ ... သူ့ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... လမ်းမှာ ဆုံဖူးပါတယ်"

"ဟာနကို ... ဒါက ရွှေတမာတဲ့၊ တို့ သမီးလေးလို တူမလေးလို ချစ်ရတဲ့သူ၊ မောင်လွန်းနဲ့ ပေးစားမယ့်သူပေါ့"

"ဒေါ်လေးကလည်း ..."

"မှန်တာပြောတာပဲ တမာရဲ့၊ ရှက်မနေပါနဲ့ ..."

တမာက နန်းစံကို အားနာသလိုကြည့်သည်။

နန်းစံက ခဏငြိမ်သွားပြီးမှ ခေါင်းလေး ဆတ်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ... ဟုတ်ကဲ့ ... သူနဲ့ဆုံဖူးပါတယ်ရှင့်"

ထမင်းကို ဆက်ငုံ့စားနေသော နန်းစံရဲ့ မျက်နှာက နီသထက် နီကာ မျက်ရည်တွေလည်း များသထက် များလာခဲ့ရပါသည်။

မသူဇာက နန်းစံရဲ့ မျက်နှာအပျက်ပျက်ကို လှမ်းကြည့်ရင်း လည်ပင်းနင်လာတာမို့ ထမင်းကို ခပ်မြန်မြန် လက်စသတ် စားပြီး ထိုင်ရာမှ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသူဇာ ... ဝပြီလား"

"ဟုတ်ကဲ့ ... ဝပါပြီ ကိုလွန်းရာကျော်၊ ကျွန်မ နောက်ဘက်မှာ ပန်းကန်သွားဆေးလိုက်ပါဦးမယ်"

"ပန်းကန်းက ဆေးစရာမလိုဘူး၊ ထားခဲ့ပါ"

"ဒါဖြင့် လက်သွားဆေးလိုက်ဦးမယ်၊ ဆပ်ပြာနဲ့ သေချာလေး ဆေးလိုက်ချင်လို့ ..."

မသူဇာက လွန်းရာကျော်ကို မျက်ရိပ်ပြကာ နောက်ဘက်သို့ ဝင်သွားတာမို့ လွန်းရာကျော်က မယောင်မလည်ဖြင့် လိုက်လာခဲ့ပါသည်။

ဒေါ်ခင်နှင်းသိုက်ကတော့ တမာနှင့် စကားကောင်းနေတာမို့ မရိပ်မိလိုက် ...။

နောက်ဘက် လက်ဆေးသည့်နေရာနား ရောက်တော့ မသူဇာက လွန်းရာကျော်ကို သွက်သွက် ပြောချလိုက်ပါသည်။

"ကိုလွန်းရာကျော် ... မနက်ဖြန် မင်းနန်းသူရှာ ဘုန်းကြီးကျောင်းမှာ နန်းစံတို့ အလှူရှိတယ်၊ ဘုန်းကြီးလည်း ဆွမ်းကျွေး၊ အနီးအနားရွာလုံးကျွတ်လည်း ထမင်းကျွေးမှာ၊ အဲ့ဒီနားက တရုတ်ပြေးဘုရားမှာ စောင့်နေ၊ ကျွန်မ အခြေအနေကြည့်ပြီး နန်းစံကို ခေါ်ထွက်လာခဲ့မယ် ..."





"ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော် ဆက်ဆက်စောင့်နေပါ့မယ်"

မသူဇာက ထမင်းစားခန်းဘက်သို့ ခပ်သွက်သွက် ပြန်ထွက်သွားသည်။

လွန်းရာကျော် ပြန်ထွက်လာသည်အထိ နန်းစံက ထမင်းစား မပြီးသေး။ ထမင်းတစ်ပန်းကန်လုံးကုန်အောင် ကြိုးစားပမ်းစား စားနေသော နန်းစံကို ကြည့်ရင်း သူ ဝမ်းနည်းလာရပါသည်။

သူက နန်းစံဘေးမှာ ဝင်ထိုင်လိုက်ရင်း ...

"နန်းစံ တော်တော့၊ ထပ်မစားနဲ့တော့၊ လက်ဆေးတော့"

"ဒါလေး ကုန်အောင်တော့ စားမှ ဖြစ်မှာပေါ့ လွန်းရဲ့"

နန်းစံက ခပ်တိုးတိုးလေး ပြန်ဖြေ၏။ ဒေါ်လေးသိုက်က သူတို့ဘက်ကို လှည့်ကြည့်ရင်း ...

"ဟဲ့ ... မောင်လွန်း သွားမရှုပ်နဲ့လေ၊ သူ့ဘာသာ အေးဆေးစားပစေ ..."

"ဒေါ်လေးကလည်းဗျာ ..."

"အောင်မယ် ... မင်းက ဘာပြောချင်လို့လဲ ..."

"လွန်း ... မပြောပါနဲ့"

ဒေါ်လေးပုံစံက တောက်မည့်မီးခဲလို တဲရဲရဲဖြစ်နေတာမို့ သူ ငြိမ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကုန်တော့မှ နန်းစံက လက်ဆေး၊ လက်သုတ်လိုက်ပြီး ...

"စားလို့ပြီးသွားပါပြီရှင့်၊ ကျေးဇူးတင်ပါတယ်ရှင့် ..."

"စားလို့ရော ကောင်းရဲ့လား ..."

"ဟုတ် ... ဟုတ်ကဲ့ ... ကောင်းပါတယ်"

"မြန်မာဟင်းဆိုတာကတော့ သိတယ်မဟုတ်လား၊ အဲ့ဒီလို ငန်ငန်စပ်စပ်လေး ဆီများများလေးနဲ့ ကြော်ထားတာလေး တွေဆိုရင် အရမ်းစားကောင်းတာလေ၊ ကဲ ... ထမင်းလည်း စားပြီးပြီ၊ မောင်လွန်းနဲ့လည်း တွေ့ပြီးပြီ၊ တို့ကလည်း မမုန်းဘူးဆိုတော့ ကျေနပ်ပြီမဟုတ်လား ..."

"ဟုတ်ကဲ့ ... ကျေနပ်ပါတယ်"

"ကဲ ... ယုထွေးရေ ... ဧည့်သည်နှစ်ယောက် ပြန်မယ်ဟေ့၊ ခြံရှေ့ထိ လိုက်ပို့ပေးလိုက်ပါဦး ..."

နန်းစံက ဦးညွှတ်ခါးကိုင်းလျက် ဒေါ်လေးသိုက်နှင့် တမာ့ကို နှုတ်ဆက်သည်။ ပြီးတော့ လွန်းရာကျော်ဘက်သို့ တစ်ခါ လှည့်ကာ ဦးညွှတ်၍ နှုတ်ဆက်လိုက်ပြီးမှ အိမ်ထဲက ထွက်ခွာသွားပါသည်။

သူ နန်းစံတို့နောက်သို့ လိုက်ဖို့ ခြေလှမ်းပြင်လျှင် "မောင်လွန်း ... မင်း အခု သူ့နောက်လိုက်သွားရင် သူနဲ့





ငါ ပြဿနာတစ်ခုခု ဖြစ်တော့မယ်ဆိုတာ မင်း မှတ်ထားပါ"

သူ့ခြေထောက်တွေ မလှုပ်နိုင်အောင် ဖြစ်သွားရပါသည်။

ဆိုင်ကယ် စက်နှိုးသံ ကြားရသည်။ ဆိုင်ကယ်စက်သံက တဖြည်းဖြည်း ဝေးသွားသည်။

သူ တမာ့ကိုလည်း စကားပြောချင်စိတ် မရှိ၊ ဒေါ်လေးနဲ့လည်း မျက်နှာချင်း မဆိုင်လိုတာမို့ အိမ်အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။

လွန်းရာကျော် အပေါ်ထပ် တက်သွားတော့မှ ဒေါ်ခင်နှင်းသိုက်လည်း စိတ်အေးကာ တမာ့ကို လှမ်းကြည့်ရင်း ...

"တမာ ... ဒေါ်လေးယူခိုင်းထားတဲ့ အင်္ကျီ ဝင်ယူခဲ့သေးလား"

"ယူခဲ့ပါတယ် ဒေါ်လေး၊ တမာ အဲ့ဒါ လာပေးတာပါ၊ စက်ချုပ်ဆိုင်က ဒေါ်လေးမို့လို့ အမြန်ချုပ်ပေးတာ၊ ဒေါ်လေးက ဘာဝတ်ဝတ် ကြည့်ကောင်းလွန်းလို့ ဒေါ်လေး ဝတ်ရင် သူတို့ဆိုင်ကို ကြော်ငြာသလို ဖြစ်လို့တဲ့ ..."

ဒေါ်ခင်နှင်းသိုက်က တမာ ချပေးသည့် အင်္ကျီအိတ်ကို လှမ်းယူလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရလာလို့ တော်ပါသေးရဲ့၊ မနက်ဖြန် မင်းနန်းသူရှာ ဘုန်းဘုန်းက သူ့ကျောင်းမှာ အလှူရှိလို့ ဆက်ဆက်လာခဲ့ဖို့ ဖိတ်ထားလို့လေ ..."

"ဘယ်သူ့အလှူလဲ ဒေါ်လေး ..."

"အလှူ့ဒါယကာတော့ ဘယ်သူမှန်း မသိပါဘူးဟယ် ...၊ ဘုန်းဘုန်းက ဒီလိုပဲ သူ့ကျောင်းမှာ အလှူရှိတိုင်း ဖိတ်နေကျဆိုတော့ သွားရမှာပေါ့ ..."

ဒေါ်ခင်နှင်းသိုက်က အင်္ကျီလေးကို ဖြန့်ဖြည်ကြည့်ရင်း ပြောလိုက်ပါသည်။



## (၂၁)

ဘုန်းကြီးကျောင်းဝန်းထဲမှာ နွားလှည်းတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ပြည့်ကျပ်နေပါသည်။ ရွာလုံးကျွတ်ဖိတ်ကြားထားသည့်အပြင် အနီးအနားရွာများကိုပါ ဖိတ်ကြားထားတာမို့ ကျောင်းဝိုင်းကြီး တစ်ခုလုံး စည်ကားသိုက်မြိုက်လျက်ရှိပါသည်။

ဦးဘုန်းကျော်စံရဲ့ ဇာတိဟာ ထိုမင်းနန်းသူရွာ၊ ပြီးတော့ ငယ်ငယ်က ဒီဘုန်းကြီးကျောင်းမှာပဲ ဘုန်းကြီးကျောင်းသားအဖြစ် နေခဲ့ဖူးတာမို့ ကျောင်းလေးကို မကြာခဏ လွမ်းတခဲ့ဖူးတာပင် ...။

အလှူနေ့မို့ ဦးဘုန်းကျော်စံက မဝတ်စဖူး ပုဆိုးနှင့်တိုက်ပုံဝတ်လာသည်။ ပိုးပုဆိုးက ဖက်ဖူးစိမ်းရောင်၊ ပိုးတိုက်ပုံကလည်း ဖက်ဖူးစိမ်းရောင်၊ ကတ္တီပါဖိနပ်ကလည်း အစိမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



မာဆေဒီးစ်ကား အမည်းပေါ်ကနေ ဖက်ရှင်ကျကျ နုနုရွရွ ဆင်းလာသော ဦးဘုန်းကျော်စံက မင်းသားကြီးတစ်ယောက်လို ကြည့်ကောင်းခံ့ညားလှပါသည်။

နန်းစံကတော့ မသူဇာ ဆင်ထားပေးထားသည့် ပိုးချိပ်လုံချည် ပန်းရောင်၊ မြန်မာအင်္ကျီ ခါးတိုလက်ရှည် ပန်းနုရောင်နှင့် ကတ္တီပါဖိနပ် ပန်းရောင်ကလေး စီးကာထားသည်။ လည်ပင်းမှာတော့ ပန်းရောင် ပုလဲသွယ်အတိုလေးတစ်ကုံး ဆင်မြန်းထားပြီး ခေါင်းမှာ ပန်းရောင်နှင်းဆီတစ်ပွင့် ပန်ထားသည်။

မသူဇာက ဦးဘုန်းကျော်စံကို လှမ်းကြည့်ရင်း ...

"နန်းစံ ဖေဖေက အရွယ်လည်းတင်၊ ချောလည်းချော၊ ဒီလိုဝတ်ထားတော့လည်း တစ်မျိုးကြည့်ကောင်းတာပဲနော်၊ နန်းစံလည်း အဖေတူလို့ ချောတာဖြစ်မယ်၊ နန်းစံ ဒီနေ့ အရမ်းလှတာပဲ၊ နန်းစံက မြန်မာဝတ်စုံနဲ့ အရမ်းလိုက်တယ်"

မသူဇာက ချီးမွမ်းနေပေမယ့် နန်းစံကတော့ ရင်ခုန်နေရကာ ...

"နန်းစံကတော့ ဒီနေ့ ရင်တွေခုန်နေတာပဲ သိတော့တယ် မသူဇာရယ်၊ တရုတ်ပြေးဘုရားက ဘယ်နားမှာလဲ၊ နန်းစံ ဒီကနေ ထွက်လို့ ရပါ့မလား ..."





"မသူဇာ ကြံပါ့မယ် နန်းစံရယ် ...၊ လာ ... ခုတော့ အေးအေးဆေးဆေး အလှူပွဲနဲ့လိုက်ပါဦး၊ တော်ကြာ တို့အကြံကို အန်ကယ်လ် ရိပ်မိနေဦးမယ်၊ ဟော ... ဟိုမှာ အန်ကယ်လ် လှမ်းကြည့်နေပြီ၊ လာ ... သွားရအောင်"

နန်းစံက မသူဇာနှင့် လက်ချင်းတွဲကာ ဘုန်းကြီးကျောင်းဝိုင်းထဲသို့ ဝင်လာသည်။

ဘုန်းကြီး ကျောင်းဝိုင်းထဲမှာ တရားနာ ရေစက်ချ ဆွမ်းကပ်ပြီးတော့မှ ဧည့်ပရိသတ်တွေ ထမင်းကျွေးသည့် နေရာဘက်သို့ လာကာ ထမင်းဝိုင်းတွေ ကူညီပြင်ဆင် ကျွေးမွေးနေလိုက်ကြပါသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ဒေါ်ခင်နှင်းသိုက် စီးလာသော Mark II ကားက ဘုန်းကြီးကျောင်းဝန်းထဲသို့ ကွေ့ဝင်လာပါသည်။

ဒေါ်ခင်နှင်းသိုက်က ကျောင်းဝိုင်းတစ်ခုလုံး ပြည့်ကျပ်နေသည့် လူတွေကို လှမ်းကြည့်ရင်း ...

"အလှူကတော့ အကြီးအကျယ်ပဲ ထင်တယ်၊ မောင်သန်းဇော်ရေ... ဒေါ်လေးကို ကားလိုက်မောင်းပို့တာ ကျေးဇူးတင်ပါတယ်၊ ဟိုကောင်လေး မောင်လွန်းကို ဖမ်းမမိတာနဲ့ မင်းကို လိုက်ပို့ခိုင်းလိုက်ရတာ၊ မောင်လွန်း ဘယ်သွားမယ်ဆိုတာ မင်းကို ပြောသွားသေးလား မောင်သန်းဇော် ..."

"သူ့သူငယ်ချင်း မိသားစု လာလို့ တန့်ကြည့်တောင်ဘက် လိုက်ပို့တာပါ ဒေါ်လေး၊ အပြန် မိုးချုပ်မယ်ထင်တယ်"

မောင်သန်းဇော်က လွန်းရာကျော် သင်ပေးခဲ့သည့်





အတိုင်း ပြောလိုက်တာမို့ ဒေါ်ခင်နှင်းသိုက်က တကယ်မှတ်ကာ စိတ်အေးသွားပါသည်။

"ဟိုရှေ့နားမှာပဲ ရပ်လိုက် မောင်သန်းဇော် ..."

မောင်သန်းဇော်က ဘုန်းကြီးကျောင်း ခြေရင်းမှာ ကားရပ်ပေးလိုက်သည်။

ခရမ်းရောင် ချိပ်လုံချည်နှင့် မြန်မာအင်္ကျီလက်ရှည် ခရမ်းရောင် ရင်ဖုံးလေးဝတ်လျက် ပဝါ အဝါရောင်ကလေး ခြုံထားသော ဒေါ်ခင်နှင်းသိုက်က ကားပေါ်မှ လှမ်းဆင်းလိုက်သည်။

"ဟိုမှာ ... ပုဂံမင်းသမီးက အပျိုကြီး မဟုတ်လား"

"အေး ... ဟုတ်ပ၊ ဒီအရွယ်ထိ ချောတုန်းတော့ ..."

ဒေါ်ခင်နှင်းသိုက်ကို လှမ်းမြင်သော အမျိုးသမီးတချို့က အချင်းချင်း ကပ်ပြောရင်း လှမ်းကြည့်နေကြသည်။

ဒေါ်ခင်နှင်းသိုက်က ကျောင်းဘက်သို့ လျှောက်လာပြီး ကျောင်းလှေကားပေါ်သို့ လှမ်းတက်ရင်း ကျောင်းထိပ်သို့ မော့ကြည့်လိုက်လျှင် ...

"ဟင် ..."

"နင် ..."

ကျောင်းပေါ်က ဆင်းလာသော ဘုန်းကျော်နှင့် လှေကားမှာဆုံလိုက်ရတာမို့ ဒေါ်ခင်နှင်းသိုက်က ကျောင်းပေါ် မတက်တော့ဘဲ နောက်ပြန်လှည့်ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိုက် ..."

ဒေါ်ခင်နှင်းသိုက်က လှည့်မကြည့်ဘဲ ကားရပ်ထားသည့်ဘက်သို့ ခြေဦးလှည့်လိုက်စဉ် ...

"ခင်နှင်းသိုက် ... ခဏနေဦး ..."

ဦးဘုန်းကျော်စံက အသံခပ်ကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်တာမို့ ဒေါ်ခင်နှင်းသိုက်က လှည့်ကြည့်လိုက်ရင်း ...

"နင် ငါ့နာမည်ကို အသံကျယ်နဲ့ ခေါ်စရာမလိုဘူး ဘုန်းကျော်"

"မင်း ... ငါ့အလှူကိုလာတာလား"

"ဘာ ... ဒါ နင့်အလှူလား"

"ဟုတ်တယ် ..."

"ဒီလိုမှန်းသိရင် မလာပါဘူး၊ ဘုန်းဘုန်း ဖိတ်ထားလို့ လာမိတာပါ"

"မင်းကို ငါ နောက်ဆုံးအနေနဲ့ တစ်ခု မေးပါရစေ ...၊ မင်း စိတ်ချမ်းသာအောင် ငါ ဘာလုပ်ပေးရမလဲ"

"ဒီကထွက်သွားလေ၊ ဘယ်တော့မှလည်း ပြန်မလာနဲ့ ..."

"ငါက ဒီပုံဂံမှာ ခေါင်းချချင်တယ်ဆိုရင်ရော ..."

"ငါ့အကြောက်ဆုံးက နင် ဒီပုဂံမှာ ပြန်လာနေမှာကိုပဲ"

ဒေါ်ခင်နှင်းသိုက်က ဦးဘုန်းကျော်စံကို ခပ်စိန်းစိန်း တစ်ချက် စိုက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။





"ဟင် ... ဒေါ်လေး ကျောင်းပေါ်မတက်တော့ဘူးလား"

"မတက်တော့ဘူး၊ ပြန်မယ် ... မောင်းတော့ မောင်သန်းဇော်"

ဒေါ်ခင်နှင်းသိုက်က အနည်းငယ် အက်ကွဲသော အသံဖြင့် လှမ်းပြောလိုက်ရင်း နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ မျက်နှာကို ပင့်ချီလိုက်ပါသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

"အန်ကယ်လ် ..."

ဘုန်းကြီးကျောင်း လှေကားရင်းက ခုံလေးမှာ ငြိမ်သက်စွာ ထိုင်နေသော ဦးဘုန်းကျော်စံနားသို့ မသူဇာက ရောက်လာပြီး မရဲတရဲ ခေါ်လိုက်ပါသည်။

"ဟင် ... ဩော် ... ပြော ... ဘာကိစ္စလဲ၊ သမီးရေ ..."

"နန်းစံက ဟိုဘက် ဇရပ်မှာပါ အန်ကယ်လ်၊ ဟို ... အန်ကယ်လ်က ဒီမှာ ဘယ်အချိန်ထိ နေမှာလဲဟင်"

"ဘုန်းဘုန်းက ညနေမှ ပြန်လို့ ပြောထားလို့ ညနေထိ နေမှာလေ၊ ဘာဖြစ်လို့လဲ ..."

"နန်းစံက ဟို ... ဗိုက်နည်းနည်းနာနေလို့ အန်ကယ်လ်"

"ဟင် ... ဟုတ်လား၊ ဘာတွေ အစားမှားလို့လဲ"

"အဲ့ဒါ ... အဲ့ဒါက မိန်းကလေးကိစ္စပါ အန်ကယ်လ်၊ ကောင်းသွားမှာပါ"





"ဒါဆို ... ဟိုတယ် ပြန်ခေါ်သွားလိုက်တော့လေ ..."

"ကျွန်မ စဉ်းစားတာတော့ ဟိုတယ်ကိုပြန်ဖို့က နည်းနည်းဝေးတယ်၊ ဟိုတယ်မှာ နန်းစံရှိနေရင် လွန်းရာကျော်က ဟိုတယ်ကို လာရှာမှာလည်း စိုးရတယ် မဟုတ်လား အန်ကယ်လ်၊ အဲ့ဒါကြောင့် ကျွန်မ အဒေါ်အိမ်ကို ခေါ်သွားမလို့ပါ၊ နန်းစံကလည်း မရောက်ဖူးလို့ လိုက်လည်ချင်နေတာ ..."

"ညည်းအဒေါ်အိမ်က ဘယ်မှာလဲ ..."

"အရှေ့ဖွားစောရွာမှာပါ အန်ကယ်လ်၊ ဒီကနေသွားရင် နီးနီးလေးပါ"

"အင်း ... ဒါဆိုရင်လည်း သွားလေ၊ မောင်ကျော်သက်ကို လိုက်ပို့ခိုင်းလိုက်"

"မပို့ခိုင်းတော့ပါဘူး အန်ကယ်လ်၊ ဒေါ်လေးတို့လည်း ဒီအလှူကို နွားလှည်းနဲ့ လာကြတာဆိုတော့ ဒေါ်လေးတို့နဲ့ပဲ လိုက်သွားတော့မယ်၊ နန်းစံကလည်း လှည်းမစီးဖူးလို့ စီးချင်လို့တဲ့ ..."

"နေပူနေဦးမယ် ..."

"ပေါင်းမိုး ပါပါတယ်"

"ဖုန်ထမှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်မထတဲ့ လမ်းဘက်က လှည့်မောင်းခိုင်းလိုက်ပါမယ်"

"အင်း ... ဒါဆိုလည်း သွားလေ၊ ညနေအပြန် ဝင်ခေါ်လိုက်မယ်"

ဦးဘုန်းကျော်စံရဲ့ ခွင့်ပြုချက်ကို ရင်တထိတ်ထိတ်နှင့် စောင့်နေရတာမို့ ခွင့်ပြုချက်ရသည်နှင့် မသူဇာက ဝမ်းသာသွားကာ နန်းစံ စောင့်နေသည့်နေရာသို့ သွက်သွက်လေး လျှောက်လာရင်း နန်းစံ မြင်သာသည့်နေရာလောက်ကတည်းက လက်မလေး ထောင်ပြလာပါသည်။



(၂၄)

နန်းစံတို့ စီးလာသော နွားလှည်းလေးက တရုတ်ပြေး ဘုရားဆီသို့ ဦးတည်လာပါသည်။

ဘုရားတံတိုင်းအဝင် မုခ်ဦးရှေ့မှာ နွားလှည်းရပ်သွားသည်နှင့် အသင့်ရပ်စောင့်နေသော လွန်းရာကျော်က နွားလှည်းဆီသို့ ပြေးလာသည်။

မသူဇာက နန်းစံရဲ့ လက်ဖဝါးလေးတွေကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...

"နန်းစံ ... မသူဇာကို ကတိတစ်ခုတော့ ပေးသွား"

"ဘာလဲဟင် ..."

"နန်းစံရဲ့ စိတ်ကို မသူဇာ နားလည်တယ်၊ ဒါပေမယ့် အတူလျှောက်လည်ရင်း စိတ်ခံစားချက်တွေ မြင့်လာပြီး လွန်းရာကျော်နောက်ကို တစ်ခါတည်း လိုက်မသွားပါဘူးဆိုတဲ့ ကတိတော့ ပေး ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ နန်းစံ ကတိပေးတယ်"

"ညနေ ၄ နာရီလောက်ကျရင် ဒီဘုရားကိုပဲ ပြန်လာခဲ့၊ မသူဇာ စောင့်နေမယ်"

"ကျေးဇူးတင်ပါတယ် မသူဇာ၊ နန်းစံ ဒီအဝတ်အစားတွေနဲ့ သွားရလာရတာတော့ သိပ်အဆင်မပြေဘူး မသူဇာရယ်၊ လွန်းနဲ့ လျှောက်လည်ချင်တာဆိုတော့ ပေါ့ပေါ့ပါးပါး အဝတ်အစားလေးနဲ့သာဆို သိပ်ကောင်းမှာပဲ ..."

"အဟင်း ... ပူမနေနဲ့၊ ဒီမှာ အဆင်သင့်ပါပဲ၊ ဒီအကြံကြီကတည်းက ဘာလိုအပ်သလဲဆိုတာ စဉ်းစားပြီးသား"

မသူဇာက သူ့စလင်းဘတ်အိတ် ကြီးကြီးထဲမှ အသင့်ယူလာသည့် ပန်းနုရောင် ဂါဝန်အရှည်လေးနှင့် ကြိုးသိုင်းဖိနပ်ပါးလေး ထည့်ထားသည့် ပလက်စတစ်အိတ်ကို ထုတ်ပေးလိုက်ပါသည်။

"မသူဇာရယ် ... နန်းစံ ကျေးဇူးတင်လိုက်တာ"

"အဟမ်း ... ပါးစပ်က ကျေးဇူးတင်နေရုံနဲ့ မပြီးဘူး၊ အလုပ်ပြုတ်ရင် အရင်းအနှီးထုတ်ဖို့လည်း မမေ့နဲ့ ..."

"စိတ်ချ ... စိတ်ချ ... မမေ့ဘူး"

မသူဇာက ခပ်ပြုံးပြုံး ကျီစယ်တော့ နန်းစံက ခေါင်းလေး တဆတ်ဆတ် ညိတ်ရင်း တုံ့ပြန်၏။





နန်းစံရော မသူဇာပါ လှည်းပေါ်ကဆင်းလိုက်ကြသည်။ လွန်းရာကျော်က အနားရောက်လာကာ နန်းစံကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ...

"နန်းစံ လှလိုက်တာ ..."

"လှပေမယ့် သွားလို့လာလို့ အဆင်မပြေဘူး ကိုလွန်းရာကျော်ရေ၊ အဲဒီမှာ ပေါ့ပေါ့ပါးပါး ဝတ်လို့ရမယ့် အဝတ်အစားထုပ် ထည့်ပေးလိုက်တယ်၊ တစ်နေရာရာမှာ ဝင်လဲလို့ရအောင် စီစဉ်လိုက်ဦး"

"ရှင်အဖ္ဖူဂေါဏ ဘုရားဝန်းထဲမှာ ကျွန်တော့်အသိ ဈေးဟောင်း ဝန်ထမ်းအိမ် ရှိတယ်၊ ဒီကနေ သိပ်မဝေးဘူး၊ အဲ့ဒီမှာ ဝင်လဲလို့ရတယ်"

"ညနေ မိုးမချုပ်ခင်တော့ ဒီကိုပြန်လာပို့ပေးနော်၊ ကျွန်မက ဆိုင်ကယ်နဲ့ လာစောင့်နေရမှာ၊ ဒီကနေမှ ရွာကိုခေါ်သွားပြီး ကျွန်မ အဒေါ်အိမ်မှာ ပြန်စောင့်ရမှာ၊ ကားက ဟိုကိုလာကြိုမှာ ..."

"ဟို ... ကျွန်တော်တို့ sunset ကြည့်ပြီးမှ လာလို့ ရမလား မသိဘူး"

"နေဝင်သွားတဲ့အထိတော့ မရဘူးလေ၊ နောက်ကျနေမှာပေါ့၊ ဒါနဲ့ ရှင် ဘာနဲ့ လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်နဲ့ ..."

"ရှင်ကလည်း ဘာလို့ ကားယူမလာလဲ"

"နန်းစံက ပုဂံမှာ ကားနဲ့လည်တာ မကြိုက်ဘူးဆိုလို့ပါ"

"အင်းလေ ... ဒါဆိုလည်း ပြီးရော၊ ကဲ ... ကျွန်မ သွားတော့မယ်၊ စိတ်ချမယ်နော် ..."

"ဟုတ်ကဲ့ပါ ... စိတ်ချပါ"

မသူဇာက လှည်းပေါ်ပြန်တက်သွားသည်။ လှည်းထွက်သွားတာကို နန်းစံတို့ နှစ်ယောက်လုံး မျက်စိတဆုံးထိ လှမ်းကြည့်နေပြီးမှ တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်မိကြသည်။ နန်းစံက စိတ်ထဲ ရှက်သလိုလိုဖြစ်သွားကာ မျက်လွှာအရင်ချလိုက်သည်။

"နန်းစံ ... လှလိုက်တာ"

"ပြောတာ နှစ်ခါရှိပြီ ..."

"တကယ်လှလို့ ပြောတာပါ"

"ဟိုတယ်က ထွက်မလာခင် မှန်ရှေ့မှာ ရပ်လိုက်ကတည်းက ဒီဝတ်စုံနဲ့ နန်းစံ တော်တော်လှမှန်း သိပါတယ်"

"ဟုတ်လား ..."

လွှမ်းရာကျော်က နောက်တောက်တောက်ပုံစံဖြင့် မျက်ခုံးပင့်၍ ပြောလိုက်သည်။ ပြီးတော့ နှစ်ယောက်လုံး ပြိုင်တူ ရယ်လိုက်မိကြသည်။

ပုညခင်စာအုပ်တိုက်



ရယ်လိုက်သည့် ထိုအခိုက်အတန့်လေးက သူတို့ရင်ထဲက ပူပင်သောကတွေကို လျှော့ချပေးလိုက်တာမို့ နှစ်ယောက်လုံး ပေါ့ပါးလန်းဆန်းသလို ဖြစ်လာကာ ...

"ကဲ ... နန်းစံ ဘယ်သွားချင်သလဲ၊ ဘာလုပ်ချင်သလဲ ... ပြော"

"နန်းစံ ပြဿဒ်ကြီးဘုရားကိုလည်း နောက်တစ်ခေါက်သွားချင်သေးတယ်၊ ရွှေစည်းခုံဘုရားရဲ့ ရောဝတီမြစ်ဘက်က အုတ်လှေကားပေါ်မှာလည်း ထိုင်ချင်တယ်၊ ဟိုတစ်ခါ ဖေဖေနဲ့ သွားတုန်းက အဲဒီဘက်မှာ မထိုင်လိုက်ရဘူး"

"ပြီးတော့ရော ..."

"အင်း ... ပြီးတော့လား ... ပြီးတော့ ... ဘာမှမရှိတော့ပါဘူး၊ အဓိကကျတာကတော့ လွှမ်းနဲ့ တွေ့ချင်တာပါပဲ ..."

ပွင့်လင်းသော နန်းစံ စကားကြောင့် သူက သက်ပြင်းချမိပါသည်။

"လွှမ်းရော နန်းစံကို တွေ့ချင်ရဲ့လား ..."

"တွေ့ချင်လို့ လာတာပေါ့ နန်းစံရယ်၊ ကဲ ... လာ ... ရှင်အရှင်ပေါ်ဘုရားဘက် အရင်သွားအောင်"

နန်းစံက ဆိုင်ကယ်နောက်မှာ ဘေးတစ်စောင်းလေး ဝင်ထိုင်လိုက်သည်။ လွှမ်းရာကျော်က ဆိုင်ကယ်လေးကို ခပ်မှန်မှန် မောင်းထွက်လာခဲ့သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှင်အဓွန့ဂေါဏဘုရားမှာ ဘုရားဝင်ဖူးပြီးမှ လွန်းရာကျော်ရဲ့ မိတ်ဆွေအိမ်မှာ နန်းစံကို အဝတ်ဝင်လဲစေသည်။

ခြေသလုံး တစ်ဝက်ထိရှည်သည့် ဂါဝန် ပန်းရောင်လေးကို ခါးပတ်ဖြူလေးပတ်၍ ဝတ်ကာ ကြိုးသိုင်းဖိနပ်လေးလဲဝတ်လိုက်တော့ ပေါ့ပါးငယ်နုသည့် ပုံလေး ပေါ်လာပါသည်။

ဆိုင်ကယ်လေးက ရွှေစည်းခုံဘုရားဘက်သို့ ဦးတည်လာသည်။

နေက ပူလှပြီး ခေါင်းဆောင်းမပါသော်လည်း လွန်းရဲ့ ကျောပြင်နားနီးနီးမှာ ကပ်၍ထိုင်လိုက်လာရတာမို့ လသာညလို အေးအေးမြမြ ရှိလှသည်ဟုပင် နန်းစံက ထင်ခဲ့မိပါသည်။



ဧရာဝတီမြစ်ဘက်သို့ နိမ့်ဆင်းသွားသော ရွှေစည်းခုံဘုရား မြောက်ဘက် လှေကားထစ်တွေကို နင်းကာ နန်းစံက ကလေးတစ်ယောက်လို ပေါ့ပါးမြူးပျစွာ ပြေးဆင်းသွားနှင့်သည်။

နန်းစံ ဒီလိုလေး ပျော်နေတာတွေ့တော့ သူ စိတ်ချမ်းသာရပါသည်။

နန်းစံက လှေကားတွေရဲ့ အဆုံးမှာ ရပ်တန့်လိုက်ရင်း ဧရာဝတီမြစ်ဘက်သို့ လှည့်နေသည့် ခြသေ့်ကြီးကို မော့ကြည့်ကာ ...

"လွန်းရေ ... ခြသေ့်က ဘာလို့ တစ်ကောင်တည်း ဖြစ်နေတာလဲ၊ နှစ်ကောင် ရှိရမှာမဟုတ်လား ..."

သူက ရယ်မောလိုက်မိရင်း ...

"စတုန်းကတော့ နှစ်ကောင်ရှိတာပေါ့ နန်းစံရဲ့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မြစ်ရေတိုက်စားသွားလို့ တစ်ကောင်က ပြိုပျက်ပြီး တစ်ကောင်ပဲ ကျန်ခဲ့တာ ..."

"သြော် ..."

နန်းစံက ခြသေ့်ခြေရင်းက လှေကားထစ်မှာ ဝင်ထိုင်ရင်း စကားမပြောတော့ဘဲ ငြိမ်သက်သွားပါသည်။

နန်းစံက ဧရာဝတီမြစ်ဘက်ကို ငေးကာ ငြိမ်နေသည်။ လွန်းရာကျော်က နန်းစံ မျက်နှာလေးကို ငုံ့ကြည့်ရင်း ...

"နန်းစံ ဘာဖြစ်သွားတာလဲ၊ မျက်နှာမကောင်းပါလား"

"စိတ်မကောင်းလို့ပါ လွန်းရယ်"

"ဘာကိုလဲ ..."

"ခြသေ့်က အဖော်မစုံတော့ဘူးလေ၊ သက်မဲ့ ဆိုပေမယ့် အဖော်မစုံရင် ကြည့်လို့မလှဘူး၊ သက်ရှိဆိုလည်း အဖော်မစုံရင် လွမ်းလို့ မဝဘူးပေါ့"

"အံမယ် ... စကားတွေ တတ်လို့ပါလား၊ မြန်မာစကားပြောတာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာတယ်ထင်တယ်"

နန်းစံရဲ့ ခံစားချက်ကို သိပေမယ့် ကိုယ်တိုင်လည်း ခံစားရပေမယ့် သူက ပေါ့ပေါ့ပါးပါး ပြောရင်း သူမဘေးမှာ ခပ်ခွာခွာ ဝင်ထိုင်လိုက်ပါသည်။





နန်းစံက မြစ်ဘက်ကိုငေးကာ စကားမဆိုတော့ဘဲ ငြိမ်နေသည်။

သူက တိတ်ဆိတ်မှုကို ပျက်ပြယ်စေလိုတာမို့ မြစ်ဘက်ကို လက်ညှိုးညွှန်ပြရင်း ...

"ဟိုးရှေးရှေးတုန်းကဆို ဒီမြစ်ထဲမှာ ရွက်ဖွင့်ပြီး သွားတဲ့ လှေတွေရဲ့ ရွက်တိုင်ထိပ်မှာ အာ–သော–မာ–ဝ ဆိုတဲ့ ရွှေစည်းခုံစေတီ အမှတ်အသား အက္ခရာကို အန္တရာယ်ကင်းဘေးကင်းအောင် ရေးထားလေ့ရှိတယ်တဲ့ နန်းစံ"

နန်းစံက သူ့စကားကို မကြားသလိုပုံစံဖြင့် ငြိမ်ငေးနေသည်။

"နန်းစံ ..."

"ရှင် ..."

သူခေါ်တော့မှ နန်းစံက သူ့ဘက်ကိုလှည့်ကြည့်လာသည်။ နန်းစံ၏ မျက်လုံးကလေးတွေက ရီဝေဆွေးမြည့်လျက်ရှိပါသည်။

"နန်းစံ ကျွန်တော်ပြောတာ ကြားရဲ့လား ..."

"ဟုတ်ကဲ့ ... ကြားပါတယ်၊ ပြောပြတာ ကျေးဇူးတင်ပါတယ်"

"နန်းစံ ဒီကနေ ဘယ်ကိုသွားချင်သေးလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် ဘယ်ကိုမှ မသွားချင်တော့ပါဘူး လွန်းရယ်"

နန်းစံရဲ့ စကားက သူ့ကို မောန်းသွားစေပါသည်။

ကျွန်တော် ဘာလုပ်ရပါ့မလဲ နန်းစံရယ် ...။

ကျွန်တော်တို့ရဲ့ နှလုံးသားအလိုဆန္ဒကို လိုက်လျောနိုင်ဖို့ ကျွန်တော် ဘာလုပ်ရပါ့မလဲ ...။



ရွှေစည်းခုံဘုရား အရှေ့ဘက်စောင်းတန်းအတိုင်း နန်းစံတို့ ပြန်ဆင်းလာခဲ့ကြပါသည်။

စောင်းတန်းတစ်လျှောက်က ဆိုင်ခန်းတွေကို ငေးရင်း လျှောက်လာသော နန်းစံ၏ အကြည့်တွေက သနပ်ခါးတုံးဆိုင်ရှေ့မှာ စိုက်တန့်သွားပါသည်။

ပုံထပ်ထားသော သနပ်ခါးတုံးတွေရှေ့မှာ ကျောက်ပျဉ်တစ်ချပ် ချထားတာ တွေ့ရသည်။ ကျောက်ပျဉ်ဘေးမှာ ရေခွက်၊ ကျောက်ပျဉ်ပေါ်မှာက သွေးလက်စ သနပ်ခါးတုံး ...။

နန်းစံက သနပ်ခါး မလိမ်းဖူးပေမယ့် သနပ်ခါးတုံးနှင့် ကျောက်ပျဉ်ကိုတော့ မြင်ဖူးပါသည်။

"လာလေ ... အစ်မ၊ ရောက်တုန်း ဝယ်သွားပါ အစ်မ၊ ကိုယ်တိုင်သွေးပြီး လိမ်းကြည့်လို့လည်း ရတယ် အစ်မ၊



www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူဘက်က ထွက်တဲ့ ရှင်မတောင် သနပ်ခါးအစစ်တွေပါ ...”

နန်းစံက သနပ်ခါးတုံးဆိုင်ရှေ့မှာ ရပ်လိုက်တာမို့ ဆိုင်ရှင်မိန်းကလေးက ဖိတ်ခေါ်လိုက်သည်။

နန်းစံ သနပ်ခါးတော့ မသွေးတတ်ပါ။ လွှမ်း သွေးပေးရင် ကောင်းမှာပဲဟု တွေးသော်လည်း လွှမ်း ပြောဖူးသော စကားကို ပြန်သတိရတာမို့ မတောင်းဆိုရဲပါ။

“ယောကျ်ားလေးဆိုတာ လူတိုင်းကို သနပ်ခါး သွေးမပေးဘူး နန်းစံ၊ ယောကျ်ားလေးတစ်ယောက်က သနပ်ခါးသွေးပေးတဲ့လူ သုံးမျိုးရှိတယ်၊ အဲ့ဒါက ... ကလေးရယ်၊ အမေရယ်၊ မိန်းမရယ် ...”

ခုလို နေပူထဲသွားလာနေတဲ့အချိန်မှာ လွှမ်းက နန်းစံကို သနပ်ခါသွေးပြီး တမော့ပါးက ပါးကွက်လိုမျိုး ပါးကွက်ကြီးကြီး ချပေးရင် ဘယ်လောက်ကောင်းလိမ့်မလဲ ...။

နန်းစံက သက်ပြင်းလေးချကာ စိတ်လျှော့လျက် လှည့်ထွက်ဖို့ ပြင်လိုက်ချိန်မှာ လွှမ်းက ကျောက်ပျဉ်ရှေ့မှာ ထိုင်ချလိုက်ပါသည်။

“လွှမ်း ... ဘာ ... ဘာလုပ်မလို့လဲ”

လွှမ်းက မဖြေဘဲ သနပ်ခါးကိုသာ ငုံ့သွေးနေသည်။





ပြီးမှ ကျောက်ပျဉ်ပေါ်က သနပ်ခါးတွေကို ဘယ်ညာ လက်ညှိုးနှစ်ချောင်းဖြင့် တစ်ပြိုင်တည်း သိမ်းယူလိုက်ပြီး မတ်တတ်ထရပ်လိုက်သည်။

သူက နန်းစံနှင့် မျက်နှာချင်းဆိုင်ရပ်ပြီး သူ့လက်ညှိုး နှစ်ချောင်းကို နန်းစံရဲ့ မျက်နှာနားမှာ ထောင်ရင်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ပြီးတော့မှ နန်းစံရဲ့ ပါးနှစ်ဖက်ကို သူ့လက်ညှိုးနှစ်ချောင်းဖြင့် ဖိပွတ်ဆွဲကာ ပါးကွက် နှစ်ကွက် ချပေးလိုက်လေသည်။

အို ... ဘယ်လိုပြောရမှာပါလိမ့် ...။

မွှေးသော ရနံ့နှင့်အတူ ပါးနှစ်ဖက်မှာ အေးခနဲ ဖြစ်သွားသော ခံစားမှုက နှလုံးသားအထိ စီးဆင်းသွားပါသည်။

နန်းစံက နှုတ်ခမ်းလေး မဟာတဟာဖြစ်လျက် မျက်ဝန်းလက်လက်ကလေးများဖြင့် လွှမ်းကို အံ့အံ့သြသြ ကြည့်နေမိသည်။

လွှမ်းက ထပ်ပြုံးပြလိုက်ရင်း ...

“သတ်မှတ်ချက်ကို ပြင်လိုက်ပြီ”

ဟုပြောရင်း ရှေ့ကထွက်သွားနှင့်သည်။ နန်းစံက ပြုံးပျော်ကာ နောက်မှလိုက်လာရင်း ...

“လွှမ်း ... လွှမ်း ...”



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ပြော ..."

"ပါးက စိုနေတယ်"

"အင်းလေ ... စိုမှာပေါ့၊ သနပ်ခါးဆိုတာ ဒီလိုမျိုးပဲ မခြောက်မချင်း စိုနေမှာပေါ့ ..."

"မြန်မြန်ခြောက်အောင် ဘယ်လိုလုပ်ရမလဲ ..."

"ဒီလိုလုပ်ရတယ် ..."

"အယ် ..."

လွန်းက ပြောပြောဆိုဆို နန်းစံရဲ့ ပါးတစ်ဖက်ကို ဖူးခနဲ လေနဲ့မှုတ်လိုက်တာမို့ နန်းစံက လန့်ကာ နောက်သို့ မျက်နှာဆုတ်ကာ ရှောင်လိုက်မိသည်။

"လောလောဆယ်တော့ မြန်မြန်ခြောက်ချင်ရင် ဒီနည်းပဲ ရှိတယ်၊ ခဏစောင့်နိုင်သေးရင်တော့ ဆိုင်ကယ်စီးလို့ နေပူ လေတိုက်ရင် ခြောက်သွားမှာပေါ့ ..."

နန်းစံက ပြုံးစိစိလေး ဖြစ်လာကာ ...

"အခု ခြောက်ချင်တာ၊ နှစ်ဖက်လုံး ခြောက်ချင်တာ ..."

"ကဲ ... ဒါဆိုလည်း လာ ... မျက်နှာကို ဟိုဘက်ဒီဘက် လှည့်ပေးဖို့တော့ လိုတယ်နော်"

"ဟုတ်ကဲ့ပါ ..."

လွန်းက နန်းစံ ပါးလေးတွေကို တဖူးဖူး လေမှုတ်





ပေးနေတာမို့ နန်းစံက မျက်နှာကို ဟိုဘက်ဒီဘက် လှည့်ပေးနေရင်း လက်ရှိအချိန်လေးမှာ ပျော်မြူးနေခဲ့မိပါသည်။

ပစ္စုပ္ပန်ကို ရပ်တန့်ထားလိုက်ချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

⚜ ⚜ ⚜

"နန်းစံ နွားမောင်းချင်တယ်ဆို ..."

ပြဿဒ်ကြီးဘုရားသို့ သွားရာလမ်းမှာ နွားအုပ်တွေကို တွေ့လိုက်ရတာမို့ လွန်းရာကျော်က ဆိုင်ကယ်ကို ရပ်တန့်ရင်း နန်းစံကို လှမ်းမေးလိုက်ပါသည်။

"ဟုတ် ... မောင်းချင်တယ် လွန်း"

"မောင်းရဲတယ်နော် ..."

"ဟုတ်၊ မောင်းရဲပါတယ်"

"မောင်းရဲရင် မောင်းလို့ရပြီ၊ ဟိုမှာ နွားတစ်အုပ် လာနေတယ်"

လွန်းရာကျော်က ပြုံးစိစိဖြင့် နန်းစံကို ပြောရင်း ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပါသည်။

နန်းစံက နွားအုပ်ကို လှမ်းကြည့်ရင်း ...





"နွားမောင်းတယ်ဆိုတာ ဟိုနွားအုပ်နောက်ကလူလို နွားတွေနောက်က လျှောက်လိုက်ပြီး နွားတွေရှေ့ဆက်သွားအောင် မောင်းရတာ မဟုတ်လား"

"အင်း ... ဆိုပါတော့၊ နွားတွေ တကွဲတပြားမဖြစ်အောင်၊ ကိုယ့်ကို ပြန်မကန်အောင်လည်း ဂရုစိုက်ရတာပေါ့၊ ကဲ ... လာလေ ... အတူတူ ဝင်မောင်းကြည့်ကြတာပေါ့၊ ဟေး ... ညီလေး အစ်ကိုတို့လည်း နွားဝင်ကျောင်းကြည့်ချင်လို့"

"ရပါတယ်ဗျ၊ လာပါ ..."

နွားကျောင်းသားလေးက ဖိတ်ခေါ်လိုက်တာမို့ လွန်းရာကျော်က နန်းစံကို နွားအုပ်နောက်သို့ ဆွဲခေါ်လာပါသည်။

"ဟေး ... ဟေး ... ဟဲ့ နွား ..."

"ဟဲ့နွား ... ဟဲ့နွား ... ဟေး ..."

နန်းစံက သူအော်သလို လိုက်အော်ရင်း ရယ်မြူးသဘောကျနေသည်။ နှစ်ယောက်လုံး နွားအုပ်နောက်ကနေ တော်တော်ဝေးဝေးထိ လျှောက်လိုက် မောင်းလာပြီးမှ နောက်ချန်နေရစ်ခဲ့သည်။

လမ်းမြန်မြန် လျှောက်လိုက်ရတာမို့ ချွေးတွေလည်းစို့ကာ နှစ်ယောက်လုံး မောသွားကြသည်။

"ပျော်ဖို့ကောင်းသားနော် ... လွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ခဏအပျော် ဝင်ဆော့တော့ ပျော်ဖို့ကောင်းတာပေါ့၊ အလုပ်တစ်ခုလို လုပ်ရတဲ့သူတွေအတွက်တော့ ပျော်စရာရယ်လို့ ဘယ်ဟုတ်ပါ့မလဲ နန်းစံရယ် …"

သူတို့ ဆိုင်ကယ် ရပ်ထားသည့်ဘက်သို့ ပြန်လျှောက်လာချိန်မှာ ညနေစောင်းစ ပြုလေပြီ။



⚜ ⚜ ⚜

စောသေးတာမို့ ပြဿဒ်ကြီးဘုရားအထက် ရင်ပြင်မှာ လူရှင်းလျက်ပင် ရှိသည်။ sunset ကြည့်မည့်သူတွေ ရောက်မလာကြသေးပါ။

နာရီတစ်ချက် ငုံ့ကြည့်လိုက်တိုင်း နန်းစံ မျက်နှာက တစ်ခါ ညှိုးစပြုသည်။

ပထမတစ်ခေါက် ရောက်ခဲ့တုန်းက ထိုင်ခဲ့သည့် နေရာလေးမှာပဲ နှစ်ယောက်အတူ ထိုင်ဖြစ်ခဲ့ကြပါသည်။

"လှလိုက်တာနော်၊ ဘယ်နှခါကြည့်ကြည့် မရိုးဘူး"

နန်းစံက ပုဂံရှုခင်းကို လှမ်းမျှော်ကြည့်ရင်း ရေရွတ်သည်။

"ကိုယ်တို့ ပုဂံက လူတော်တော်များများကတော့ မြင်နေကျ မြင်ကွင်းတွေမို့ ရိုးသွားပြီလို့ ပြောကြတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ သူတို့နဲ့မတူဘူး၊ ဘယ်အချိန်ကြည့်ကြည့် ဘယ်တော့ကြည့်ကြည့် မရိုးဘူး"

"နန်းစံ သိပါတယ် ဒီပုဂံအကြောင်းများ ပြောနေရရင် လွန်းမျက်နှာက စိတ်ချမ်းသာနေသလိုမျိုး ငယ်နသွားသလိုမျိုး ...၊ ဂုဏ်ယူနေတဲ့ ပုံမျိုး ..."

လွန်းရာကျော်က ခပ်သဲ့သဲ့ပြုံးလိုက်မိရင်း ...

"အဲ့ဒီလိုပုံမျိုး နန်းစံဆီမှာလည်း ကိုယ် တွေ့ရတယ် နန်းစံ"

"ဘယ်လိုပုံမျိုးလဲဟင် ..."

"ဆာကူရာပန်းတွေအကြောင်း ...၊ ပန်းကြည့်ပွဲအကြောင်း ပန်းရောင်လွှမ်းနေတဲ့ ဂျပန်ပြည်အကြောင်း ပြောနေတဲ့ အချိန်တုန်းက နန်းစံ မျက်နှာလေးက အရမ်းတောက်ပနေပျိုနေခဲ့တယ် ..."

နန်းစံက ငြိမ်ငေးသွားပါသည် ...။

"လူဆိုတာ သူများရပ်ရွာကို ဘယ်လောက်ပဲချစ်ချစ် ကိုယ့်ကိုမွေးတဲ့ ကိုယ့်ဇာတိလောက်တော့ မချစ်ကြပါဘူး၊ နန်းစံဖေဖေဆိုလည်း သူ့ဇာတိကို တစ်ချိန်လုံး လွမ်းမောတမ်းတနေခဲ့တာပဲ မဟုတ်လား"

"... ... ..."

"အနှစ် ၂၀ ကျော် နေထိုင်ကြီးပြင်းလာခဲ့တဲ့ ဇာတိရပ်ရွာ





တစ်ခုကို ဘယ်သူမှ အလွယ်တကူ ကျောမခိုင်းနိုင်ပါဘူး နန်းစံ ..."

သူက နန်းစံကို အိပ်မက်ကနေ နှိုးလိုက်ရင်း ကိုယ်တိုင်လည်း အိပ်မက်ကနေ ကြိုးစားနိုးထရသည်။

"ကျောခိုင်းနိုင်တဲ့အထိ အင်အားကြီးမားတဲ့ တစ်စုံတစ်ရာ ရှိခဲ့ရင်ကော လွန်း ..."

နန်းစံ အသံက အနည်းငယ် တုန်ရင်စပြုလာသည်။ မျက်ဝန်းအိမ်ထောင့်စွန်းမှာ မျက်ရည်ဥကလေးလည်း စို့သီးလာပါသည်။

"နန်းစံ ..."

"ရှင် ..."

"ပုဂံမှာ ဆာကူရာတွေ ပွင့်နိုင်မယ်လို့ ထင်လား ..."

"ဟင့်အင်း ..."

"ပုဂံမှာ ဆာကူရာတွေ ဘယ်တော့မှ မပွင့်နိုင်သလိုမျိုး မဖြစ်နိုင်တဲ့ ရေစက်တွေလည်း ရှိတတ်ပါတယ် နန်းစံ"

နန်းစံက ခေါင်းလေးညိတ်ကာ ကြေကြေကွဲကွဲ ပြုံးလိုက်ရင်း ...

"ကောင်းပါပြီ ... လွန်း၊ အမှတ်တမဲ့ နေထိုင်လာတဲ့ အချိန်တွေ အများကြီးထက် အမှတ်တရ အချိန်နည်းနည်းလေးက



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး တန်ဖိုးကြီးတယ်ဆိုတာ နန်းစံ အမြဲ သတိရနေမှာပါ"

"ကိုယ်လည်း နောက်ဆုံးမှာ အရိုးပြိုင်းပြိုင်း ကျန်ခဲ့ရင်တောင်မှ ပွင့်နိုင်တဲ့အချိန်တိုလေးအတွင်းမှာ အစွမ်းကုန်အလှဆုံးဖြစ်အောင် ပွင့်ပေးခဲ့တဲ့ ဆာကူရာပန်းတွေကို အမြဲသတိရနေမှာပါ ..."

"နန်းစံက ဆာကူရာကို ချစ်တယ်၊ ဆာကူရာတွေ ဘယ်တော့မှ မကြွေရင် ကောင်းမှာပဲ ..."

"ကိုယ်လည်း ဆာကူရာတွေ မကြွေစေချင်ပါဘူး"

"နန်းစံလည်း ပုဂံမှာ ဆာကူရာတွေ ပွင့်စေချင်ပါတယ်၊ ဒါပေမယ့် ဆာကူရာတွေ မကြွေဖို့ဆိုတာ ပုဂံမှာ ဆာကူရာတွေ မဝေနိုင်သလိုမျိုးပါပဲ လွမ်းရယ် ..."

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်လျက် ငြိမ်သက်သွားခဲ့ကြသည်။

နှစ်ယောက်လုံးက ဖြစ်သင့်တာကို လက်ခံလိုက်ကြပြီဆိုတာ တစ်ယောက်ကို တစ်ယောက် ကြည့်သော မျက်လုံးလေးတွေက သိသာစေသည်။

သူတို့ နှမ်းဖျော့စွာ ပြုံးလိုက်ကြသည်။

ထိုအချိန်မှာပင် နေဝန်းနီက အနောက်ဘက်သို့ နိမ့်





ဆင်းနေခဲ့ကာ ပြဿဒ်ကြီးဘုရားတည့်တည့် မြေနီလမ်းအတိုင်း မောင်းလာသည့် မာဆေဒီးစ်ကားအနက်ကို လှမ်းမြင်လိုက်ရပါသည်။

ကားက ဘုရားရှေ့ ကွင်းပြင်မှာ ရပ်သွားပြီး ကားပေါ်မှ မသူဇာ၊ ကိုကျော်သက်နှင့် ဦးဘုန်းကျော်စံတို့ ဆင်းလာကာ ဘုရားပေါ်ကို မော့ကြည့်လိုက်ကြသည်။

"နန်းစံတို့ အတူသွားတာကို ဖေဖေ သိသွားလို့ လိုက်လာတာ ဖြစ်မယ် လွမ်း၊ နန်းစံ သွားရတော့မယ်၊ လွမ်းဒီမှာပဲ ကျန်ခဲ့လိုက်တော့ ... နန်းစံ တစ်ယောက်တည်းပဲ ဆင်းသွားလိုက်တော့မယ် ..."

သူတို့ မတ်တတ် ထရပ်လိုက်ကြသည်။

နန်းစံ၏ မျက်ဝန်းတွေက စိုစွတ်လာသည်။

သူ့မျက်ဝန်းတွေလည်း စိုစွတ်လာခဲ့ပါသည်။

နန်းစံက သူ့ကို မျက်စိအောက်က ပျောက်သွားမှာကြောက်သော အကြည့်မျိုးဖြင့် ကြည့်လိုက်ရင်း ...

"စု ခိ ဒဲ့ စု"

ဂျပန်စကားမှန်း သိသော်လည်း သူ နားမလည်ပါ။ သို့သော် ... တုန်ရင်နေသော သူမ၏ အသံနှင့် မျက်ဝန်းထဲက မျက်ရည်စတွေက သူ့ကို တုန်လှုပ်လာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက် ကွန်း ရှိ တဲ့ ခု ရဲ ရ"

ထိုစကားအဆုံးမှာတော့ သူမ၏ မျက်ဝန်းထဲက မျက်ရည်စတွေ စီးကျလာခဲ့ပါသည်။

နန်းစံက သူ့ရှေ့မှ ညင်သာစွာပင် လှည့်ထွက်သွားခဲ့သည်။

အရှေ့ဘက် လှေကားထစ်တွေကို နင်းကာ ခပ်သွက်သွက် ဆင်းသွားချိန်မှ သူက စီးစွတ်လာသော မျက်ရည်တွေကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်မိသည်။

ရပ်ထားသော ကားဆီသို့ လျှောက်သွားသော နန်းစံကို သူ ဘုရားပေါ်ကနေ ငုံ့မိုးစီးကြည့်နေမိသည်။

ကားပေါ် တက်ခါနီးမှာ နန်းစံက သူရှိရာဘက်ကို သမင်လည်ပြန် မော့ကြည့်လိုက်သည်။

ရှိနေသည့် နေရာချင်း ဝေးကွာလှသော်လည်း ... တစ်ဦးကိုတစ်ဦး သဲသဲကွဲကွဲ မမြင်နိုင်သော်လည်း ... သူတို့ ကြည့်နေခဲ့မိသည်။

နန်းစံက သူ့ကို လက်ပြနှုတ်ဆက် မသွားပါ။

သူလည်း လက်ပြ နှုတ်မဆက်ခဲ့ပါ။

နန်းစံတို့ ကား ထွက်ခွာသွားတာကို သူ မျက်စိတဆုံး လှမ်းကြည့်နေခဲ့မိသည်။





ပြီးတော့ ... ဘုရားရင်ပြင်ပေါ်မှာ ထိုင်ချလိုက်ပြီး နောက်ပြန်လက်ထောက်၍ ကောင်းကင်ကို မော့ကြည့်လိုက်၏။

ပုဂံ၏ နေဝင်ခါနီး ကောင်းကင်ကတော့ ပုစွန်ဆီရောင်သွေးဖြင့် ရက်ရက်စက်စက် လှပနေဆဲပင် ...။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆုံးမှ မာဆေဒီးစ် ကားအနက်ရောင်သည် လေယာဉ်ကွင်းဆီသို့ ဦးတည်မောင်းနှင်လျက် ရှိပါသည်။

ထိုကားနောက်မှ ဦးဘုန်းကျော်စံကို လိုက်ပို့သော မိတ်ဆွေတွေ၏ ကား ငါးစီးလည်း မောင်းနှင့်လိုက်ပါလာသည်။

သီရိပစ္စယာဆာကူရာ ဟိုတယ်ဝန်းထဲမှ ထွက်လာသော ကားတန်းသည် အနော်ရထာလမ်းအတိုင်း ညောင်ဦးလေဆိပ်သို့ ဦးတည်မောင်းနှင်လာပါသည်။

ဒီနေ့ ပြန်ဖို့ စီစဉ်ထားမှန်း နန်းစံ ကြိုမသိခဲ့ပါ။ ဖေဖေကလည်း ကြိုမပြောခဲ့ပါ။

ဦးရန်နိုင် လွှတ်ပေးလိုက်သော လေယာဉ်က ညောင်ဦးလေဆိပ်မှာ အသင့်ကြိုစောင့်နေခဲ့တာမို့ ချက်ချင်းပင် ပစ္စည်းတွေ သိမ်းဆည်းပြီး ဟိုတယ်မှ ထွက်ခွာလာခဲ့ရပါသည်။





ထူးဆန်းသည်မှာ ဖေဖေက နန်းစံကို အပြစ်မဆိုဘဲ တိတ်ဆိတ်စွာဖြင့် လမ်းဘေးရှုခင်းတွေကို ငေးမောလိုက်ပါလာသည်။

နန်းစံကကလည်း ဖေဖေ့စီစဉ်မှုကို ငြင်းဆန်ခြင်း မပြုဘဲ အသာတကြည်ပင် နှုတ်ဆိတ်လိုက်ပါလာသည်။

ပုဂံ၏ သာယာသော ညနေခင်းသည် လွမ်းမောစွာဖြင့် နန်းစံတို့ သားအဖကို နှုတ်ဆက်နေသလိုပင်တည်း။

နန်းစံတို့ ကားတန်းသည် အရှိန်ဖြင့် လေဆိပ်ရှိရာသို့ ဦးတည်သွားနေခဲ့သည်။

ဘုရားပုထိုး စေတီများ၊ မြေနီလမ်းကလေးများက ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။

ဝင်လုဆဲဆဲ နေဝန်းကလည်း အနောက်ဘက် တန့်ကြည့်တောင်စွယ်ထဲသို့ လျင်မြန်စွာ ငုပ်လျှိုးသွားခဲ့ပါသည်။

မှောင်ရီဖျိုးဖျ အလင်းရောင်အောက်က ပုဂံမြေသည် တစ်စတစ်စ မှုန်ရီဝေဝါးလာခဲ့သည်။

လေဆိပ်မှာ ကားတွေရပ်သွားသည်။

နန်းစံက ကားပေါ်မှ လှမ်းဆင်းလျက် လေဆိပ်ထဲသို့ လျှောက်ဝင်လာပါသည်။

လေယာဉ်ကွင်းထဲမှာ အသင့် စောင့်ဆိုင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်လေယာဉ်ငယ်လေးဆီက မီးရောင်လက်လက်ကို လှမ်းမြင်ရသည်။

ဆောင်းညဦးမှာ တိုက်သောလေက အေးစိမ့်လှပါသည်။ ဆောင်းလေဝေ့လိုက်တိုင်း နန်းစံ ခန္ဓာကိုယ်ပေါ်က ဂါဝန်လေးက တဖျပ်ဖျပ် လွင့်လူးပ်သွားခဲ့သည်။

နန်းစံက လွန်း၏လက်ရာ ပါးကွက်လေးတွေချထားသော ပါးနှစ်ဖက်ကို လက်ဖဝါးလေးတွေဖြင့် ပြန်စမ်းကြည့်မိသည်။ ပါးလေးတွေက အေးစက်နေသော်လည်း နှလုံးသားကတော့ နွေးထွေးနေပါသည်။

နန်းစံက လေယာဉ်လှေကားထစ်တွေကို နင်းကာတက်ခဲ့သည်။

လေယာဉ်တံခါးဝမှာ ရပ်မိလျှင်-နန်းစံက ပတ်ဝန်းကျင် တစ်ခွင်လုံးကို တစ်သက်လုံး မှတ်မိသွားအောင် ဖြန့်ကျက်၍ ကြည့်လိုက်ပါသည်။

ထိုအခိုက်မှာပဲ လေယာဉ်ကွင်း ပတ်ပတ်လည်မှာ အစွမ်းကုန်ပွင့်နေသော ဆာကူရာပင်တွေ အများကြီး မြင်လိုက်ရသလို ထင်မိလေသည်။

ပန်းရောင်လွှမ်းနေသော ထိုအပင်များဆီက ဆာကူရာ ပွင့်ဖတ်တွေသည် ဆောင်းလေနှင့်အတူ နန်းစံဆီ ကြွေလင့်





လာနေသည်ဟု မှတ်ထင် စိတ်ကူးယဉ်ကာ မျက်လုံးလေးတွေ မှိတ်လျက် မျက်နှာကို မော့ထားလိုက်မိသည်။

"သမီး ... ဝင်တော့လေ၊ လေယာဉ် ထွက်တော့မယ်"

ဖေဖေ လှမ်းခေါ်သဖြင့် နန်းစံက လေယာဉ်ထဲသို့ ဝင်လာခဲ့သည်။

မကြာခင် လေယာဉ်က ကောင်းကင်ယံဆီသို့ မြင့်တက်လာခဲ့ပါသည်။

အစိမ်း အဝါ ရောယှက်လျက်ရှိသော ပုဂံမြေသည် တဖြည်းဖြည်း ဝေးသွားသည်။

ဘုရား ပုထိုး စေတီ တချို့ကို ပျပျလေးသာ မြင်ရလျက် နှင်းငွေ့တွေ မှုန်ဝါးခြားသွားခဲ့သည်။

ဘာမှမမြင်နိုင်တော့ပြီမို့ လေယာဉ်ပြတင်းမှ မျက်နှာလွှဲလိုက်ချိန်တွင် ဖေဖေ့လက်တစ်ဖက်က နန်းစံ၏ လက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်လိုက်သည်။

ဖေဖေ့မျက်နှာကို ကြည့်မိတော့ ဖေဖေ့မျက်ဝန်းထဲမှာ ဝေ့ဝဲနေသည့် မျက်ရည်စတွေကို မြင်ရသည်။

နန်းစံတို့ သားအဖနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်လိုက်မိကြသည်။

နန်းစံက လေယာဉ်ပြတင်းမှာ မျက်နှာကလေးကပ်



www.burmeseclassic.com

www.burmeseclassic.com



လျက် မီးပွင့်လေးတချို့ လင်းနေသော ပုဂံမြေဆီက လွန်း ရှိနေနိုင်သည့် နေရာကလေးကို အမှောင်ထဲမှာပင် ရော်ရမ်းမှန်းဆ၍ ကြည့်လိုက်မိလေသည်။



နွေဦးသို့ရောက်လျှင် ဂျပန်ကျွန်း တစ်ခုလုံး၌ ပန်းရောင်ဖုံး၍ သွားလေသည်။

မြို့တိုင်း မြို့တိုင်းရှိ ဆာကူရာပင်များမှ ဆာကူရာပန်းများ အစွမ်းကုန်ပွင့်လန်းလာခဲ့ကြသည်။

တဆောင်းတွင်းလုံး နှင်းရည်သောက်သုံးလာခဲ့သော ဆာကူရာပင်များက နွေဦး၏ အနွေးဓာတ်ဖြင့် တစ်ကျွန်းလုံး ပန်းရောင်လွှမ်းအောင် ပွင့်ကြလေသည်။

ဆာကူရာပွင့်ချိန်သို့ ရောက်လျှင် နန်းစံသည် ပန်းရောင်လွှမ်းသည့် ဆာကူရာပင်တန်းများဆီသို့ လမ်းလျှောက်ထွက်လေ့ ရှိလေသည်။

နန်းစံက ဆာကူရာပင်ကြီး တစ်ပင်အောက်ရှိ မြက်ခင်းပေါ်သို့ ပက်လက် လဲလျောင်းလျက် မျက်ဝန်းတို့ကို မှေးမှိတ်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သောအခါ မျက်နှာပေါ်သို့ ပန်းနုရောင် ဆာကူရာပွင့်ဖတ်တွေ ကြွေကျလာတာကို ခံစားရလေသည်။

လေဝှေ့တိုက်လိုက်တိုင်း ပွင့်ဖတ်တွေ လွင့်မျော ကြွေဆင်းလျက် ရှိသည်။

'မကြွေပါနဲ့ ဆာကူရာရယ်' ဟု တောင်းပန်သော်လည်း အချိန်တိုအတွင်းမှာပင် ကြွေလွင့်ကြတော့မည်။

နန်းစံသည် မျက်လုံးမှိတ်လျက် မျက်နှာပေါ်သို့ ကြွေဆင်းလာကြသည့် ဆာကူရာပန်းတို့၏ နူးညံ့သော အထိအတွေ့ကို ကြည်နူးစွာ ခံစားနေမိသည်။ မျက်လုံး ဖွင့်လိုက်လျှင် အပွင့်မရှိသည့် ဆာကူရာပင်ကို မြင်တွေ့ရမှာ ကြောက်သဖြင့် မျက်လုံးမဖွင့်ချင် ... ။

ဘဝမှာ ပထမဆုံး အဖြစ် ...

'စု ခိ ဒဲ့ စု' (ချစ်တယ်)

ဆိုသော စကားနှင့် ...

ခက် ကွန်း ရှိ တဲ့ ခု ရဲ ရု (လက်ထပ်ပေးမလား)

ဟူသော စကားနှစ်ခွန်းကို လွှမ်းအား ပြောဖြစ်ခဲ့သည့်အတွက်တော့ နန်းစံ ကျေနပ်သည်။

ဆာကူရာပွင့်ဖတ်တွေ မျက်နှာပေါ်သို့ ကြွေကျသည့်အခါ ခံစားရသည့် နူးညံ့သည့် အထိအတွေ့ဟာ နန်းစံရဲ့ ပါးပြင်ကလေး နှစ်ဖက်ကို လက်ညှိုးကလေးဖြင့် ထိတွေ့ပွတ်ဆွဲသွားသည့် အထိအတွေ့နှင့် ဆင်တူသည်ဟု ထင်မိသည်။

ထိုအချိန်ကလေးမှာပဲ ပုဂံ၏ အိုဟောင်းလှပသည့် မြင်ကွင်းအဖုံဖုံကို မြင်ယောင် လွမ်းဆွတ်လာတတ်ခဲ့သည်။

မျက်လုံးတွေ မှေးမှိတ်နေခဲ့သော်လည်း ...

နန်းစံ၏ အာရုံထဲမှာတော့ ...

ချစ်သော ပုဂံမြေမှာ ဆာကူရာပန်းတွေ ပွင့်လန်းဝေဆာလျက် ရှိလေသည်။

ပုညခင်

20.5.2014

9 : 52 PM







www.burmeseclassic.com